# ဘာသာရေး ပြဿနာများ

၄

ရဝေထွန်း

PDF processed with CutePDF evaluation edition www.CutePDF.com

www.dhammaransi.com

## ရဝေထွန်း

# ဘာသာရေးပြဿနာများ (၄)

မြတ်မင်္ဂလာစာစောင်၌ ၁၉၉၇ ခုနှစ် ဇွန်လမှ
၁၉၉၉ ခုနှစ် ဒီဇင်ဘာလအထိ ဖော်ပြခဲ့သော
အမေးအဖြေများကို စုစည်းထုတ်ဝေသည်။

ပါရမီ
စာပေ

www.dhammaransi.com

ဘာသာရေးပြဿနာများ(၄)
ပထမအကြိမ်၊ ၂၀၀၃ ခုနှစ် ဇူလိုင်လ၊ အုပ်ရေ ၁၀၀၀

**အဖုံးပန်းချီ   သန်းမြင့်အောင်**

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၁၃/ ၂၀၀၃(၁)နှင့် စာမူ ခွင့်ပြုချက်အမှတ် ၇၁၀/ ၂၀၀၂(၁၂)တို့အရ ဦးတင်ရှိန် (၀၃၇၆၃)စန်းရောင်ရှိန်စာပေ၊ ၄/ ၁၇၇၊ မေခလမ်း၊ ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာပ ထုတ်ဝေ၍ မျက်နှာဖုံးနှင့် အတွင်းစာသားကို ဦးကျော်သင်း (၀၅၈၂၉) သံလွင်ဦး ပုံနှိပ်တိုက်၊ အမှတ် ၁၄၈၊ ၅၁ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်က ပုံနှိပ်သည်။

**တန်ဖိုး ၁၂၀၀ ကျပ်**

**ပါရမီစာပေ**
၂၃၀၊ ၂၉ လမ်း(အထက်လမ်း)၊ ရန်ကုန်(ဖုံး ၂၅၃၂၄၆)
၂/၄၊ ကမ္ဘာအေးစေတီတော်မုခ်ဦးစောင်းတန်း၊ ရန်ကုန်
၂၉၅၊ ဈေးအရှေ့လမ်း၊ ထားဝယ်
E-mail: paramibk@myanmar.com.mm

www.dhammaransi.com

# မာတိကာ


| | |
|---|---|
| | စာမျက်နှာ |
| ကထိန်ဒါယကာ နှစ်ဦးရှိနေလျှင် | ၅၂ |
| ကာလနဂါး အအိပ်ကြီးသလား | ၆၇ |
| ကားပေါ်ရထားပေါ်ဝယ် | ၅၁ |
| ကုသလ် ကုသလ့် ဖဟ် | ၁၇၆ |
| ကောသလမင်းကြီးအကြောင်း | ၁၁၅ |
| ကိုရင်အချင်းချင်း သီလပေး | ၁၃၁ |
| ကန်တော့ခန်းဆိုင်ရာ သိဖွယ်ရာ | ၁၁၀ |
| ကမ္ဘာပျက်ပုံ | ၂၂၄ |
| ကမ္မဝါစာ တစ်ကြိမ် | ၄၅ |
| ကမ္မဝါစာနှင့် ပရိတ် | ၂၁၅ |
| ကိုယ်စောင့်နတ် | ၁၁၇ |
| ကဿပ မြတ်စွာဘုရားနှင့် ဃဋိကာရအိုးထိန်းသည် | ၅၈ |
| ကြက်ပျံမကျ | ၁၇၈ |
| ကြက်ဥ | ၉၁ |
| ကြောက်တတ်ခြင်း | ၁၆၅ |
| ကြွေးကိစ္စ | ၈၉ |


www.dhammaransi.com

ရေဝေထွန်း


| | |
|---|---|
| ခင်ပျို | ၁၇၉ |
| ခေတ်သုံးပါး | ၂၁၀ |
| ခေတ်သုံးပါးနှင့် လောကဓာတ် | ၄၄ |
| ခန္တီသည်းခံခြင်း | ၄၂ |
| ချင်ခြင်း | ၁၂၂ |
| ဂီရိမေခလာ ဆင်ပမာ | ၃၆ |
| ဂုဏ်တော် ပရိတ်တော် ပွားများမှု | ၅၄ |
| ဂုဏ်တော် ပရိတ်များကို အသံထွက်၍ ရွတ်ဆိုခြင်း | ၉၂ |
| ငါးထပ်ကြီး ခြောက်ထပ်ကြီး | ၇၀ |
| ငှက်ချေးခံ | ၁၄ |
| စကြာမင်းစေတီ | ၂၀၅ |
| စာခိုးဖြေ၍ စာမေးပွဲ အောင်သူ | ၁၆၂ |
| စားပွဲကို မ၍ ကပ်ရခြင်း | ၁၇ |
| စေတနာ ဒေါသဖြင့် ပြုမှုမှု | ၇၅ |
| စေတီ(အချွန်)မှ ရုပ်ပွားတော်သို့ | ၁၈၆ |
| စိဋ္ဌမာဏ စွပ်စွဲခြင်း ဝဋ်ကြွေး | ၁၉၆ |
| ဆကေသ ဓာတုဝင် | ၁၀၅ |
| ဆံတော်၊ သျှောင်ထုံးတော် | ၁၈၁ |
| ဆံတော်စေတီနှင့် ဝတ်လဲတော်စေတီ | ၁၂၁ |
| ဆံပင် ဘုရားလှူ | ၂၈ |
| ဆံပင် မွေးညင်း | ၆၈ |
| ဆင်းတုတော်ကို ရေသပ္ပါယ်ခြင်း | ၁၆၈ |


www.dhammaransi.com

ဆွမ်းခြောက်နှင့် ပုတီးစိပ် ၃၄
ဆွမ်းအကျိုး၊ ရေအကျိုး ၂၁၁

ဇမ္ဗူမှာဒွေး ယာမှာဧး ၄၇

တိပိဋကနှင့် ဧတဒဂ် ၁၅၉
တိဟိတ်ပုဂ္ဂိုလ်အလား ၆၂
တီကောင်များကို ခုတ်ပိုင်းမိ၍ ၁၄
တစ်ဇွန်း တစ်ယောက်မ ၁၅၀
တစ်ပါးသီလ ၇၂
တစ်ရာ့ကိုးလုံး ပုတီးကုံး ၁၅၃

ထမနဲထိုးနည်းကဗျာ ၂၁၇
ထိပေါက်၍ အလှူဒါနပြုခြင်း ၁၆၃

ဒသသုစရိတ သီလ ၂၂၃
ဒုစရိုက် ၁၀ ပါးမူလ ၂၅
ဒေဝါ ၁၀၄
ဒေါသနှင့် မေတ္တာ ၁၀၈
ဒက္ခိဏာ သာခါ ၅၃

ဓာရဏာ ပရိတ်တော် ကိစ္စ ၂၂
ဓုတင် ၁၄၅
ဓမ္မက္ခန္ဓာ ရှစ်သောင်း လေးထောင် ၁၆၀

နဝမခေတ် နဝင်းကျေ ၃၂
နားရောဂါ ၁၈၀

www.dhammaransi.com

| | |
|---|---|
| နိရောဓသမာပတ်၊ အာပေါဓာတ်၊ ရုပ်နာမ်တရား | ၆၁ |
| နောင်ပွင့်တော်မူမည့် မြတ်ဗုဒ္ဓဆယ်ဆူ | ၉၇ |
| နတ် ၇ မျိုး | ၁၃ |
| နတ် နှင့် လူ | ၂၁၆ |
| နတ်ပြည်နှင့် နတ်ဘုံများ | ၁၈၂ |
| နတ်ဖိတ် ဂါထာ | ၁၈၅ |
| နတ်ဗိမာန်များ | ၄၃ |
| နတ်ဗြဟ္မာ နှင့်ရဟန္တာ | ၂၆ |
| နတ်သမီးများနှင့် သားသမီးကိစ္စ | ၂၀၉ |
| နတ်သြဇာ | ၄၉ |
| နိဗ္ဗာန် | ၁၆၉ |
| နိဗ္ဗာန် အနတ္တ | ၂၁၈ |
| ပရမတ္ထနှင့် သမုတိ | ၂၂၁ |
| ပရိယတ်မပါ ပဋိပတ်သာ | ၃၅ |
| ပရိတ်တော်နှင့် အမျှဝေ | ၁၇၇ |
| ပါရမီ ၁၀ ပါး အပြား ၃၀ | ၁၁၃ |
| ပါရမီရှင် ဟုတ်ပါ့မလား | ၁၁၉ |
| ပါရာဇိက ရဟန်းအတွက် ကံပျက်မပျက် | ၅၅ |
| ပါဠိကဏ္ဍသိုလ် | ၂၄ |
| ပါဠိစာ နှင့် မြန်မာအက္ခရာ | ၁၃၈ |
| ပိသုဏာ ဝါစာ မဂ်ပယ်ရာ | ၁၅၄ |
| ပုတိ မုတ္တ ဘေသဇ္ဇ | ၁၄၆ |
| ပုဒိအာ | ၁၂၉ |
| ပေတငါးမျိုး နှင့် အမျှဝေခြင်း | ၇၈ |


www.dhammaransi.com

ပစ္စေကဗုဒ္ဓါ တရားမဟောခြင်း ၁၄၈
ပစ္စည်းလေးပါး တောင်းခံခြင်း ၈၆
ပဥ္စမ ပါရာဇိက ၂၁၉
ပဋ္ဌာန်းနှင့် အကြားအမြင် ဆရာများ ၁၇၅
ပဋ္ဌာန်းရွတ်ခြင်း ၆၅
ပဋ္ဌာန်းအနက်နှင့် ဘုရားဘွဲ့တော် ၆၄
ပတ္တာနုမောဒနာ ကုသိုလ် ၆၉
ပန်းပန်ခြင်း နံ့သာလိမ်းခြင်း ၅၀
ပါယ်မပြန် ၇၇
ပြည့်တန်ဆာမ ၉၆
ပြဿနာပါဠိ ၂၂၈

ဖဲကြိုးတန်း၍ လှူတန်းခြင်း ၁၁၈
ဖန်ရည်ဆိုးသော အရောင် ၂၂၂
ဖျော်ရည် ၁၂၀

ဗာရာဏသီမင်းအမည်နှင့် သိဒ္ဓိ ၁၃၃
ဗောဓ္ဈင်သုတ် ရွတ်ခြင်း ၁၄၁
ဗိုလ်တစ်ထောင် လေး ၁၈၃
ဗြဟ္မစရိယ အကျင့် ၁၈

ဘီလူးစားရန် သားကိုလှူခြင်း ၁၁၂
ဘီလူးတို့၏ ပဋိသန္ဓေစိတ် ၂၀၂
ဘုရားခုနစ်ဆူနှင့် အရိမေတ္တေယျဘုရား ၁၄၇
ဘုရားပူဇော်ခြင်း ၂၁၁
ဘုရားပေါ်၌ ထီးဆောင်းခြင်း ၂၀

| | |
|---|---|
| ဘုရားပုံတော်များ | ၁၃၉ |
| ဘုရားလက်ထက်ကစာ | ၁၂၇ |
| ဘုရားလောင်းလျာ သမဏာဘဝ ကိုးဘဝ | ၃၇ |
| ဘုရားလောင်းအား ဒေဝဒတ်အလောင်း နှိပ်စက်မှု | ၁၂၅ |
| ဘုရားဝတ်တက်ခြင်း အကျိုး | ၈၅ |
| မနောဆွမ်း အလှူ | ၇၆ |
| မဟာသမယသုတ် | ၁၈၇ |
| မာတုဂါမများ သက်န်းလျှော်ခြင်း | ၂၀၀ |
| မိဘကို သတ်ခြင်း | ၇၁ |
| မိဘတို့ကို ကျွေးမွေးခြင်း | ၂၀၀ |
| မုသာဝါဒနှင့် သမ္ဖပ္ပလာပ | ၁၄၃ |
| မုသားစကား | ၁၅၆ |
| မောရသုတ်၌ နေကိုရှိခိုးခြင်းစသည် | ၁၆၆ |
| မော်တော်ကား လှူခြင်း | ၆၃ |
| မင်္ဂလာတရား တောင်းပန်ပြား | |
| သိကြားလေလော့၊ နတ်သားလော | ၉၉ |
| မင်းဝတ်ဘုရားများ | ၁၉၂ |
| မိစ္ဆာဒိဋ္ဌိနှင့် လူပုဂ္ဂိုလ် | ၈၄ |
| မုတ္တမံ မနုတ္တရံ | ၁၂၈ |
| မေတ္တာ အကျိုး | ၂၀ |
| မယ်တော်မာယာနှင့် ဘုံစဉ်စံ | ၁၈၈ |
| မြတ်စွာဘုရား၊ ဒေဝဒတ်နှင့် ငရဲ | ၁၉၅ |
| မြတ်စွာဘုရားကို ချီးမွမ်းစကား | ၂၀၇ |
| မြတ်စွာဘုရားနှင့် ဆုပေးခြင်း | ၁၇၀ |

www.dhammaransi.com

| | |
|---|---|
| မြတ်စွာဘုရားသည် ဟိန္ဒူလူမျိုးလား | ၈၇ |
| မြတ်စွာဘုရားအား လှူဒါန်းမှု | ၁၉၄ |
| မြန်မာပြည် နှစ်ကျိပ်ရှစ်ဆူ | ၃၃ |
| မြန်မာလို ရွတ်ဆိုခြင်း | ၁၂၃ |
| ယူဇနာ | ၉၃ |
| ရတနာသုံးပါး၊ ငါးပါး | ၇၃ |
| ရဟန္တာများနှင့် ဘိစိ အေဒီ | ၂၉ |
| ရဟန်းခံနှင့် ဒကာ ဒကာမများ | ၁၁၉ |
| ရဟန်းခံနှင့် သိက္ခာချ | ၄၁ |
| ရဟန်းတို့က ပေးကမ်းနိုင်သူ | ၁၀၀ |
| ရဟန်း ရှိမခိုးထိုက်သူ | ၂၃ |
| ရဟန်းသံဃာနှင့် ခင်ဗျားကျွန်တော် | ၁၂၈ |
| ရေစက်ချ အမျှဝေ | ၃၈ |
| ရှင်လေးပါး သေလေးပါး | ၁၉၇ |
| ရှစ်ပါးသီလနှင့် ငါးပါးသီလ | ၂၀၈ |
| လစဉ် အရဏ်တက်ချိန် | ၁၂၄ |
| လူပုဂ္ဂိုလ်နှင့် ပဌမပြန် | ၁၉ |
| လူဝင်စား | ၁၇၁ |
| လူသုံးပါး | ၁၀၉ |
| လူ့ပြည်၌ ငရဲရှိသလား | ၁၁၄ |
| လေးဆူဓာတ်မြတ် ကိန်းဝပ်တော်မူ | ၂၂၀ |
| လက်ညှိုးကိုဖြတ်၍ ဘုရားလှူခြင်း | ၈၈ |
| လိမ္မာကြသော်လည်း | ၁၃၉ |


www.dhammaransi.com

| | |
|---|---|
| လှူမှုဝေ၍ | ၈၀ |
| လှည်းလှေစသော ယာဉ်နှင့် ရဟန်းများ | ၅၆ |
| ဝါဆိုစဉ် | ၁၃၀ |
| ဝါတွင်းနှင့် အရဏ်ဆွမ်းခံ | ၁၈၉ |
| ဝိနိမုတ္တော သဗ္ဗိတိယော | ၁၃၇ |
| ဝင် ကိုးဝင် | ၈၃ |
| ဝိဇ္ဇာ | ၂၂၇ |
| ဝင့်တော် ၁၂ပါး ငရဲလား မလား | ၁၆၄ |
| ဝေဿန္တရာကို မယ်မဒ္ဒီဖျောင်းဖျခြင်း | ၁၃၄ |
| သမီးနှင့် အဖေ | ၁၀၃ |
| သာဓုခေါ်ခြင်းနှင့် ပတ်သက်၍ | ၁၀၁ |
| သာသန အမွေ | ၁၅၁ |
| သာသနာတွင်းပ ဒါနအကျိုး | ၂၂ |
| သာသနာရေးနှင့် ဘာသာရေး | ၁၆ |
| သား ရွှေအိုးထမ်း | ၇၉ |
| သားသမီးကို လှူခြင်း | ၁၅ |
| သိကြားမင်း၊ ယမမင်းတို့အား သီးခြားအမျှဝေခြင်း | ၁၅၂ |
| သီလငါးပါးမလုံသူ | ၁၉၁ |
| သီလနှင့် ဘုရားရှိခိုး | ၁၀၂ |
| သီလမရှိသူထံမှ သီလခံယူခြင်း | ၈၁ |
| သီလလေးပါး မလုံကြားလည်း | ၄၆ |
| သူခိုးကြီးနေ့ | ၁၇၃ |
| သံဃာကို ကိုးကွယ်ခြင်း | ၂၀၅ |

www.dhammaransi.com

| | |
|---|---|
| သံဃာတော်များ ရွာတွင်းသို့ကြွလျှင် | ၄၈ |
| သံဝေဇနိယ လေးဌာနသွားရုံမျှနှင့် | ၁၁၄ |
| သက္ကရာဇ်များ | ၁၈၄ |
| သက်သတ်လွတ် အဓိဋ္ဌာန် | ၁၉၈ |
| သင်္ကန်းပုံသကူ ဆွမ်းပုံသကူ | ၁၅၅ |
| သင်္ကန်းဟောင်း အသုံး | ၅၇ |
| သစ္စက ပရိဗိုဇ်၏အနာဂတ်ဘဝ | ၆၃ |
| သစ်သီးပေးခြင်း၊ ပန်းပေးခြင်း | ၂၁၂ |
| သတ္တဝါသ ဘုံကိုးဝနှင့် ဝိညာဏဋ္ဌိတိခုနစ်ပါး | ၁၀၇ |
| သမ္မာအာဇီဝနှင့် ပါဏာတိပါတ | ၈၂ |
| သိမ်နှင့် မီးကြိုး | ၉၀ |
| သုံးကြိမ် ရွတ်ဆိုခြင်း | ၁၀၀ |
| သွေးလှူဒါန်းခြင်း | ၄၀ |
| အကုသိုလ်ကံလေးဆယ် | ၉၇ |
| အကပ္ပိယမံသနှင့် နဝကမ္မ | ၁၄၂ |
| အစိန္တေယျ ဘုရားရှိခိုးဆုတောင်း | ၂၀၆ |
| အဇိတ ရဟန်း | ၂၇ |
| အညို၊ အဖျဉ်း၊ အရိုးစုကမ္မဋ္ဌာန်း | ၂၁၄ |
| အဒ္ဓုဝံ အနိစ္စံ | ၅၇ |
| အနာထပိဏ်၊ ဝိသာခါတို့ဇနီးနှင့် ခင်ပွန်း | ၁၃၅ |
| အနော်ရထာမင်း ခမည်းတော် | ၁၃၅ |
| အနက်အဓိပ္ပာယ်မသိဘဲ ပရိတ်ရွတ်ခြင်း | ၇၄ |
| အဘိုး၊ အဘ၊ အဖေကြီးနှင့် လက်ခြောက်ချောင်း | ၃၀ |
| အမိဝမ်းဝယ် သားသူငယ် | ၉၄ |

www.dhammaransi.com

| | ရေတွက်နှုန်း |
|---|---|
| အမျိုးသမီးများ တရားထူးရလျှင် | ၁၉၈ |
| အမျှဝေခြင်းနှင့် အရဟံ ဂုဏ်တော်အနက် | ၂၀၃ |
| အရဟတ္တမဂ်ဉာဏ်နှင့် သဗ္ဗညုတဉာဏ် | ၁၅၀ |
| အရှင်ဥပဂုတ္တနှင့် အလောင်းတော်ကဿပ | ၂၂၅ |
| အာယုသင်္ခါရလွှတ်သည် | ၁၂၆ |
| အာဝေဏိက ဒုက္ခငါးပါး | ၁၀၄ |
| ဥပုသ်စောင့်ခြင်းနှင့် ရဟန္တာရုပ်တု | ၁၅၇ |
| ဥပုသ်သီလ တည်ကာလ | ၁၆၅ |
| ဥမ္မပေါက်သော လူသား | ၁၇၃ |
| အူမတောင့်မှ သီလစောင့် | ၂၀၁ |
| ဦးပဥ္စင်းငယ်တစ်ပါးနှင့် အမျိုးသမီးတစ်ဦး | ၉၁ |
| ဩကာသ ကန်တော့ခန်း | ၁၉၀ |
| အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိသာဝက | ၁၃၂ |
| အဂ္ဂသာဝကနှစ်ဦး၏ အသက်တော် | ၁၆၁ |
| အိမ်တွင် ပုတီးစိပ်တရားထိုင်ခြင်း | ၂၂၆ |

www.dhammaransi.com

# နတ် ၇ မျိုး

မေး။ ။ အရှင်ဘုရား၊

အောက်ဖော်ပြပါ နတ် ၇ မျိုးမှာ ပါဠိစာများ ဖြစ်နေ၍ အနက် အဓိပ္ပာယ် မသိသဖြင့် တပည့်တော်မ မေတ္တာပို့ အာရုံပြုရာတွင် ထိရောက်မှု မရှိပါ။ သို့အတွက် ၎င်းတို့၏ မြန်မာအဓိပ္ပာယ်ကို မြတ်မင်္ဂလာစာစောင် မေးဖြေကဏ္ဍမှ ဖော်ပြဖြေဆိုပေးစေလိုပါသည် ဘုရား။

(၁) ဆ ဒေဝေသု ဒေဝတာနံ၊ (၂) ဝီသဗြဟ္မနေသု ဗြဟ္မနာနံ၊ (၃) အန္တော သတ္တတိံသ ဒေဝတာနံ၊ (၄) ဗဟိ သတ္တတိံသ ဒေဝတာနံ၊ (၅) အဋ္ဌဒိသေသု ဃရဒေဝတာနံ၊ (၆) သတ္တဝီသ နက္ခတ္တ သဗ္ဗဒေဝတာနံ၊ (၇) မမကာယေ အာရက္ခ ဒေဝတာနံ။

သိလိုသူတစ်ဦး (ရန်ကုန်)

ဖြေ။ ။ (၁) နတ်ပြည်ခြောက်ထပ်တို့၌ ရှိသော နတ်များ၊ (၂) ဗြဟ္မာပြည် နှစ်ဆယ်တို့၌ ရှိသော ဗြဟ္မာများ၊ (၃) အတွင်းသုံးဆယ့်ခုနစ်မင်း နတ်များ၊ (၄) အပြင်သုံးဆယ့်ခုနစ်မင်း နတ်များ၊ (၅) အရပ်ရှစ်မျက်နှာတို့၌ ရှိသော အိမ်စောင့်နတ်များ၊ (၆) နက္ခတ်နှစ်ဆယ့်ခုနစ်လုံးရှိ အားလုံးသော နတ်များ၊ (၇) အကျွန်ုပ်ကိုယ်၌ စောင့်ကြပ်ကုန်သော နတ်များ ဖြစ်ကြပါသည်။

*

www.dhammaransi.com

## တီကောင်များကို ခုတ်ပိုင်းမိ၍

မေး။ ။ အရှင်ဘုရား၊

တပည့်တော်သည် အိမ်ရှေ့ လူသွားလမ်းပေါ်မှ ပေါင်းမြက်ချုံနွယ်များကို ပေါက်ပြားဖြင့် ရှင်းလင်းစဉ် တီကောင်များကို ခုတ်ပိုင်းမိတတ်ပါသည်။ ထိုတီကောင်များကို သေစေလိုသည့်စေတနာ လုံးဝမရှိပါ။ 'ပါဏာတိပါတကံ' ထိုက်နိုင်ပါသလား ဘုရား။ ဖြေကြားပေးပါရန် တောင်းပန်ပါသည်ဘုရား။

နိုင်(ဝေသာလီ)၊ ရခိုင်ပြည်နယ်

ဖြေ။ ။ သတ္တဝါများ မိမိကြောင့် သေကျေပျက်စီးရာ၌ ပါဏာတိပါတကံ ထိုက်၊ မထိုက် ပါဏာတိပါတကံ အင်္ဂါငါးချက်ဖြင့် စံထိုး ကြည့်ရှုသင့်ပါသည်။ ၎င်းအင်္ဂါငါးချက်မှာ (၁) သတ္တဝါဖြစ်ခြင်း၊ (၂) သတ္တဝါဟု သိခြင်း၊ (၃) သေစေလိုသော စေတနာရှိခြင်း၊ (၄) ထိုသတ္တဝါသေရန် လုံ့လပြုခြင်း၊ (၅) သေခြင်း။ ဤအင်္ဂါငါးပါးပြည့်စုံလျှင် ပါဏာတိပါတကံ ထိုက်၍ အင်္ဂါတစ်ပါးပါး ယုတ်လျော့နေလျှင် ကံမထိုက်ပါ။ မေးထားသော ပြဿနာတွင် နံပါတ် ၃ အင်္ဂါ ယုတ်လျော့သဖြင့် 'ပါဏာတိပါတကံ မထိုက်'ဟု မှတ်သားသင့်ပါသည်။

*

## ငှက်ချေးခံ

မေး။ ။ အရှင်ဘုရား၊

ဘုန်းတော်ကြီးများ ပျံလွန်တော်မူလျှင် မီးသင်္ဂြိုဟ်သည့်နေရာမှာ စိုက်ထူထားသော ဝါးလေးလုံး၏ အဖျားတွင် ပိတ်ပိုင်းကို လေးဖက်မှာ ချည်ထားသည်ကို ငှက်ချေးခံဟု ခေါ်ကြပါသည်။ ထိုငှက်ချေးခံ ပြုလုပ်

ခြင်း၏ အဓိပ္ပာယ်ကို သိလို၍ ဖြေကြားပါရန် လျှောက်ထားပါသည် ဘုရား။

အသျှင်စန္ဒာဝရသိဒ္ဓိ၊ ရွှေဘုံသာကျောင်း၊ ရေးမြို့

ဖြေ။ ။ ငှက်ချေးခံအကြောင်းမှာ ဘာသာရေးအစဉ်အလာမဟုတ်၊ လောကီရေး သက်သက်သာ ဖြစ်ပါသည်။ သို့သော် ဘုန်းတော်ကြီးများ၊ ဂုဏ်သရေရှိ မင်းစိုးရာဇာများ ရှာပနကိစ္စ၌ အသုံးပြုနေကြသဖြင့် ထင်ရှားနေပါသည်။ ရှေးသရောအခါက မဟာသမ္မတမင်းကြီး နတ်ရွာစံ၍ မီးသင်္ဂြိုဟ်မည်ပြုစဉ် အလောင်းကို ငှက်ကြီးများ (ငှက်ဆင်ကြီးများ) လာရောက်၍ သုတ်ချီသွားလေ့ရှိသဖြင့် မီးသင်္ဂြိုဟ်သည့်ထင်းပုံကို ကောင်းကင်မှ ငှက်ကြီးများ မမြင်နိုင်ရန် ဤကဲ့သို့ အဝတ်မိုးကာ ထားရကြောင်း၊ ထို့ကြောင့် ထိုအဝတ်ကို ငှက်ကြီးခံဟု ခေါ်၍ ကာလရှည်လျားသော် ငှက်ချေးခံဟု ခေါ်ကြောင်း ပေါရာဏဒီပနီ၊ အာဒိကပ္ပကျမ်း စသည်တို့တွင် ဆိုသည်ကို ဖတ်ရှုရပါသည်။ ဘုန်းတော်ကြီးများ မီးသင်္ဂြိုဟ်ရာတွင် မင်းများ မီးသင်္ဂြိုဟ်သည်ကို တုပပြုလုပ်သဖြင့် ထိုငှက်ကြီးခံ (ငှက်ချေးခံ) များ ပြုလုပ်လာခြင်း ဖြစ်ပါသည်။

*

## သားသမီးကို လှူခြင်း

မေး။ ။ အရှင်ဘုရား၊

ဗုဒ္ဓမြတ်စွာဘုရားသည် ဝေဿန္တရာမင်းဘဝ၌ မိမိဘုရားဖြစ်ရန် သားသမီးများကို ပုဏ္ဏားအား ပေးလှူသည်ဟု သိရပါသည်။ ဤသို့ သားသမီးတို့ကို ဒုက္ခရောက်အောင် လှူဒါန်းခြင်းသည် တစ်ကိုယ်ကောင်းဆန်ရာ မရောက်ပါလားဘုရား၊ ဤအချက်ကို သိသာအောင် ဖြေကြားပေးစေလိုပါသည် ဘုရား။

စိုင်းသောင်းမင်း

www.dhammaransi.com

ဖြေ။ ။ ဘုရားလောင်းတို့သည် ဘုရားဖြစ်ရန် ကျင့်ကြံရာ၌ တိုင်းပြည်၊ အင်္ဂါကိုယ်လက်၊ အသက်နှင့် သားမယားတို့ကို စွန့်လွှတ်နိုင်ခြင်း ပရိစ္စာဂငါးပါးကို ကျင့်သုံးရပါသည်။ ဘုရားလောင်းတို့၏ သားမယား အဖြစ် ဆုတောင်းပါရမီဖြည့်သူတို့ကလည်း မူလဆုတောင်းစဉ်ကပင် ဘုရားအလောင်းတော်သည် မိမိအား လှူလိုလှူ၊ သတ်လိုသတ်၊ ကိုယ်ခန္ဓာ နှင့် အသက်ကို ပေး၍ ပါရမီဖြည့်ကာ 'ဘုရားလောင်း၏ မယား၊ သား သမီး ဖြစ်ရပါလို၏'ဟု ဆုတောင်းခဲ့သူများသာ ဖြစ်ပါသည်။ ထို့ကြောင့် ဘုရားလောင်း၏ မယား၊ သားသမီးတို့သည် (မူလက မည်မျှပင် ငြင်းဆန် လို၊ ခွဲခွာမသွားလိုသော်လည်း လှူခါနီးတွင် ဝေဿန္တရာဇာတ်၌ သား တော် ဇာလီနှင့် သမီးတော်ကဏှာဇိန်တို့သည်) 'ဖခမည်းတော် ပါရမီကို သားတော်တို့ ကူညီဖြည့်ပါမည်'ဟူ၍ ကျေကျေနပ်နပ်ပြောဆိုကာ အလှူခံ ပုဏ္ဏားအား လှူသည်ကို လက်ခံသွားပါသည်။ ထို့ကြောင့် ဘုရားလောင်း တို့ သားသမီးအား လှူခြင်းမှာ 'တစ်ကိုယ်ကောင်းဆန်ရာ မရောက်'ဟု မှတ်သားစေလိုပါသည်။

*

## သာသနာရေးနှင့် ဘာသာရေး

မေး။ ။ အရှင်ဘုရား၊

သာသနာရေးနှင့် ဘာသာရေး မည်သို့ ကွဲပြားကြောင်း ရှင်းပြပေး တော်မူပါဘုရား။

ဦးပညာသိရိ (မိတ္ထီလာ)

ဖြေ။ ။ သာသနာရေးဟူသည် ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး ကြီးပွား တိုးတက်ရန် ပရိယတ္တိ၊ ပဋိပတ္တိနှင့် ပဋိဝေဓသာသနာရေး အားပေး ဆောင်ရွက်ကြရခြင်းကို ဆိုပါသည်။ ဘာသာရေးဟူသည် အမျိုးဘာသာ သာသနာအတွက် ကြိုးကြိုးစားစား အားထုတ်ရာ၌ မိမိဘာသာရေးသာ

www.dhammaransi.com

မက အခြားဘာသာများကိုပါ တတ်နိုင်သမျှ အားပေးလျက် လေးလေးစားစား အားပေးဆက်ဆံခြင်းကို ဆိုပါသည်။

*

## စားပွဲကို မ၍ ကပ်ရခြင်း

မေး။ ။ အရှင်ဘုရား၊

တပည့်တော်တို့ ဗုဒ္ဓဘာသာနွယ်ဝင် သူတော်စင်များသည် ရဟန်းသံဃာတော်များအား ဆွမ်း ခဲဖွယ် ချိုချဉ်ရသာ အဖြာဖြာတို့ကို စားပွဲပေါ်တင်၍ ဘာကြောင့် စားပွဲကို မ၍ ကပ်ရပါသလဲ ဘုရား။

ဦးကျော် (ရွှေကျွန်း)

ဖြေ။ ။ ရဟန်းသံဃာတော်များမှာ သောက်ရေနှင့် ဒန်ပူ သွားတိုက်တံမှလွဲ၍ ခံတွင်းသို့သွင်းမည့် အရာဝတ္ထုတို့ကို လက်ရောက် အကပ်ခံပြီးမှ သုံးဆောင်ရပါသည်။ ဤ၌အကပ်ခံခြင်း အင်္ဂါ ၅ ပါးကို သိထားသင့်၏။ ယင်းမှာ ရဟန်းအား လှူသာမဏေတို့က (၁) ရှေးရှုဆောင်ခြင်း၊ (၂) ရဟန်း၏ နှစ်တောင့်ထွာ (ဟတ္ထပါသ်)အတွင်းသို့ ရောက်ခြင်း၊ (၃) စားပွဲပေါ်တင်၍ ကပ်လျှင် စားပွဲသည် အားအလယ်အလတ်ရှိသူ မြှောက်ချီနိုင်သော စားပွဲ ဖြစ်ခြင်း၊ (၄) ကိုယ်၊ ကိုယ်နှင့်စပ်သော ဝတ္ထုတို့ဖြင့် ဆက်ကပ်ခြင်း၊ (၅) ရဟန်းသံဃာကလည်း ကိုယ်၊ ကိုယ်နှင့်စပ်သော ဝတ္ထုတို့ဖြင့် ခံယူခြင်း ဟူ၍ ၅ ပါး ဖြစ်သည်။ စားပွဲကို ကိုင်မြှောက်၍ (ရဟန်းက စားပွဲကို လက်ဖြင့်ထိ၍) ကပ်ခြင်း၊ ခံခြင်းတို့မှာ အင်္ဂါနံပါတ် ၃၊ ၄၊ ၅ တို့အရပင် ဖြစ်ပါသည်။ စားဖွယ် သောက်ဖွယ် ဆွမ်းဘောဇဉ်တို့ကို အစဉ်လှူဒါန်း ဆက်ကပ်နေရသော ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် ဤဆက်ကပ်ရမှုတို့ကို နားလည်သဘောပေါက်ထားရန် လိုအပ်လှပါသည်။

*

www.dhammaransi.com

# ဗြဟ္မစရိယအကျင့်

မေး။ ။အရှင်ဘုရား၊

ဗြဟ္မစရိယအကျင့်ဆိုသည်မှာ မည်သည့်အကြောင်းတရားများနှင့် ပြည့်စုံမှသာ ခေါ်ဆိုပါသနည်း။ ၎င်းအကျင့်ကို မည်သူတို့သာ ကျင့်ကြံနိုင်ကြပါသနည်း။ သာမန်လူပုဂ္ဂိုလ်များထဲ၌ရော အမြဲ ကျင့်ကြံနိုင်သူများ ရှိနိုင်ပါသလား။ မည်သည့်အကျိုးတရားများ ရနိုင်ပါသနည်း အရှင်ဘုရား။

မောင်ကျော်၊ မြန်အောင်

ဖြေ။ ။ဗြဟ္မစရိယအကျင့်ဆိုသည်မှာ ကာမဂုဏ် မေထုန်မှုမှ ရှောင်ကြဉ်ခြင်း ဖြစ်ပါသည်။ ကျား‌မ မရွေး မည်သူမဆို ကျင့်သုံးနိုင်ပါသည်။ ကျင့်သုံးဆောက်တည်ပုံမှာ ငါးပါးသီလတွင် 'ကာမေသုမိစ္ဆာစာရာ'နေရာ၌ 'အဗြဟ္မစရိယာ'ကို ထည့်သွင်းခံယူသော ကောမာရ ဗြဟ္မစရိယသီလ (ကောမာရီဗြဟ္မစရိယသီလ) အနေဖြင့် ခံယူဆောက်တည်၍ မိမိအဓိဋ္ဌာန် အတိုင်း တစ်သက်လုံးသော်လည်းကောင်း၊ ရက်ပိုင်းလပိုင်းဖြင့်လည်းကောင်း ကာမဂုဏ် မေထုန်ရှောင်ကြဉ်၍ နေရပါသည်။ ကဿပ မြတ်စွာဘုရား သာသနာတွင် ဂဝေသီဥပါသကာနှင့် ၎င်းတပည့်များ ဤသီလကို ဆောက်တည် ကျင့်သုံး၍ နေကြရာ ထိုဘဝမှာပင် ရဟန္တာဖြစ်၍သွားကြောင်းနှင့် ဗာရာဏသီပြည် ကိကီမင်းကြီးသမီး ညီအစ်မ ၇ ဖော်တို့ ရာသက်ပန် ကောမာရီဗြဟ္မစရိယအကျင့်ကို ကျင့်သုံးခဲ့ကြ၍ ဤမြတ်စွာဘုရားလက်ထက်၌ ခေမာထေရီစသည့် ရဟန္တာမများ ဖြစ်ကြရပုံ ဝတ္ထုများ ရှိပါသည်။ ဤသီလကို ဆောက်တည်ခြင်းကြောင့် လောဘ၊ ဒေါသ၊ မောဟနည်းပါး၍ ဘဝတိုတိုနှင့် မဂ်ဖိုလ်ကို ရနိုင်သော အကျိုးရှိကြောင်း မှတ်သားစေလိုပါသည်။

*

www.dhammaransi.com

# လူပုဂ္ဂိုလ်နှင့် ပထမပြန်

မေး။ ။ အရှင်ဘုရား၊

တပည့်တော်သိလိုသည်မှာ ရဟန်းသံဃာတော်များ ဖြေဆိုကြသော ပထမပြန်ငယ်၊ လတ်၊ ကြီးနှင့် စာချတန်းစာမေးပွဲများကို တပည့်တော်တို့ လူဝတ်ကြောင်များ ဝင်ရောက်ဖြေဆိုခွင့် ရ မရနှင့် ရမည်ဆိုပါက မည်သို့သောအကြောင်းအရာတို့နှင့် ပြည့်စုံမှ ဖြေဆိုနိုင်သည်။ မည်သည့်အဆင့်အထိ ဖြေဆိုနိုင်သည်တို့ကို သိလိုပါသည်။ အချို့ဓမ္မာစရိယ (ဘီအေ)ဆိုသည်တို့မှာ မည်ကဲ့သို့ ဖြေဆို၍ ၎င်းဘွဲ့ကို ရသည်တို့ကို သိလိုပါသည်။ ဖြေကြားတော်မူပါဘုရား။

မောင်တင်ဝင်း (မင်္ဂလာဒုံ)

ဖြေ။ ။ အစိုးရ ပထမပြန် စာမေးပွဲ၊ ဓမ္မာစရိယ စာမေးပွဲများကို ရဟန်း သာမဏေများသာမက ကျား မ မရွေး မည်သူမဆို ဖြေဆိုနိုင်ပါသည်။ အချို့အမျိုးသား၊ အမျိုးသမီးများ အဘိဓမ္မာ၊ ဝိသုဒ္ဓိမဂ် စာမေးပွဲများ ပြီးလျှင် မူလတန်းမှစ၍ ငယ်၊ လတ်၊ ကြီး၊ ဓမ္မာစရိယ စာမေးပွဲများ ဆက်လက် ဖြေဆိုနေကြသည်ကို တွေ့ရပါသည်။ နီးစပ်ရာ ပရိယတ္တိစာသင်တိုက် ဆရာတော်တစ်ပါးပါးထံ ဆိုင်ရာစာပေများကို သင်ကြားအားထုတ်၍ စာသင်တိုက်တစ်တိုက်တိုက်မှ လက်မှတ်ထိုး၍ ဖြေဆိုရန်ပင် ဖြစ်ပါသည်။ ဓမ္မာစရိယအောင်သည်အထိ ဖြေဆိုနိုင်သည်။ တိပိဋကရွေးချယ်ရေးစာမေးပွဲမှာမူ ရဟန်းတော်များမှသာ ဝင်နိုင်ပါသည်။ ဓမ္မာစရိယ၊ ဘီအေဘွဲ့ရသူများမှာ ဓမ္မာစရိယတန်း အောင်ပြီးမှ အင်္ဂလိပ်စာအလွတ်ကျောင်းတက်၍ ဖြေဆိုအောင်မြင်သူများ ဖြစ်ကြပါသည်။ ဉာဏ်ကောင်း၍ ကြိုးစားအားထုတ်သူတိုင်း ရနိုင်ကြသဖြင့် ကြိုးစား အားထုတ်ကြရန်သာ လိုပါသည်။

*

www.dhammaransi.com

## မေတ္တာအကျိုး

မေး။ ။ အရှင်ဘုရား၊

"တစ်နေ့သုံးခါ၊ အိုးတစ်ရာဖြင့်၊ ချက်ကာထမင်း၊ ပေးလှူခြင်းထက်၊ မယွင်းစင်စစ်၊ နို့တစ်ညှစ်စာ၊ ကြိမ်သုံးခါမျှ၊ မေတ္တာပွားများ၊ ကျိုးကြီးမားသည်၊ ဘုရားမြွက်စွာ မိန့်ခွန်းတည်း"စတဲ့ လင်္ကာကို ဟုတ်ပါ့မလားလို့ တပည့်တော် သံသယဝင်မိပါသည်။ တကယ်ပဲ မေတ္တာပွားခြင်းက ဒါနထက် အဆပေါင်းများစွာ အကျိုးကြီးမားပါသလား ဘုရား။

လွမ်းဝေ (ဆိပ်ခွန်)

ဖြေ။ ။ ပေးလှူခြင်း ဒါနသည် ထမင်းရည်ချောင်းစီး လှူဒါန်းခြင်းမျိုး ရိုးရိုးဒါနသာမက ကိုယ်လက်အင်္ဂါ နား၊ နှာ၊ မျက်စိတို့ကို လှူခြင်း၊ အသက်ကို ပေးလှူခြင်း ဥပ ပရမတ္ထဒါနတို့ထက်ပင် သရဏဂုံသီလက ပို၍ အကျိုးကြီးသည်။ ယင်းသရဏဂုံသီလတို့ထက်လည်း မေတ္တာပွားမှုမျိုးက အကျိုးပို၍ ကြီးပြန်ပါသည်။ အဘယ်ကြောင့်ဆိုသော် မေတ္တာသည် သမထ ဘာဝနာမျိုး၌ ပါဝင်နေသောကြောင့်ပင်။ ဒါနသီလ၏ အကျိုးမှာ လူရပ်နတ်ထံ နှစ်တန်သော ဘဝတို့၌သာ အကျိုးပေးနိုင်သည်။ မေတ္တာဘာဝနာက ဗြဟ္မာပြည်တိုင်အောင်ပင် အကျိုးပေးနိုင်ပေသည်။ ထို့ကြောင့် ဖော်ပြပါ "တစ်နေ့သုံးခါ" စသော လင်္ကာစကားကို ယုံမှားမရှိ မှတ်သားသင့်ပါသည်။

*

## ဘုရားပေါ်၌ ထီးဆောင်းခြင်း

မေး။ ။ အရှင်ဘုရား၊

တပည့်တော် မသိနားမလည်၍ မေးလျှောက်ခွင့် ပြုတော်မူပါဘုရား။ (၁) နာမည်ကြီးစာအုပ်တစ်အုပ်ထဲတွင် ဘုရားပေါ်၌ ထီးဆောင်းခြင်း၊ ဖိနပ်စီးခြင်းတို့ကို ပြစ်တင်ရေးသားထားပါသည်။ မိုးရွာခြင်း၊

www.dhammaransi.com

နေပူခြင်းတို့ကို မခံနိုင်သောအခါ တပည့်တော် ထီးဆောင်းမိပါသည်။ တချို့သူများလည်း နေပူမိုးရွာဆောင်းတာ တွေ့ရပါသည်။ သို့ဖြစ်၍ ဘုရားပေါ်တွင် ထီးဆောင်းခြင်းမှာ အပြစ်ရှိပါသလား ဘုရား။ (၂) စာအုပ်တစ်အုပ်တွင်လည်း ငါးပါးသီလ ခံယူရာ၌ အဒိန္နဒါနလို့ မရွတ်ဆိုရ။ အဒိန္န–အာဒါနလို့ ရွတ်ဆိုရမည်ဟု တွေ့ရပါသည်။ သို့သော် အများပင် အဒိန္နဒါနဟု ရွတ်ဆိုနေပါသည်။ အာသရမပါပါ၊ အာသရမပါလျှင် သီလခံယူမှု ပြည့်စုံ၊ မပြည့်စုံကို သိချင်ပါသည်ဘုရား။

မခင်မြတ်သူ၊ ရန်ကုန်မြို့

ဖြေ။ ။ ဘုရားရင်ပြင်တော်ပေါ်၌ ဖိနပ်စီးခြင်း မပြုအပ်သကဲ့သို့ ထီးဆောင်းခြင်းကိုလည်း မပြုအပ်ပါ။ ရဟန်းတော်များအား အရန်ပ၌ ဂိလာနပုဂ္ဂိုလ်မှ တစ်ပါး ထီးဖိနပ်ကို တန်းတူပင်ထား၍ မအပ်ကြောင်း ဘုရား ပညတ်တော်မူပါသည်။ ဘုရားရှင့်လက်ထက်တော်က ကောသလ မင်းကြီးသည် ဘုရားကျောင်းတော်သို့ သွားရာ၌ ကျောင်းတော်အဝတွင်ပင် ထီး၊ ဖိနပ် (ထီးဖြူ၊ ခြေနင်း)စသော အသုံးအဆောင်တို့ကို မင်းချင်းတို့အား ပေးအပ်ခဲ့ကြောင်း ဆိုပါသည်။ ရှေးရှေးမြန်မာရာဇဝင်တို့တွင်လည်း စေတီ ရင်ပြင်တော်တို့တွင် မင်းများ ထီး၊ ဖိနပ်ချွတ်ကြောင်း ဖတ်ရှုနိုင်ပါသည်။ စေတီတော်အား ရိုသေမှုကို အစွမ်းကုန်ပြုရာ၌ ဖိနပ်မစီး၊ ထီးမဆောင်းခြင်းသည်သာလျှင် သဘောမှန်ဖြစ်ကြောင်း သတိပြုသင့်ပါသည်။ (၂) အဒိန္နာဒါနပုဒ်ကို ပိုဒ်ဖြတ်လျှင် အဒိန္န+အာဒါန ဟူ၍ ဖြစ်ပါသည်။ တစ်နည်း အဒိန္န+အာဒါနကို သန္ဓိပုဒ်စပ်လျှင် အဒိန္နာ+ဒါနဟူ၍ ဖြစ်ပါသည်။ ထို့ကြောင့် အာသရသံထင်စွာဖြင့် အဒိန္နာဒါနာ ဟူ၍ ဆိုရပါသည်။ အဒိန္န–အာဒါနဟု မဆိုရသလို အဒိန္နဒါနဟူ၍လည်း မဆိုရပါ။ အဒိန္န=အရှင်မပေးသောဝတ္ထုကို၊ အာဒါန=ယူခြင်း (ခိုးခြင်း) ဟု အဓိပ္ပာယ် ဆိုရသဖြင့် အာမပါသော အဒိန္နဒါနမှာ အဒိန္န=အရှင်မပေးသော ဝတ္ထုကို၊

www.dhammaransi.com

ဒါန=ပေးခြင်းဟု အဓိပ္ပာယ်ထွက်၍ ဆိုလိုရင်းနှင့် ဆန့်ကျင်ဘက် ဖြစ်သွားပါသည်။ ထို့ကြောင့် "အဒိန္နာဒါနာ"ဟု အာသရည်ပါစွာနှင့် ရွတ်ဆိုရန် သတိပြုသင့်ပါသည်။

*

## သာသနာတွင်းပ ဒါနအကျိုး

မေး။ ။ အရှင်ဘုရား၊

သာသနာပ–ဈာနလာဘီ၊
လှူဒါန်းရကျိုး–တန်ခိုးရှိသည်
သာသနာကာလ–သရဏာတည်မှီ၊
လှူဒါန်းရ–ဘယ်ကပိုလိမ့်မည်။

သောတဇနဘိက္ခု (ရွှေမန်း)

ဖြေ။ ။ သာသနာပ–ဈာန်ရရှင်ကို၊
လှူဒါန်းရကျိုး–တန်ခိုးအလို၊
သရဏာဂမန–သာသနာ့ခါဆို၊
လှူရကျိုး–တန်ခိုးပိုထက်ပို။

"ဗာဟိရကဿ အဋ္ဌသမာပတ္တိလာဘိနော ပဉ္စာဘိညဿပိ ဒိန္နဒါနတော သာသနေ တိသရဏဂတဿဒိန္နဒါနံ မဟပ္ဖလတရံဟောတိ။"

(မ၊ ဋ္ဌ၊ ၁–၁၉၀)

*

## ဓာရဏပရိတ်တော်ကိစ္စ

မေး။ ။ အရှင်ဘုရား၊

ဓာရဏပရိတ်၊ ပရိမိတ္တဇာလသုတ်နှင့် သိရသ္မိ ဂါထာတော်တို့သည် ဘုရားဟော ဟုတ်၊ မဟုတ်နှင့် ရွတ်အပ်၊ မရွတ်အပ် သိလိုပါသည်။ ထို့ပြင် ၉၆ ဖြာသော ဝေဒနာ၊ ၂၅ ပါးသောဘေး၊ ၁၆ ပါးသော ဥပဒ္ဒဝေါ၊

၃၂ ပါးသော ကံကြမ္မာတို့ကို နားလည်လိုပါသောကြောင့် စာစောင်မှ ဖြေကြားပေးတော်မူပါရန် ရိုသေစွာ လျှောက်ကြားအပ်ပါသည်ဘုရား။

ဦးဥတ္တမ (လှိုင်ကော်မြို့)

ဖြေ။ ။ ဓာရဏာပရိတ်၊ ပရိမိတ္တဇာလသုတ်နှင့် သိရသ္မိံဂါထာတော်တို့သည် ဘုရားဟောသုတ္တန် ပါဠိတော်များ၌ မပါရှိပါ။ နောက်ဆရာများ စီကုံးပြုလုပ်ပေးထားသော ပရိတ်သုတ် ဂါထာများ ဖြစ်ပါသည်။ သို့သော် ရတနာ ၃ ပါး၏ ဂုဏ်ကျေးဇူးတော်များကို အထူးပြုစီကုံးထားသဖြင့်လည်းကောင်း၊ ရွတ်ဆိုသူတို့ အန္တရာယ်ကင်းပ ကောင်းကျိုးရသည်ကို ဒိဋ္ဌမြင်တွေ့နေရသဖြင့်လည်းကောင်း ရွတ်အပ်၊ ရွတ်သင့်သော အန္တရာယ်ကင်း စာပေများပင် ဖြစ်ပါသည်။ ၉၆ ဖြာ ဝေဒနာ စသည်တို့ကို အပြည့်အစုံ ဖြေကြားရလျှင် စာစောင်မှနေရာပေးနိုင်မည် မဟုတ်သဖြင့် ထုတ်ဝေထားသော ဘာသာရေးသင်တန်းစာအုပ်များတွင် ရှာဖွေကြည့်ရှု မှတ်သားသင့်ပါကြောင်း အကြံပေးအပ်ပါသည်။ (ပရိမိတ္တဇာလသုတ်နှင့်စပ်၍ မေးမြန်းလျှောက်ထားသော မောင်တင့်ကျော်၊ လပွတ္တာသည်လည်း ဤအဖြေအတိုင်း မှတ်သားစေလိုပါသည်။)

*

## ရဟန်း ရှိမခိုးထိုက်သူ

မေး။ ။ အရှင်ဘုရား၊

ဝါသ်ဆောက်တည်နေသော သိက္ခာကြီးရဟန်းအား သိက္ခာငယ်သော ရဟန်းများက ရှိမခိုးအပ်ဟု ဆိုပါသည်။ အဘယ်ကြောင့် ရှိမခိုးအပ်ပါသနည်း။ ရဟန်းက ရှိမခိုးထိုက်သူ အဘယ်မျှ ရှိပါသနည်း။ သနားသောအားဖြင့် ဖြေရှင်းပေးတော်မူပါဘုရား။

ဦးဝိလာသမမ္မ၊ မူလမင်းကွန်းဇေတဝန်ကမ္မဋ္ဌာန်းတိုက်၊ သထုံမြို့

ဖြေ။ ။ ဝါသ်တည်ဆောက်နေသော ရဟန်းမှာ သံဃာဒိသိသ်အာပတ်သင့်နေသူ ဖြစ်၍ ၎င်းအာပတ်ပျောက်ပျက်ရန် ကုစားနေရသူ ဒဏ်သား (သံဃာက ဒဏ်ပေးထားသည်ကို ခံနေရသူ) ဖြစ်သဖြင့် ၎င်းကို သိက္ခာကြီးသူ ဖြစ်သော်လည်း သိက္ခာငယ်သူများက ရှိမခိုးရပါ။ သံဃာစဉ် အတိုင်း ကြွလျှင်လည်း ၎င်းက နောက်ဆုံးမှ လိုက်ရပါသည်။ ဝါသ် ဆောက်တည်ရာ၌ ပရိဝါသ်ယူခြင်း၊ အရင်းငင်ခံရခြင်း၊ မာနတ်ထိုက်ခြင်း၊ မာနတ်ကျင့်ခြင်းနှင့် အဗ္ဘာန်ထိုက်ခြင်း ၅ မျိုးပါဝင်ရာ ၎င်း ၅ မျိုး အပါအဝင် ၅ ပါးနှင့် သိက္ခာငယ်သူ၊ ရဟန်းမဟုတ်သူ၊ သိက္ခာကြီးသော်လည်း အယူတစ်ပါးရှိ၍ ကြဉ်ထားခံရသူ၊ မာတုဂါမ၊ ပဏ္ဍုက် ဤ ၅ မျိုးပေါင်း ၁၀ မျိုးတို့မှာ ရဟန်းက ရှိမခိုးအပ်သူများ ဖြစ်ကြပါသည်။ (ဝိ၊ ၄၊ ၃၁၂)

*

## ပါဠိတက္ကသိုလ်

မေး။ ။ အရှင်ဘုရား၊

မြန်မာနိုင်ငံ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်း အချို့သော စာသင်တိုက်တို့တွင် ပါဠိတက္ကသိုလ်ဟု ဆိုင်းဘုတ်တင်ထားသည်များကို တွေ့ရပါသည်။ အဘယ်ကြောင့် ပါဠိတက္ကသိုလ် အမည်ရပါသနည်း။ မိမိကိုယ်တိုင် ပေးထားသည့် အမည်များ ဖြစ်ပါသလား။ မည်သည့်ခုနှစ်၊ မည်သည့်အချိန်က ဤအမည်ကို ရရှိပါသနည်း။ ဖြေကြားပေးတော်မူပါဘုရား။

ခိုင်လေး (ခရမ်းမြို့)

ဖြေ။ ။ မြန်မာသက္ကရာဇ် ၁၃၁၂ ခုနှစ်တွင် ပါဠိတက္ကသိုလ်နှင့် ဓမ္မာစရိယ အက်ဥပဒေ ပြဋ္ဌာန်း၍ ယင်းဥပဒေအရ ပါဠိတက္ကသိုလ်များ

တည်ထောင်ကာ ပါဠိတက္ကသိုလ်ဝင်ကျောင်းများမှ ဆရာတော်၊ သံဃာတော်များ ပါဠိတက္ကသိုလ် ဗဟိုအဖွဲ့ ဖွဲ့စည်း၍ စာချတန်း စာမေးပွဲကို စိမံအုပ်ချုပ်လျက် ပထမပြန်စာမေးပွဲနှင့်အတူ မကျင်းပတော့ဘဲ တသီးတခြား ခွဲ၍ စာချတန်း စာမေးပွဲကို ကျင်းပလာခဲ့သည်။ အရည်အချင်းပြည့် စာချဆရာတော် သုံးပါး၊ ပထမကြီးအောင်ပြီးသူ စာသင်သား ၁၀ ပါးရှိလျှင် ပါဠိတက္ကသိုလ်ဖြစ်ရန် လျှောက်ထားနိုင်ခဲ့၍ ထိုအချိန်က ပါဠိတက္ကသိုလ်အမည်ရသော စာသင်တိုက်များ များစွာ ပေါ်ပေါက်ခဲ့ပါသည်။ ပါဠိတက္ကသိုလ်အမည်ဆိုင်းဘုတ်များလည်း တပ်ခဲ့ကြပါသည်။ နိုင်ငံတော်က ထိုပါဠိတက္ကသိုလ်များအား စာသင်သား အနည်းအများပေါ်မူတည်၍ ထောက်ပံ့လှူဒါန်းမှုလည်း ပြုခဲ့ပါသည်။ ယခုခေတ်တွင် ယင်းပါဠိတက္ကသိုလ်များကို ဖျက်သိမ်းခဲ့ပြီး ဖြစ်သော်လည်း နာမည်များကိုမူ မဖျက်သိမ်းဘဲ ယခုတိုင် ပါဠိတက္ကသိုလ်ဟု ခေါ်ဝေါ်ကာ ဆိုင်းဘုတ်များကိုလည်း တင်မြဲတင်ထားသည်ကို တွေ့ရပါသည်။

*

## ဒုစရိုက် ၁၀ ပါး မူလ

မေး။ ။ အရှင်ဘုရား၊

(၁) ကာမ ဘိဇ္ဈေ၊ မှားဒိဋ္ဌေ၊ ဖြစ်လေ လောဘကြောင့်။

(၂) ပါဏ ဗျာပေ၊ ဖရုသေ၊ ဖြစ်လေ ဒေါသကြောင့်။

(၃) ဒိန် သု မုသေ၊ သမ္ဖသေ၊ ဖြစ်လေ လော–ဒေါကြောင့်။

အထက်ပါ လင်္ကာများတွင် ၁ နှင့် ၃ ကို သဘောကျပါသည်။ ၂ နံပါတ်ပါ ၃ ပါးတွင် ပါဏာတိပါတသည် ဒေါသကြောင့် ဖြစ်သည်ဟု ပြထားပါသည်။ ယနေ့ မုဆိုး၊ တံငါများသည် စားဝတ်နေရေးအတွက် သတ်ကြရာ လောဘကြောင့် မဟုတ်ပါလား ဘုရား၊ လောဘ ဒေါသ

နှစ်ပါး ဖြစ်သင့်သည်ဟု ထင်ပါသည်။ လင်္ကာက မှားသလား၊ တပည့်တော်က ဉာဏ်မမီသလား မသိရ၍ ရှင်းလင်း မိန့်ကြားတော်မူပါဘုရား။

မောင်မျိုးညွန့်၊ လက်ပံတန်းမြို့နယ်

ဖြေ။ ။ လင်္ကာက မမှားပါ။ "မူလတော တိ ပါဏာတိပါတော ဒေါသမောဟ ဝသေန ဒွိမူလကော ဟောတိ၊ အဒိန္နဒါနံ ဒေါသမောဟ ဝသေနဝါ လောဘမောဟ ဝသေနဝါ၊ မိစ္ဆာစာရော လောဘမောဟ ဝသေန"စသော အဋ္ဌသာလိနီ (အဘိဋ္ဌ ၁-၁၄၅)ပါ ဖွင့်ဆိုချက်အရ စီကုံးထားခြင်းသာ ဖြစ်ပါသည်။ ယင်းမှာ ဒုစရိုက် ၁၀ ပါးတို့၏ မူလကို ပြဆိုထားခြင်းသာဖြစ်၍ မုဆိုး၊ တံငါစသည်တို့၏ အာဇီဝဟေတုနှင့် မဆိုင်ပါ။ အာဇီဝဟေတုအရ တစ်မျိုးဖြစ်နိုင်သော်လည်း ဒုစရိုက် ၁၀ ပါး ပြဆိုခြင်းသာ ဖြစ်၍ လင်္ကာလာ စကားအတိုင်းသာ မှတ်သားသင့်ပါသည်။ (အကိုးပါဠိ၌ မောဟပါနေသည်မှာ မောဟမူလမှာ အကုသိုလ်တရားတိုင်း၌ ပါဝင်နိုင်သောကြောင့် ဖြစ်ကြောင်း သတိပြုပါ)။

*

## နတ်ဗြဟ္မာနှင့် ရဟန္တာ

မေး။ ။ အရှင်ဘုရား၊

ဆောင်းပါးရှင် တစ်ဦးရေးသားထားသည်မှာ ဗုဒ္ဓမြတ်စွာ မဟာသမယသုတ်တော်ကို ဟောကြားရာတွင် နာကြားရသော နတ်ဗြဟ္မာများ သုတ်တော်၏ အဆုံး၌ ကုဋေတစ်သိန်းခန့် ရဟန္တာဖြစ်သည်ဟု ပါရှိပါသည်။ နတ်ဗြဟ္မာများ ရဟန္တာဖြစ်နိုင်၊ မဖြစ်နိုင် ဖြေကြားတော်မူပါဘုရား။

ဦးသာဆင်၊ ရေကြည်မြို့၊ ရောဝတီတိုင်း

ဖြေ။ ။ "ဣတိ=ဤသို့။ ဒေသနာပရိယောသာနေ=ဤမဟာသမယသုတ်ကို ဟောတော်မူပြီးသော အဆုံး၌။ ကောဋိသတ သဟဿဒေဝတာ=ကုဋေတစ်သိန်းသော နတ်ဗြဟ္မာတို့သည်။ အရဟတ္တံ=အရဟတ္တ

ဖိုလ်သို့။ ဝါ=ရဟန္တာအဖြစ်သို့။ ပတ္တာ=ရောက်ကြကုန်၏။ သောတာပန္နာဒီနံ=သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ဖြစ်ကုန်သော နတ်ဗြဟ္မာတို့၏။ ဂဏနာ=အရေအတွက်သည်။ နတ္ထိ=မရှိ”ဟု ၎င်းသုတ်အဋ္ဌကထာ၌ ဆိုထားပါသည်။ နတ်ဗြဟ္မာတို့သည် ရဟန္တာဖြစ်နိုင်ကြပါသည်။ စတုမဟာရာဇ်မှစ၍ ဝသဝတ္တီအထိ နတ်ပြည်ခြောက်ထပ်ရှိ နတ်တို့သည် သောတာပန်၊ သကဒါဂါမ်အဖြစ်ဖြင့် နေနိုင်ကြ၍ အနာဂါမ်ဖြစ်လျှင် ထိုနတ်ဘုံတို့မှစုတေပြီး အထက်ဗြဟ္မာ့ဘုံ (သုဒ္ဓါဝါသဘုံ)တို့သို့ ရောက်ကြရပါသည်။ ထို့ကြောင့် နတ်ပြည်၌ ရဟန္တာဖြစ်လျှင် ဗြဟ္မာ့ပြည်သို့ ပြောင်းကြရကြောင်း မှတ်သားသင့်ပါသည်။

*

## အဇိတရဟန်း

မေး။ ။ အရှင်ဘုရား၊

နောင်ပွင့်လတ္တံ့သော အရိမေတ္တေယျ ဘုရားအလောင်းသည် ဂေါတမမြတ်စွာဘုရား လက်ထက်မှာ ‘အဇိတ’အမည်ရှိ မထင်ရှားသော ရဟန်းဖြစ်ခဲ့ပြီး အဇာတသတ်မင်း၏ သားတော်လည်းဖြစ်သည်ဟု ဆိုပါသည်။ မည်သည့် ကျမ်းဂန်မှာ လာပါသလဲ ဘုရား။ ‘အဇိတ’ရဟန်းသည် ဂေါတမ ဘုရားရှင်လက်ထက်တွင် မည်သည့်တရားမဂ်အဆင့်ကို ရရှိပါသလဲ ဘုရား။

ဦးဖေသက်ညွန့်၊ အလုံ

ဖြေ။ ။ အရိမေတ္တေယျ ဘုရားအလောင်းသည် ဂေါတမမြတ်စွာဘုရား လက်ထက်တွင် အဇာတသတ်မင်း၏သား အဇိတမည်သော ရဟန်းတစ်ပါးဖြစ်ကြောင်းမှာ အနာဂတဝင် စာအုပ်များတွင် ပါရှိပါသည်။ ခိုင်ခံ့သောကျမ်းလာစကား မဟုတ်ပါ။ (အဇာတသတ်မင်းသည် ခမည်း

တော် ဗိမ္ဗိသာရမင်းကြီးအား သတ်၍ မင်းအဖြစ်သို့ ရောက်ပြီးနောက်မှ ပထမသားဦးရပုံ၊ အဇာတသတ်မင်းဖြစ်ပြီး ၄ နှစ်ခန့်တွင် မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပုံစသည်တို့ကို တွက်ချက်ပြဆိုထားသော စာများအရ အဇိတ ရဟန်း၊ အဇာတသတ်သား ဖြစ်နိုင်၊ မဖြစ်နိုင် စိစစ်ချက်များလည်း ရှိပါ သည်။) အဇိတရဟန်းသည် အရိမေတ္တေယျဘုရားလောင်းဖြစ်လျှင် ဤ ဂေါတမဘုရားရှင်လက်ထက်၌ မည်သည့်တရားမဂ်ဖိုလ်မျှ မရနိုင်ပါ။ ရလျှင်လည်း အရိမေတ္တေယျဘုရားဖြစ်တော့မည်မဟုတ် သောတာပတ္တိ မဂ်ဖိုလ်ကိုရလျှင်ပင် ခုနစ်ဘဝမျှဖြင့် နိဗ္ဗာန်စံဝင်သွားတော့မည်ဖြစ်ကြောင်း သိထားသင့်ပါသည်။

*

## ဆံပင် ဘုရားလှူ

မေး။ ။ အရှင်ဘုရား၊

တပည့်တော်မသည် ဆံပင်ရှည်များကို ဘုရားမှာ လှူမည်ဟု ဆုံးဖြတ်ပြီး အရှည်ထားပါသည်။ ယခု ဆံပင်ရှည်ကိုဖြတ်ပြီး လှူမည်ဟု လုပ်ရာ အချို့က ဆံပင်အတိုင်း မလှူကောင်း၊ ရောင်း၍ သို့မဟုတ် ဘုန်းကြီးသုံး ယပ်လုပ်၍ လှူရသည်ဟု ပြောပါသည်။ မည်သို့ လှူသင့်သည် ကို ဖြေကြားပေးပါရန် လျှောက်ထားပါသည် ဘုရား။

အေးငြိမ်းမိုး၊ ပန်းတောင်းမြို့

ဖြေ။ ။ ဆံပင်မှာ မိမိခန္ဓာကိုယ်မှ ပေါက်ရောက်သော အရာဝတ္ထုဖြစ်ကာ အမွေး၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေပြားတို့နှင့်အတူ တစပဉ္စကအဝင် ဇေဂုစ္ဆသဘောတရားဖြစ်၍ သူတော်ကောင်းတို့ စက်ဆုပ် အပ်သော အရာဝတ္ထုပင် ဖြစ်ပါသည်။ အမျိုးသမီးတို့အဖို့ အမွှန်အမြတ် ဖြစ်သော်လည်း ရတနာသုံးပါး၌ ဆံပင်အတိုင်း ဆွဲချိတ်လှူဒါန်း၍လည်း

တင့်တယ်မှု မရှိပါ။ လူ့ဆံပင်ကို ယပ်စသည်လုပ်၍ လှူဒါန်းရိုးလည်း မရှိပါ။ မြတ်စွာဘုရားလက်ထက်က ဆံပင်ကောင်းသော အမျိုးသမီးတစ်ဦး ဆံပင်ကိုဖြတ်၍ ရောင်းချရသည့်ငွေဖြင့် အရှင်ကစ္စာယနစသော ရဟန္တာရှစ်ပါးအား ဆွမ်းချက်လှူဒါန်း၍ ဒိဋ္ဌဓမ္မအကျိုးပေးသဖြင့် မိဖုရားဖြစ်သွားသော ဝတ္ထုတစ်ခုကို ထောက်၍ ဆံပင်ကို ရောင်းချလျက် အခြားအကျိုးဖြစ်မည့် အလှူတစ်ခုခု လှူဒါန်းခြင်းသာ အကောင်းဆုံးဖြစ်ကြောင်း ဖြေကြားလိုပါသည်။

*

## ရဟန္တာများနှင့် ဘီစီ အေဒီ

မေး။ ။ အရှင်ဘုရား၊

၁၉၉၃၊ ဧပြီလထုတ် မြတ်မင်္ဂလာစာစောင်၌ ဆရာတော်ဘုရား ဖြေကြားသော ဘာသာရေးပြဿနာအခန်း၌ (၁) ပဋိသမ္ဘိဒါပတ္တ ရဟန္တာ၊ (၂) ဆဠဘိည ရဟန္တာ၊(၃) တေဝိဇ္ဇ ရဟန္တာ၊(၄) သုက္ခဝိပဿက ရဟန္တာဟူ၍ ၄ မျိုးရှိကြောင်း ပါရှိပါသည်။ ၎င်းရဟန္တာ ၄ မျိုး၏ အဓိပ္ပာယ်ကို ထပ်ဆင့်ပြီး သိလိုပါ၍ ဖြေကြားပေးတော်မူပါရန်။ အချို့ဘာသာရေးဆောင်းပါးမျိုး၌ ပါရှိသော ဘီစီဘယ်နှစ်က၊ အေဒီဘယ်နှစ်ကဟု ရေးသားထားသည်ကို ဖတ်ရပါသည်။ ၎င်းဘီစီ၊ အေဒီဆိုသည်များကို အဓိပ္ပာယ်ဖော်ပြ၍ ရှင်းလင်းပေးစေလိုပါသည် ဘုရား။

သုမေတ္တာ၊ မန်ကျည်းသုံးပင်ရွာ

ဖြေ။ ။ ရဟန္တာလေးမျိုးတို့တွင် (၁) ပဋိသမ္ဘိဒါပတ္တ ရဟန္တာဆိုသည်မှာ

ရဟန္တာဖြစ်သည်နှင့် တစ်ပြိုင်နက် ပိဋကသုံးပုံကို အလုံးစုံ ကျွမ်းကျင်တတ်သိသွားသော ရဟန္တာမျိုး ဖြစ်သည်။ (၂) ဆဠဘိညဆိုသည်မှာ ရဟန္တာဖြစ်လျှင်ပင် အဘိညာဉ်ခြောက်ရပ်၊ သမာပတ်ရှစ်ဖြာကို

ရရှိနိုင်သော ရဟန္တာမျိုး ဖြစ်သည်။ (၃) တေဝိဇ္ဇ ရဟန္တာ ဆိုသည်မှာ ပုဗ္ဗေနိဝါသဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယဉာဏ်တို့ကို ရရှိသော ရဟန္တာမျိုးဖြစ်၍ (၄) သုက္ခဝိပဿက ရဟန္တာဟူသည်မှာ ရဟန္တာဖြစ်သော်လည်း ဈာန်မရသော ရဟန္တာမျိုးဖြစ်သည်။ အားလုံး ရဟန္တာချည်းဖြစ်သော်လည်း (၁)မှာ အဆင့်အမြင့်ဆုံးဖြစ်၍ (၄) မှာ အဆင့်နိမ့်သည်ဟု ဆိုနိုင်ပါသည်။ ကမ္ဘာသက္ကရာဇ်ကို ပြောဆိုရာ၌ ခရစ်သက္ကရာဇ်ကို အသုံးပြုရသဖြင့် ခရစ်မပေါ်မီက နှစ်ကို ဘီစီဟုဆို၍ ခရစ်ပေါ်ပြီးမှ နောက်ဖြစ်သော သက္ကရာဇ်ကို အေဒီဟုဆိုပါသည်။ ဥပမာ မြတ်စွာဘုရားသည် ဘီစီ ၅၄၄ တွင် ပရိနိဗ္ဗာန်ပြုသည်။ ယခုအချိန်အခါသည် အေဒီ ၂၀ ရာစုရှိနေပြီ ဟူသည်တည်း။

*

## အဘိုး၊ အဘ၊ အဖေကြီးနှင့် လက်ခြောက်ချောင်း

မေး။ ။ အရှင်ဘုရား၊

(၁) အချို့လူပုဂ္ဂိုလ်များသည် ဆရာတော်ကြီးများအား အဘိုး၊ အဘနှင့် အဖေကြီးဟု ခေါ်ဝေါ်သုံးစွဲနေကြပါသည်။ ထိုသို့ ခေါ်ဝေါ်သုံးစွဲသင့်၊ မသင့် ဖြေကြားပေးတော်မူပါ ဘုရား။

(၂) အချို့သော ဆင်းတုတော်များမှာ လက်ချောင်းတော်ကလေးများကို တစ်ဖက်က ၅ ချောင်း၊ တစ်ဖက်က ၆ ချောင်း ပြုလုပ်ထားခြင်းကို တွေ့ရပါသည်။ မေးကြည့်ရာတွင် ၁၁ မီးငြိမ်းရန် အဓိဋ္ဌာန်၍ လှူသည်ဟု သိရပါသည်။ ထိုသို့ လုပ်သင့်၊ မလုပ်သင့် ဖြေကြားပေးတော်မူပါ ဘုရား။

မတင်ဇာဦး၊ အ–ထ–က (၁) လှိုင်

www.dhammaransi.com

ဖြေ။ ။ (၁) မြတ်စွာဘုရားသည် လာရောက်စွပ်စွဲသော စိဉ္စမာနအား ဘဂိနိ နှမဟု ခေါ်ဝေါ်သုံးစွဲ၍ စကားဆိုတော်မူပါသည်။ ထို့အတူ အင်္ဂုလိမာလသုတ်၌ 'ယတောဟံ ဘဂိနိ'ဟု အမျိုးသမီးအား နှမဟု ခေါ်ဆိုခဲ့သည်။ ရဋ္ဌပါလမထေရ်သည် အိမ်ဖော်မိန်းကလေးအား ထို့အတူ ပင် ခေါ်ဝေါ်၏။ 'ဘဂိနီတိ အရိယ ဝေါဟာရော'ဟု မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ၌ ဖွင့်ဆိုသည်။ ယင်းတို့မှာ 'အရိယာ ဝေါဟာရ၊ အရိယ ပုဂ္ဂိုလ်များ၏ ခေါ်ဝေါ်သုံးစွဲခြင်း'ဟု အဓိပ္ပာယ်ရှိသည်။ ဤသို့ နှမအရွယ် ကို နှမ၊ အမိအရွယ်ကို အမိဟု ခေါ်ဝေါ်ခြင်းမှာ တပ်မက်တွယ်တာမှု ကို ကာကွယ်နိုင်သည်ဟု ဆိုသည်။ မဟာမိတ္တမထေရ်မြတ်၏ ဆွမ်း ဒါယိကာမ သားအမိတို့က မထေရ်အား 'သားတော်၊ အစ်ကိုတော်'ဟု သုံးစွဲ ခေါ်ဝေါ်သည်။

နကုလမာတာ၊ နကုလပိတာတို့က မြတ်စွာဘုရားအား 'သားတော်' ဟု ခေါ်၍ ပြောဆိုသည်ကိုလည်း ဘုရားရှင်က ခွင့်ပြုသည်။ ထို့ကြောင့် ဆရာတော်ကြီးများအား ရင်းနှီးကြည်ညိုစိတ်ဖြင့် အဘိုး၊ အဘ စသည် ခေါ်ဝေါ်ခြင်းမှာ အပြစ်ရှိစရာ မမြင်ပါ။ ရှမ်းပြည်နယ်သူ အများအပြား သည် ဆရာတော်ကြီးများအား 'ဘဘုန်း'ဟု ခေါ်ဝေါ်ကြမြဲဖြစ်သည်ကို တွေ့ရသည်။

(၂) ဘုရားပုံတော်များ၊ ရုပ်တုတော်များကို ဤသို့ လက်ခြောက် ချောင်းစသည် ထုလုပ်ခြင်းမှာ အလွန်မသင့်လျော်သော လုပ်ဆောင်မှုများ ဖြစ်ပါသည်။ ဤခေတ်တွင် လက်ခြောက်ချောင်း၊ ခြေခြောက်ချောင်း၊ ရှိသူများအား ဝဋ်မကင်းသူများဟု အသိအမှတ်ပြုကြပါသည်။ မြတ်စွာ ဘုရား ရုပ်တုတော်အား ဤသို့ အဆန်းထွင်ထုလုပ်သူများအဖို့ လွန်စွာပင် အပြစ်ကြီးလှပါသည်။ လုံးဝ မလုပ်သင့်သောကိစ္စပင် ဖြစ်ပါသည်။

(အလားတူ မေးထားသူ ‘ရီရီမြင့်–မင်းလှ’ လည်း ထို့အတူ မှတ်သားစေလို ပါသည်)။

*

## နဝမခေတ် နဝင်းကျေ

မေး။ ။ ဆရာတော်ဘုရား၊

နဝမခေတ်၊ နဝင်္ဂ၊ နဝင်း၊ နဝင်းကျေဆိုသော စကားများကို ကြားဖူးသော်လည်း အဓိပ္ပာယ်မသိပါ၍ ရှင်းပြတော်မူပါ ဘုရား။

ထက်ထက်၊ ကမာရွတ်

ဖြေ။ ။ နဝမခေတ်ဟူသည်မှာ ကိုးခုမြောက်အခါကာလဟုဆိုလိုသည်။

ကိုးခုမြောက်ကို သိရန် ရှေးဦးစွာ အခါကာလ ရှစ်ခုကို သိဖို့လိုပါသည်။ ယင်းမှာ ရပ်ပြစ်ရှစ်ပါးဟူသော ရှစ်မျိုးသောအပြစ်ရှိသည့် အရပ်များပင် ဖြစ်သည်။ (၁) ငရဲ၊ (၂) တိရစ္ဆာန်၊ (၃) ပြိတ္တာ၊ (၄) နာမ်မရှိ၊ ရုပ်သာရှိသော အသညသတ်ဘုံ၊ (၅) သာသနာတွင်းဖြစ်သော်လည်း မျက်စိ မမြင်၊ နားမကြား စသော ဣန္ဒြေချို့သူ၊ (၆) မိစ္ဆာဒိဋ္ဌိ အယူရှိသူ၊ (၇) ပစ္စန္တရစ်အရပ်၌ ဖြစ်ရသူ၊ (၈) တရားရနိုင်သော တိဟိတ်ပုဂ္ဂိုလ်ဖြစ်သော်လည်း သာသနာပတွင် ဖြစ်ရသူတို့ ဖြစ်သည်။ ဤရှစ်ပါးပြီးသည့်နောက် ၉ ပါးမြောက် အခါကာလဟုဆိုရမည့် ဘုရားပွင့်သည့် သို့မဟုတ် ဘုရားသာသနာတော် ထွန်းလင်းသည့်အချိန် ဗုဒ္ဓုပ္ပါဒကာလ နဝမခေတ် အချိန်၊ ဗုဒ္ဓုပ္ပါဒနဝမခဏဟုလည်း ခေါ်သည်။ နဝင်္ဂဆိုသည်မှာ အင်္ဂါကိုးပါးရှိသော ဟုဆိုလိုသဖြင့် ကိုးပါးသီလ စသည်များကို ဆိုသည်။ နဝင်း–နဝင်းကျေဆိုသည်တို့ကား ဗေဒင်သုံးစကားများ ဖြစ်သည်။ နဝင်းမှာ တစ်ရာ့ရှစ်ကွက်ရှိသော ၁၂ ရာသီစက်တွင် ၁၂ စိတ် တစ်စိတ် (ကိုးနဝင်း) ဖြစ်လေသည်။

*

www.dhammaransi.com

# မြန်မာပြည် နှစ်ကျိပ်ရှစ်ဆူ

မေး။ ။ အရှင်ဘုရား၊

"က္က–အ–မ–ချာ"၊ "အာ–သော–မာ–ဝ"၊ "ဥ–မ္ဘာ–ဝမ်း–ပဲ"၊ "ထိ–ထ–မ–စဲ" စသည် အက္ခရာများသည် မြန်မာပြည် တန်ခိုးကြီးဘုရား ၂၈ ဆူတို့တွင် သိကြားမင်းရေးထားသည့် 'သိကြားတံဆိပ်'ဟူ၍ ရှေးပညာရှိများ ပြောကြားသည်ကို သိရပါသည်။ သို့ပါ၍ ထိုတန်ခိုးကြီးဘုရား ၂၈ ဆူနှင့်တကွ သက်ဆိုင်ရာ အက္ခရာ၊ ဂါထာများ၏ အနက်အဓိပ္ပာယ်များကို ပညာလိုလား အမျိုးသားတို့ အသိပညာတိုးပွားစေရန် ဖော်ပြရေးသားပေးပါမည့်အကြောင်း ရိုသေလေးစားစွာ လျှောက်ထားပန်ကြားအပ်ပါသည်ဘုရား။

ဦးကျော်ဝင်း၊ တောင်ကချင်၊ မိုးကုတ်မြို့

ဖြေ။ ။ ထိုဘုရား ၂၈ ဆူ၌ သိကြားမင်း ခပ်နှိပ်သော တံဆိပ်အက္ခရာတို့မှာ 'က္က–အ–မ–ချာ'သည် ကျိုက်ထီးရိုးဘုရား၏ တံဆိပ်အက္ခရာဖြစ်၍ 'အာ–သော–မာ–ဝ'မှာ ပုဂံရွှေစည်းခုံဘုရား၏ တံဆိပ်အက္ခရာဖြစ်ပါသည်။ 'ဥ–မ္ဘာ–ဝမ်း–ပဲ'မှာ ရွှေမင်းဝံဘုရား၊ 'ထိ–ထ–မ–စဲ'မှာ ကွမ်းရွာ၊ ရွှေတန့်တစ်ဘုရား၏ တံဆိပ်အက္ခရာ ဖြစ်ပါသည်၊ ၂၈ ဆူအပြည့်အစုံ တံဆိပ်အက္ခရာများနှင့် အက္ခရာတစ်လုံးတစ်ပါဒပြု၍ ဂါထာစီကုံးကာ ၂၈ ဆူအပြည့် ဂါထာ ၂၈ ပုဒ်နှင့် နိဂုံးဂါထာ ၃ ပုဒ်ပေါင်း ဂါထာ ၃၁ ပုဒ်ကို မောင်းထောင်သာသနာပိုင် (မင်းတိုင်ပင်အမတ်ကြီး မဟာဓမ္မသင်္ကြန်)စီကုံး၍ ဘိုးတော်မင်းတရားကြီးထံ ဆက်သွင်းခဲ့သည်။ ၎င်းအပြည့်အစုံကို ဤတွင် ဖော်ပြရန် စာမျက်နှာ မတတ်နိုင်ပါ။ (မူတွင် စာ ၁၆ မျက်နှာကျော်ကျော် ရှိသည်)။ အပြည့်အစုံအလိုရှိလျှင် ကဝိလက္ခဏာ ဝိသောဓနီ (နှာ ၆၂–၇၈)တွင် ရှာဖွေ ကြည့်ရှု ကူးယူကျက်မှတ်နိုင်ပါသည်။ ၎င်းဂါထာများကို ရွတ်ဆိုလျှင် (ဆောင်ထားလျှင်) ဘေးရန်

အန္တရာယ်ကင်းငြိမ်း၍ ဘုန်းကြီးသက်ရှည်ကြောင်း ဆိုပါသည်။ အထူးအားဖြင့် အာသောမာဝ တံဆိပ်အက္ခရာကို ရေကြောင်းသွား လှေကြီးများတွင် ရေး၍ ရွက်တိုင်တွင် တပ်ဆင်ထားလေ့ ရှိသည်ကို တွေ့ရပါသည်။

*

## ဆွမ်းခြောက်နှင့် ပုတီးစိပ်

မေး။ ။ အရှင်ဘုရား၊

(၁) သံဃာတော်အရှင်မြတ်များ ဆွမ်းခြောက် အလှူခံထွက်ခြင်းမှာ ဝိနည်းတော်နှင့် မညီညွတ်၊ အပြစ်ရှိသည်ဟု အချို့က ပြောနေကြပါသည်။ ဟုတ်၊ မဟုတ် ဖြေကြားပေးတော်မူပါဘုရား။

(၂) ပုတီးစိပ်ခြင်းအလုပ်ကို မြတ်စွာဘုရားနှင့်တကွ သမုတိသံဃာတော်များ လုပ်ဆောင်ခဲ့ကြသည်ကို ရုပ်ပုံတော်များတွင်လည်းကောင်း၊ ရုပ်တုများတွင်လည်းကောင်း မတွေ့ရပါသဖြင့် ဘုရားရှင်ရှိတော်မူစဉ်က ပုတီးစိပ်ခြင်းအမှုကို ပြုခဲ့ပါသလား၊ ဤသို့ ပုတီးစိပ်ခြင်းအတွက် အကျိုးအပြစ်ကို ဝေဖန်၍ ဖြေကြားတော်မူပါဘုရား။

ကိုစိုးသန်း၊ သံတွဲ

ဖြေ။ ။ (၁) ဆွမ်းခြောက် (ဆွမ်းဆန်စိမ်း)လောင်းလှူခြင်းဟူ၍ ဆွမ်းဆန်၊ ငရုတ်၊ ကြက်သွန်စသော ဆွမ်းချက်စရာများကို သံဃာတော်များအား လောင်းလှူရာ၌ သံဃာတော်များလက်ထဲသို့ လောင်းလှူခြင်းမပြုဘဲ ကပ္ပိယကာရကများအား လှူဒါန်းခြင်းမှာ ဝိနည်းတော်နှင့် ဆန့်ကျင်မှု မရှိပါ။ ဤသို့ အစိမ်းလောင်းလှူသည်ကို အပ်စပ်စွာ ခံယူ၍ ကပ္ပိယများက ချက်ပြုတ်ပြုပြင်၍ ဆက်ကပ်သည်ကို သုံးဆောင်ခြင်းကြောင့် သံဃာတော်များမှာလည်း အပြစ်မရှိပါ။ မြတ်စွာဘုရားအား အမျိုးသမီးတစ်ဦးက နမ်းလောင်းလှူခြင်းကို ခံယူတော်မူသော သာဓကကို ဝိမာနဝတ္ထု တိလဒါယိကာ နတ်သမီးဝတ္ထုဖြင့် သိသာပါသည်။

(၂) ပုတီးစိပ်ခြင်းမှာ မူလက ဗြာဟ္မဏဘာသာ၊ မြောက်ပိုင်း ဗုဒ္ဓဘာသာတို့မှ အတုယူပြုလုပ်ကြောင်း၊ ထိုမှ ထေရဝါဒ ဘာသာဝင်တို့ လည်း အတုယူ ပုတီးစိပ်ခြင်းပြုကြောင်း လေ့လာသိရှိရပါသည်။ ဘုရား ဂုဏ်တော်တို့ကို ပုတီးတစ်လုံး၊ တစ်လုံးချ၍ ပွားခြင်းဖြင့် အပြစ်မရှိ။ အကျိုးသာ ရှိသဖြင့် ကောင်းသော အတုယူမှုပင် ဖြစ်ပါသည်။ အာနာပါန ကမ္မဋ္ဌာန်းစီးဖြန်းမှုတွင် စိတ်မပျံ့လွင့်ရန် ဂဏနာနည်းကို အသုံးပြုရသကဲ့ သို့ ဗုဒ္ဓါနုဿတိ ဘာဝနာတွင်လည်း ပုတီးဖြင့် ပွားများမှုမှာ အကျိုးရှိ သဖြင့် ရှေးရှေးဆရာတော်ဘုရားကြီးများ စွဲမြဲစွာ အသုံးပြုတော်မူခဲ့ပါ သည်။

*

## ပရိယတ်မပါ ပဋိပတ်သာ

မေး။ ။ အရှင်ဘုရား၊

တပည့်တော်သည် ဒုလ္လဘရဟန်းခံ၍ ရိပ်သာ၌ တရားဝင်ရန် စိတ်ကူးထားရာ ပရိယတ်မပါဘဲ ပဋိပတ် သက်သက်သာဖြစ်၍ သင့်၊ မသင့် တရားရနိုင် မရနိုင် သံသယဖြစ်နေပါ၍ ရှင်းလင်းဖြေကြားပေးတော် မူပါ ဘုရား။

မောင်ရဲမြင့်၊ ပန်းဆိုးတန်း၊ ရန်ကုန်

ဖြေ။ ။သာသနာတော်၌ ဖားခုန်သကဲ့သို့ ခုန်၍သွားပြီး အရဟတ္တဖိုလ်ကို

မရနိုင်၊ အစဉ်အတိုင်း ကျင့်စဉ်နည်းလမ်းအတိုင်းသာ လိုက်ဖို့ ရှိသည်။ ကျင့်စဉ်နည်းလမ်းမှာ "သာသနာတော်၌ မြတ်သော သဒ္ဓါ၊ ပညာနှင့် ပြည့်စုံသည်ဖြစ်၍ နည်းကောင်းပေးတတ်သော ဆရာတို့၏ အထံသို့ကပ်၍ အနီး၌ထိုင်၏။ ထိုင်ပြီး နားထောင်၏။ တရားတော်ကို နာ၏။ နာပြီး၍ တရားတို့ကို ကောင်းစွာ ဆောင်၏။ ဆောင်အပ်ပြီးသော တရားတို့အနက် အဓိပ္ပာယ်ကို စူးစမ်းဆင်ခြင်၏။ တရားတော်၏ အနက်

အဓိပ္ပာယ်ကို စူးစမ်းဆင်ခြင်ခြင်းကြောင့် တရားတို့သည် ဉာဏ်ကို နှစ်သက်စေခြင်းငှာခံ့ (အသင့်ဖြစ်)ကုန်၏။ တရားတို့သည် ဉာဏ်ကို နှစ်သက်စေခြင်းငှာ ခံ့ကုန်သော် အားထုတ်လိုသော ဆန္ဒဖြစ်၏။ အား ထုတ်လိုသော ဆန္ဒရှိသော် အားထုတ်၏။ အားထုတ်ပြီး၍ အနိစ္စ စသော အားဖြင့် ဆုံးဖြတ်ပိုင်းခြား၏။ ဆုံးဖြတ်ပိုင်းခြားပြီး၍ မဂ်ဖိုလ်ကို ရကြောင်း ဖြစ်သော ဝိပဿနာကို အားထုတ်၏။ အားထုတ်လျက် နိဗ္ဗာန်သို့ စေလွှတ် အပ်သော စိတ်ရှိသည်ဖြစ်၍ နာမကာယဖြင့် ပရမတ္ထသစ္စာဖြစ်သော နိဗ္ဗာန် ကို မျက်မှောက်ပြုနိုင်၏။ ဉာဏ်ဖြင့်လည်း ဖောက်ထွင်း၍ နိဗ္ဗာန်ကို မြင်ရ၏။"

ဖော်ပြပါ ပါဠိတော် မြန်မာပြန်တွင် ရှေ့ပိုင်းသည် ပရိယတ္တိ နှင့်ဆိုင်၏။ အချိန်ယူ၍ သင်ကြားမနေနိုင်သူတို့အဖို့ ဆရာသမားထံတွင် နာကြားမှတ်သားခြင်းသည်ပင် ပရိယတ္တိ ဖြစ်ပါသည်။ ထိုသို့ ပရိယတ် မကင်းသော ပဋိပတ်ဖြင့် တရားထင်မြင်နိုင်ပါသည်။

*

## ဂိရိမေခလာ ဆင်ပမာ

မေး။ ။အရှင်ဘုရား၊

မြတ်စွာဘုရားကို မာရ်နတ် လာရောက်စစ်တိုက်ရာတွင် စီးသော ဂိရိမေခလာဆင်သည် ယူဇနာ တစ်ရာ့ငါးဆယ်ရှိသည်ဟု ဗုဒ္ဓဝင်မှာ ဆိုပါသည်။ မြတ်စွာဘုရား ဘုရားဖြစ်ရာ ဗုဒ္ဓဂယာအရပ်နှင့် ထိုဆင်၏ အလုံးအရပ်ပမာဏ ဖြစ်နိုင်မဖြစ်နိုင် စဉ်းစားစရာ မဖြစ်ပါလား။ မည်သို့ ဖြစ်သင့်သည်ကို ဖြေကြားစေလိုပါသည် ဘုရား။

မောင်စောနိုင်၊ မြောင်းမြ၊ ဧရာဝတီတိုင်း

ဖြေ။ ။ နတ်ပြည်၌ရှိသော ဆင်၊ မြင်းတို့ဟူသည်မှာ တိရစ္ဆာန်များ မဟုတ်။ နတ်များပင်ဖြစ်၍ ဆင်ဟန်၊ မြင်းဟန် ဖန်ဆင်းကြခြင်းမျိုး ဖြစ်

ပါသည်။ သိကြားမင်း၏ ရောဝဏ်ဆင်ဟူသည်မှာလည်း နတ်သားပင်ဖြစ်၍ ဆင်အဟန် ဖန်ဆင်းခြင်းဖြစ်သည်။ ယူဇနာတစ်ရာငါးဆယ်ဆိုသည်မှာလည်း ပကတိဖြစ်နိုင်သော တန်ခိုးအရဆိုခြင်းဖြစ်၍ အမှန်လာရောက်လျှင် နေရာဌာနအားလျော်စွာ သင့်လျော်သော ပမာဏဖြင့်သာ လာရောက်ကြသည် ဖြစ်ပါသည်။ နတ်တို့၏ ပကတိခန္ဓာကိုယ်မှာ သုံးဂါဝုတ် (ကိုးမိုင်ခန့်)ရှိသော်လည်း မြတ်စွာဘုရားထံလာရာ၌ မြတ်စွာဘုရားထက် မကြီးသော ပမာဏကို ဖန်ဆင်း၍ လာရသည်ဟု ဆိုပါသည်။ ထိုကိုထောက်၍ မာရ်နတ် စစ်တိုက်သောအခါ ဂီရိမေခလာဆင်မှာ ရိုးရိုးဆင်ပမာဏမျှသာ ဖြစ်ဖွယ်ရှိသည်ဟု ဖြေကြားလိုပါသည်။

*

## ဘုရားလောင်းလျာ သမဏဘဝ ကိုးဘဝ

မေး။ ။ အရှင်ဘုရား၊

ကိုးခန်းပျို့၌ "သုမေဓာသည်၊ ရွှေဗျာဒိတ်ရ၊ ခံသည်မှလျှင်၊ လောကသင်းကျစ်၊ ဖြစ်သည်တိုင်အောင်၊ မြားမြောင်တွက်ရေ၊ လေးသင်္ချေနှင့်၊ သိန်းနေကမ္ဘာ၊ ဝေးတောင်းကွာလည်း၊ သာသနာခုနစ်၊ သာရနှစ်ရှိ ကိုးဖြစ်မျှသာ၊ ကြုံကြိုက်ပါဟု၊ ကျမ်းလာမိန့်ညွှန်း၊ မှန်လှလွန်း၏"ဟု ဆိုထားပါသည် ဘုရား။ ဘုရားလောင်းရဟန်းဘဝ ကိုးဘဝဖြစ်ပုံကို ဘုရားရှင်များနှင့် သိလိုပါသည်ဘုရား။

အရှင်ဝါယမ (မီးခံ)၊ အရှင်နန္ဒမာလာ (လေးကေ)

ဖြေ။ ။ ရဟန်းဘဝ ၉ ဘဝနှင့်ဆိုင်ရာ ဘုရားရှင်များမှာ

၁။ ကောဏ္ဍညမြတ်စွာဘုရားလက်ထက်တွင် ဂေါတမဘုရားလောင်းသည် ဝိဇိတာဝီ စကြာမင်း ဖြစ်၍ ရဟန်းပြုသည်။

၂။ မင်္ဂလမြတ်စွာဘုရားလက်ထက်တွင် ဂေါတမဘုရားလောင်းသည် သုရုစိပုဏ္ဏားဖြစ်၍ ရဟန်းပြုသည်။

၃။ သုမေဓ မြတ်စွာဘုရားလက်ထက်တွင် ဂေါတမဘုရားလောင်းသည် ဥတ္တရပုဏ္ဏားဖြစ်၍ ရဟန်းပြုသည်။
၄။ သုဇာတ မြတ်စွာဘုရားလက်ထက်တွင် ဂေါတမဘုရားလောင်းသည် စကြာမင်းဖြစ်၍ ရဟန်းပြုသည်။
၅။ ဖုဿ မြတ်စွာဘုရားလက်ထက်တွင် ဂေါတမဘုရားလောင်းသည် ဝိဇိတာဝီမင်း ဖြစ်၍ ရဟန်းပြုသည်။
၆။ ဝေဿဘူမြတ်စွာဘုရားလက်ထက်တွင် ဂေါတမဘုရားလောင်းသည် သုဒဿနမင်းဖြစ်၍ ရဟန်းပြုသည်။
၇။ ကကုသန်မြတ်စွာဘုရားလက်ထက်တွင် ဂေါတမဘုရားလောင်းသည် ခေမမင်းဖြစ်၍ ရဟန်းပြုသည်။
၈။ ကောဏာဂုံမြတ်စွာဘုရား လက်ထက်တွင် ဂေါတမဘုရားလောင်းသည် ပဗ္ဗတမင်းဖြစ်၍ ရဟန်းပြုသည်။
၉။ ကဿပမြတ်စွာဘုရားလက်ထက်တွင် ဂေါတမဘုရားလောင်းသည် ဇောတိပါလပုဏ္ဏားဖြစ်၍ ရဟန်းပြုသည်။

ဆောင်ပုဒ်။ ။ ကောဏ်း မင် သု သု ဖု ဝေ က ကော၊ ကဿပေါ၊ မှတ်လော ရှင်ကိုးဆူ။
မင်း ပုဏ္ဏား ဇာတ်၊ အလောင်းမြတ်၊ ထွက်လတ် ရဟန်းမှူ။ ။

*

## ရေစက်ချ အမျှဝေ

မေး။ ။ အရှင်ဘုရား၊

ရေတွင်း၊ ရေကန်၊ ဘုရား၊ ကျောင်း၊ သိမ်၊ ဇရပ်များ ဆောက်လုပ်လှူဒါန်းသည်မှအစ ဆွမ်းကျွေး၊ ပရိတ်နာ၊ ရှင်ပြု၊ သီလခံယူ၊ တရားနာစသည်မှ နောက်ပိတ်ဆုံး ရေစက်ချ၊ အမျှဝေ၊ သာဓုခေါ် ပြုလုပ်ကြသည်

များကို တွေ့ရပါသည်။ အကယ်၍များ အထက်ဖော်ပြပါ အလှူဒါန ကောင်းမှုများ ပြုလုပ်ပြီး ရေစက်ချ၊ အမျှဝေ သာဓုခေါ် မပြုခဲ့ပါလျှင် ၎င်းပြုလုပ်ခဲ့သော အလှူဒါန ကောင်းမှုအတွက် ကောင်းကျိုးချမ်းသာ၊ ကုသိုလ်များ မရနိုင်ဘူးလား ဘုရား။ အလှူဒါန အထမမြောက်ခြင်းရော ဖြစ်နိုင်ပါသလား ဘုရား။ ဘာပစ္စည်းလှူလှူ ရေစက်ချ၊ အမျှဝေ၊ သာဓုခေါ် ပြီးမှ ကုသိုလ်အကျိုး ခံစားရပါသလား ဘုရား။ ဖြေကြားပေးတော်မူပါ အရှင်ဘုရား။

ဦးဝမ်း၊ ၃ ရပ်ကွက်၊ ဥဿာမြို့သစ်၊ ပဲခူး

ဖြေ။ ။ ရေစက်ချခြင်းဟူသည်မှာ အလှူတစ်ခု လှူဒါန်းရာ၌ (၁) လှူဒါန်းခြင်း၊ (၂) ဆုတောင်းခြင်းနှင့် (၃) အမျှဝေခြင်းဟူ၍ အပိုင်း ၃ ပိုင်းရှိရာ ဤပစ္စည်း၊ ဤဝတ္ထုများကို လှူဒါန်းပါ၏။ ဤသို့ လှူဒါန်းရသောကြောင့် နိဗ္ဗာန်မျက်မှောက်ပြုရပါလို၏။ ဤကောင်းမှု၏ အဖို့ဘာဂကို သတ္တဝါတို့ ရရှိကြပါစေဟု စိတ်စေတနာ လေးလေးနက်နက်ဖြင့် အမျှဝေရခြင်းမှာ ဘုရားအလောင်းသူတော်ကောင်းတို့ ပြုရိုးအစဉ်ပင် ဖြစ်ပါသည်။ ဝေဿန္တရာမင်းကြီးသည် ဒါနပြုတိုင်း ရေစက်ချ၊ အမျှဝေလေ့ရှိပါသည်။ ထိုရေစက်ချ၊ အမျှဝေမှုသည်ပင် မာရ်နတ်စစ်တိုက်လာရာ၌ ဤဗောဓိပင်နှင့် ရွှေပလ္လင်ကို ရရေး (သဗ္ဗညုတဉာဏ်ကို ရရေး)အတွက် ဝေဿန္တရာဘဝတွင် လှူဒါန်း၍ ရေစက်ချခဲ့သည်ကို ဤမဟာပထဝီမြေကြီး အသိသက်သေဖြစ်သည်ဟု သက်သေပြုသဖြင့် ပထဝီမြေကြီးက သက်သေခံခဲ့ပါသည်။ အလှူရှင်မှာ အခြားအကုသိုလ် အကျိုးပေး၍ ငရဲသို့ ရောက်သွားသည့်တိုင်အောင် ယမမင်းက "အမျှပေးဝေဖူးသည် မဟုတ်လော"ဟု သတိပေး၍ ကုသိုလ်ကို သတိရကာ ငရဲမှ လွတ်နိုင်ပါသည်။ ထို့ပြင်လည်း ပုညကိရိယာဝတ္ထု (ကုသိုလ်ကောင်းမှု) ၁၀ ပါးတွင် အမျှဝေ

ခြင်း (ပဋ္ဌိဒါန)သည်လည်း ဒါနစသော ကုသိုလ်တို့ကဲ့သို့ ကုသိုလ်တစ်မျိုး ဖြစ်ရာ ရေစက်ချ၊ အမျှဝေသဖြင့် ကုသိုလ်တစ်မျိုး တိုးနိုင်ပါသေးသည်။ အလှူလှူရာ၌ ဆုတောင်းခြင်းမပြုဘဲ လှူခြင်းမှာ ပေးကမ်းခြင်းသက်သက်သာ ဖြစ်၍ နိဗ္ဗာန်ကို ဆုတောင်းမှ ဒါနပါရမီဖြစ်နိုင်ပါသည်။ ထို့ကြောင့် ပါရမီဒါန ပြုလုပ်ကြသူတိုင်း ဆုတောင်းခြင်း စသည့် ရေစက်ချမှုကို မပြုမနေ ပြုလုပ်ကြရပါသည်။

*

## သွေးလှူဒါန်းခြင်း

မေး။ ။ အရှင်ဘုရား၊

တပည့်တော်သည် ဆင်းရဲချို့တဲ့သဖြင့် အလှူဒါန ကြီးကြီးကျယ်ကျယ် မပြုနိုင်ပါ။ သို့သော် သွေးလှူဒါန်းမှုကိုမူ မကြာမကြာ ပြုပါသည်။ သွေးလှူဒါန်းခြင်းသည် မည်ကဲ့သို့ ကုသိုလ်ရကြောင်း၊ ဒါနအများတွင် မည်သည့် ဒါနမျိုးဖြစ်ကြောင်း သိလိုပါသဖြင့် ဖြေကြားပေးတော်မူပါဘုရား။

မသီတာ၊ ဘုရင့်နောင်ဈေး၊ ရန်ကုန်

ဖြေ။ ။ နိဗ္ဗာန် မဂ်ဖိုလ်ကို ဆုတောင်း၍ အပဗဟိဒ္ဓဖြစ်သော ပစ္စည်းဝတ္ထု (တိုင်းပြည်နှင့် သားမယားအထိ) လှူဒါန်းသော ဒါနမှာ ဒါနပါရမီဖြစ်၍ အင်္ဂါခြေ၊ လက်၊ မျက်စိ၊ နား၊ နှာ စသည် လှူဒါန်းသော ဒါနမှာ ရိုးရိုးဒါနပါရမီထက် မွန်မြတ်သော ဒါနဉပပါရမီ ဖြစ်ပါသည်။ သူတစ်ပါးအတွက် မိမိအသက်ကို စွန့်လှူသော ပါရမီမှာ အမြတ်ဆုံး ပရမတ္ထပါရမီဖြစ်ပါသည်။ သွေးလှူခြင်းမှာ ဗဟိဒ္ဓပစ္စည်းဝတ္ထုထက် အရင်းကျသော အဇ္ဈတ္တဝတ္ထုဖြစ်၍ လူနာများ၏အသက်ကို မိမိ၏ အဇ္ဈတ္တဝတ္ထုသွေးဖြင့် ကယ်ဆယ်သော သဘောဖြစ်သဖြင့် ဒါနဉပပါရမီ၌ သွင်း၍ ရပါသည်။

www.dhammaransi.com

ထူးမြတ်သော အသက်ကယ်ဒါန (ဇီဝိတဒါန) ဖြစ်သဖြင့် သွေးလှူခြင်းမှာ အလွန်မွန်မြတ်လှပါသဖြင့် ကြိုးစား၍ လှူဒါန်းစေလိုပါသည်။

*

## ရဟန်းခံနှင့် သိက္ခာချ

မေး။ ။ အရှင်ဘုရား၊

ရဟန်းခံရာတွင် ကာရကသံဃာထဲ၌ ပါရာဇိက ရဟန်းတစ်ပါး ပါပါက ပဥ္စင်းလောင်း ရဟန်းဖြစ်၊ မဖြစ်နှင့် သိက္ခာချလိုသော ရဟန်းသည် ဘုရား ရုပ်ပွားတော်ရှေ့တွင် မိမိကိုယ်ကို သိက္ခာချ၍ ရနိုင်၊ မရနိုင် ဖြေကြားပေးတော်မူပါဘုရား။

အဂ္ဂညာဏ(က၊တ)၊ တောင်ငူ

ဖြေ။ ။ ရဟန်းခံရာ၌ ပါရာဇိက ရဟန်းအပြင် ငါးပါးရှိက ပဥ္စင်းလောင်း ရဟန်း ဖြစ်ပါသည်။ (ယခင်က ကျမ်းညွှန်းပါဌ်နှင့်တကွ ဖြေဆိုခဲ့ပြီး ဖြစ်သည်။) သိက္ခာချရာ၌ စိတ်၊ ခေတ်၊ ကာလ၊ ပယောဂ၊ ပုဂ္ဂလ၊ ဝိဇာနန အင်္ဂါ ၆ ပါးရှိရာ နားထောင်နေသော ပကတိ စိတ်မှန်ပုဂ္ဂိုလ်နှင့် သိက္ခာချသံကိုကြား၍ သိခြင်း၊ အင်္ဂါနှင့် ပြည့်စုံရန် လိုအပ်လှသဖြင့် ဘုရားရှေ့၌ မိမိကိုယ်ကို သိက္ခာချ၍ မရပါ။ နားထောင်နေသော ပုဂ္ဂိုလ် တစ်ဦးဦး (သို့မဟုတ်) အများရှိရန် လိုအပ်လှပါသည်။ အထူးမှတ်သားရန် ရှင်သာမဏေပြုရာ၌ ဆရာရော၊ သာမဏေလောင်းပါ သရဏဂုံပီသခြင်း (ဥဘတောဝိသုဒ္ဓိ) အရေးကြီးသဖြင့် ရှင်ဖြစ်ရန်ခက်သော်လည်း လူထွက်ရာ၌ လူဝတ်လဲလှယ်ရုံမျှဖြင့် ပြီးသောကြောင့် အပြုခက်၍ အထွက်လွယ်ပါသည်။ ရဟန်းခံရာ၌ ရဟန်းလောင်း အင်္ဂါညီသူအဖို့ ကမ္မဝါဆရာများက ကမ္မဝါစာပီသစွာ ဖတ်ရွတ်နိုင်လျှင် ရဟန်းဖြစ်သည်။ လူထွက်ရာ၌မူ သိက္ခာချ အင်္ဂါနှင့် ညီညွတ်ရန် ခက်လှသဖြင့် အဖြစ်လွယ်ကာ အထွက်

ခက်လှသည်။ ထို့ကြောင့် လွယ်လွယ် သိက္ခာချရန် မသင့်ကြောင်း သတိပြု သင့်ပါသည်။

*

## ခန္တီ သည်းခံခြင်း

မေး။ ။ အရှင်ဘုရား၊

ခန္တီပါရမီ (သည်းခံခြင်း)၏ ဆိုလိုရင်းတွင် သည်းခံခြင်းသည် မြတ်၏ဟုဆိုရာ သည်းခံခြင်းဖြင့် မည်ကဲ့သို့ မြတ်သည်ကို ဖြေကြား တော်မူပါဘုရား။

မောင်ကျော်ဆန်း၊ ထားဝယ်

ဖြေ။ ။ ခန္တျာ ဘိယျော န ဝိဇ္ဇတိ ခန္တီပါရမီထက် လွန်ကဲသော ပါရမီမရှိ။

ခန္တီပရမံ တပေါ တိတိက္ခာ–သည်းခံခြင်းသည် မြတ်သောအကျင့် တည်းဟူသော ဆိုရိုးစကားများအရ ပါရမီဆယ်ပါးတွင် ခန္တီပါရမီမှာ အခက်ခဲဆုံးနှင့် အဖြစ်နိုင်ခဲဆုံးသော တရားဖြစ်သည်။ ဒါနစသော ပါရမီ ဆယ်ပါးလုံးတွင် ခန္တီပါရမီ ပါရသည်။ တစ်နည်းအားဖြင့် ခန္တီပါရမီ သည်းခံနိုင်မှ ကျန်ပါရမီအားလုံးကို ဖြည့်ကျင့်နိုင်သည်။ ဒါန၊ သီလ စသော ပါရမီတို့တွင် ပါရမီမြောက်အောင် စိတ်ကို နှိပ်ကွပ်၊ ထိန်းသိမ်းနိုင် မှုမှာ ခန္တီ ဖြစ်သည်။ ကုသိုလ်အားလုံး၏ အခြေခံတရားမှာလည်း သည်းခံ နိုင်မှုသာ ဖြစ်သည်။ ခန္တီပါရမီရှင်သည် မေတ္တာတရားအားကြီးသူသာ ဖြစ်သဖြင့် မေတ္တာရှင်လည်း ဖြစ်ပေရာ အမျက်ဒေါသ၊ အပြစ်ဟူသမျှကို ချေဖျက်နိုင်၍ အလွန်တရာ မြင့်မြတ်လှပေသည်။ ထို့ကြောင့် 'အောင်နိုင် ခက်ခဲ၊ စစ်မြေထဲဝယ်၊ အောင်ပွဲရသည်၊ သူဟုမည်ရှင့်' စသည်ဖြင့် ခန္တီ ပါရမီရှင်သည် စစ်ပွဲတကာတွင် အောင်မြင်နေကျ စစ်သူကြီးသဖွယ် ဖြစ်ကြောင်း ဆိုပေသည်။

*

www.dhammaransi.com

# နတ်ဗိမာန်များ

မေး။ ။အရှင်ဘုရား၊

ယခုခေတ် အာကာသယာဉ်များသည် လကမ္ဘာ၏ ဟိုမှာဘက် အလွန်အထိ ခရီးဆက်ကြသည်ဟု ကြားဖူး၊ ဖတ်ဖူးပါသည်။ သို့သော် လမ်းခရီး၌ နတ်ပြည်၊ နတ်ဗိမာန်များကို တွေ့ရကြောင်း မကြားဖူး မဖတ်ဖူးပါ။ ထို့ကြောင့် နတ်ပြည်၊ နတ်ဗိမာန်များ တကယ်ရှိ၊ မရှိကို မေးလျှောက်ရပါသည်။ ဖြေကြားတော်မူပါဘုရား။

မောင်မြင့်ကြည် (မိတ္ထီလာမြို့)

ဖြေ။ ။ လူတစ်ကိုယ်လုံး၌ ရုပ်တရားများသည် ဩဠာရိကရုပ်၊ သုခုမရုပ်

ဟူ၍ ရှိသည်။ ဥတုဇရုပ်မှာ ဩဠာရိက ရုပ်မျိုးဖြစ်၍ မြင်ရ၊ တွေ့ထိ၍ ရသည်။ သုခုမရုပ်မှာ မမြင်ရ၊ တွေ့ထိ၍ မရသောရုပ် ဖြစ်သည်။ ပုံစံမှာ မျက်စိတွင် မြင်ဓာတ်–စက္ခုပသာဒရုပ်၊ နားတွင် ကြားဓာတ်–သောတပသာဒရုပ် စသည် ငါးမျိုးဖြစ်သည်။ ၎င်းသုခုမရုပ်များမှာ လူသေလျှင် မီးငြိမ်းသလို ကြိုတင်၍ ကွယ်ပျောက်ကုန်သည်။ ထိုလူတို့၏ သုခုမရုပ်များသဖွယ် နတ်တို့၏ တစ်ကိုယ်လုံးရုပ်များသည် သုခုမရုပ်များပင်ဖြစ်၍ လူများက ၎င်းတို့အား မမြင်နိုင်။ ဆီများသည် ဝါဂွမ်း၌ စိမ့်၍ ဝင်နိုင်သလို ဩဠာရိကရုပ်များက သုခုမရုပ်အတွင်းသို့ စိမ့်၍ ဝင်နိုင်သည်။ မမြင်ရသော နတ်တို့ ကိုယ်တွင်းသို့ လူများ၊ လူ၏ ကိုယ်တွင်းသို့နတ်များ ဆီနှင့် ဂွမ်းလို ပူးပေါင်းဝင်ရောက်နိုင်ကြသည်။ ထို့အတူ နတ်ဗိမာန်များသည် ကမ္မပစ္စယ ဥတုဇရုပ်များဖြစ်၍ သုခုမသဘော ရှိလေသည်။ အာဠဝီပြည်အနီးတွင် အာဠဝက နတ်ဘီလူး၏ ဗိမာန်ကြီးရှိသည်။ လူများ၊ တိရစ္ဆာန်များ မမြင်ရ။ တိုးဝင်၍ သွားနေသော်လည်း မသိကြ။ တန်ခိုးရှင်

မြတ်စွာဘုရားသာ သိ၍ ဝင်ရောက် သိတင်းသုံးတော်မူသည်။ ဟေမဝတ၊ သာတာဂိရိနတ်တို့လည်း မြင်၍ ရှောင်ကွင်းသွားနေကြရသည်။ ထို့အတူ ကောင်းကင်၌ နတ်ဗိမာန်ရှိရာ တန်ခိုးရှင်တို့နှင့် နတ်အချင်းချင်းတို့သာ မြင်၍ ရှောင်ကွင်းသွားနေကြသည်။ ရုက္ခစိုး စသည်တို့မှာလည်း သစ်ပင်ပေါ်၌ တက်၍ နေကြသည် မဟုတ်။ သစ်ပင် အနီး (သို့မဟုတ်) ထိပ်ဖျား စသည်၌ ဗိမာန် သီးခြားရှိပေသည်။ တန်ခိုးရှင်နှင့် သူတို့အချင်းချင်းသာ မြင်ရသည်။ လူများ မမြင်ရပါ။ ထိုသဘောကို ဆင်ခြင်၍ ကောင်းကင်ရှိ နတ်ပြည်၊ နတ်ဗိမာန်တို့နှင့် အာကာသယာဉ်တို့ဆိုင်ရာ ပြဿနာကို ရှင်းလင်းနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

*

## ခေတ်သုံးပါးနှင့် လောကဓာတ်

မေး။ ။ အရှင်ဘုရား၊

ဇာတိခေတ်၊ အာဏာခေတ်၊ ဝိသယခေတ် သုံးပါးနှင့် လောကဓာတ် စကြဝဠာတိုက်ဟူသည် မည်သို့ ထူးခြားသည်ကို ရှင်းလင်းဖြေကြားတော်မူပါဘုရား။

မောင်မြင့်ကြည် (မိတ္ထီလာမြို့)

ဖြေ။ ။ ဇာတိခေတ်ဟူသည်မှာ မြတ်စွာဘုရား ဖွားမြင်တော်မူရာ ဤစကြဝဠာနှင့် ဖြစ်ဖော်ဖြစ်ဖက်၊ ပျက်ဖော်ပျက်ဖက် (ဖွားတော်မူရာ ဘုရားအဖြစ် ရောက်ရာ၊ ဓမ္မစကြာတရား ဟောတော်မူရာတို့၌ အတူ တုန်လှုပ်ရာ) စကြဝဠာတိုက်တစ်သောင်းကို ဆိုပါသည်။ အာဏာခေတ် ဆိုသည်မှာ မြတ်စွာဘုရား၏ တန်ခိုးတော်၊ ပရိတ်တော်၊ အာဏာတော် ပျံ့နှံ့ရာ စကြဝဠာ ကုဋေတစ်သိန်းကို ဆိုပါသည်။ ဝိသယခေတ်ဟူသည်

www.dhammaransi.com

မှာ မြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ် ကျက်စားရာ စကြဝဠာ အနန္တကို ဆိုပါသည်။ ထို့ကြောင့် စကြဝဠာတစ်ခုမျှကိုသာဆိုသော လောကဓာတ်တစ်ခု စကြဝဠာတစ်ခုဟူသည်မှာ ဇာတိခေတ်၏ အတွင်း၌ ပါဝင်သော ဌာနတစ်စိတ်မျှသာ ဖြစ်ပါသည်။

*

## ကမ္မဝါစာ တစ်ကြိမ်

မေး။ ။ အရှင်ဘုရား၊

ရဟန်းခံသောအခါ ကမ္မဝါစာ တစ်ကြိမ်ဖတ်ရုံဖြင့် ရဟန်းဖြစ်ပါသလား။ နှစ်ကြိမ်၊ သုံးကြိမ်ဖတ်မှ ဖြစ်ပါသလား။ ဖြေကြားတော်မူပါဘုရား။

မောင်ဝံသ၊ မြေပုံမြို့၊ ရခိုင်ပြည်နယ်

ဖြေ။ ။ ကမ္မဝါစာကို ဖတ်သောရဟန်းသည် ကမ္မဝါစာ၌ ပါရှိသော စာလုံး (အက္ခရာ)တိုင်းကို ဌာန်၊ ကရိုဏ်း၊ နိဂ္ဂဟိတ၊ နိဂ္ဂဟိတဝိမုတ် စသည်များ ပီပီသသ၊ မှန်မှန်ကန်ကန် ရွတ်ဖတ်နိုင်ရပါမည်။ ထိုသို့ အက္ခရာမှန်စွာ ရွတ်ဖတ်လျှင် တစ်ပါးတည်း၊ တစ်ခေါက်တစ်ကြိမ်တည်းဖြင့်ပင် ရဟန်းလောင်းရဟန်း ဖြစ်ပါသည်။ ပို၍ သေချာ စိတ်ချရအောင်သာ သုံးပါးတစ်တွဲပြိုင်၍ တစ်ကြိမ်၊ နှစ်ကြိမ်မက သုံးကြိမ်၊ လေးကြိမ် အထပ်ထပ် ရွတ်ဖတ်ကြရခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ကမ္မဝါစာကို ရွတ်ဖတ်ကြသော ရဟန်းတော်များသည် ကံဆောင်ကြရာ၌ ပေါ့ပေါ့ဆဆ မရွတ်ဖတ်ကြဘဲ စာလုံး(အက္ခရာ) မမှားရအောင် ဂရုပြု၍ လေးလေးနက်နက် ဌာန်၊ ကရိုဏ်း၊ ပယတ် စသည် မှန်ကန်အောင် ရွတ်ဖတ်ကြရပါသည်။

*

www.dhammaransi.com

## သီလလေးပါး မလုံခြားလည်း

မေး။ ။ အရှင်ဘုရား၊

ပါ-က္လန်-အာ-ပစ္စယဟု၊ လေးသီလရှိရာ။
ပါတစ်ဖြာ သိက္ခာချစ်၍၊ နှစ်, နှစ်, ခွန် လုံပါဘိ၊ သုဒ္ဓိဖြစ်မှာ။
သေသည့်နောက် နတ်ရွာ၊ ရောက်ရာငဲ့အရေး။
ကျန်သုံးမလုံလျှင်လဲ၊ ပါယ်မဝင် ဘယ်တွင် ဖြစ်မယ်၊
တွေးစစ်ဖြေပေး။

စာသင်သား၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်

ဖြေ။ ။ ပါ-က္လန်-အာ- ပစ္စယဟု၊ လေးသီလရှိရာ။ ပါတစ်ဖြာ သိက္ခာချစ်၍၊ နှစ်, နှစ်, ခွန်လုံပါဘိ၊ သုဒ္ဓိဖြစ်မှာ။ သေသည့်နောက် နတ်ရွာ၊ ရောက်ရာငဲ့အရေး။ ကျန်သုံးအင် သူမစောင့်လျှင်၊ မဖြောင့်နိုင် နတ်ရွာလမ်းငယ်နှင့်၊ ပါယ်ရွာ တွယ်တာကမ်းပေလိမ့်၊ ကျမ်းပြခဲ့သေး။

ပါတိမောက္ခ သံဝရသီလ၊ ဣန္ဒြိယသံဝရသီလ၊ အာဇီဝပါရိသုဒ္ဓိ သီလနှင့် ပစ္စယသန္နိဿိတ သီလဟု သီလကြီးလေးပါးရှိရာ ပါတိမောက္ခ သံဝရသီလဟူသော ၂၂၇ သွယ် သိက္ခာပုဒ်များ လုံခြုံလျှင် ကျန်သီလများ မလုံခြုံသော်လည်း အပါယ်မကျ၊ နတ်ရွာသုဂတိရောက်နိုင်သည် မဟုတ်လောဟု မေးလိုသည်။ ဣန္ဒြိယသံဝရသီလအပါအဝင် စက္ခုန္ဒြေ စသည် မလုံခြုံလျှင် အာပတ်သင့်နိုင်၍လည်းကောင်း၊ အာဇီဝပါရိသုဒ္ဓိသီလအရ အသက်မွေးမှု မစင်ကြယ်၍ မိစ္ဆာဇီဝဖြစ်လျှင်လည်းကောင်း၊ ပစ္စယသန္နိဿိတသီလအရ ပစ္စည်းလေးပါးကို သုံးဆောင်ရာ၌ ပစ္စဝေက္ခဏာ မဆင်ခြင်လျှင်လည်းကောင်း လူ့ရပ်၊ နတ်ရွာ၊ ကောင်းရာသုဂတိသို့ မရောက်နိုင်ရာပေ။ ထို့ကြောင့် ရဟန်းသည် သီလကြီးလေးပါးလုံး၌ ဝိသုဒ္ဓိဖြစ်ရန် အလွန်လိုအပ်ပေသည်။ အကျယ်ကို ဝိသုဒ္ဓိမဂ်၌ လေ့လာအပ်ပေသည်။

*

www.dhammaransi.com

## ဇမ္ဗူမှာဒွေး ယာမှာဧး

မေး။ ။ အရှင်ဘုရား၊

မြတ်စွာဘုရား၏ ခြေတော်ရာသည် မြန်မာပြည် မင်းဘူးခရိုင်၊ မန်းချောင်းအနီးတွင် အောက်စက်တော်ရာ ၁ ဆူ၊ အထက်စက်တော်ရာ ၁ ဆူ၊ ပေါင်း ၂ ဆူ၊ လင်္ကာဒီပသီဟိုဠ်ကျွန်း (သီရိလင်္ကာ)တွင် ၁ ဆူ ချထားတော်မူခဲ့သည်ဟု ဆိုပါသည်။ ၎င်းစက်တော်ရာ ၃ ဆူလုံးပင် လက်ဝဲခြေတော်ရာချည်းပင် ဖြစ်ပါသလော။ ထို့ပြင် ဇမ္ဗူမှာဒွေး ယာမှာဧး ဆိုသော စကားကိုလည်း ရှင်းပြစေလိုပါသည်ဘုရား။

ဦးဗိုလ်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်

ဖြေ။ ။ စွယ်စုံကျော်ထင်ကျမ်းတွင် "ယာမာနတ်ရပ်၊ ခတ်တော်ကွပ်၊ ကပ်၍ ဘယ်တွင် တည်သနည်း"ဟူသော အမေးကို ဖြေရာ၌ "တိဏိ ခေါ ပန ဘဂဝတော ပဒစေတိယာနိ"စသော သာရတ္ထသင်္ဂဟ ပါဠိကို ပြ၍ "မြတ်စွာဘုရား၏ ခြေတော်ရာသည် သီဟိုဠ်ကျွန်း (သီရိလင်္ကာ)၌ တစ်ဆူ၊ ဇမ္ဗူဒိပ်ကျွန်း သစ္စဗန္ဓတောင်၌ တစ်ဆူ၊ နမ္မဒါမြစ်နား၌ တစ်ဆူ ဤသုံးဆူရှိသည်ဟုသာ ဆိုသည်။ ယာမာနတ်ပြည်၌ ပါဒစေတီရှိကြောင်းကို ကျမ်းဂန်မဆို။ ထိုထိုမှတ်စုစာများ၌ "ဇမ္ဗူမှာဒွေး ယာမှာဧး"ဟူ၍ စပ်ဆိုသည်ကို တွေ့ဖူး၏။ ပမာဏ မပြုလောက်သော ကြောင့် မှချရှိ၏ဟု မဆိုသာချေ"ဟု ကျိုးသဲလေးထပ် ဆရာတော် ဖြေဆို ထားသည်ကို တွေ့ရသည်။ ထိုစာအရ ယာမှာဧး ဆိုသည်မှာ ယာမာနတ် ပြည်၌ ပါဒစေတီတစ်ဆူရှိသည်ဟု ဆိုလိုကြောင်း သိသာ၏။ ဆရာစဉ် ဆက် ပြောသည်ကို ကြားဖူးသည်မှာ 'ဇမ္ဗူမှာဒွေး ယာမှာဧး'ဟူ၍ ဇမ္ဗူဒိပ်၌ ပါဒစေတီနှစ်ဆူရှိရာ ယင်းပါဒစေတီခြေတော်ရာမှာ ဧကဟူသော လက်ဝဲ ခြေတော်ရာသာဖြစ်၍ ခြေတော်ရာတစ်ခုတည်းအရာမှာ လက်ဝဲခြေတော် ရာသာ ဖြစ်သည်ဟု ဆိုလိုကြောင်း၊ ယာမှာဧးဆိုသည်မှာ ဖော်ပြပါ

အတိုင်း ယာမာနတ်ပြည်မှာ တစ်ဆူရှိသေးကြောင်း ဆိုလို၍ ၎င်း ယာမာနတ်ပြည်၌ ခြေတော်ရာရှိကြောင်း စာပေမလာဟု ဆိုလိုပါသည်။ ထို့ကြောင့် 'ယာမှာဧး'မဟုတ် 'ရာမှာ ဧး' ဖြစ်သည်ဟု မှတ်သားသင့်ပါသည်။

*

## သံဃာတော်များ ရွာတွင်းသို့ ကြွလျှင်

မေး။ ။ အရှင်ဘုရား၊

ရဟန်းသံဃာတော်များ မိမိနေထိုင်သော ကျောင်းပရိဝုဏ်အတွင်းမှ မြို့တွင်း၊ ရွာတွင်းသို့ ကြွလျှင် သင်္ကန်းတော်ကို ရုံ၍လည်းကောင်း၊ လောဘက်တင်၍လည်းကောင်း ကြွရောက်ကြသည်ကို တွေ့ရပါသည်။ ၎င်းသင်္ကန်းအရုံနှင့်အတင် မည်သည်က ဝိနည်းတော်နှင့် ညီပါသနည်း။ မှန်ပါသနည်း။ မြတ်စွာဘုရားရှင်ကလည်း မည်ကဲ့သို့ ဝိနည်းတော် သတ်မှတ်ခဲ့ပါသနည်း။ ဖြေကြားပေးတော်မူပါဘုရား။

ဦးဝမ်း၊ ၃ ရပ်ကွက်၊ ဥဿာမြို့သစ်၊ ပဲခူးမြို့

ဖြေ။ ။ ရဟန်းတော်များ၊ သာမဏေများ မြို့တွင်းရွာတွင်းသို့ ကြွလျှင် သင်္ကန်းကိုရုံ၍ ကြွရမည့်အကြောင်းကို ပါတိမောက္ခသံဝရသီလဖြစ်သော သေခိယသိက္ခာပုဒ်တို့တွင် "သုပ္ပဋိစ္ဆန္နော အန္တရဃရေ ဂမိဿာမီတိ သိက္ခာကရဏီယာ၊ နိသီဒိဿာမီတိ သိက္ခာကရဏီယာ"ဟူ၍ပညတ်ချက်ရှိပါသည်။ "လည်၊ လက်ကောက်ဝတ်တို့ကို ကောင်းစွာ ဖုံးလွှမ်း၊ သင်္ကန်းကိုရုံလျက် ရွာတွင်း၌သွားအံ့၊ နေထိုင်အံ့ဟူ၍ ဝိနည်းသိက္ခာပုဒ်ကို ကျင့်သုံးပါမည်"ဟု ပါရှိပါသည်။ မြန်မာသာသနာဝင်တွင် အယူအဆများယွင်း၍ ဤသိက္ခာပုဒ်ကို သာမဏေများ မကျင့်နိုင်၊ ကျင့်လျှင် ရဟန်းကို တုပရာရောက်မည်ဟုဆိုကာ ရဟန်းသာ သင်္ကန်းရုံ၍ သာမဏေမှာ

www.dhammaransi.com

လောဘာက်တင်၍ သွားရ၊ နေရမည်ဆိုသော အတင်ဂိုဏ်းတစ်ဂိုဏ်း ၁၀၆၀ ပြည့်နှစ်လောက်က ပေါ်ဖူးရာ မင်းက ချီးမြှောက်သဖြင့် နှစ်ပေါင်း ၈၀ လောက် အရှုံ၊ အတင် ဝိဝါဒ ဖြစ်ပေါ်ခဲ့ပါသည်။ ဘိုးတော်မင်းတရားကြီး လက်ထက်တွင်မှ ငြိမ်းငြိမ်းသွားခဲ့ပါသည်။

*

## နတ်သြဇာ

မေး။ ။ အရှင်ဘုရား၊

နတ်သြဇာခေါ်သော နတ်သုဒ္ဓါသည် နဂါးတို့၏အစာအာဟာရ ဖြစ်သည်ဟု သိရပါသည်။ ၎င်းနတ်သုဒ္ဓါဆိုသည်မှာ ချက်ရ၊ ပြုတ်ရသည် မဟုတ်၊ အလိုလို ပေါ်ပေါက်လာပါသလား။ သို့မဟုတ် တန်ခိုးဖြင့် ဖန်ဆင်း၍ စားပါသလား၊ သိလိုပါသည်။ ဖြေကြားတော်မူပါဘုရား။

မောင်ဆန္ဒ၊ အင်းလေးဒေသ၊ ရှမ်းပြည်တောင်ပိုင်း

ဖြေ။ ။ နတ်သုဒ္ဓါဟု လူတို့ခေါ်ကြ၊ ရေးကြသော်လည်း စာအရ "သုဓာ သုဓာဘုတ်"ဟု ဆိုပါသည်။ ၎င်းမှာ နတ်တို့၏ ရေးကောင်းမှု အားလျော်စွာ မိမိဗိမာန်အနီး၌ ပေါ်ပေါက်လာသော ဒေဝဒုမ မည်သော သစ်ပင်၏ အသီးအပွင့်တို့ ဖြစ်သည်။ ထိုသစ်ပင်မှ သီးသော အသီးသည် သုဓာဘုတ်ပင် ဖြစ်သည်။ အပွင့်မှဖြစ်သည့် ပျားလပို့ကဲ့သို့သော ဝတ်ရက် သည် ပီယူသ မည်၏။ ထိုသုဓာဘုတ်၊ ပီယူသတို့ကား သိမ်မွေ့သော အတွေ့အရသာ သြဇာကြီးလှသောကြောင့် နတ်၏ ကိုယ်ခန္ဓာကို အထောက်အပံ့ပြုလျက်သာ ပျံ့နှံ့၏။ ကျင်ကြီး၊ ကျင်ငယ် မဖြစ်ပေ။ ဤသုဓာဘုတ်၊ ပီယူသတို့ကား တစ်ဘုံထက်တစ်ဘုံ သိမ်မွေ့ကောင်းမွန် သဖြင့် အထက်ဆုံးဖြစ်သော ဝသဝတ္တိဘုံ၌ကား အသာလွန်၊ အကောင်းမွန် ဆုံး ဖြစ်တော့သည်ဟု သာရသင်္ဂဟကျမ်း၌ ဆိုပေသည်။

*

www.dhammaransi.com

## ပန်းပန်ခြင်း၊ နံ့သာလိမ်းခြင်း

မေး။ ။ အရှင်ဘုရား၊

ရှစ်ပါးသီလ (ဥပုသ်) ခံယူဆောက်တည်မည့်သူသည် ပန်းပန်ခြင်း၊ နံ့သာလိမ်းကျံခြင်းများ ပြုလုပ်ပြီး ဥပုသ်စောင့်လျှင် သီလညှိုးပါသလား အရှင်ဘုရား။

လှလှမြင့်၊ ကျောက်တန်း အမက (မြောင်မြို့နယ်)

ဖြေ။ ။ 'ပန်းပန်ခြင်း၊ နံ့သာလိမ်းကျံခြင်းပြု၍ ရှစ်ပါးသီလ(ဥပုသ်) ခံယူဆောက်တည်က သီလ ရ မရ'ဟု မေးသင့်၏။ ၎င်းသိက္ခာပုဒ် (မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ)၌ ဌာနသဒ္ဒါပါရှိရာ ယင်းဌာနသဒ္ဒါအရ အကြောင်းတရားကို ဆိုသဖြင့် လှပခြင်း၏အကြောင်းဖြစ်သော ပန်းပန်ခြင်း၊ နံ့သာလိမ်းကျံခြင်း၊ တန်ဆာဆင်ခြင်းတို့မှ ရှောင်ကြဉ်ရာ ရှောင်ကြဉ်ခြင်းဖြစ်သော သိက္ခာပုဒ်ကို ခံယူဆောက်တည်ပါ၏ဟု ဆိုသဖြင့် အကြောင်းဖြစ်သော ပန်းနံ့သာ၊ ဝတ်စားတန်ဆာတို့ကိုသာ ရှောင်ကြဉ်ရသည်။ ပန်ထားပြီးသောပန်း၊ လိမ်းကျံထားပြီးသော နံ့သာ၊ ဆင်ယင်ထားပြီးသော ဝတ်စားတန်ဆာတို့ကို ဖယ်ရှားရန်မလို။ အိမ်မှ ပန်းပန်လာသူ၊ နံ့သာလိမ်းကျံလာသူ၊ တန်ဆာဆင်လာသူတို့အား ရှစ်ပါးသီလ (ဥပုသ်သီလ) ပေးနိုင်သည်။ ခံယူသူကလည်း ခံယူနိုင်သည်။ သီလ(ဥပုသ်) ရပါသည်။ ခံယူဆောက်တည်ပြီးမှသာ ပန်းမပန်ရ၊ နံ့သာမလိမ်းကျံရ၊ ဝတ်စားတန်ဆာထပ်မံ မဆင်ယင်ရပါ။ ထိုအချက်ကို ယောင်လည်လည် ဖြစ်နေတတ်သဖြင့် ပန်းပန်လာသူစသည်တို့အား ပန်းတို့ကို ချွတ်ပစ်ရမည်။ နံ့သာလိမ်းကျံလာသူတို့အား ဖျက်ပစ်ရမည်။ နောက်မှ သီလယူရမည်ဟု

www.dhammaransi.com

ပြောဆိုနေကြသည်ကို ကြားရသည်။ သုရာမေရယနှင့် မာလာဂန္ဓသိက္ခာပုဒ်နှစ်ခုတွင် ဌာနသဒ္ဒါပါသည်ကို သတိပြုစေလိုကြောင်း ဖြေကြားလိုက်ပါသည်။

*

## ကားပေါ် ရထားပေါ်ဝယ်

မေး။ ။ အရှင်ဘုရား၊

တပည့်တော်တို့သည် ကားပေါ်၊ ရထားပေါ်တို့တွင် ရဟန်းသံဃာများနှင့် တစ်ခုံတည်းတွဲ၍ စီးကြရသည့်အခါမျိုး ရှိပါသည်။ ရဟန်းသံဃာများသည် မိမိထက် သုံးဝါကြီးသောရဟန်းနှင့်ပင် တစ်ခုံတည်း မထိုင်ရဟုကြားဖူးပါသည်။ လူနှင့်ရဟန်း ဤသို့ တွဲ၍ထိုင်သဖြင့် ရဟန်းမှာ အပြစ်ရှိလျှင် လူမှာလည်း အပြစ်ရှိနိုင်ပါသည်။ မည်သို့ အပြစ်ရှိ၍ မည်သို့ ဖြေဖျောက်သင့်ကြောင်း ရှင်းလင်းဖြေကြားတော်မူပါဘုရား။

ဒကာတင်လှ၊ ဘုန်းကြီးလမ်း၊ ရန်ကုန်

ဖြေ။ ။ ရဟန်းအချင်းချင်း နေရာတူထိုင်နိုင်ခွင့်ရှိသည့် သုံးနှစ်သုံးဝါအတွင်း· ရှိသူ (နှစ်နှစ်နှင့်ဆယ်လ၊ ဆယ့်တစ်လကျော်ကြီးသူ ငယ်သူ)သာ တစ်ခုံတည်း ထိုင်နိုင်သည်ဟု ခွင့်ပြုချက်ရှိသည်မှာ မှန်ပါသည်။ သို့သော် တစ်ခုံတည်းဟူသည်မှာ ရွှေ့နိုင်ပြောင်းနိုင်သော ခုံမျိုး (သံဟာရိမ) မျိုးကိုသာ ဆိုပါသည်။ မြေစိုက်ခုံမျိုး၊ အသေရိုက်ထားသော ကားရထားခုံမျိုး (အသံဟာရိမ)ကို မဆို။ ထိုအသေရိုက်တပ်ဆင်သော (အသံဟာရိမ) ခုံမျိုးမှာ ကျောက်တုံးကျောက်ဖျာ၊ သစ်ပင်အောက်များတွင် တိုင်စိုက်၍ပြုလုပ်ထားသော ကွပ်ပျစ်၊ အိမ်ကြမ်းပြင်၊ ဇရပ်ကတုံးများနှင့် အလားတူသဖြင့် "တထာရူပေအပိ ဖလကက္ခဏ္ဍေ အနုပသမ္ပန္နေနာပိ သဒ္ဓိံနိသီဒိတုံ ဝဋ္ဋတိ" (ဝိနယသင်္ဂဟ ဋ္ဌ၊ ၄၂၆) အခြေအနေအရ (သွားရင်း၊ လာရင်း)

ရဟန်းနှင့် လူဒကာတို့မှာ အတူထိုင်၍ ရဟန်းမှာ အာပတ်မသင့်ပါ။ မာတုဂါမများနှင့်သာ အတူမထိုင်ကောင်းသဖြင့် ရှောင်ကြဉ်သင့်ပါသည်။

*

## ကထိန်ဒါယကာ နှစ်ဦးရှိနေလျှင်

မေး။ ။ အရှင်ဘုရား

ကထိန်သင်္ကန်း ကပ်လှူရာတွင် ရှေးဦးစွာ ကထိန်လာရောက်လျှောက်ထားသူနှင့် နောက်မှလာရောက်လျှောက်ထားသူ ဤနှစ်ဦးတို့အား မည်သူ၏ ကထိန်အလှူကို လက်ခံရပါမည်နည်း။ နောက်မှ လာရောက်လျှောက်သူ၏ ပစ္စည်းတန်ဖိုးသည် ဦးစွာလျှောက်သူ၏ ပစ္စည်းတန်ဖိုးထက် များနေလျှင် တန်ဖိုးနည်းသော ပထမလျှောက်ထားသူ၏ ကထိန်ကို လက်မခံဘဲ တန်ဖိုးများသော နောက်မှလျှောက်ထားသူ၏ ကထိန်ကိုသာ လက်ခံရမည်ဟု ကြားဖူးပါသည်။ အဘယ်ကြောင့် ပထမ လာရောက် လျှောက်ထားသည့် ကထိန်ကို လက်မခံရပါသနည်း။ ရှင်းလင်းစွာ ဖြေကြားပေးတော်မူပါဘုရား။

ဦးသိန်းဆောင်၊ လယ်ကြီးရွာ၊ စစ်ကိုင်းမြို့နယ်

ဖြေ။ ။ ရှေးဦးစွာ လျှောက်ထားသူထက် နောက်မှလာရောက်လျှောက်ထားသူက သံဃာအား လာဘ်လာဘ ပိုမိုများပြားစွာ လှူဒါန်းနိုင်လျှင် နောက်လျှောက်ထားသူ၏ ကထိန်ကို အလှူခံနိုင်ကြောင်း အဋ္ဌကထာက ညွှန်ပါသည်။ သို့သော် ဦးစွာလျှောက်ထားသူအား ခေါ်ယူညှိနှိုင်း၍ ပူးပေါင်းပေးခြင်း၊ ကထိန်သင်္ကန်းအဖြစ် မဟုတ်သော်လည်း ရိုးရိုးသင်္ကန်းအလှူဖြစ်စေခြင်း စသည်ဖြင့် ကျေနပ်စေသင့်သည်ဟု ဆိုပါသည်။ "သစေ တာဒိ့ အနုတ္တတေယေဝ အညံ ကထိနဒုဿံအာဟရတိ။ ပ။ ဣတရော ယထာ ယထာ ဩဝဒိတ္ဗာသညာပေတဗ္ဗော" (ဝိ၊ ဋ္ဌ၊ ၃-၃၈၉)။ ဆိုလိုသည်မှာ "ကထိန်မခင်းမီ အခြားတစ်ဦးက လာ၍ လျှောက်ထားလာလျှင်

ထိုလျှောက်ထားလာသူက အာနိသင်များလျှင် ထိုနောက်လျှောက်ထားသူ၏သက်န်းဖြင့် ကထိန်ခင်းရမည်။ အာနိသင်လာဘ်နည်းသော ပထမဒါယကာကို ကထိန်မခင်းရသော်လည်း သံဃိကသင်္ကန်းလှူမှု အကျိုးကြီးလှပါသည်”ဟုဆုံးမသိစေအပ်ပါသည်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားလေသည်။

*

## ဒက္ခိဏသာခါ

မေး။ ။ အရှင်ဘုရား၊

ဒက္ခိဏသာခါသည် ဘုရား (သို့မဟုတ်) ရဟန္တာဖြစ်ပါသလား (သို့) ရဟန္တာဖြစ်လျှင် မည်သည့်မျိုးရိုးမှ ဆင်းသက်ပြီး မယ်တော်၊ ခမည်းတော်တို့သည် မည်သူတို့ ဖြစ်ကြပြီး ဘုရား (သို့) ရဟန္တာဖြစ်လာပုံကို သိလိုပါသည်ဘုရား။ ဒက္ခိဏသာခါသည် အဘယ်ကြောင့် မီးကွင်းပါသနည်း။ မိမိအိမ်၌ မြတ်စွာဘုရားနှင့်အတူ ယှဉ်တွဲကိုးကွယ်သင့်ပါသလား။ မီးကွင်းဂါထာနှင့် ဒက္ခိဏသာခါ ထုလုပ်ကိုးကွယ်ပုံ အင်္ဂါအလုံးစုံကို သိလိုပါသည် ဘုရား။

မောင်မင်းမင်းထွန်း၊ လေးမျက်နှာမြို့၊ မြစ်ကျိုးရွာ၊ ဧရာဝတီတိုင်း

ဖြေ။ ။ ဒက္ခိဏသာခါ (ပြဿနာရှင်၏စာတွင် ဒက္ခိဏသံဃာဟု ရေး၏) ဟူသည် ဒက္ခိဏ=လက်ယာ(သို့မဟုတ်)တောင်ဘက်၊ သာခါ=အကိုင်း။ ဗောဓိညောင်ပင်၏ တောင်ဘက်ကိုင်းကိုဖြတ်၍ သီဟိုဠ်ကျွန်း (သီရိလင်္ကာ)၌ စိုက်ပျိုးထားသော ဗောဓိပင် ဖြစ်သည်။ ထိုဗောဓိပင်၏ အခက်အရွက်များကို သရုပ်ပြု၍ ထုလုပ်ထားသော (သို့မဟုတ်) ထိုညောင်ပင်၏ အပွား ညောင်သားများကို ထုလုပ်ထားသော(သို့မဟုတ်) ထိုထုလုပ်ထားသည့် ဘုရားပုံအတိုင်း ပုံတူပြု၍ ထုလုပ်ထားသော ဘုရားရုပ်ပွားတော် ဖြစ်သည်။ ရဟန္တာပုံ မဟုတ်။ ဘုရားရုပ်ပွား ဥဒ္ဒိဿစေတီတော်ပင်

ဖြစ်၍ မယ်တော်၊ ခမည်းတော်သည် ဗုဒ္ဓဝင်ပါအတိုင်း မှတ်ပါ။ ဘုရား ပုံတော်ဖြစ်၍ သီးခြားထား ကိုးကွယ်စရာ မလိုပါ။ မီးကွင်းခြင်း၊ အန္တရာယ် ကင်းခြင်းတို့မှာ ကိုးကွယ်သူတို့၏ စေတနာသဒ္ဓါတရားပေါ်မှာ တည်ပါ သည်။ ကိုးကွယ်သူတို့ စေတနာသဒ္ဓါတရားကောင်းမွန်လျှင် မည်သည့် ရုပ်ပွားဥဒ္ဒိဿစေတီတော်မဆို မီး၊ရေ စသော ဘေးအန္တရာယ်တို့မှ ကင်း ရှင်းနိုင်ပါသည်။ မီးကွင်းဂါထာဟူ၍ အထူးမရှိပါ။ ကိုးကွယ်ထုလုပ်ပုံ အင်္ဂါ အလုံးစုံတို့ကို သိလိုလျှင် ဒက္ခိဏာသာခါအကြောင်း စာအုပ်စာတမ်း များကို ရှာဖွေဖတ်ရှုစေလိုပါသည်။ ဤတွင် အကျယ်မရေးသားပါ။

*

## ဂုဏ်တော် ပရိတ်တော် ပွားများမှု

မေး။ ။ အရှင်ဘုရား၊

ဘုရားရှင်၏ ဂုဏ်တော်၊ ပရိတ်တော်နှင့် မေတ္တာပွားများခြင်းတို့ ကို အချိန်အခါအားလျော်စွာ အသံမထွက်ရဘဲ နှုတ်ခမ်းလှုပ်ရုံ၊ စိတ်အာရုံ ဖြင့် ရွတ်ဆိုပွားများခြင်းအတွက် အကျိုးရှိ၊ မရှိနှင့် စေတီ ပုထိုးများရှေ့ တွင် သီလခံယူခြင်းအတွက် ရ၊ မရတို့ကို သိလိုလှပါသည် ဘုရား။

ငှက်ပြာ (ချောက်)

ဖြေ။ ။ မြတ်စွာဘုရား၏ ဂုဏ်တော်နှင့် မေတ္တာဘာဝနာတို့မှာ သမထ

ကမ္မဋ္ဌာန်းများ၌ ပါဝင်သဖြင့် စိတ်နှလုံးထဲ၌ အဖန်ဖန်ပွားများ စီးဖြန်းသင့်သော တရားများဖြစ်ပါသည်။ ပရိတ်တော်များကား ပွားများ စီးဖြန်းရသော ဘာဝနာကမ္မဋ္ဌာန်မျိုး မဟုတ်ဘဲ ရွတ်ဆိုသရဇ္ဈာယ်ရသော တရားမျိုး ဖြစ်ပါသည်။ ထို့ကြောင့် ပရိတ်တော်၊ ဂါထာတော်များကို ပုဒ်၊ ပါဠိ မှန်ကန်အောင် သင်ယူလေ့လာ၍ အသံထွက်ကာ ရွတ်ဆိုရပါ ကြောင်းနှင့် ငါးပါးသီလ၊ ရှစ်ပါးသီလတို့ကိုလည်း ဘုရားရှေ့တော်၌

အသံထွက်၍ မိမိကိုယ်တိုင် ရွတ်ဆိုခံယူမှသာ ရနိုင်ပါကြောင်း ဖြေကြားအပ်ပါသည်။

*

## ပါရာဇိကရဟန်းအတွက် ကံပျက်၊ မပျက်

မေး။ ။ အရှင်ဘုရား၊

ပါရာဇိကကျနေသော အလဇ္ဇီရဟန်းသည် ဥပသမ္ပဒ ကံဆောင်ရာ၌ (၁) ကာရကသံဃာ၌ ပါဝင်ခြင်း၊ (၂) ဥပသမ္ပဒကမ္မဝါစာ ရွတ်ဖတ်ခြင်း၊ (၃) အနုသာသက ပုဂ္ဂိုလ်ပြုလုပ်၍ ဆုံးမခြင်း။ သိမ်သမုတ်ရာ၌ (၁) သံဃာ၌ပါဝင်ရောနှော၍ နေထိုင်ခြင်း၊ (၂) သိမ်နုတ်၊ သိမ်သမုတ် ကမ္မဝါစာများ ရွတ်ဖတ်ခြင်း စသည်များ၌ ပါဝင်ပြုလုပ်နေခဲ့ပါလျှင် ထိုကံများ ပျက်၊ မပျက် ဖြေကြားချီးမြှင့်တော်မူပါရန် ရှိသေစွာ လျှောက်ထားပါသည်ဘုရား။

အရှင်ဝိသောမနေ၊ ကျောက်မြောင်းကျောင်းတိုက်၊ တာမွေ၊ ရန်ကုန်

ဖြေ။ ။ သိမ်အတွင်း ဥပသမ္ပဒကံဆောင်ရာ၌ဖြစ်စေ၊ သိမ်သမုတ်၊ သိမ်နုတ်ရာ၌ဖြစ်စေ ပါရာဇိကကျသော ရဟန်းမှတစ်ပါး သံဃာပြည့်လျှင်၊ ငါးပါးထက်ပိုလျှင် ပါရာဇိကကျနေသော ရဟန်းကိုယ်တိုင် ကမ္မဝါစာ ဖတ်သည်ဖြစ်စေ၊ မဖတ်သည်ဖြစ်စေ ကံအောင်ပါသည်။ ၎င်းအဆုံးအဖြတ်ကို ဝိနယာလင်္ကာရဋီကာ ၁၊ ၂၇၂ ၌ ကြည့်ရှုနိုင်ပါသည်။ ထို့အတူ ဝဇိရဗုဒ္ဓိဋီကာ၌လည်း "ဥပသမ္ပန္နပုဗ္ဗောစေ စေ ကမ္မဝါစံ သာဝေတိ၊ သံဃောစ တသ္မိံ ဥပသမ္ပန္နသညီ ဧဝဋ္ဌေ ကမ္မံ ရုဟတိ"(ဝဇိရ ဋီ၊ ၁၀၉) စသည်ဖြင့် ဆိုပါသည်။ ပါရာဇိကကျသော ရဟန်းသည် ငါ ပါရာဇိက ကျပြီ ဟု ဝန်ခံ၍ လူထွက်သွားသော်မှသာ ရဟန်းကိစ္စတို့ကို မဆောင်ရွက်နိုင်ခြင်း ဖြစ်သည်။ ဝန်မခံ လူမထွက်သော် ရဟန်းခံစသော ကံများ၌ ပါဝင်နိုင်ပါသေးသည်။

*

www.dhammaransi.com

# လှည်းလှေ စသော ယာဉ်နှင့် ရဟန်းများ

မေး။ ။အရှင်ဘုရား၊

အချို့ရဟန်းသံဃာတော်များသည် တိရစ္ဆာန်နှင့် ဆွဲသော ရထား၊ လှည်း၊ ယာဉ်စသည်များကို စီး၍ ခရီးမသွားကြပါ။ အချို့ရဟန်းတော်များ ဆိုလျှင် လူများရုန်းကန်၍ နင်းရသော ဆိုက္ကားကိုပင် မစီးကြပါ။ ရှေး အခါက ရေလမ်းခရီးကိုသာ အားထားကြရသဖြင့် လူတို့လှော်ခတ်ရသော လှေသမ္ဗန်များကိုလည်း စီး၊ မစီး သိလိုပါသည်။ ထိုယာဉ်များနှင့် ပတ်သက်၍ ဝိနည်းတော် မည်သို့ရှိသည်ကို သိလိုပါသည် ဘုရား။

ဦးဝမ်း၊ ၃ ရပ်ကွက်၊ ဥဿာမြို့သစ်၊ ပဲခူး

ဖြေ။ ။ "ယာနာနိ ပုမယုတ္တာနိ၊ သိဝိကံ ဟတ္ထယုတ္တကံ။ ပါင္ကိ ဥဂိလာ နဿ၊ ကပ္ပတေ အဘိရုဟိတုံ"။ ဝိနည်းပါဠိတော်အတိုင်း ဆိုထား သော ခုဒ္ဒသိက္ခာအရ၊ နွားထီး စသည်ကသော လှည်းယာဉ်၊ လူထမ်းသော ထမ်းစင်၊ လူတို့က လက်ခြေ စသည်ဖြင့် လည်စေအပ်သော လက်တွန်း လက်ဆွဲယာဉ် (ဆိုက္ကား)၊ အဝတ်ထမ်းစင် (ပုခက်)တို့ကို မကျန်းမာသော ရဟန်းအား စီးရန် အပ်သည်ဟု ဝိနည်းက ဆိုပါသည်။ ခရီးဝေးဝေး လမ်းမသွားနိုင်ခြင်းစသည်မှာလည်း မကျန်းမာခြင်းပင် ဖြစ်ပါသည်။ နွားထီးကသော လှည်းတို့ကို ယောက်ျား၊ မိန်းမမည်သူပင် မောင်းမောင်း မကျန်းမာသော ရဟန်းနှင့် ခရီးဝေးမသွားနိုင်သော ရဟန်းများ စီးကောင်း သည်ဟု ဆိုပါသည်။ သင်္ဘောလှေတို့ကိုမူ ဂိလာန မဟုတ်သည့်တိုင် စီးကောင်းပါသည်။ မြတ်စွာဘုရား ကိုယ်တော်တိုင်ပင် ရာဇဂြိုဟ်မှ ဝေသာလီပြည်သို့ ကြွရာ၌ လှေဖောင်တို့ဖြင့် ကြွတော်မူကြောင်း ရတန သုတ် အဖွင့်တွင် ပါရှိပါသည်။ မီးရထား၊ ကား စသည်တို့မှာလည်း လူက မှန်မှန်သွားရုံလောက်သာ ကြောင့်ကြစိုက်ရ၍ ပင်ပန်းကြီးစွာ မဆွဲ မငင်ရသောကြောင့် ရဟန်းများ အခါခပ်သိမ်း စီးနိုင်ပါသည်။

*

www.dhammaransi.com

## အဒ္ဓုဝံ–အနိစ္စံ

မေး။ ။ အရှင်ဘုရား၊

'မရဏံ မေ ဓုဝံ မရိသတိ'ဟူ၍ ပါဠိတော်လာရှိသည်မှာ မေ=ငါ၏။ မရဏံ=သေခြင်းသည်။ ဓုဝံ=မြဲ၏ဟု အနက် ရှိပါသည်။ သေခြင်းတရားကို အနိစ္စ=အမြဲမရှိဟူ၍ အနက်ပေးသည်ကိုလည်း တွေ့ရပြန်ပါသည်။ အဒ္ဓုဝံ=အမြဲမရှိနှင့်၊ အနိစ္စ=အမြဲမရှိ အနက်ပေးတူနေခြင်းကို ရှင်းပြပေးစေလိုပါသည် ဘုရား။

ဦးညိုဝင်း၊ ရပ်ကွက် ၄၊ ကသာမြို့

ဖြေ။ ။ မေ=ငါ၏။ မရဏံ=သေခြင်းသည်။ ဓုဝံ=မြဲ၏ဟု အနက်ပေးသည်မှာ မှန်ပါသည်။ မေ=ငါ၏။ မေ=ငါအား သေခြင်းတရား မြဲသည်။ မုချသေရမည်ဟု ဆိုလိုပါသည်။ သေခြင်းတရားသည် အနိစ္စ အမြဲမရှိဟု ဆိုရိုးမရှိပါ။ လောကသည် အမြဲမရှိ၊ လူဟူသမျှ သူရော၊ ငါရော အမြဲ မရှိ။ အနိစ္စသာ ဖြစ်သည်။ သေခြင်းတရားကား နိစ္စမြဲသည်။ ဓုဝံ မြဲသည်။ မုချအမှန် သေရမည်သာဖြစ်သည်ဟု ဆိုလိုသဖြင့် မရဏံနှင့် အနိစ္စတွဲ၍ မဆိုရ။ မဆိုနိုင်။ ဓုဝံ=မြဲ၏။ နိစ္စံ=မြဲ၏ဟူ၍သာ ဆိုနိုင်ကြောင်း သတိပြုရန် လိုအပ်ပါသည်။

*

## သင်္ကန်းဟောင်း အသုံး

မေး။ ။ အရှင်ဘုရား၊

အချို့ရဟန်း သံဃာများသည် ကိုယ်ရုံ ကောသိများနှင့် ခြေသုတ်ခြင်း၊ ဖုန်ခါခြင်း၊ သင်္ကန်းဟောင်းများနှင့် ကျောင်းကို ဖုန်သုတ်ခြင်း၊ အမှိုက်လှည်းခြင်း၊ အိပ်ရာခင်းအဖြစ် အသုံးပြုခြင်းများသည် သင့် မသင့် ဖြေကြားပေးတော်မူပါဘုရား။ ထို့ပြင် ဒုကုဋ် (၂ ထပ်) သင်္ကန်းကို

www.dhammaransi.com

အိပ်ရာခင်းအဖြစ် မသုံးသင့်ဟု ကြားဖူးပါ၍ ဟုတ် မဟုတ် ဖြေကြားစေလိုပါသည် ဘုရား။

ပညာသိရိ (မိတ္ထီလာမြို့)

ဖြေ။ ။ သင်္ကန်းအဟောင်းများနှင့် ပတ်သက်၍ "တေ အတ္တနော ဇိဏ္ဏစီဝရာနံ ကိံ ကရိဿန္တိ"(ဓမ္မပဒ ဋ္ဌ ၁၊ ၁၄၀)စသည်ဖြင့် သာမာဝတီဝတ္ထုတွင် ဥတေနမင်းကြီးက အရှင်အာနန္ဒာအား သင်္ကန်းအများအပြားအလှူခံခြင်းနှင့် စပ်လျဉ်း၍ အမေးရှိပါသည်။ ထိုအမေးကို အရှင်အာနန္ဒာက ပိုလျှံသော သင်္ကန်းအဟောင်းများကို အခြားရဟန်းများအားပေးရခြင်း၊ မြေအခင်းပြုရခြင်း၊ ခြေသုတ်ကြိုးဝန်းပြုခြင်း၊ နုပ်နုပ်စဉ်း၍ ရွှံ့နှင့် နယ်ကာ နံရံကို သုတ်လိမ်းရခြင်းဖြင့် အသုံးပြုပုံကို ဖြေဆိုပါသည်။ ထိုအဖြေကိုထောက်၍ သင်္ကန်းဟောင်းများကို ခြေသုတ်ဖုံ၊ ခြေသုတ်ကြိုးဝန်း ပြုနိုင်ပုံကို သိပါ။ (အကျယ်ကို ဓမ္မပဒသာမာဝတီ ဝတ္ထုတွင် ကြည့်ပါ။)အမှိုက်သိမ်း၊ ဖုန်သုတ်စသည်လည်း အကြောင်းအားလျော်စွာ လုပ်နိုင်ပါသည်။ ဒုကုဋ် (၂ ထပ်) သင်္ကန်းကို ခင်း၍ အိပ်ခြင်း၌ အပ်ပါသည်။ မြင်ဘိစ္စာဘုရားသည် ဒုကုဋ်သင်္ကန်းကို လေးထပ်ခေါက်၍ ခင်းထိုင်ခြင်း၊ လျောင်းစက်ခြင်းတို့ကို ထိုထိုသုတ္တန်တို့၌ တွေ့နိုင်ပါသည်။

*

## ကဿပမြတ်စွာဘုရားနှင့် ဃဋီကာရအိုးထိန်းသည်

မေး။ ။ အရှင်ဘုရား၊

ဘာသာရေးစာစောင်တစ်ခုတွင် ဃဋီကာရအိုးထိန်းသည် အကြောင်း အောက်ပါအတိုင်း ဖတ်ရှုရပါသည်။

(၁) ဃဋီကာရ အိုးထိန်းသည်အိမ်သို့ ကဿပ မြတ်စွာဘုရားရှင် ဆွမ်းခံကြွသောအခါ ဃဋီကာရအား မတွေ့သဖြင့် အိုးထဲမှ ဆွမ်းခဲဖွယ် ဟင်းလျာများကို မြတ်စွာဘုရားကိုယ်တော်တိုင်ယူ၍ ဘုဉ်းပေးသုံးဆောင်

တော်မူကြောင်း၊ ဃဋိကာရ ပြန်ရောက်သောအခါ အလွန်ပီတိဖြစ်ကြောင်း။

(၂) တစ်ကြိမ်တွင် မြတ်စွာဘုရားကျောင်းတော်၌ မိုးယိုသဖြင့် ဃဋိကာရအိမ်သို့ ရဟန်းတို့အား အမိုးအလှူခံခိုင်းရာ ဃဋိကာရအား မတွေ့ရသဖြင့် ရဟန်းတို့ကိုယ်တိုင် ဃဋိကာရ၏ အိမ်အမိုးကို ဖျက်ယူကြကြောင်း၊ ဃဋိကာရပြန်ရောက်သောအခါ အလွန်ပီတိဖြစ်ကြောင်း ရေးသားထားပါသည်။

ဤတွင် ရဟန်းသံဃာတော်များအနေဖြင့် ဆွမ်းအစရှိသော ပစ္စည်းလေးပါးတို့ကို အလှူရှင်ကိုယ်တိုင် ကိုယ်ထိလက်ရောက် ပေးလှူပါမှသို့မဟုတ် အကပ်မြောက်ခြင်း အင်္ဂါ ၅ ပါးနှင့် ကိုက်ညီပါမှ သုံးဆောင်ကောင်းကြောင်း ဝိနည်းဒေသနာနှင့် (၁)အချက်သည် ကိုက်ညီခြင်း မရှိဟုယူဆမိပါသည်။ (၂) အချက်တွင်လည်း အလှူရှင်ကို မတွေ့သဖြင့် အလှူရှင့်အိမ်မှ အမိုးတို့ကို ရဟန်းတို့ကိုယ်တိုင် ဖျက်ယူသည်ဆိုသည်မှာလည်း ဝိနည်းတော်နှင့် မကိုက်ညီရုံမျှမက လောကအမြင်နှင့်လည်း မတင့်တယ်သော ကိစ္စဖြစ်နေသည်ဟု ယူဆမိပါသည်။

ထို့ကြောင့် ဤအရေးအသားများသည် အမှန်တကယ် အဖြစ်မှန်များ မဟုတ်ဘဲ ဃဋိကာရအိုးထိန်းသည်၏ သဒ္ဓါစေတနာကို ပေါ်လွင်ထင်ရှားစေရန် အလွန်အကျူး ဖွဲ့ဆိုထားခြင်းများလောဟု သံသယဖြစ်ဖွယ်ဖြစ်မိပါသဖြင့် သံသယပျောက်၍ ရှင်းလင်းနားလည်မှုရှိရန် မေးမြန်းလျှောက်ထား၍ ဖြေကြားပေးတော်မူပါဘုရား။

မောင်ခင်မောင်စိုး (ပွမြို့)

ဖြေ။ ။ ထိုအကြောင်းအရာမှာ မဇ္ဈိမနိကာယ၊ မဇ္ဈိမပဏ္ဏာသ ပါဠိတော် ဃဋိကာရသုတ်တွင် ပါရှိပါသည်။ ယင်း၏ အဖွင့်အဋ္ဌကထာ (မဋ္ဌ ၃၊ ၁၉၇) တွင် (၁) အချက်ကို 'ဃဋိကာရသည် အပြင်ထွက်[illegible]

ထမင်းဟင်းချက်ပြီး မိဘတို့အား ကျွေးမွေးသည်။ ထို့နောက် မိမိလည်းစား ကာ မြတ်စွာဘုရားအတွက် နေရာခင်း၊ သောက်ရေ၊ သုံးရေတည်ထားပြီး ဆွမ်းဟင်းတို့ကို အသင့်ထားခဲ့၍ သွားကြောင်း ဖွင့်ဆိုပါသည်။ ကဿပ မြတ်စွာဘုရားရှင်ကလည်း အလွန်အကျွမ်းဝင်သော ဒါယကာဖြစ်၍ ဤသို့ ခူးခပ်ယူ၍ ဘုဉ်းပေးကြောင်း၊ လှူဖွယ်ပစ္စည်းမှာ အလွန်စင်ကြယ်၍ ရဟန်းတို့ သပိတ်တွင်းမှ ဆွမ်းကဲ့သို့ဖြစ်ကြောင်း ဖွင့်ဆိုပါသည်။ကိုယ်တိုင် ယူ၍ အာပတ်သင့်၊ မသင့်မှာ သိက္ခာပုဒ်ပညတ်ခြင်းသည် ရဟန်းတို့အဖို့ သာ ဖြစ်၍ မြတ်စွာဘုရား၌ အာပတ်မရှိကြောင်း စသည် ဖွင့်ဆိုသည်။

(၂) ဒုတိယအချက်တွင် ဃဋိကာရ၏ မိဘမျက်မမြင်နှစ်ဦးတို့ သည် မြတ်စွာဘုရား ကျောင်းတော်အတွက်ဆိုလျှင် တစ်အိမ်လုံးယူသွား ပါစေဟူသော စိတ်စေတနာရှိသည်။ ဖျက်ယူနေစဉ် ကြည်နူးဝမ်းမြောက် နေမှုတို့အပြင် ဤစေတနာ ကြည်နူးဝမ်းမြောက်မှုတို့ကြောင့် ဤနေရာ သည် ထိုအချိန်မှစ၍ ကမ္ဘာပျက်သည်အထိ မိုးလေမထိ ပကတိလုံခြုံနေ မည့် ကပ္ပဋ္ဌိတိ ဖြစ်နေမည်ကို သိတော်မူသဖြင့် ဤသို့ပြုမူခြင်း ဖြစ်ပါ သည်။ ဘုရားရှင်ကိုယ်တော်တိုင်ဖျက်၍ ယူခဲ့ဟူသော အမိန့်တော်ကြောင့် ဖျက်ယူသော ရဟန်းများမှာလည်း အာပတ်သင့်ဖွယ် မရှိပါ။ နောင်အခါ အမိုးအကာမရှိသည့်တိုင် မိုးလေမနိပ်စက် လုံခြုံလျက်ရှိနေသည်ကို တွေ့ မြင်ရသည်။ မည်သူမျှလည်း ကဲ့ရဲ့မည့် ကိစ္စမဟုတ်သည့်ပြင် ဃဋိကာရ၏ မိဘမျက်မမြင်နှစ်ဦး၏ စိတ်စေတနာတန်ခိုးကို ပေါ်လွင်စေသော ကိစ္စ လည်း ဖြစ်သည်။ ထို့ကြောင့် ကဿပမြတ်စွာဘုရားကိုယ်တော်တိုင်ပြု စေခြင်း ဖြစ်ပါသည်။ မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာတွင် အထင်အရှား ဖွင့်ဆို ဖော်ပြထားသောအရာ ဖြစ်သည်။ ဤဖွင့်ဆိုချက်သည် အမှန်ဟကယ် အဖြစ်မှန်များသာဖြစ်ကြောင်း ယုံမှားမဲ့ မှတ်သားထားစေလိုပါသည်။

*

www.dhammaransi.com

## နိရောဓသမာပတ်၊ အာပေါဓာတ်၊ ရုပ်နာမ်တရား

မေး။ ။ အရှင်ဘုရား၊

(၁) ရဟန္တာများ နိရောဓသမာပတ် ၇ ရက် ဝင်စားသောအခါ ရဟန္တာပုဂ္ဂိုလ်များ ဘယ်သွားနေပါသနည်း။

(၂) ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဓာတ်ကြီး ၄ ပါးတို့အထဲမှ အာပေါဓာတ်အကြောင်း သိလိုပါသည်။

(၃) ရုပ်တရား၊ နာမ်တရားနှစ်ပါးအနက် နာမ်တရားသည် ၁ စက္ကန့်တွင် ကုဋေတစ်သိန်းပျက်ပြီး ရုပ်တရားကတော့ ကုဋေငါးထောင် ရှစ်ရာ့ရှစ်ဆယ်ကျော် ပျက်သည်ဟု သိရပါသည်။ ဘယ်လို ကွာခြား၍ သိရပါသနည်း။ ဖြေကြားတော်မူပါဘုရား။

ကိုစိုးမောင်၊ ချောင်းရှည်ရွာ၊ ညောင်ဦးမြို့နယ်

ဖြေ။ ။ (၁) နိရောဓသမာပတ် ဝင်စားနေသော ၇ ရက်အတွင်း၌ ရဟန္တာ ပုဂ္ဂိုလ်တို့သည် နာမ်တရားအားလုံး ချုပ်ငြိမ်းနေသဖြင့် သမာပတ် ဝင်စားစဉ် ထိုင်လျက်ဆိုက ၇ ရက်လုံး ရုပ်တရားကြီးသာ ထိုင်လျက်ရှိ နေပါသည်။ သမာပတ်ဝင်စားစဉ် ဣရိယာပုထ်အတိုင်းပင် ဝင်စားသော နေရာ၌ ရှိနေပါသည်။ ဘယ်မျှ မသွားပါ။

(၂) ၃၂ ကောဋ္ဌာသတွင် အာပေါဓာတ် ၁၂ ပါးရှိပါသည်။ ၎င်းမှာ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်၊ အဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်တို့ ဖြစ်ကြပါသည်။

(၃) နာမ်တရားသည် မျက်စိတစ်မှိတ်၊ လျှပ်တစ်ပြက်၊ လက်ဖျစ် တစ်တွက် (၁ စက္ကန့်)တွင် ကုဋေတစ်သိန်း ပျက်သည်ဟု ဆိုသည်။ ၎င်းနာမ်တရား ၁၇ ချက် ပျက်မှ ရုပ်တရား တစ်ကြိမ် ပျက်ပါသည်။ ရုပ်တရားသည် နာမ်တရားထက် ၁၇ ဆအပျက်နှေးသဖြင့် ဖော်ပြပါ ကွာခြားမှု ဖြစ်ရပါသည်။

*

www.dhammaransi.com

## တိဟိတ်ပုဂ္ဂိုလ်အလား

မေး။ ။ အရှင်ဘုရား၊

၁–ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်၊ ၂–သုဂတိအဟိတ်ပုဂ္ဂိုလ်၊ ၃–ဒွိဟိတ်ပုဂ္ဂိုလ်၊ ၄–တိဟိတ်ပုဂ္ဂိုလ်ဟူ၍ ပုထုဇဉ်ပုဂ္ဂိုလ်လေးမျိုးရှိရာတွင် လူ့ဘုံ၌ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်မှတစ်ပါး ကျန်ပုဂ္ဂိုလ်သုံးယောက်သည် ရရှိသည်ဟု သိရပါသည်။ တိဟိတ်ပုဂ္ဂိုလ်သည် ဉာဏ်အထက်မြက်ဆုံးဟု ထပ်ဆင့်သိရပြန်ပါသည် ဘုရား။ ယခု လူ့ဘဝတွင် သုဂတိအဟိတ်ပုဂ္ဂိုလ်၊ ဒွိဟိတ်ပုဂ္ဂိုလ်တို့အား တိဟိတ်ပုဂ္ဂိုလ်ကဲ့သို့ ဉာဏ်ထက်မြက်မှု ရရှိရန် ကြိုးစားကျင့်ဆောင်က ရနိုင်၊ မရနိုင်၊ ရနိုင်ရန် မည်ကဲ့သို့ ကျင့်ကြံလိုက်နာရပါမည်နည်း၊ သိလိုပါသည် ဘုရား။

မောင်အောင်ကျော်၊ လှည်းကူးမြို့

ဖြေ။ ။ လူ့လောကတွင် ဈာန်မဂ်ဖိုလ် မရရှိနိုင်သော အန္တရာယ်မှာ ၁–ကမ္မန္တရာယ် ပဉ္စာနန္တရိယကံ ကျူးလွန်ခဲ့မှု၊ ၂–ကိလေသန္တရာယ်–မိစ္ဆာဒိဋ္ဌိအယူကို ယူခဲ့မှု၊ ၃–ဝိပါကန္တရာယ်–အဟိတ်၊ ဒွိဟိတ်ပဋိသန္ဓေနေခဲ့ရမှု၊ ၄–ဥပဝါဒန္တရာယ်–အရိယာကို ပြစ်မှားခဲ့မှု၊ ၅–အာဏာဝီတိက္ကမန္တရာယ်–ရဟန်းတော်များ အာပတ်တန်းလန်းရှိနေမှုဟူ၍ ၅ ပါးရှိရာတွင် သုဂတိအဟိတ်ပုဂ္ဂိုလ်၊ ဒွိဟိတ်ပုဂ္ဂိုလ်တို့မှာ ပဋိသန္ဓေကပင် အန္တရာယ်သင့်ခဲ့သူများဖြစ်၍ ဤဘဝတွင် တိဟိတ်ပုဂ္ဂိုလ်ကဲ့သို့ ဈာန်မဂ်ဖိုလ်ရနိုင်သော ဉာဏ်မျိုးကို မရနိုင်တော့ပါ။ ကြိုးစားကျင့်ဆောင်နိုင်က ကောင်းရာသုဂတိသို့ ရောက်နိုင်၍ နောက်ဘဝတွင် ဈာန်မဂ်ဖိုလ်ရနိုင်သော တိဟိတ်ပုဂ္ဂိုလ် ဖြစ်နိုင်ပါသည်။

*

www.dhammaransi.com

## သစ္စကပရိဗိုဇ်၏ အနာဂတ်ဘဝ

မေး။ ။ အရှင်ဘုရား၊

သစ္စကပရိဗိုဇ်ကြီးသည် သေလွန်ပြီးနောက် နတ်ပြည်သို့ရောက်၍ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးနောက် အနှစ် ၂၀၀ ရှိသောအခါ သီဟိုဠ်ကျွန်း (သီရိလင်္ကာ)၌ ရဟန်းဖြစ်ပြီး ပရိနိဗ္ဗာန်ပြုသည်ဟု မှတ်သားရပါသည်။ ဤသို့ဆိုလျှင် နတ်တို့၏ သက်တမ်းနှင့် တွက်ချက်လိုက်လျှင် လူ့ပြည်အနှစ် ၂၀၀ သည် နတ်ပြည်တွင် သစ္စကပရိဗိုဇ်၏ သက်တမ်းအလွန်တိုတောင်းမနေပါလားဘုရား။ တပည့်တော် မရှင်းလင်းပါသဖြင့် ဖြေကြားပေးတော်မူပါဘုရား။

ကိုအောင်မြတ်သူ၊ စွမ်းအင်ဝန်ကြီးဌာန

ဖြေ။ ။ ဘုရားအလောင်းတော်များ၊ ရဟန္တာအလောင်းများသည် နတ်ပြည်သို့ ရောက်ရသော်လည်း (နတ်ပြည်တွင် ပါရမီဖြည့်ကျင့်ရန် မဖြစ်နိုင်၍) နတ်သက်ပြည့်အောင် မနေကြဘဲ လူ့ပြည်တွင် ပါရမီဖြည့်ရန်နှင့် ကျွတ်တမ်းဝင်နိုင်ရန် အဓိမုတ္တိစုတေခြင်းဟူသော မိမိကိုယ်ကို စုတေရန် အဓိဋ္ဌာန်ပြု၍ နတ်သက်ချွေလျက် လူ့ပြည်တွင် ဖြစ်စေကြသည်ဟု ဆိုပါသည်။ သစ္စက နတ်သားသည်လည်း ထိုစုတေခြင်းမျိုးဖြင့် စုတေခဲ့၍ သာသနာနှစ် ၂၀၀ ကျော်အချိန် သီဟိုဠ်ကျွန်း (သီရိလင်္ကာ)တွင် ကာဠဗုဒ္ဓရက္ခိတမထေရ်အဖြစ်ဖြင့် ရဟန္တာဖြစ်ခဲ့ကြောင်း (မ၊ ဋ္ဌ၊ ၂-၁၉၄)၌ ပါရှိပါသည်။

*

## မော်တော်ကားလှူခြင်း

မေး။ ။ အရှင်ဘုရား၊

သံဃာအား ကား စသည်၊ လှူကြသည်။ ။

လေးပါးပစ္စယာ၌ မည်သည်မှာ၊ ဤသည်ကား ထားရပါမည်။ ။

ယောနိသော၊ သဘော၌ ပိုက်တည်၊ ဆင်ခြင်မည်ဤကား။ ။
သိလိုပါ များသူငါ ဉာဏ်ဝယ်လင်းအောင်၊ ရှင်းပြစေသား။ ။
ဖိုးဉာဏ်၊ မန္တလေး

ဖြေ။ ။ သံဃာအား၊ ကား စသည် လှူကြသည်။။

လေးပါးပစ္စယာ၌၊ သေနာ သနကျောင်းမှာ၊ ပေါင်းထည့်သင့်သည်။ ။

ခရီးသွားရဟန်းသည်၊ လှည်း လှေ ဤအဖို့။ ။

ဝါဆို ချိန်အခါကျလျှင်၊ လှည်းလှေမှာ အာလယ၊ ဂါဟ စိတ်ဝယ်မှတ်လို့၊ ကပ်ရသည်သို့။

(ဝိန္ဓ ၃၊ ၃၅၃)

*

## ပဋ္ဌာန်းအနက်နှင့် ဘုရားဘွဲ့တော်

မေး။ ။ အရှင်ဘုရား၊

(၁) ၂၄ ပစ္စည်းပဋ္ဌာန်းဒေသနာတော်၏ အနက်အဓိပ္ပာယ်ကို စာအုပ်များ၌ ဖတ်ရှုရာတွင် သဘောမပေါက်နိုင် ဖြစ်နေပါသည်။ သို့ပါ၍ တပည့်တော်ကဲ့သို့ အလွယ်တကူ နားမလည်နိုင်သူများအတွက် အနက်အဓိပ္ပာယ်အကျဉ်းကို အချုပ်မျှ ဖော်ပြပေးပါရန် တောင်းပန်လျှောက်ထားအပ်ပါသည်ဘုရား။

(၂) ဂေါတမမြတ်စွာဘုရားဟု ခေါ်ဝေါ်နေသည်မှာ မြတ်စွာဘုရား၏ ဘွဲ့တော်၊ (သို့တည်းမဟုတ်) အမည်နာမတော်လောဆိုသည်ကို ဖော်ပြပေးပါရန် လျှောက်ထားအပ်ပါသည်။ အလားတူ ကကုသန်၊ ကောဏာဂုမ်၊ ကဿပ စသည်များမှာလည်း မြတ်စွာဘုရား၏ ဘွဲ့တော်များလောဟု နားမလည်ပါသဖြင့် ဖြေကြားပေးစေလိုပါသည်။

မယဉ်ယဉ်မေ (ရန်ကင်း)

www.dhammaransi.com

ဖြေ။ ။ (၁) ၂၄ ပစ္စည်း ပဋ္ဌာန်းဒေသနာတော်၏ အနက်အဓိပ္ပာယ်ကို ကုသိုလ်ဖြစ် လှူဒါန်းသော စာအုပ်များ၌ အနက်ကျဉ်းဖြင့် ဖော်ပြထားသည်မှာ အလွယ်ဆုံး၊ အကျဉ်းဆုံး ဖော်ပြထားခြင်းသာ ဖြစ်ပါသည်။ ပဋ္ဌာန်းပစ္စည်းများ၏ အနက်အဓိပ္ပာယ်ကို နားလည်သဘောပေါက်ရန်ကား လေ့လာသင်ကြားမှသာ ဖြစ်နိုင်ပါသဖြင့် နီးစပ်ရာ သင်တန်းတစ်ခုခုမှာ တက်ရောက်သင်ကြားရန် တိုက်တွန်းလိုပါသည်။

(၂) ဂေါတမမြတ်စွာဘုရားဟူသည်မှာ အနွယ်တော်၏အမည် ဖြစ်ပါသည်။ ငယ်မည်မှာ သိဒ္ဓတ္ထဖြစ်သော်လည်း ဘုရားအဖြစ်သို့ ရောက်သောအခါ ထိုငယ်မည်အတိုင်းခေါ်လျှင် မရိုသေရာကျသဖြင့် ဂေါတမအနွယ်ဖြစ်၍ အနွယ်အမည်ဖြင့် ဂေါတမမြတ်စွာဘုရားဟု ခေါ်ရပါသည်။ ကကုသန်၊ ကောဏာဂုမ်၊ ကဿပ စသည် မြတ်စွာဘုရားတို့၌လည်း ထိုနည်းတူပင် ဖြစ်ပါသည်။

*

## ပဋ္ဌာန်းရွတ်ခြင်း

မေး။ ။ အရှင်ဘုရား၊

တပည့်တော်အား ဘာသာရေးလိုက်စားနေသော မိတ်ဆွေတစ်ဦးက ပဋ္ဌာန်းအကျယ် ပစ္စယနိဒ္ဒေသကို အိမ်မှာ မရွတ်ကောင်းဘူး။ ဓမ္မာရုံ (သို့) ဘုရားများမှာမှ ရွတ်ကောင်းကြောင်း၊ အိမ်မှာရွတ်ရင် မနာခံဝံ့သော နတ်သေးနတ်မွှားလေးများက ပင်လယ်ဝသို့ ထွက်ပြေးပြီး ဆုံးမှ ပြန်လာရကြောင်း၊ အဲဒီလို ခဏခဏထွက်ပြေးနေရတော့ စိတ်ဆိုးပြီး ရွတ်သောသူကို ဒုက္ခအမျိုးမျိုးရောက်အောင် ကျိန်ဆဲတတ်ကြောင်း ပြောပါသည်။ အဲဒါ ဟုတ်၊ မဟုတ်။ တကယ်လို့ ဟုတ်ခဲ့လျှင် မည်သို့ တောင်းပန်ပြီး ရွတ်ရမည်။ ဒါမှမဟုတ် မရွတ်ရဘူးဟု ကွဲပြားအောင် ဖြေရှင်းပေးပါရန် လျှောက်ထားပါသည် ဘုရား။

သန်းသန်း (ရန်ကုန်)

www.dhammaransi.com

ပြေ။ ။ ပရိတ်ကြီး ၁၁သုတ်၊ ဓမ္မစကြာ၊ အနတ္တလက္ခဏာသုတ်၊ ပဋ္ဌာန်း

စသည်တို့မှာ ဗုဒ္ဓ၏ နှုတ်တော်ထွက် ဒေသနာမြတ်များ ဖြစ်ပါသည်။ ကျက်သရေမင်္ဂလာတိုး၍ အန္တရာယ်အမျိုးမျိုးမှ ကင်းဝေးအောင် အစဉ်အမြဲ ရွတ်ဆိုနေသင့်သော တရားတော်များ ဖြစ်ပါသည်။ ၎င်းတို့ကို ရွတ်ဆို၍ ထွက်ပြေးရသူတို့မှာ နတ်ကောင်းနတ်မြတ်များ မဟုတ်၊ နတ်ဆိုးနတ်ဝါးများသာ ဖြစ်ပါလိမ့်မည်။ နတ်ကောင်းနတ်မြတ်တို့သည် ထိုကဲ့သို့သော ဒေသနာတော်များကို နာကြားလို၍ အစဉ်အမြဲ ရှာဖွေသွားလာ၍ နေကြကြောင်း၊ ရွတ်ဆိုသံကြားလျှင် လာရောက်နာယူ၍ ရွတ်ဆိုသူအား စောင်မ စောင့်ရှောက်ကြကြောင်း ကျမ်းဂန်လာ ရှိပါသည်။ နတ်ဆိုး၊ နတ်သေးနတ်မွှားများ ထွက်ပြေးရခြင်းမှာ ရွတ်ဆိုသံကြောင့် မဟုတ်။ နတ်ကောင်း နတ်မြတ်များ လာ၍ မနေဝံ့ကာ ထွက်ပြေးရခြင်း ဖြစ်ဟန်တူပါသည်။ ထိုနတ်ဆိုးများ ပြန်မလာဝံ့အောင် နေ့စဉ်ရွတ်ဆို၍ နေသင့်ပါသည်။ ပဋ္ဌာန်းဆို၍ ပြောရဦးမည်။ ပဋ္ဌာန်း ၂၄ ပစ္စည်း ပစ္စယုဒ္ဒေသကို အိမ် တနင်္ဂနွေထောင့်မှ စ၍ ၃ ပစ္စည်းစီ တစ်တန်းတည်းရေးကာ (အထက်အောက် မရေးရ) တနင်္လာ၊ အင်္ဂါမှပတ်၍ သောကြာ(မြောက်အရပ်)အထိ ပစ္စည်း ၃ ပစ္စည်းစီ ရေး၍ ကပ်ထားလျှင် ဘေးရန်ဟူသမျှ ကင်းဝေးရကြောင်း ရှေးဆရာမြတ်တို့ မိန့်ကြားပါသည်။ ထိုသို့ရေး၍ ကပ်ထားသော အိမ်များ၊ တိုက်များ ရှိပါသည်။ (အချို့တိုက်များတွင် ဆောက်လုပ်စကပင် လက်သမားကို စာလုံးဖော်၍ လုပ်ခိုင်းထားသည် တွေ့ဖူးပါသည်။) ထို့ကြောင့် ပဋ္ဌာန်းတရားတော်မှာ အန္တရာယ်ဟူသမျှကို ကင်းငြိမ်းစေနိုင်၍ အစဉ်ရွတ်ဖတ်သင့်ကြောင်း ဖြေကြားလိုပါသည်။

*

www.dhammaransi.com

## ကာလနဂါး အအိပ်ကြီးသလား

မေး။ ။ အရှင်ဘုရား၊

"အအိပ်ကြီးလိုက်တာ ကာလနဂါးကျနေတာပဲ" ဟု လူတို့ ပြောလေ့ပြောထ ရှိပါသည်။ ဘုရားတစ်ဆူနှင့် တစ်ဆူအကြား ကာလပတ်လုံး အိပ်ပျော်နေသည်ဟုလည်း ကြားဖူးပါသည်။ ကာလနဂါး တကယ်ပဲ အအိပ်ကြီးပါသလား ဘုရား။ ဖြေကြားတော်မူပါရန် တောင်းပန်ပါသည် ဘုရား။

ဦးထွန်းထွန်းလွင်၊ သံဖြူဇရပ်မြို့

ဖြေ။ ။ ကာလနဂါးသည် အအိပ်ကြီးသည် မဟုတ်။ ၎င်းမှာ တစ်ကမ္ဘာပတ်လုံး အသက်ရှည်သော နဂါးဖြစ်၍ ယခင် ဘုရားသုံးဆူ ပွင့်ခဲ့သည်ကိုလည်း သိသည်။ ယခု ဂေါတမမြတ်စွာဘုရားပွင့်သည်ကိုလည်း ရွှေခွက်ရောက်လာ၍ သိသည်။ နောင်ပွင့်လတ္တံ့သော အရိမေတ္တေယျဘုရား ပွင့်လျှင်လည်း သိဦးမည်။ ဘုရားတစ်ဆူနှင့်တစ်ဆူအကြား(ဗုဒ္ဓန္တရတစ်ခု) သည် မြေကြီး တစ်ယူဇနာနှင့် သုံးဂါဝုတ် (၁၅ မိုင်နီးပါး) တက်သည့်တိုင်အောင် ကာလခြားကွာလျက်ရှိရာ ယမန်နေ့ကပင် ဘုရားတစ်ဆူ ပွင့်ခဲ့၍ ယနေ့ တစ်ဆူပွင့်ပြန်ပြီဟု ကာလနဂါးကြီးဆိုခြင်းမှာ အိပ်ရာမှ နိုး၍ တစ်နေ့ကူးသောကြောင့် ဆိုခြင်းမဟုတ်။ တစ်ကမ္ဘာပတ်လုံး ၎င်း၏ ကုသိုလ်ကံကြောင့် ရရှိသော ကာမဂုဏ်စည်းစိမ်တို့ကို ခံစားမွေ့လျော်၍ နေသောကြောင့် အိပ်ပျော်နေခြင်းနှင့်တူသဖြင့် ရွှေခွက်ချင်း ထိခိုက်သံကြားမှ သတိရ၍ဆိုခြင်း ဖြစ်သည်။ မြတ်စွာဘုရားအထံ နတ်ဗြဟ္မာတို့နှင့်အတူ လာရောက်၍ ဂါထာများ ရွတ်ဆိုလျက် ချီးကျူးကြောင်း အသောကမင်းလက်ထက်၌ လာရောက်၍ ဘုရားအသွင် ဖန်ဆင်းပြကြောင်းများကို ထောက်၍ အိပ်ပျော်မနေကြောင်း သိနိုင်ပါသည်။

(သာရတ္ထ သင်္ဂဟ၊ ၄-၂၂၇)

*

www.dhammaransi.com

# ဆံပင် မွေးညှင်း

မေး။ ။ အရှင်ဘုရား၊

လူ၏ခန္ဓာကိုယ်တွင် ဆံပင်မွေးညှင်း စသည်ဖြင့်ရှိရာ ဆံပင်ပေါင်း မည်မျှ၊ မွေးညှင်းပေါင်း မည်မျှဟု ဟောထားသော ပါဠိတော်ရှိသည်ဟု သိရပါသည်။ ထိုဆံပင်၊ မွေးညှင်းတို့၏ အရေအတွက်ကို သိလိုပါသည် ဘုရား။

ဦးထွန်းကို (တောင်ကြီး)

ဖြေ။ ။ လယ်တီဆရာတော်ဘုရားကြီး ပြုစီရင်တော်မူသော ဘာဝနာဒီပနီတွင် "ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ 'ကေသကာယံ၊ လောမကာယံ၊ နခကာယံ၊ ဒန္တကာယံ' အစရှိသည်ဖြင့် ဟောတော်မူသောကြောင့် တစ်ယောက်သောသူ၏ ကိုယ်သန္တာန်၌ ကေသကာယ၊ လောမကာယ အစရှိသည်ဖြင့် ကာယပေါင်း ၃၂ ပါးရှိ၏။ (ကိုယ်ခန္ဓာပေါင်း ၃၂ ပါးရှိ၏ ဟူလို) (၁) ဆံပင်ပေါင်း ၂ ကုဋေ၊ ၄ သန်းရှိသည်ဆိုသောကြောင့် ကေသကာယပေါင်း ၂ ကုဋေ ၄ သန်းရှိ၏။ (၂) ထို့အတူ မွေးညှင်းခေါ်သော ကိုယ်ခန္ဓာပေါင်း ၉ သောင်း ၄ ထောင်ရှိ၏။ (၃) ခြေသည်း၊ လက်သည်း ခေါ်သော ကိုယ်ခန္ဓာပေါင်း ၂၀ ရှိ၏။ (၄) သွားခေါ်သော ကိုယ်ခန္ဓာပေါင်း ၃၂ ပါးရှိ၏။ (၅) အရေခေါ်သော ကိုယ်ခန္ဓာပေါင်း ၂ ပါးရှိ၏။ (အရေထူ၊ အရေပါးဟူလို) (၆) အသားခေါ်သော ကိုယ်ခန္ဓာပေါင်း ၉ ရာ ရှိ၏။ (၇) အကြောခေါ်သော ကိုယ်ခန္ဓာပေါင်း ၉ ရာရှိ၏။ (၈) အရိုးခေါ်သော ကိုယ်ခန္ဓာပေါင်း ၃ ရာရှိ၏" စသည်ဖြင့် ဖော်ပြထားသည်။ (ယင်းကျမ်း ၃၂)။ ဆံပင်မွေးညှင်းတို့ကား ယေဘုယျအားဖြင့် ဖော်ပြပါအရေအတွက် အတိုင်း မှတ်ပါ။ လူမျိုးအလိုက်၊ ပုဂ္ဂိုလ်အလိုက် ကွာခြားမှုကား ရှိနိုင်ပါသည်။

*

www.dhammaransi.com

# ပဋ္ဌာနမောဒနကုသိုလ်

မေး။ ။ အရှင်ဘုရား၊

သူတစ်ပါးပြုသော ကုသိုလ်ကောင်းမှုကို သာဓုခေါ်လျှင် ကုသိုလ်ပြုသူနှင့် ထပ်တူရနိုင်ကြောင်း သိရပါသည်။ သိန်းပေါင်းလေးငါးဆယ်ကုန်လှူသော သူ၏အလှူကို သာဓုခေါ်လျှင် ထိုလှူသူနှင့် ထပ်တူရနိုင်၊ မရနိုင်။ ရနိုင်သည်ဆိုလျှင် မိမိက တစ်ကျပ်တစ်ပြားမျှမလှူဘဲ အချောင်ကုသိုလ်ယူနေသည်နှင့် မတူပါလား။ ထိုပဋ္ဌာနမောဒနကုသိုလ်ဟူသည်မှာ ဘုရားဟောဟုတ်ပါသလား။ ဖြေကြားပေးတော်မူပါဘုရား။ (အမေးကို ချုံးထားသည်။)

သိလိုသူ၊ ရွှေတောင်မြို့

ဖြေ။ ။ ပဋ္ဌာနမောဒန ကုသိုလ်ဟူသည်မှာ ပုညကိရိယဝတ္ထုဆယ်ပါးတွင် အပါအဝင်ဖြစ်၍ ဘုရားဟောစင်စစ်ပင် ဖြစ်ပါသည်။ ၎င်းမှာ ပုညကိရိယ ဝတ္ထုဆယ်ပါးတွင် မိမိ(ပဋ္ဌာနမောဒန)မှတစ်ပါး အခြားကိုးပါးသော ဒါန၊ သီလ၊ ဘာဝနာ၊ အပစာယန၊ ဝေယျာဝစ္စ၊ ပတ္တိဒါန၊ ဓမ္မဿဝန၊ ဓမ္မဒေသနာ၊ ဒိဋ္ဌိဇုကမ္မတို့ကို သာဓုခေါ်ခြင်းဖြစ်၏။ ဒါန၌ ပဋ္ဌာနမောဒန ဖြစ်ပုံကို ပုံစံထုတ်၍ပြရသော် သူတစ်ပါး လှူဒါန်းသည်ကို တွေ့ရလျှင် မိမိက ဣဿာ၊ မစ္ဆေရဟူသော ကဲ့ရဲ့ပြောဆို မနာလိုနှင့် ဝန်တိုခြင်းကင်းရှင်းစွာဖြင့် ဝမ်းမြောက်နိုင်ဖို့လိုပါသည်။ ထိုသို့ ဝမ်းမြောက်နိုင်ရန်မှာလည်း မိမိကိုယ်တိုင်က ဒိဋ္ဌိဇုကမ္မခေါ် သမ္မာအယူ စင်ပြုသန့်ရှင်းနလုံးသွင်းကောင်းရှိမှသာဖြစ်ရာ သာမန်သာဓုခေါ်ရုံဖြင့် ပဋ္ဌာနမောဒနခေါ် ကုသိုလ်ကို ရရှိနိုင်မည် မဟုတ်ပေ။ လှူဒါန်းသူ၏စိတ်နှင့် ထပ်တူထပ်မျှ သဒ္ဓါတရားရှေ့သွားပြုနိုင်ရန် လွန်စွာအရေးကြီးလှသဖြင့် ဤကုသိုလ်ကို လွယ်လွယ်နှင့် မရနိုင်သည်ကို သိသင့်ပါသည်။ ကျောင်း၊ ဘုရားတို့တွင် ဝေယျာဝစ္စပြုနေသူကို တွေ့မြင်က တကယ်ဘမ်း ဣဿာ

မစ္ဆေရကင်းကင်းဖြင့် ဝမ်းမြောက်ခြင်းဖြစ်သူ ရှားလှသည်။ နှုတ်မြွက်၍ မကဲ့ရဲ့မိသည့်တိုင်အောင် စိတ်ထဲက အပြစ်တင်လျက် ပြင်ပန်းဟန်လုပ်၍ နှုတ်ကသာဓုခေါ်သူသာ များတတ်လေသည်။ အခြား ပုညကိရိယဝတ္ထုတို့တွင်လည်း ထို့အတူ နှိုင်းယှဉ်လျက် သာဓုခေါ်သူအဖို့ အချောင်ကုသိုလ်ယူခြင်းဖြစ်၊ မဖြစ် စဉ်းစားနိုင်စရာ ရှိပါသည်။

*

## ငါးထပ်ကြီး၊ ခြောက်ထပ်ကြီး

မေး။ ။ အရှင်ဘုရား၊

ဆရာတော်ဘုရားသည် ခြောက်ထပ်ကြီးတိုက်၌ သီတင်းသုံးသည်ဟု သိရပါသည်။ ၎င်းခြောက်ထပ်ကြီး၊ ငါးထပ်ကြီးဟူသော အမည်များကို တပည့်တော်များ သိလိုပါသည်။ ဆရာတော် သိပါက ထိုအမည်များ၏ အဓိပ္ပာယ်ကို ရေးသားမိန့်ကြားပါရန် ရှိသေစွာ တောင်းပန်ပါသည်ဘုရား။

ဦးဝင်း (ကျောက်မြောင်း)

ဖြေ။ ။ ငါးထပ်ကြီးကို စွဲ၍ ခြောက်ထပ်ကြီး ဖြစ်လာရပါသည်။ မူလ ငါးထပ်ကြီးမှာ စစ်ကိုင်းမြို့မှာရှိ၍ ရန်ကုန်ငါးထပ်ကြီးကို စစ်ကိုင်းငါးထပ်ကြီး အချိုးအစားအတိုင်းယူ၍ တည်သည်။ အင်းဝဘုရင် မင်းရဲရန္တမိတ်ခေါ် ငါးထပ်ဒါယကာ (၁၀၁၀–၁၀၂၃)ကောင်းမှုဖြစ်သည့် စစ်ကိုင်း ငါးထပ်ကြီး၏ အမည်တော်မှာ ဝေဠုဝန်ဟူ၍ ဖြစ်သော်လည်း တန်ဆောင်းတော်ကြီး အမိုးငါးထပ် ရှိသည်ကိုစွဲ၍ ငါးထပ်ကြီးအမည်တွင်ပါသည်။ ၎င်းငါးထပ်ကြီး အချိုးအစားအတိုင်း တည်၍ ရန်ကုန်ငါးထပ်ကြီးမှာ မဟာသက္ကျအတုလမာရ်အောင် သမုတ်သော်လည်း ငါးထပ်ကြီးဟူ၍ပင် ခေါ်ကြပါသည်။ ငါးထပ်ကြီးဘုရား တည်သောနေရာမှာ အရှေ့တောရဖြစ်၍ ဘုရားဖူး သွားရန်မလွယ်ပါ။ ရွှေတိဂုံမှ အရှေ့မြောက်တောလမ်းအတိုင်း သွားရပါသည်။ ရွှေဂုံတိုင်လမ်းလည်း မရှိသေး။ နောက်

ခြောက်ထပ်ကြီးကို ကျောင်းတော်မူပုံတည်သည်။ တောဖြစ်၍ အရောက် သွားပြီး ဖူးသူနည်းသည်။ ငါးထပ်ကြီးရောက်သူတို့ ငါးထပ်ကြီး ကုန်းပေါ် မှမျှော်၍ 'သည်က ငါးထပ်ကြီး၊ ဟိုက ခြောက်ထပ်ကြီး' ဟု ဘုရားဖူးများ နာမည်ပေး၍ ခြောက်ထပ်ကြီးဟု အလိုလိုတွင်သွားသည်။ ဤငါးထပ် ကြီး၊ ခြောက်ထပ်ကြီးများကိုစွဲ၍ ထိုင်တော်မူဟန် ရုပ်ပွားကိုယ်တော်ကြီး များ အမြို့မြို့အနယ်နယ်တွင် တည်ကြရာ ကိုးထပ်ကြီး၊ ဆယ်ထပ်ကြီး စသည့် နာမည်များ တွင်နေကြပါသည်။

*

## မိဘကိုသတ်ခြင်း

မေး။ ။ အရှင်ဘုရား၊

အမိအဖကိုသတ်လျှင် ပဉ္စာနန္တရိယကံထိုက်သည်ဟု ကြားဖူးပါ သည်။ လူသားစင်စစ်ကို ဆိုတာလား ဘုရား။ အမိအဖတို့ကို သတ်သော သူ၌ အမိအဖတို့သည် တိရစ္ဆာန်ဖြစ်ခဲ့သော် ထိုတိရစ္ဆာန်အမိအဖတို့ကို သတ်သော လူသားစင်စစ်သည် ပဉ္စာနန္တရိယကံထိုက် မထိုက်နှင့် ထိုပဉ္စာ နန္တရိယကံ လွန်ကျူးမိပါက မည်မျှအပြစ်ကြီးပါသလဲဘုရား။ သည်းခံ၍ ဖြေကြားပေးတော်မူပါဘုရား။

အောင်စိုးမိုး၊ ပဲခူး

ဖြေ။ ။ လူသားစင်စစ်ဖြစ်သော အမိအဖတို့ကို သတ်မှသာ ပဉ္စာနန္တရိယ ကံထိုက်ပါသည်။ ဇာတ်ကွဲသော (တိရစ္ဆာန်ဖြစ်သော) အမိအဖတို့ ကို သတ်သော သားသမီး၊ အနန္တရိယကံ မထိုက်။ ဤသို့ ကံမထိုက်သော် လည်း အလွန်ဝန်လေးသောကံဖြစ်၏။ အနန္တရိယကံကို မမီတမီ (မီလုနီး ပါး)စွဲ၍ တည်သည်။ ၎င်းကံနီးပါး အပြစ်ကြီးသည်ဟု ဆိုပါသည်။ "ဘာရိယံပန ဟောတိ၊ အနန္တရိယံ အာဟစ္စေဝတိဋ္ဌတိ"။ (သားသည် လူသားဖြစ်လျက် တိရစ္ဆာန်အမိအဖကို သတ်သော်လည်းကောင်း၊ သား

သည် တိရစ္ဆာန်ဖြစ်လျက် လူသားဖြစ်သော အမိအဖကို သတ်သော်လည်းကောင်း၊ သားသည် တိရစ္ဆာန်ဖြစ်လျက် တိရစ္ဆာန်ဖြစ်သော အမိအဖကို သတ်သော်လည်းကောင်း အနန္တရိယကံ မထိုက်။ အလွန်ဝန်လေးစွာသော အတိဘာရိယကံသာတည်းဟု သမ္မောဟဝိနောဒနီအဋ္ဌကထာ၌ ဆိုထားချက်ရှိသည်။) လူသားမိဘကို သတ်သူသည် အနန္တရိယကံထိုက်၍ အဝီစိငရဲ၌ တစ်ကမ္ဘာပတ်လုံး ခံရသည်ဟု ဆိုသည်။ အမိနှင့်အဖသည် အမိက အဖထက်ပို၍ ကျေးဇူးကြီးသဖြင့် အဖသတ်သောကံထက် အမိသတ်သောကံက ပို၍အပြစ်ကြီး၏။ ထိုမိဘကို သတ်သောကံသည် ဂရုကံတွင်ပါဝင်၍ မည်သည့်ကုသိုလ်ကိုပင် လုပ်စေကာမူ ငရဲမှ မလွတ်နိုင်တော့ပေ။ အဇာတသတ်မင်းသည် ခမည်းတော် ဗိမ္ဗိသာရမင်းကြီးအား သတ်ခဲ့သည်။ ထို့နောက် ဘုရားရှင်အား အသက်တမျှကြည်ညိုလှူဒါန်း၍ ပထမသင်္ဂါယနာတင်သည့်အထိ ကုသိုလ်ကောင်းမှုများကို လုပ်သော်လည်း သုဂတိ မရောက်ပေ။ အဝီစိငရဲမှ လွဲ၍ လောဟကုမ္ဘီငရဲ၌ ဖြစ်ရလေသည်။

*

## တစ်ပါးသီလ

မေး။ ။ အရှင်ဘုရား၊

၇-၇-၉၁-နေ့ထုတ် လုပ်သားပြည်သူ့ နေ့စဉ်သတင်းစာ ဘာသာယဉ်ကျေးမှုကဏ္ဍ (စာမျက်နှာ ၈)တွင် မဟာစည်ဆရာတော်ဘုရား၏ 'သူတော်စင်တို့စံအိမ်'တရားတော်ကို ဖော်ပြထားပါသည်။ ထိုတရားတော်တွင် သုတ်အကြောင်း ရှင်းလင်းရင်း "ငါးပါး၊ ရှစ်ပါးသော သီလများကို နုတ်ပယ်၍ လည်းကောင်း၊ ဖြည့်စွက်၍လည်းကောင်း မခံယူသင့်ကြောင်း" ပါရှိပါသည်။ ဆရာဦးသု၏ "တစ်ပါးသီလ"နှင့် ထိုအဆိုအမိန့်နှစ်ရပ်မှာ ဒွိဟပွားစရာ ဖြစ်ပါ၍ ရှင်းလင်းဖြေကြားပေးပါဘုရား။

သိန်းမင်းဝင်း (ရွှေပြည်သာ)

ဖြေ။ ။ အချို့သူများက မုသာဝါဒကိုချန်၍ ငါးပါးသီလမှ လေးပါးသီလ၊ ဥပုသ်စောင့်ရာတွင် ညစာစားလို၍ ရှစ်ပါးသီလမှ ဝိကာလဘောဇနာကိုချန်၍ ခုနစ်ပါးသီလ ခံယူကြကြောင်း ကြားသိရပါသည်။ ဘုရားဟောတရားတော်များကို ဖျက်ဆီးခြင်းပင်ဖြစ်၍ မလုပ်အပ်၊ မလုပ်သင့်သော အမှုများဖြစ်ပါသည်။ ထို့ကြောင့် ဆရာတော်ဘုရားကြီးများက မလုပ်ကြရန် သတိပေးခြင်း ဖြစ်ပါသည်။ "တစ်ပါးသီလ"ဆိုသည်မှာ လုံးလုံးသီလ မရှိသည်ထက် တစ်ပါးတလေရှိနေခြင်းက တော်သေးသည်ဟု ပုံပြင်ပမာ ပြောဆိုခြင်းသာဖြစ်၍ စာလာပေလာ၊ ကျမ်းဂန်လာ စကားမဟုတ်ကြောင်း သတိပြုစရာ ဖြစ်ပါသည်။

*

## ရတနာသုံးပါး၊ ငါးပါး

မေး။ ။ အရှင်ဘုရား၊

ရတနာသုံးပါးဟူ၍ ကြားဖူးပါသည်။ ဆိုရိုးလည်း ရှိပါသည်။ သို့သော် မိဘနှင့်ဆရာသမားတို့သည် ဘုရားနှင့် တစ်ဂိုဏ်းတည်း အနန္တဂိုဏ်းဝင်ဖြစ်သည်ဟုဆိုသည်။ သို့ပါလျက် အဘယ်ကြောင့် ရတနာငါးပါးဟု မဆိုဘဲ ရတနာသုံးပါးဟုသာ ဆိုရပါသလဲဘုရား။

လှတင်၊ ကညင်မြိုင်၊ ရမ်းဗြဲ

ဖြေ။ ။ ရတနတ္တယ်၊ ဝတ္ထုတ္တယ် စသည်ဖြင့် ရတနာသည် ဘုရား၊ တရား၊ သံဃာ ဤသုံးဖြာသာဖြစ်သဖြင့် ရတနာသုံးပါးဟု ဆိုပါသည်။ ဤသုံးပါးမှတစ်ပါး အခြားမြတ်သော ရတနာမရှိပါ။ မိဘနှင့် ဆရာသမားတို့မှာ ဂုဏ်ကျေးဇူးကြီးမားသူများဖြစ်၍ အနန္တဂိုဏ်းဝင်အဖြစ် အမှတ်ထား၍ ဘုရားနှင့် ဂုဏ်ကျေးဇူးတူတန်ကြောင်း ဆိုပါသည်။ ရတနာအဖြစ်

www.dhammaransi.com

မဆိုပါ။ အနန္တောအနန္တ ငါးပါးဟုသာ သတ်မှတ်သည်။ ရတနာငါးပါးဟု သတ်မှတ်ချက်မရှိ။ ဤသို့ ခွဲခြားမှတ်သားသင့်ကြောင်း ပြောလိုပါသည်။

*

## အနက်အဓိပ္ပာယ်မသိဘဲ ပရိတ်ရွတ်ခြင်း

မေး။ ။ အရှင်ဘုရား၊

ပရိတ်ကြီး ၁၁ သုတ်ကို အနက်အဓိပ္ပာယ်မသိဘဲ ရွတ်ဆိုလျှင် အကျိုးအာနိသင် ရှိပါ့မလား ဘုရား။ ပါဠိများကို နှုက်နှုက်ချွတ်ချွတ် တစ်လုံးမကျန် အနက်အဓိပ္ပာယ်သိအောင် မည်သည့်စာအုပ်များတွင် ရှာဖွေကျက်မှတ်ရမည်ကို သိလိုပါသည်ဘုရား။

ခင်မောင်တိုး၊ ကလေး၀

ဖြေ။ ။ ပါဠိဘာသာ မသင်ကြားဖူးသော လူပုဂ္ဂိုလ်တစ်ဦးအနေဖြင့် ပရိတ်ကြီး ၁၁ သုတ် ပါဠိများကို တစ်လုံးမကျန် အနက်အဓိပ္ပာယ်သိဖို့ရာ မလွယ်ကူပါ။ ဝါသနာရှိပါက ပရိတ်ကြီး နိဿယကျမ်းများကို ကြည့်ရှု ကျက်မှတ်၍ လေ့လာပါလျှင် အသင့်အတင့် အနက်အဓိပ္ပာယ် သိလာနိုင်ပါသည်။ သံဃာတော်များ ပရိတ်ရွတ်ရာ၌ "ပါဠ်မှန်, နက်ထင်, မေတ္တာဝင်" ဤအင်္ဂါသုံးချက်နှင့်အညီ ရွတ်ဆိုကြ၍ ဒါယကာ၊ ဒါယိကာမများက အန္တရာယ်ကင်းခြင်း၊ ကျက်သရေမင်္ဂလာ စီးပွားဥစ္စာတိုးတက်ခြင်း အကျိုးကျေးဇူးများရရန် ပင့်ဖိတ် ရွတ်ဆိုလေ့ရှိကြပါသည်။ မိမိတို့ကိုယ်တိုင် ရွတ်ဆိုပါက အနက်အဓိပ္ပာယ်မထင်သော်လည်း ပုဒ်ပါဠ်မှန်ကန်စွာဖြင့် မြတ်စွာဘုရားဂုဏ်တော်၊ ကျေးဇူးတော်တို့ကို အာရုံပြု၍ ရွတ်ဆိုလျှင် အကျိုးရှိပါသည်။ ရတနသုတ်နိဒါန်းတွင် မြတ်စွာဘုရား နိယတဗျာဒိတ် ခံယူခဲ့သည်မှစ၍ ပါရမီတော်ဆယ်ပါး အပြားသုံးဆယ်တို့ကို ဖြည့်ကျင့်တော်မူပုံ၊ နောက်ဆုံး ဓမ္မစကြာ တရားဟောတော်မူသည်အထိ မြတ်စွာဘုရား ဂုဏ်တော်တို့ကို အာရုံပြုရွတ်ဆိုလျှင် အကျိုးရှိကြောင်း ဆိုပါ

www.dhammaransi.com

သည်။ ဖြစ်သင့်သလို ကြုံးစားအားထုတ် ရွတ်ဆိုပါဟု တိုက်တွန်းလိုပါသည်။

*

## စေတနာဒေါသဖြင့် ပြုမှု

မေး။ ။ အရှင်ဘုရား၊

တပည့်တော်၏ ဖခင်ကြီး မကွယ်လွန်မီက ခြေဆုပ်လက်နယ်ပြုစုခြင်း၊ မေ့လျော့နေမည့် တရားဓမ္မများကို မမေ့မလျော့စေရန် သတိပေးခြင်းနှင့် ဆေးသောက်ရာတွင် ပြောဆိုခြင်းတို့အပြင် ဆေးမသောက်လိုသောအခါ ဆူပူပြောဆိုရခြင်း စသည်တို့အား စေတနာဒေါသဖြင့် ပြုမှုမိပါသည်။ မှန်ကန်သော စေတနာဖြင့် ပြုမူပြောဆိုမိကြောင်း သစ္စာဆိုဝံ့ပါသည် အရှင်ဘုရား။ ဤအတွက် တပည့်တော်မမှာ အပြစ်ရှိ၊ မရှိ။ ရှိခဲ့ပါလျှင် မည်ကဲ့သို့ ဖြေဖျောက်ရပါမည်နည်း။ တပည့်တော်မ မအိပ်နိုင်၊ မစားနိုင်ဖြစ်ပြီး စိတ်ဒုက္ခရောက်နေရပါ၍ ဖြေကြားပေးပါ အရှင်ဘုရား။

မကျော့ကျော့ခင် (မြောက်ဥက္ကလာပ)

ဖြေ။ ။ ရှိသေလေးစားစွာဖြင့် ဆရာမိဘတို့အား ပြုစုကြရာ၌ လူမမာဆရာမိဘတို့သည် လူမမာပီပီ၊ ရံဖန်ရံခါ ဆေးမသောက်လိုခြင်း၊ အစားအစာ မစားလိုခြင်းတို့ကြောင့် ပြုစုသူနှင့် ဆန့်ကျင်ဘက် ဖြစ်တတ်ကြပါသည်။ ထိုအခါ ပြုစုသူတပည့်သားသမီးများက စေတနာကောင်းဖြင့် ဆေးဝါးမှု စားသောက်ရန် အတင်းအကျပ်ကျွေးခြင်း၊ ဆူပူပြောဆိုခြင်းတို့လည်း ရှိတတ်ပါသည်။ စေတနာကောင်းဖြင့် ပြုမူပြောဆိုခြင်းဖြစ်၍ အပြစ် မရှိပါ။ စေတနာကောင်းကြောင့် ကုသိုလ်ပင် ဖြစ်ပါသည်။

ကျမ်းဂန်တို့တွင် အမိသည် ပြောစကား နားမထောင်ဘဲ ထွက်ခွာသွားသော သားအား "ဟဲ့သားမိုက်၊ တောထဲက ကျွဲရိုင်းမကြီး ထွက်လာပြီး ခတ်၍ သေစမ်းပါစေ"ဟု ပြောရာ၌ စကားသံကြမ်းသော်လည်း စေတနာ

ဖြူစင်သည်ဖြစ်၍ ဖရုသဝါစာ မဖြစ်ကြောင်း၊ ရှင်ဘုရင်က ရာဇဝတ်သား အား သေမိန့်ပေးရာ၌ "ကဲ သူ့ကို ချမ်းချမ်းသာသာအိပ်ပါစေ"ဟု ဆိုရာ တွင် စကားသံ နူးညံ့သော်လည်း စေတနာကြမ်းသဖြင့် ဖရုသဝါစာဖြစ် ကြောင်းတို့ကို ထောက်ဆ၍ စေတနာသာ ပဓာနဖြစ်သည်ကို သာဓက ယူနိုင်ပါသည်။

*

## မနောဆွမ်းအလှူ

မေး။ ။ အရှင်ဘုရား၊

ယခုခေတ်အခါ၌ ပေါ်ပေါက်ခေတ်စားနေသည်မှာ မနောဆွမ်း ကပ်လှူသည်ဟုဆိုကာ နာမည်ကြီးသော ဆရာတော်တစ်ပါးကို ကိုယ်တိုင် သွားရောက်လှူဒါန်းခြင်း မပြုဘဲ မိမိအိမ်မှာ ဆွမ်းပွဲပြင်၍ စိတ်ထဲကမှန်းပြီး ကပ်လှူပါသည်။ ထိုကပ်လှူခြင်း (မနောဆွမ်း)သည် ထိုဆရာတော်ထံ ရောက်နိုင်၊ မရောက်နိုင်၊ အကျိုးရ၊ မရသိလိုပါသည်။ ထိုမနောဆွမ်းဟူ သည် မြတ်စွာဘုရားလက်ထက်က ရှိ၊ မရှိ သာဓကနှင့် ဖြေကြားပေးတော် မူပါဘုရား။

မောင်လူအေး (မြန်အောင်)

ဖြေ။ ။ ဒါနဟူသည် လှူဖွယ်ဝတ္ထုကို အလှူခံ ပုဂ္ဂိုလ်၏ လက်ရောက်ဆက် ကပ်လှူဒါန်းမှသာ အလှူမြောက်ပါသည်။ စိတ်ထဲက လှူရုံမျှဖြင့် မရောက်၊ လက်ရောက်ဆက်ကပ်လှူဒါန်းမှုမပြုဘဲ လှူပါသည်ဟု နှုတ်က မြွက်ရုံဖြင့်လည်း လှူသည်မမည်။ 'စိတ်ဖြင့် လှူပါသည်ဟု ကြံတွေးရုံမျှ ဖြင့် ကုသိုလ် ဖြစ်ပါသည်။ လက်ဖြင့် လှူစရာမလို'ဟု တရားသဘောကို လွန်ကျူးပြေးထွက်၍ နွားတစ်ဖက်သာ က,သကဲ့သို့ သဒ္ဒါမပါ၊ ဉာဏ်ရှာ ပြောကြား၊ အယူမှားသူများလည်း ဘုရားလက်ထက်ကပင် ရှိခဲ့ဖူးလေ သည်။ ထို့ကြောင့် "စိတ္တုပ္ပါဒ မတ္တေနေဝ ကုသလံ ဟောတီတိ အတိ–

ဓာဝိတွာ ဒါနာဒီနိပုညာနိ အကရောန္တော နိရယေ ဥပပဇ္ဇတိ” (အဘိ၊ ဌ၊ ၂–၂၆၄) စိတ္တုပ္ပာဒမတ္တေနေ၀=လှူလိုသောစိတ် ဖြစ်ခါမျှဖြင့်သာလျှင်။ ကုသလံ=ကုသိုလ်သည်။ ဟောတိတိ=ဖြစ်၏ဟူ၍။ အတိဓာဝိတွာ= တရားသဘောမှ လွန်ကျူးပြေးထွက်၍။ ဒါနာဒီနိ= ဒါနအစရှိကုန်သော။ ပုညာနိ=ကုသိုလ် ကောင်းမှုတို့ကို။ အကရောန္တော=မပြုသည်ဖြစ်၍။ နိရယေ=ငရဲ၌။ ဥပပဇ္ဇတိ=ဖြစ်ပွားကျရောက်ရလေ၏ ဟူသော သမ္မောဟ ဝိနောဒနီ အဋ္ဌကထာ စကားအတိုင်း မှတ်သား၍ ထိုမနောဆွမ်းလှူသမား တို့သည် ကုသိုလ်မရ၊ ငရဲကျမည့်သူများသာ ဖြစ်ကြောင်း သိထားစေလိုပါ သတည်း။

*

## ပါယ်မပြန်

မေး။ ။ အရှင်ဘုရား၊

တိသရဏာ၊ ငါးသီလ၊ မဲချစာရေးတံ။
ဆယ့်ငါးရက်ဆွမ်း၊ ဂါသင်္ကန်း၊ လှူဒါန်းသောက်ရေကန်။
ကျောင်းလှူတစ်ဝ၊ နိဗဒ္ဓ၊ ပုညရှိသူမှန်။
သောတာပန် နဲ၊ ဂတိမြဲ၊ သူလဲ ပါယ်မပြန်။

ဟူသောစာကို ကြားဖူးပါသည်။ ပါယ်မပြန်ဆိုသည်မှာ ဒုတိယ တစ်ဘဝ တည်းကိုသာ ဆိုလိုပါသလား။ သို့မဟုတ် ဘဝတိုင်းကို ဆိုလိုပါသလား ဘုရား။

မောင်မြင့်ကြည် (မိတ္ထီလာ)

ဖြေ။ ။ အင်္ဂုတ္တိုရ် အဋ္ဌကထာတွင် ‘ယေသံ ကုလာနံ–ပ–သောတာပန္န သဒိ သမေ၀’ ဟူသော နိဗဒ္ဓပုည ၇ ပါးပြ ပါဠိအရ ဖော်ပြပါ ကုသိုလ် ၇ မျိုးပြုသူသည် သေသည့်နောက် အပါယ်မရောက်၊ ဂတိမြဲသည်၊ သုဂတိကေန်ဖြစ်သည်ဆိုရာ၌ ပုထုဇဉ် သာမန်မျှသာဖြစ်၍ ဒုတိယဘဝ

တစ်ခုကိုသာ ဆိုပါသည်။ သို့သော် ဒုတိယဘဝတွင် တာဝတိံသာစသော နတ်ပြည်တို့၌ အရိယာနတ်သားများနှင့် ဆုံတွေ့နိုင်သော ကောင်းမှုကံရှိသူ ဥပနိဿယရှင်ဖြစ်၍ တရားများနာယူကာ မင်္ဂဖိုလ်ရသွားလျှင်ကား အပါယ်သို့ လုံးဝသွားတော့မည် မဟုတ်ပါ။

*

## ပေတငါးမျိုးနှင့် အမျှဝေခြင်း

မေး။ ။ အရှင်ဘုရား၊

လူ့ဘဝမှ ကွယ်လွန်သွားရာတွင် ပေတဂတိသို့ ရောက်သွားသူသည် ပေတငါးမျိုး၌ဖြစ်၍ ကျန်ရစ်သူတို့ ကုသိုလ်ကောင်းမှုပြု၍ အမျှဝေသောအခါ ပေတတစ်မျိုးသာလျှင် သာဓုခေါ်နိုင်၍ ကျန်လေးမျိုးမှာ သာဓုမခေါ်နိုင်ဟု သိရပါသည်။ ယင်းပေတငါးမျိုးနှင့် လေးမျိုးမှာ အဘယ်ကြောင့် သာဓုမခေါ်နိုင်၍ တစ်မျိုးမှာ အဘယ်ကြောင့် သာဓုခေါ်နိုင်ကြောင်း ရှင်းပြစေလိုပါသည် ဘုရား။ (အမေးကို သိသာရုံ ချုံးထားသည်။)

ဦးညိုမောင်၊ ရန်ကုန်

ဖြေ။ ။ ပေတဘဝ (ပြိတ္တာအဖြစ်)သည် ဆဂတိဒီပနီကျမ်း၊ လောကပညတ္တိကျမ်းတို့အရ ပြိတ္တာ ၁၂ မျိုးပြသည်။ အဋ္ဌကထာဋီကာကျမ်းတို့အရ ပြိတ္တာ ၄ မျိုးပြသည်။ ပြဿနာရှင်စာအရ ၅ မျိုးဆိုရာ၌ ဖော်ပြပါ ဆဂတိဒီပနီနှင့် လောကပညတ္တိကျမ်းလာ ၁၂ မျိုးကို တစ်မျိုးယူ၍ အဋ္ဌကထာဋီကာလာ ၄ မျိုးနှင့်ပေါင်းသော် ၅ မျိုး ဖြစ်နိုင်ပါသည်။ ဆဂတိစသည့်ကျမ်းတို့၌ ဝန္တာသစသည် ၁၂ မျိုးနှင့် အဋ္ဌကထာ ဋီကာလာ (၁) ပရဒတ္တူပဇီဝိကပြိတ္တာ၊ (၂) ခုပ္ပိပါသိက ပြိတ္တာ၊ (၃) နိဇ္ဈာမတဏှိက ပြိတ္တာ၊ (၄) ကာလကဉ္စိက(အသုရာ)ပြိတ္တာ ဟူ၍ရှိရာ ပရဒတ္တူပဇီဝိက ပြိတ္တာတစ်မျိုးသာ အမျှဝေသည်ကို သာဓုခေါ်နိုင်ပါသည်။ ၎င်းမှာ အခြားပြိတ္တာများထက် အဆင်းရဲသက်သာခြင်း၊ လူတို့နှင့် နီးစပ်သွားလာနိုင်ခြင်း၊

လှူဒါန်း၍ အမျှပေးဝေသည်ကို စောင့်မျှော်နေခြင်း၊ အမျိုးဇာတိအနေဖြင့် သူတစ်ပါး(အဆွေအမျိုး)တို့ ပေးအပ်သော အစာကို မှီ၍ အသက်ရှင်သော အမျိုးဖြစ်ခြင်းတို့ကြောင့် သာဓုခေါ်နိုင်ကြခြင်း ဖြစ်ပါသည်။ ယခုခေတ် တစ္ဆေခေါ်သော အမျိုးပင်ဖြစ်ပါသည်။ အခြားလေးမျိုးမှာ အလွန် ဒုက္ခကြီးမား၍ နေ့ညမစဲ အမြဲပူလောင်ခံစား၍ နေကြရသဖြင့် သာဓုမခေါ်နိုင်ကြခြင်း ဖြစ်ကြသည်။ နိယတဗျာဒိတ်ရပြီးသော ဘုရားလောင်းတို့သည် ထိုပြိတ္တာမျိုးတို့၌ မဖြစ်၊ ပရဒတ္တူပဇီဝိပြိတ္တာမျိုး၌ကား ဖြစ်သေးသည်ဟု ဆိုပါသည်။

*

## သားရွှေအိုးထမ်း

မေး။ ။ အရှင်ဘုရား၊

သုဝဏ္ဏသာမဇာတ်တွင် 'သားရွှေအိုးထမ်းလာတာကို မြင်လိုပါသည်'ဟု ပြော၍ သုဝဏ္ဏသာမလည်း အသက်ရှင်၊ ဒုကူလ၊ ပါရိကာတို့လည်း မျက်စိမြင်၊ ရွှေအိုးလည်းရသည်ဟု ပြောစဉ်ရှိပါသည်။သုဝဏ္ဏသာမဇာတ်ဝတ္ထုမှာ ပါသည်ကို မတွေ့ပါ။ ထိုပြဿနာကို ရှင်းပေးပါဘုရား။

မောင်ထက်အောင် (ရွှေဘို)

ဖြေ။ ။ စာပေ ကျမ်းဂန်တို့တွင် မပါဘဲပြောစဉ်ရှိ၍ တွင်ကျယ်နေသော စကားများ ဗုဒ္ဓဘာသာ မြန်မာမှုနယ်ပယ်တွင် များပြားစွာရှိပါသည်။ ဖော်ပြပါ သားရွှေအိုးထမ်းစကား ကဲ့သို့ပင် ဝသုန္ဓရေ ဆံရေညှစ်၍ မာရ်နတ်စစ်ပျက်ရသည် ဆိုသောစကား၊ မြတ်စွာဘုရား ဒုက္ကရစရိယာကျင့်စဉ် သိကြားမင်း စောင်းတီး၍ သတိပေးသည်ဆိုသောစကား၊ အရှင်သာရိပုတ္တရာ ဝါသနာအရ မြောင်းခုန်သည် ဆိုသောစကား၊ ဝိသာခါအား မြတ်စွာဘုရားက 'ငါ့ကို ဘယ်အခါမေ့သလဲ'ဟု မေးသည်ဆိုသောစကား၊ အရှင်မဟာမောဂ္ဂလာန်အား ငရဲမီးလိုက်၍ ဘုရားဆီပြေးလာရသည်ဆို

သောစကား၊ မြတ်စွာဘုရားပင် မယ်တော်နတ်သားအား အဘိဓမ္မာတရား ဟောသော်လည်း နို့တစ်လုံးဖိုးသာ ကျေသည်ဆိုသောစကား၊ မြတ်စွာ ဘုရား ပရိနိဗ္ဗာန်စံခါနီးတွင် မြတ်စွာဘုရားက သိကြားမင်းအား သာသနာ တော်ကို ကြည့်ရှုစောင့်ရှောက်ရန် အပ်နှံတာဝန်ပေးထားခဲ့သည်ဆိုသော စကားများမှာ ဗုဒ္ဓဘာသာများ အပြောများ၍ မကြာ မကြာ ဆရာတော်များ ထံ မေးလေ့ရှိကြပါသည်။ အချို့စကားများမှာ ဇာတ်စကားများမှ ပြန့်ပွား လာဟန်ရှိ၏။ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတည်းဟူသော ခိုင်ခံ့သော ကျမ်းစာ များတို့တွင် လုံးဝမပါရှိသော စကားများ ဖြစ်ကြပါသည်။

*

## လှူမျှဝေ၍

မေး။ ။ အရှင်ဘုရား၊

တပည့်တော်၏ မိခင်ကြီး ကွယ်လွန်သွားသည်မှာ ၂ နှစ်ကျော်ရှိ သွားပါပြီ။ ဘယ်ဘဝရောက်မှန်း မသိဘဲနှင့် တပည့်တော်က ကုသိုလ်လုပ်၊ အမျှဝေမည်ဆိုလျှင် ကွယ်လွန်သွားသော မိခင်ကြီးအတွက် ထိရောက်မှုရှိ၊ မရှိ။ တပည့်တော် သိလိုပါသည်။ ဖြေကြားတော်မူပါ ဘုရား။

သိလိုသူ သိကြား (ဆတ်သွား)

ဖြေ။ ။ ကွယ်လွန်သူအတွက် ကျန်ရစ်သောသူတို့က ကုသိုလ်ပြု၍ အမျှ ဝေရာ၌ ရသည်လည်း ရှိသည်။ မရသည်လည်း ရှိသည်။ ကွယ်လွန် သူတို့သည် ဒေဝဂတိ–နတ်ဘဝ၊ မနုဿဂတိ–လူ့ဘဝ၊ ပေတဂတိ– ပြိတ္တာဘဝ၊ တိရစ္ဆာနဂတိ–တိရစ္ဆာန်ဘဝ၊ နိရယဂတိ–ငရဲဘဝ၊ ဤဘဝ ဂတိငါးမျိုး၌ ကံအားလျော်စွာ ဖြစ်ကြရာ ဒေဝ၊ မနုဿ၊ တိရစ္ဆာန၊ နိရယ ဂတိတို့၌ ဖြစ်ကြလျှင် ကုသိုလ်အဖို့ကို မရနိုင်ကြ။ ပေတဂတိ၌ ဖြစ်၍ ပေတတို့တွင်လည်း ပရဒတ္တူပဇီဝိကခေါ် လူနှင့်နီးစပ်၍ သာဓု ခေါ်နိုင်သောဘဝ (ယခုခေတ်အခေါ်–တစ္ဆေ)မျိုး၌ဖြစ်လျှင် စားဝတ်နေမှု

တစ်ခုမျှ မရရှိသဖြင့် ကျန်ရစ်သူတို့ ကုသိုလ်ပြု၍ အမျှဝေမည်ကို စောင့်စား ငံ့လင့်လျက် နေကြမြဲဖြစ်သည်။ ထိုအခါမျိုးတွင် အမျှဝေလျှင် ၎င်းအတွက် ကုသိုလ်အကျိုးရ၍ ချမ်းသာသွားနိုင်ပါသည်။ ထိုပရဒတ္တူပဇီဝိက ပြိတ္တာ ဘဝမျိုးမှာ ကုသိုလ်လည်း ပြု၊ အကုသိုလ်လည်း မကင်း၊ ရောနှောခြင်း ကံနှစ်ပါး ရှိနေကြသော ဗုဒ္ဓဘာသာတို့ အရောက်များသောဘဝ ဖြစ်သည်။ ထို့ကြောင့် အများအားဖြင့် ကုသိုလ်ပြု၍ အမျှဝေက ထိရောက်မှု ရှိနိုင်ပါ သည်။ ကွယ်လွန်သော မိဘတို့အတွက် သားသမီးတို့က ကုသိုလ်ပြု၍ အမျှဝေရသည်မှာ ဖော်ပြပါသဘောတရားအပြင် သားသမီးကျင့်ဝတ် ဖြစ်သော "ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ–ဟူသည်ကား မိဘသက်ရှိထင်ရှားရှိစဉ် ကျင့်ရမည့် ကျင့်ဝတ် ၃ ပါး၊ ရှူမျှဝေ၍, စောင့် လေမျိုးနွယ်'ဟူသည်ကား မိဘကွယ်လွန်ပြီးနောက် ကျင့်ရမည့် ကျင့်ဝတ် ၂ ပါး" ပေါင်း ၅ ပါးဖြစ်သည်။ ထိုတွင် ရှူမျှဝေ၍ကား အလှူအတန်းပြု၍ အမျှဝေခြင်းကိစ္စဖြစ်၍ မိဘမရှိသည့်နောက် သားသမီးတို့၏ တစ်သက်ပန် လုံး ပြုရမည့် ဝတ္တရားဖြစ်သဖြင့် မုချ ထာဝစဉ်ပြုနေမည်သာ ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

*

## သီလမရှိသူထံမှ သီလခံယူခြင်း

မေး။ ။ အရှင်ဘုရား၊

သီလမရှိသော ပုဂ္ဂိုလ်ထံတွင် သီလခံပါက သီလရနိုင်ပါသလား ဘုရား။ သီလမရှိသော ပုဂ္ဂိုလ်ထံတွင် သီလတောင်းခြင်း၊ ဥပုသ်စောင့် ခြင်း၊ တရားသွားထိုင်ခြင်းတို့ကို ပြုလုပ်နေသောသူကို ဟန့်တားခြင်း ကြောင့် အပြစ်ရှိနိုင်ပါသလားဘုရား၊ မေတ္တာရှေ့ထား၍ ဖြေကြားပေး တော်မူပါဘုရား။

အဋ္ဌနမောင်နိုင် (ရခိုင်ပြည်နယ်)

www.dhammaransi.com

ဖြေ။ ။ "ဥပေါသထဒိဝသေပန ပါတော၀ ဘိက္ခုဿ၀ါ ဘိက္ခုနိယာ၀ါ
ဒသသီလ လက္ခဏညုနော ဥပါသကဿ၀ါ ဥပါသိကာယ၀ါ"
စသည်ဖြင့် အင်္ဂုတ္တရ တိက အဋ္ဌကထာ လာသဖြင့် ဥပုသ်သီလ ခံယူရာ၌
ရဟန်းထံမှာ ဖြစ်စေ၊ ဘိက္ခုနီမထံမှာ ဖြစ်စေ၊ သီလလက္ခဏာကို သိသော
ဥပါသကာ၊ ဥပါသိကာမထံမှာ ဖြစ်စေ ခံယူနိုင်သည်ဟု ဆိုပါသည်။
သီလရှိသူထံမှသာ ခံယူရမည်ဟု မဆိုပါ။ သီလအင်္ဂါကိုသိသူ၊ သီလအစဉ်
မှန်မှန် ရှေ့ကတိုင်ပေးနိုင်သူ မည်သူ့ထံမှမဆို ခံယူနိုင်ပါသည်။ ကိုယ်တိုင်
ရှစ်ပါးသီလ အစဉ်မှန်မှန် ဆိုတတ်လျှင်လည်း မိမိကိုယ်တိုင် ဘုရားရှေ့
တွင်ထိုင်၍ သီလယူနိုင်ပါသည်။ အောက်ထစ်ဆုံး သီလပေးမည့်သူလည်း
မရှိ၊ မိမိကလည်း သီလအစဉ်မှန်မှန် မသိသည့်တိုင်အောင်လည်း "ဗုဒ္ဓ
ပညတ္တံ ဥပေါသထံ အဓိဋ္ဌာမိ "မြတ်စွာဘုရား ပညတ်အပ်သော ဥပုသ်
သီလကို အဓိဋ္ဌာန်ပြုကာ ဆောက်တည်ပါ၏"ဟု မြန်မာလိုဆို၍ ဆောက်
တည်နိုင်ကြောင်း စာအဆိုရှိပါသည်။

*

## သမ္မာအာဇီဝနှင့် ပါဏာတိပါတ

မေး။ ။ အရှင်ဘုရား၊

မြတ်စွာဘုရား ဟောတော်မူသည့် သမ္မာအာဇီဝအသက်မွေးမှုနှင့်
ညီစေရန် ဆောင်ရန်၊ ရှောင်ရန်များကို သိလိုပါသည်။ ထို့ပြင် လူသတ်မှု
ဆိုသည့် ပါဏာတိပါတကံ ကျူးလွန်မိသူတစ်ဦးအနေဖြင့် လူ့ပြည်၌
ထောင်ဒဏ်ကျခံရပြီးဖြစ်၍ တမလွန်၌ အပါယ်ကျနိုင်ပါသေးသလား၊
တမလွန်ဘဝအတွက် စိတ်ချရရေး မည်သို့ကျင့်ကြံ နေထိုင်သင့်သည်ကို
ဖြေကြားပေးစေလိုပါသည် ဘုရား။

ဦးဇော်ခင်၊ ကယားရိုးမ

www.dhammaransi.com

ဖြေ။ ။ သမ္မာအာဇီဝဖြစ်အောင် မိစ္ဆာဇီဝဖြစ်သော အသက်မွေးမှုနှင့်စပ်သည့် ကာယကံသုံးပါး၊ ဝစီကံလေးပါးတို့မှ ရှောင်ကြဉ်ရမည်ဖြစ်ပါသည်။ ပုံစံအားဖြင့် သူ့အသက်ကို သတ်မှု စသော ကာယဒုစရိုက် ၃ မျိုးတို့ဖြင့် အသက်မွေးမှုမပြုဘဲ၊ လိမ်လည်မှု စသော ဝစီဒုစရိုက် ၄ မျိုးတို့ဖြင့် အသက်မွေးမှုမပြုဘဲ မှန်ကန်သော အသက်မွေးမှု၊ ပစ္စည်းရှာဖွေမှုတို့မှာ သမ္မာအာဇီဝကောင်းသော အသက်မွေးမှု ဖြစ်ပါသည်။ ပါဏာတိပါတကံဟူသော လူသတ်မှုကြောင့် မျက်မှောက်တွင် ထောင်တန်းကျရခြင်းတို့မှာ လောကပြစ်ဖြစ်၍ သံသရာပြစ်အဖြစ်ဖြင့် အပါယ်ကျရမှု မကင်းသေးပါ။ သို့သော် မိမိပြုခဲ့သော ပါဏာတိပါတကံကို လုံးဝနောင်တရ၍ 'နောက်တစ်ခါ မပြုတော့ပါ'ဟု အဓိဋ္ဌာန်ပြုလျက် ကုသိုလ်တရားတို့ကို အဆက်မပြတ်ပြုခြင်း၊ သီလဘာဝနာတို့ကို ဆောက်တည်ပွားများခြင်း၊ ဝိပဿနာဘာဝနာကို ပွားများ၍ မဂ်ဖိုလ်ကို မျက်မှောက်ပြုခြင်းတို့ကြောင့် ပါဏာတိပါတကံသည် သံသရာတွင် အကျိုးမပေးတော့ဘဲ အဟောသိကံ ဖြစ်သွားနိုင်ပါသည်။ အင်္ဂုလိမာလသည် လူတစ်ထောင်ခန့်သတ်ခဲ့သော်လည်း မြတ်စွာဘုရားနှင့်တွေ့၍ ရဟန္တာဖြစ်သွားသောအခါ ၎င်း၏ ပါဏာတိပါတအမှုများ အကျိုးမပေးနိုင်တော့သည်ကို ထောက်ဆနိုင်ပါသည်။

*

## ဝင်ကိုးဝင်

မေး။ ။ အရှင်ဘုရား၊

"ဝင်ကိုးဝင်"ဟု ကြားဖူးပါသည်။ ဝင်ကိုးဝင်၏သရုပ်ကို သိလိုပါသည်။ ထိုဝင်ကိုးဝင်ကို စာအုပ်ရိုက်ဖူးပါသလား။ ယခုဝယ်၍ ရနိုင်ပါသလား၊ သိလိုပါသည် ဘုရား။

ခင်မောင်သန်း၊ စစ်ကိုင်း

www.dhammaransi.com

ဖြေ။ ။ ဝင်ကိုးဝင်ဟူ၍ ရှိပါသည်။ ၎င်းမှာ (၁) ဗုဒ္ဓဝင်ကျမ်း၊ (၂) အနာဂတဝင်ကျမ်း၊ (၃) ဒီပဝင်ကျမ်း၊ (၄)မဟာဝင်ကျမ်း၊(၅) ဗောဓိဝင်ကျမ်း၊ (၆) ဒါဌာဓာတုဝင်ကျမ်း၊ (၇) နလာဋဓာတုဝင်ကျမ်း၊ (၈) ထူပဝင်ကျမ်း၊ (၉) ရွှေပြည်ဝင်ကျမ်းတို့ ဖြစ်ကြပါသည်။ သီဟိုဠ် (သီရိလင်္ကာ)မှ ပါဠိဘာသာဖြင့် ရေးသော ဝံသကျမ်းများ ဖြစ်ကြသည်။အချို့ဝံသကျမ်းတို့ကို ကျီးသဲလေးထပ်ဆရာတော်၊ ကြာခံ(ဟင်္သာတ)ဆရာတော် စသည်တို့က မြန်မာဘာသာဖြင့် ရေးသား၍ ဟံသာဝတီ ပိဋကတ်တိုက်မှ ၉ ရပ်အစုံအလင် ထုတ်ဝေဖူးပါသည်။ ယခု ရှာဖွေ၍ မရတော့ပါ။ စေတနာရှင်စာအုပ်တိုက်များက ပြန်လည်ထုတ်ဝေရန် ကြိုးစားသင့်ပါသည်။

*

## မိစ္ဆာဇီဝနှင့် လူပုဂ္ဂိုလ်

မေး။ ။ အရှင်ဘုရား၊

တပည့်တော်တို့ လူပုဂ္ဂိုလ်များ ပစ္စည်းရှာဖွေရာတွင် သန့်ရှင်းသည်လည်း ရှိသည်၊ မသန့်ရှင်းသည်လည်း ရှိသည်။ မသန့်မရှင်း ရှာဖွေရရှိထားသောပစ္စည်းများဖြင့် လှူဒါန်းခြင်း၊ စားသောက်ခြင်းတို့ကြောင့် မိစ္ဆာဇီဝဖြစ်၊ မဖြစ်။ ရဟန်းတော်များမှာ မိစ္ဆာဇီဝဖြင့် ရရှိထားသော ပစ္စည်းများကို သုံးဆောင်တိုင်း အပြစ်ရှိသလို လူပုဂ္ဂိုလ်များ အပြစ်ရှိ၊ မရှိ ဖြေကြားပေးစေလိုပါသည်ဘုရား။

ဦးခင်မောင်သန်း (မန်း)

ဖြေ။ ။ ဤအာဇီဝအရာ၌ လူတို့၏ သီလကို ရဟန်းတို့၏သီလကဲ့သို့ မမှတ်အပ်ပါ။ ရဟန်းတို့မှာ မိစ္ဆာဇီဝကို ပြုဆဲကာလ၌လည်းကောင်း၊ မိစ္ဆာဇီဝဖြင့်ရသော ပစ္စည်းကို သုံးဆောင်ဆဲကာလ၌လည်းကောင်း ဘုရားအာဏာတော်ကို ကျူးလွန်ခြင်းကြောင့် အာပတ်လည်းသင့်၏။ အာဇီဝလည်း ပျက်၏။ လူတို့မှာကား အသက်မွေးမှုအတွက်

www.dhammaransi.com

ကာယကံ၊ ဝစီကံတို့ကို ကျူးလွန်ဆဲ၌သာလျှင် အာဇီဝ သီလပျက်၏။ မိစ္ဆာဇီဝဖြင့်ရသော ပစ္စည်းကို သုံးဆောင်သော ကာလ၌ကား အာဇီဝသီလ မပျက်သည်သာတည်း။ အဘယ်ကြောင့်နည်းဟူမူ သုံးဆောင်ဆဲကာလ၌ ပါဏာတိပါတ စသော ကာယကံ၊ ဝစီကံတို့ကို ကျူးလွန်မှုလည်းမရှိ၊ ရဟန်းတို့ကဲ့သို့ ဘုရားအာဏာကို ကျူးလွန်မှုလည်း မရှိသောကြောင့်ပေတည်း။ သို့ဖြစ်၍ လူတို့မှာ မိစ္ဆာဇီဝဖြင့် ရပြီးသောပစ္စည်းများကို ရဟန်းတို့ကဲ့သို့ စွန့်ရန် မလိုပြီ။ မစွန့်သော်လည်း အသက်မွေးမှုအတွက် ကာယကံ၊ ဝစီကံတို့ကို နောက်ထပ် မပြုလျှင် အာဇီဝ ပါရိသုဒ္ဓိ သီလညှိုးနွမ်း ပျက်စီးခြင်းမရှိ၊ စင်ကြယ်သည်သာတည်း။

(ဝိနယ ဝိနိစ္ဆယ သင်္ဂဟ၊ မဟာစည် ဆရာတော်၊ ၆၄)

*

## ဘုရားဝတ်တက်ခြင်းအကျိုး

မေး။ ။ အရှင်ဘုရား၊

ဘုရားဝတ်တက်ခြင်း၏အကျိုးကို တပည့်တော် သိလိုပါသည် ဘုရား။ မေတ္တာရှေ့ထား၍ ဖြေကြားပေးပါဘုရား။

ကျော်သူနိုင်၊ ရခိုင်ပြည်နယ်

ဖြေ။ ။ မြတ်စွာဘုရားသည် လောဘ၊ ဒေါသ၊ မောဟ အပူတရားများမှ အေးငြိမ်း၍ ချမ်းမြေ့နေပါသည်။ အပူကင်းဝေး၍ အအေးအငြိမ်းကို လိုလားသူတိုင်းပင် လောဘ၊ ဒေါသ၊ မောဟ ကင်းငြိမ်းနေသော မြတ်စွာဘုရားအား ဆည်းကပ်ညွတ်ကျိုး ရှိခိုးသင့်ပါသည်။ မြတ်စွာဘုရားအား ရှိခိုးခြင်း၊ ဝပ်လျှိုးခြင်းတို့ကြောင့် မိမိ၌ရှိသော အပူဘေးများ အေးငြိမ်းသွားနိုင်ပါသည်။ ဘုရားဂုဏ်တော်တို့ကို ကြည်ကြည်နူးနူး ရွတ်ဆိုပူဇော်ရုံမျှဖြင့်ပင် အပူဘေးတို့ အေးမြငြိမ်ဝပ်၍ သွားရသည်။ အမြဲမပြတ် ရွတ်ဆိုနေခြင်း၊ ပူဇော်နေခြင်းတို့ကြောင့် အပူဘေးအသွယ်

သွယ် အန္တရာယ်တို့မှ ကင်းကွာနေပါသည်။ နေ့စဉ် နံနက်ညမပြတ် ရွတ်ဖတ်ပူဇော်နေပါက အခြားကိလေသာများ ကင်းကွာနေနိုင်ပါသည်။ နောက်ဆုံး သေရာညောင်စောင်းလျောင်းစက်ရချိန်မှာပင် သံယောဇဉ် အပူတရားများ မကပ်ဝင်နိုင်သဖြင့် မတွေမဝေ သေရ၍ သုဂတိဘုံဘဝသို့ ရောက်နိုင်ပါသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာ သမ္မာနွယ်ဝင် သူတော်စင်တို့ နေ့စဉ်နံနက်ည ဝတ်မပျက် ဘုရားဂုဏ်တော်တို့ကို ရွတ်ဆိုရှိခိုးနေကြခြင်း ဖြစ်ကြောင်း သိမှတ်သင့်ပါသည်။

*

## ပစ္စည်းလေးပါး တောင်းခံခြင်း

မေး။ ။ အရှင်ဘုရား၊

ဆွေမျိုးလည်းမတော်၊ ဖိတ်ကြား၍လည်း မထားသော ဒါယကာ၊ ဒါယိကာမများအား ပစ္စည်းလေးပါးကို မတောင်းကောင်းဟု သိရပါသည်။ ပစ္စည်းလေးပါးလုံးကိုပင် မတောင်းကောင်းပါသလား၊ ဆေးပစ္စည်းလည်း မတောင်းရသည့်အထဲမှာ ပါပါသလားဘုရား။

အရှင်ကောသလ၊ တောင်ကြီး

ဖြေ။ ။ ပစ္စည်းလေးပါး တောင်းခံခြင်းတွင် ဝိညတ်၊ နိမိတ်၊ ဩဘာသ၊ ပရိကထာဟူ၍ လေးမျိုးရှိပါသည်။ ၊စီဝိညတ်ဖြင့် ထုတ်ဖော်၍ တောင်းခံခြင်း၊ လှူစေလိုသော နိမိတ်ပြ၍ တောင်းခံခြင်း၊ အရိပ်အယောင် ပြ၍ တောင်းခံခြင်း၊ လှည့်ပတ်ရစ်ဝဲ၍ ပြောဆိုတောင်းခံခြင်း ဟူ၍ဖြစ်ရာ ဆွမ်းနှင့်သင်္ကန်းကို ဤလေးမျိုးလုံးဖြင့်ပင် မတောင်းခံရပါ။ ကျောင်းမှာ ဝိညတ်တစ်ခုသာ မအပ်၊ ကျန်သုံးပါးဖြင့် တောင်းခံအပ်ပါသည်။ ဆေးပစ္စည်းမှာကား လေးမျိုးလုံးဖြင့်ပင် တောင်းခံအပ်သည်ဟု ဆိုပါသည်။ ၎င်းကို ပါရာဇိကဏ် အဋ္ဌကထာ ကုဋိကာရ သိက္ခာပုဒ် အဖွင့်တွင် ဆိုပါသည်။ အကျဉ်းမှတ်ရန်မှာ “ဝိညတ်၊ နိမိတ်၊ ဩဘာ၊ ပရိကထာ၊ ဤ

လေးဖြာ၊ ပိဋကာစိဝရ၊ မအပ်ကြ။ ကျောင်းပစ္စည်းမှာ၊ ဝိညတ်သာ၊ မှတ်ပါ မအပ်ပြ။ ဆေးပစ္စည်းတွင်၊ လေးပါးပင်၊ ပြုလျှင်အပ်ကြောင်းပ။"

*

## မြတ်စွာဘုရားသည် ဟိန္ဒူလူမျိုးလား

မေး။ ။ အရှင်ဘုရား၊

တပည့်တော်တို့ ဂေါတမမြတ်စွာဘုရားကို ဟိန္ဒူဘာသာဝင်တစ်ဦးက ဂေါတမဘုရားလည်း ဟိန္ဒူဘာသာမှ မွေးဖွားသည်ဟု ပြောဆိုပါသည်။ တပည့်တော်တို့သင်ကြားနေသော အဘိဓာန်ကျမ်း၌ အမျိုးလေးပါးသာ ရှိ၏။ ထိုအမျိုးလေးပါးတို့တွင် ဟိန္ဒူလူမျိုးဟု မပါပါဘုရား။ ထိုစကားနှစ်ရပ်ကို နှီးနှောပေးပါဘုရား။ ဂေါတမမြတ်စွာဘုရားသည် အဘယ်အမျိုးမှ ဆင်းသက်လာသည်ကို ဖြေကြားပေးတော်မူပါဘုရား။

သောတုဇနများ၊ ကြာနီကန်စာသင်တိုက်၊ တောင်ငူမြို့

ဖြေ။ ။ အဘိဓာန်ကျမ်းလာ အမျိုးလေးပါးမှာ (၁)ခတ္တိယမျိုး၊(၂)ဗြာဟ္မဏမျိုး၊ (၃)ဝေဿမျိုး၊ (၄)သုဒ္ဒမျိုး ဟူ၍ဖြစ်ရာ နံပါတ် (၂) ဗြာဟ္မဏမျိုးကို နောက်တွင် ဟိန္ဒူဟူ၍လည်းကောင်း၊ ပုဏ္ဏားဟူ၍လည်းကောင်း ခေါ်ပါသည်။ အိန္ဒိယနိုင်ငံတွင် အများစုမှာ ဗြာဟ္မဏ ပုဏ္ဏား, ဟိန္ဒူများဖြစ်၍ ဇာတိဝါဒအရ သူတို့လူမျိုးသည် အမြတ်ဆုံး ဖြစ်သည်ဟု ယူဆကြသည်။ ခတ္တိယမျိုးမှာ အုပ်ချုပ်သူအတန်းအစားမင်းများ ဖြစ်၍ ဗြာဟ္မဏပုဏ္ဏားများသည် သူတို့သာ ပညာတတ်ဖြစ်ပြီး ဗြဟ္မာမင်းနှင့် တိုက်ရိုက်ဆက်ဆံရ၍ အမြတ်ဆုံး။ မင်းများမှာ အုပ်ချုပ်သူ လူတန်းစား ဖြစ်သော်လည်း သူတို့လောက် မမြတ်ဟု ယူဆခဲ့သည်။ ဒီဃနိကာယ်အမ္ဗဋ္ဌသုတ်တွင် မြတ်စွာဘုရားက ခတ္တိယမင်းမျိုးက အရှင်သခင်ဖြစ်၍ ဗြာဟ္မဏပုဏ္ဏားမျိုးက ကျွန်ဖြစ်ကြောင်း သမိုင်းကို ထုတ်ဖော်၍ ဟောကြားတော်မူမှ အရှုံးပေးသွားသည်ကို တွေ့ရသည်။ ယင်းအမ္ဗဋ္ဌသုတ်အရ ဂေါတမ

www.dhammaransi.com

မြတ်စွာဘုရားသည် ဗြာဟ္မဏ ပုဏ္ဏား, ဟိန္ဒူမျိုး မဟုတ်၊ ခတ္တိယမျိုးဖြစ်ကြောင်း ဖော်ပြထားသည်။ ၎င်း ခတ္တိယမျိုးမှပင် သီးခြားထွက်၍ စင်ကြယ်သော သာကီယဇာတ် မြတ်သောအမျိုး ဖြစ်ကြောင်း ရာဇဝင်ထင်ရှားပါသည်။ ယင်းသာကီယအနွယ်တွင် မြန်မာလူမျိုးများလည်း ပါဝင်ကြောင်း ဂုဏ်ယူဖွယ်ရာ မှတ်သားထားသင့်ပါသည်။

*

## လက်ညှိုးကိုဖြတ်၍ ဘုရားလှူခြင်း

မေး။ ။ အရှင်ဘုရား၊

တပည့်တော် ကျိုက်ထီးရိုး ဘုရားဖူးသွားရာ ရဟန်းတော်တစ်ပါးသည် ကျိုက်ထီးရိုးဘုရားအား လက်ညှိုးကို ဖြတ်၍ မီးပူဇော်လှူဒါန်းနေသည်ကို တွေ့ရပါသည်။ ထိုကဲ့သို့ လက်ညှိုးကိုဖြတ်၍ လှူဒါန်းခြင်းစသည်တို့ကို ရဟန်းတို့ ပြုလုပ်အပ်ပါသလော။ ဝိနည်းကျမ်းဂန်အရ ဖြေကြားတော်မူပါဘုရား။

စံမြင့်၊ ကျောက်မြောင်း၊ ရန်ကုန်

ဖြေ။ ။ ဘုရားအား နား၊ နှာခေါင်း၊ လက်ချောင်း စသည်တို့ကို ဖြတ်၍ လှူခြင်းကို မပြုအပ်ကြောင်း အဋ္ဌကထာတို့တွင် ဆိုထားပါသည်။ "အညံ ပန ကဏ္ဏနာသအင်္ဂုလိအာဒိံ ယံကိဉ္စိ ဆိန္ဒန္တဿ တာဒိသံဝါ ဒုက္ခံ ဥပ္ပါ ဒေန္တဿ ဒုက္ကဋံ" (ဝိ၊ ဋ္ဌ၊ ၄–၄၆)အရ နား၊ နှာခေါင်း၊ လက်ချောင်း စသည်ကို ဖြတ်၍ လှူဒါန်းသော ရဟန်းအားလည်းကောင်း၊ ထိုကဲ့သို့ သဘောရှိသော ဆင်းရဲကို ဖြစ်စေသော ရဟန်းအားလည်းကောင်း ဒုက္ကဋ် အာပတ်သင့်ပါသည်။ အချို့ဗဟုသုတနည်းပါးသော ရဟန်းများသည် အင်္ဂါကြီးငယ်ကို လှူဒါန်းခြင်းမှာ ဒါနပါရမီဖြစ်သည်ဟု ဆိုကြသည်။ မိမိကိုယ်ကို ပါရမီရှင် အလောင်းတော်ဟုလည်း ဆိုကြပါသည်။ ထိုသို့ဆိုပြီး လက်ချောင်းတို့ကို ဖြတ်၍ လှူဒါန်းတတ်ကြပါသည်။ ဖော်ပြ

www.dhammaransi.com

ပါ ဝိနည်းအဋ္ဌကထာစကားအရ လုံးဝမပြုလုပ်အပ်ဟူ၍ မှတ်သားစေလိုပါသည်။

*

## ကြွေးကိစ္စ

မေး။ ။ အရှင်ဘုရား၊

သူတစ်ပါးထံမှ အကြွေးရရန်ရှိသူတစ်ဦးသည် အကြွေးတောင်းရာမရနိုင်သဖြင့် ကြွေးရှင်က 'သည်တစ်ခါ အလှူပေးလျှင် ရောပြီး ရေစက်ချပစ်လိုက်မည်'ဟု ပြောရာ ကြွေးယူသူက 'သည်လိုတော့ မလုပ်လိုက်ပါနှင့်၊ ဆပ်ပါမည်'ဟု ပြောကာ ကြွေးဆပ်ပါသည်။ ကြွေးယူသူသည် ရေစက်ချပစ်မည်ဆိုသောစကားကို မည်သည့်အဓိပ္ပာယ်ကြောင့် ကြောက်ရွံ့ပြီး ကြွေးဆပ်ပါသနည်းဘုရား။ ကြွေးဆုံးသဖြင့် ဘုရားအား ရည်စူး၊ ရေစက်ချပါက ကြွေးယူသူတွေ မည်သို့ထိခိုက်နိုင်၍ ရေစက်ချသူတွင် မည်သို့အကျိုးထူးနိုင်ကြောင်း ဖြေကြားပေးပါရန် လေးစားစွာ လျှောက်ထားအပ်ပါသည် ဘုရား။

အေးအေးမြင့်၊ ကျောင်းအုပ်ဆရာမကြီး၊ မန္တလေးမြို့

ဖြေ။ ။ ကြွေးရှင်သည် ကြွေးယူသွားသူက ပြန်မဆပ်သဖြင့် 'ငါ့ငွေတော့ဆုံးပြီ'ဟု ဝန်ချ (စိတ်ကို လျှော့ချလိုက်)လျှင် ခိုးခြင်း ၂၅ ပါးအပါအဝင် သာဟတ္ထိကပဥ္စကဥ္စ ဝင်သွားသဖြင့် ခိုးရာရောက်သည်ဟု ဆိုနိုင်ပါသည်။ 'အလှူလုပ်လျှင် ရောပြီး ရေစက်ချလိုက်မည်'ဟု ကြွေးရှင်(ငွေရှင်)က ပြောသောစကားမှာ လှူဒါန်းလိုသော စေတနာဖြင့် ပြောသောစကားမဟုတ်။ 'ငါ့ငွေဆုံးပြီ'ဟု ဝန်ချလိုက်ခြင်း (စိတ်ကိုလျှော့ချလိုက်ခြင်း)ပင်ဖြစ်၍ ထိုသို့ဝန်ချကြောင်း မှတ်ယူကြောင်းကို ကြွေးယူသူသိအောင် ကြေညာခြင်းမျှသာဖြစ်သည်။ 'ကြွေးပြန်မပေးလျှင် ခိုးသည်နှင့် အတူတူ'ဟု

ပြောခြင်းမျိုးပင် ဖြစ်သည်။ ကြွေးယူသူကလည်း မိမိ သူခိုး မဖြစ်စေရန် အမြန်ပြန်ဆပ်ခြင်းပင် ဖြစ်သည်။ ထို့ကြောင့် ရေစက်ချမည်ဆိုသူ ကြွေးရှင်အဖို့ ကုသိုလ်ကျိုးရှိမည်မဟုတ်။ ကြွေးယူသူအဖို့ကား ထိုအချိန်အထိ ပြန်မပေးလျှင်(ပေးလိုစိတ် မရှိလျှင်) သူခိုးလုံးလုံးဖြစ်၍ အဒိန္နာဒါန သိက္ခာပုဒ်အရ အပြစ်ရှိတော့မည်ဖြစ်ကြောင်း မှတ်သားနိုင်ပါသည်။

*

## သိမ်နှင့်မီးကြိုး

မေး။ ။ အရှင်ဘုရား၊

ခဏ္ဍသိမ်အတွင်း၌ ဥပသမ္ပဒကံပြုရာ ၎င်းသိမ်နှင့် ဆက်သွယ်လျက်ရှိသော မီးကြိုး၊ ဖုန်းကြိုး တစ်ကြိုးကြိုး မဖြုတ်ဘဲ ကံဆောင်ပါက ၎င်းဥပသမ္ပဒကံမြောက်၊ မမြောက်သိလိုပါ၍ ဖြေကြားပေးတော်မူပါဘုရား။

မာလာ၊ မြောက်ရေကြည်၊ ကေတုမတီ

ဖြေ။ ။ ကံပြုရာ ခဏ္ဍသိမ်အတွင်းသို့ ဆက်သွယ်ထားသော မီးကြိုး၊ ဖုန်းကြိုးများသည် အခြားသော ခဏ္ဍသိမ်တစ်ခုခုနှင့် ဆက်သွယ်နေသော် ထိုကြိုးဆက်သွယ်နေသော သိမ်အတွင်း၌လည်း ရဟန်းတစ်ပါးပါး ရှိနေသော် သိမ်ချင်း စပ်နေသည်။ ဤသို့ စပ်နေသည်ဖြစ်၍ ဤသိမ်ရှိသံဃာနှင့် အခြားသော သိမ်ရှိသံဃာတို့ ၂ စုဖြစ်နေသဖြင့် ဝဂ္ဂဖြစ်၍ ကံပျက်နိုင်သည်။ ထို့ကြောင့် သံသယကင်းရန် ကံတစ်ခုခုပြုရာ၌ သိမ်နှင့်ဆက်သွယ်နေသော မီးကြိုး၊ ဖုန်းကြိုးများကို ဖြုတ်ကြရပါသည်။ [အလားတူ မေးမြန်းထားသော မောင်ငြိမ်းချမ်း (ညောင်တုန်း)လည်း ဤအတိုင်း မှတ်သားစေလိုပါသည်။]

*

www.dhammaransi.com

# ကြက်ဥ

မေး။ ။ အရှင်ဘုရား၊

သက်သတ်လွတ်တွင် ကြက်ဥသည် ပါဝင်၏၊ မပါဝင်၏ဟု ငြင်းခုံပြောဆိုနေပါသည်။ ပါဝင်၊ မပါဝင် ဖြေကြားတော်မူပါ ဆရာတော်ဘုရား။ ထို့ပြင် ဘုရားလက်ထက်က သက်သတ်လွတ်ရှိ၊ မရှိကို လည်း ဖြေကြားပေးတော်မူပါဘုရား။

ငွေးမြင့်ကြည်၊ မိုးကုတ်

ဖြေ။ ။ ကြက်ဥသည် သဘာဝကြက်ဥပင်ဖြစ်စေ၊ ဓာတ်ဖြင့် ဖောက်သော ကြက်ဥပင်ဖြစ်စေ ကြက်မ(မိခင်)ဝမ်း၌ သန္ဓေတည်ရသဖြင့် သက်သတ်လွတ် မဖြစ်နိုင်ပေ။ ဒေဝဒတ်သည် မြတ်စွာဘုရားအား ရဟန်းတော်များ ခြိုးခြံစွာ ကျင့်သုံးရေးအတွက် အချက်ငါးချက် လျှောက်ထားရာ၌ ရာသက်ပန် သက်သတ်လွတ်စားရန် ပါရှိသဖြင့် မြတ်စွာဘုရားလက်ထက် ကပင် 'သက်သတ်လွတ်စား'အယူဝါဒရှိကြောင်း သိနိုင်၏။ သို့သော် ဆွမ်းခံစားရသော ရဟန်းတော်များအဖို့ ရသမျှကိုစားခြင်းသာ သန္တောသ၊ သန္တုဋ္ဌိ ဖြစ်နိုင်သဖြင့် မြတ်စွာဘုရားက အားမပေးခဲ့ပါ။

*

# ဦးပဉ္စင်းငယ်တစ်ပါးနှင့် အမျိုးသမီးတစ်ဦး

မေး။ ။ အရှင်ဘုရား၊

ဦးပဉ္စင်းငယ်နှင့် အမျိုးသမီးတစ်ဦးတို့ နှစ်ဦးနှစ်ဖက် စကားအပြန် အလှန်ပြောကြရာမှ အမျိုးသမီး၏ အပြောကို မခံနိုင်၍ ဦးပဉ္စင်းငယ်က အမျိုးသမီးကို ထိုင်ပြီး ဦးချ(ရှိခိုး)ပါသည်။ ဦးပဉ္စင်းအပေါ် မည်သည့် အပြစ်ရှိ၍ အမျိုးသမီးမှာ မည်သည့်အပြစ်များ ရှိပါမည်နည်း။ မည်သို့ပြုမှ အပြစ်များ ပြေပျောက်နိုင်ပါသနည်း။ ဖြေကြားတော်မူပါဘုရား။

သောတုဇနေ၊ သဃာန်းကျွန်း

www.dhammaransi.com

ဖြေ။ ။ ဦးပဥ္စင်းမှာ ရဟန်းသံဃာတော်တို့ ရှိမခိုးကောင်းသူတို့တွင် ပါဝင်သည့် မာတုဂါမအား ရှိခိုးသဖြင့် ဒုက္ကဋ်အာပတ်သင့်ပါသည်။ ထိုဒုက္ကဋ်အာပတ်ကို ရဟန်းတစ်ပါးပါးအထံ၌ ထင်စွာပြု(ဒေသနာကြား)မှ ပြေပျောက်ပါမည်။ အမျိုးသမီးမှာ ရဟန်းသံဃာတော်အား ဝစီကံဖြင့် စော်ကားခြင်း၊ ရှိခိုးခံခြင်းတို့ကြောင့် သံဃာဂိုဏ်းသင့်၍ အန္တရာယ်အမျိုးမျိုး တွေ့ကြုံခြင်း၊ စီးပွားမဖြစ်ထွန်းခြင်းစသော ဘေးများကို ကြုံတွေ့နိုင်သည်။ ထို့ကြောင့် "ဤသို့ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့ဖြင့် ပြစ်မှားမိသည်ကို သနားသောအားဖြင့် သည်းခံခွင့်လွှတ်တော်မူပါ"ဟူ၍ ဦးပဥ္စင်းအား ကန်တော့ရန် လိုအပ်ပါသည်။ ဦးပဥ္စင်းကလည်း "ကျေနပ်သည်းခံပါသည်"ဟု ခွင့်လွှတ်ရန်လိုအပ်ပါသည်။ ဤသို့ ကန်တော့ခြင်းကို နှစ်ဦးချင်း ကန်တော့ခြင်းမပြုလုပ်ဘဲ ပရိသတ်ရှေ့(သို့မဟုတ်)အနည်းဆုံး လူကြီးမိဘရှေ့၌ ကန်တော့ဝန်ချသင့်ပါသည်။

*

## ဂုဏ်တော် ပရိတ်များကို အသံထွက်၍ ရွတ်ဆိုခြင်း

မေး။ ။ အရှင်ဘုရား၊

မြတ်စွာဘုရား၏ ဂုဏ်တော်များ၊ ပရိတ်တော်များနှင့် ပဋ္ဌာန်းပါဠိတော်တို့ကို ရွတ်ဖတ်ပူဇော်ရာတွင် တိုးတိုးရွတ်ဆိုခြင်းနှင့် ကျယ်ကျယ်ရွတ်ဆိုခြင်းတို့တွင် မည်သည့်ရွတ်ဆိုမှုက အကျိုးသက်ရောက်ပါသလဲဘုရား။ ထို့ပြင် တစ်ဦးတည်း ရွတ်ဆိုမှုနှင့် အများစုပေါင်းရွတ်ဆိုမှုတို့တွင်လည်း မည်သည့်ရွတ်ဆိုမှုက အကျိုးသက်ရောက်ပါသလဲ ဘုရား။ မေတ္တာရှေ့ထား၍ ဖြေကြားပေးပါ ဘုရား။

မထူးထူးအေး၊ ဖျာပုံမြို့

ဖြေ။ ။ ရာဇဂြိုဟ်ပြည် ကာဠီအမျိုးသမီးသည် ဘုံခုနစ်ဆင့်အထက်ထပ်၌ ပါရာယနသုတ်တော်ကို အသံထွက်၍ ရွတ်ဆိုရာ ဝေဿဝဏ်

နတ်မင်းကြီး နာယူ၍ သာဓုခေါ်ခြင်း၊ သီဟိုဠ်ကျွန်းကောဋိပဗ္ဗတကျောင်း အာရာမ်နာဂလေဏလိုဏ်ဂူအတွင်း၌ ရဟန်းပျိုတစ်ပါး မဟာသမယ သုတ်တော်ကို ရွတ်ဆိုရာ လိုဏ်ဝကဲ့ကော်ပင်နေ နတ်သမီးနာယူ၍ သာဓု ခေါ်ခြင်း 'ဤကဲ့သို့ သုတ်တော်များကို အဘယ်သူရွတ်ဆို၍ အဘယ်အခါ နာကြားရပါမည်နည်း'ဟု နတ်ကောင်း နတ်မြတ်များ လှည့်လည်သွားလာ ရှာဖွေမျှော်လင့်၍နေကြောင်း ကျမ်းဂန်များမှာ ဆိုထားပါသည်။ ဂုဏ်တော်၊ ပရိတ်တော်၊ ပဋ္ဌာန်းပါဠိတော် စသည်များကို သာယာနာပျော်ဖွယ် အသံထွက်၍ ရွတ်ဆိုသင့်ကြောင်း ထင်ရှားပါသည်။ မတိုးမကျယ် သာယာစွာ ရွတ်ဆိုခြင်းဖြင့် မိမိအသံကို မိမိပြန်လည်အာရုံပြု၍ ကြည်ညိုစိတ် ပွားခြင်း၊ စိတ်မပျံ့လွင့်ခြင်း၊ သမာဓိလည်း ရနိုင်ခြင်းကြောင့် အသံထွက် ရွတ်သင့်သည်မှာ အထူးပြောဖွယ်မလိုပါ။ မိမိအိမ် ဘုရားခန်းစသည်တို့၌ တစ်ဦးချင်း အသံထွက်၍ ရွတ်ဆိုသင့်သလို အခမ်းအနားများ၌ အများ စုပေါင်း၍ ရွတ်ဆိုခြင်းမှာလည်း ကြားသိရသူတိုင်း ကြည်ညိုညွတ်နူး ကုသိုလ်ထူးပွားများစရာ ဖြစ်သည်။ စုပေါင်းရွတ်ဆိုခြင်းမှာလည်း ပြုသင့် သော ကိစ္စပင် ဖြစ်သဖြင့် အခါအားလျော်စွာ ပြုလုပ်ကြရန် တိုက်တွန်းလို ပေသည်။

*

## ယူဇနာ

မေး။ ။ အရှင်ဘုရား၊

ယခုခေတ်တွင် ခရီးအကွာအဝေးကို မိုင်ဖြင့် ပြောဆိုပါသည်။ ဗုဒ္ဓ ဘာသာစာပေတို့တွင် ယူဇနာဖြင့် ပြောဆိုရေးသားသည်ကို တွေ့ရပါ သည်။ မိုင်နှင့် ယူဇနာ မည်သို့ကွာခြား၍ တစ်ယူဇနာလျှင် မိုင်မည်မျှ၊

www.dhammaransi.com

သို့မဟုတ် တစ်မိုင်လျှင် ယူဇနာမည်မျှယူရကြောင်း သိလိုပါသဖြင့် ရှင်းလင်းပြတော်မူပါဘုရား။

ဦးကောင်းညွန့်၊ စစ်တွေ

ဖြေ။ ။ ယူဇနာ ယူပုံမှာ (၁) လေးဂါဝုတ် ၁ယူဇနာ၊ (၂) ခုနစ်တောင်တစ်တာ၊ တာတစ်ထောင် ၁ ယူဇနာ၊ (၃) ရထားထမ်းပိုးတစ်ပြန် ၁ ယူဇနာ၊ (၄) လေးကောသ ၁ ယူဇနာဟူ၍ ယူပုံ အမျိုးမျိုး ရှိသည်။ ထိုတွင် (၁)မှာ မြင်းမိုရ်ယူဇနာ ခေါ်သည်။ (၂)မှာ ဝေဿန္တရာဇာတ်အရ မဒ္ဒီမိဖုရား တစ်ညဉ့် အသွားအပြန်ခရီးကို ဆိုသည်။ (၃)မှာ ဇနကဇာတ် ရွှေအိုးအတိုင်းအတာ၌ ဆိုသောနည်း ဖြစ်၏။ (၄)မှာ ခရီးအကွာအဝေးကို ဆိုသဖြင့် စတုတ္ထနည်းကို ယူရသည်။ မဇ္ဈိမဒေသ တစ်မြို့နှင့်တစ်မြို့ အကွာအဝေးကိုပြဆိုရာ၌ လေးကောသတစ်ယူဇနာဟု ဆိုရာ တစ်ကောသမှာ ယခုခေတ် ၂ မိုင်ခန့်ရှိသည်။ ထို့ကြောင့် တစ်ယူဇနာဟူသည် ၈ မိုင်ခန့် ရှိလေသည်။ "ဗြဟ္မဇာလသုတ် အဋ္ဌကထာ၌ နာလန္ဒာနှင့် ရာဇဂြိုဟ် တစ်ယူဇနာ ဝေးကွာ၏"ဟု အဆိုရှိသည်။ ဤအဆိုအတိုင်း ယခုမီးရထားလမ်းမိုင်တိုင်အမှတ်အသားမှာလည်း ၈ မိုင် အတိအကျ အမှတ်အသားရှိနေရာ ၂ မိုင် ၁ ကောသ၊ ၄ ကောသတစ်ယူဇနာဟူသော စတုတ္ထနည်းနှင့် ကိုက်ညီလျက်ရှိကြောင်း ထင်ရှားလှပေသည်"ဟု တောင်ပေါက်ဆရာတော်၏ ဗုဒ္ဓသာသနိက ပထဝီဝင်ကျမ်းတွင် ဖော်ပြထားပေသည်။

*

## အမိဝမ်းဝယ် သားသူငယ်

မေး။ ။ အရှင်ဘုရား၊

တပည့်တော်တို့ အမိဝမ်းထဲမှာရှိနေစဉ်က နာတယ်၊ ကျင်တယ်၊ ကောင်းတယ်၊ ဆိုးတယ် ဆိုတာကို သိနေပါသလား ဘုရား။ အမေက

အပူအစပ်တွေကို စားလျှင် ဝမ်းထဲရှိ ကလေးက ပူစပ်နာကျင်တယ်လို့ ပြောတာ ကြားဖူးပါတယ်။ ဟုတ်ပါသလား ဘုရား။

ခင်မိမိငြိမ်း (အဘိဓမ္မာသင်တန်းသူ)

ဖြေ။ ။ ဤပြဿနာကို စွယ်စုံကျော်ထင်လာ"မိဝမ်းထဲလွယ်၊ သားသူငယ်၊ ကျဖွယ်ဝီထိ၊ ဘယ်မျှနည်း"ဟူသော ပုဒ်အဖြေကို ဖော်ပြ၍ သိစေပါအံ့၊ စွယ်စုံကျော်ထင် ယင်းပုဒ်အဖြေ၏ လိုရင်းအချုပ် ကောက်နုတ်ချက် "အမိဝမ်း၌ ကိန်းရသော သတ္တဝါအား 'နဟိအန္ဓောကုစ္ဆိစက္ခု ဝိညာဏံ ဥပ္ပဇ္ဇတိ" အမိဝမ်း၌ စက္ခုဝိညာဉ်စိတ်မဖြစ်ကြောင်းကို ဆိုသည်။ ၎င်းသတ္တဝါအား အဿာသ ပဿာသ ဟူသော ကာယသင်္ခါရ မရှိကြောင်းကို သင်္ခါရယမိုက်ပါဠိတော်၊ ၎င်းအဋ္ဌကထာတို့၌ လာသည်။ ထွက်သက်ဝင်သက်ရှိမှ သဒ္ဒါရုံကို နားတွင်းသို့ရောက်အောင် ဆောင်၍ ကြားစေနိုင်သည်။ ထွက်သက်ဝင်သက်ရှိမှ ဂန္ဓာရုံကို နှာခေါင်းတွင်းသို့ ရောက်အောင်ဆောင်၍ အနံ့ကို သိစေနိုင်သည်။ ထွက်သက်ဝင်သက်ရှိမှ ရသာရုံကို ဇိဝှာသို့ဆောင်၍ အချိုအခါးစသော အရသာကိုသိနိုင်သည်။ ထွက်သက်ဝင်သက် မရှိခဲ့သော် ထိုသို့သောကိစ္စကို မဆောင်နိုင်။ မဆောင်နိုင်သော် ထိုဝိညာဉ်သည်မဖြစ်၊ မဖြစ်သည်ရှိသော် ထိုဝိညာဉ်လျှင် ပုဗ္ဗင်္ဂမ (ရှေ့သွား)ရှိသော တစ်ဆယ့်ငါးဝီထိတို့သည် မကျပေရာ။ အပ္ပနာဝီထိ စသည်တို့ကား အလွန်ဝေးစွ။ ကာယဒွါရ၌ ဖြစ်သော တစ်ဆယ့်ငါးဝီထိ၊ တဒနုဝတ္တက မနောဒွါရဝီထိ ဝိဘူတာရုံငါးဝီထိ၊ အတိဘူတာရုံ နှစ်ဝီထိ အားဖြင့် သုဒ္ဓမနောဒွါရဝီထိတို့မူကား ယထာရဟာထိုက်၏"စသည်ဖြင့် ကျီးသဲလေးထပ် ဆရာတော် ဖြေဆိုထားသည်။ အဘိဓမ္မာသင်တန်းတက်ပြီးသူတို့အဖို့ သိသာရုံ ဖော်ပြလိုက်သည်။ အကျယ်သိလိုမူ ယင်း 'မိဝမ်းထဲလွယ်'ပုဒ်အဖြေ စွယ်စုံကျော်ထင်ကျမ်းတွင် ကြည့်စေလိုပါသည်။

*

www.dhammaransi.com

# ပြည့်တန်ဆာမ

မေး။ ။ အရှင်ဘုရား၊

ပြည့်တန်ဆာမများသည် သူတို့၏ ကိုယ်ခန္ဓာအသွေးအသားနှင့် အသက်မွေးဝမ်းကျောင်း ပြုသဖြင့် အပြစ်ကင်းသည်ဟု ယူဆနေသူများ ရှိနေပါသည် ဘုရား၊ ပညာပေး ဖြေကြားပေးတော်မူပါဘုရား။

မာယာ၊ ရိုကာဂိုမြို့ (ယူ၊ အက်စ်၊ အေ)

ဖြေ။ ။ ပြည့်တန်ဆာကို ဗုဒ္ဓစာပေတို့တွင် ဝဏ္ဏဒါသီဟု ခေါ်ဆိုသည်။

အဆင်းရုပါရုံကို ပြုလျက် ကာမကျွန်ခံယူသူဟုလည်း ဆိုလိုပါသည်။ ၎င်းတို့သည် ကာမပိုင်လင်ရှိသူ မဟုတ်၍ ကာမေသုမိစ္ဆာစာရ မဖြစ်ပေ။ သို့သော်လည်း မိမိ၏ရုပ်အဆင်းကို အရင်းအနှီးပြုကာ လောကရှိ ယောကျ်ားတို့အား ရာဂတရား တိုးပွားအောင် ဖန်တီးကြသူများဖြစ်၍ လွန်စွာ အပြစ်ကြီးပါသည်။ ဗုဒ္ဓတရားတော်က ရာဂ၊ ဒေါသ၊ မောဟများ ခေါင်းပါးအောင် အားထုတ်သော အကျင့်ဖြစ်သည်။ ထိုအကျင့်တရားနှင့် ဆန့်ကျင်ဘက်ပြုကာ တရားဆိုးများ ပွားတိုးအောင် ပြုလုပ်နေသူတို့အဖို့ မည်မျှအပြစ်ကြီးမည်ကို တွေးဆ၍ သံဝေဂယူသင့်ပေသည်။ လောကတွင် သူတကာ၏ အရှုတ်ချခံလူတန်းစားဖြစ်၍ ဝိပါကဝဋ်ကြွေးကို ပေးဆပ်နေရသူများ ဖြစ်သည်။ ထို့ကြောင့် အောက်ဆုံးတန်းသို့ကျရောက်နေရပြီး သံသရာတွင်လည်း အပြစ်များစွာ ရှိသည်။ ဤဆိုးဝါးသည့်ဘဝကို ငြီးငွေ့စက်ဆုပ်၍ အယုတ်တရားတို့ကို ရှောင်ရှားပစ်ပယ်သင့်လှကြောင်း ပြောကြားလိုပါသည်။

*

www.dhammaransi.com

## အကုသိုလ်ကံလေးဆယ်

မေး။ ။ အရှင်ဘုရား၊

ဒုစရိုက် ၁၀ ပါးကို 'ကိုယ်တိုင်တိုက်တွန်း၊ ချီးမွမ်းစိတ်တူ၊ ပွား၍နှံ့မှု၊ မှတ်ယူလေးဆယ်ကံ'ဆိုသည့်အတိုင်း ပွား၍ ကံလေးဆယ်ဖြစ်ရာ ပြုသူနှင့်အတူ တိုက်တွန်းချီးမွမ်းသူများလည်း ထပ်တူထပ်မျှ အကျိုးပေးနိုင်ပါသလားဆိုတာ သိလိုပါသဖြင့် ဖြေကြားပေးပါဘုရား။

မေမြတ်သူ (အထက ၅)၊ မြောင်းမြ

ဖြေ။ ။ စေတနာအားလျော်စွာ အကျိုးပေးပါသည်။ သတ်သူနှင့်အတူ တိုက်တွန်းသူစသည်တို့အဖို့ "ပါဏာတိပါတ်၊ သက်သတ်အမှု၊ ကိုယ်လိုပြုနှင့်၊ ပြုဟုသူက၊ တိုက်တွန်းကြ၍၊ ပြုရသော့သူ၊ လိုတူသော့အား၊ မြစ်နိုင်ငြားလျက်၊မတားမြစ်သူ၊ သုံးယောက်လူတွင်၊ သတ်သူနိရယ၊ ငရဲကျ၏။ သူကခေါ်ရာ၊ ပါသူမှာမူ၊ တိရစ္ဆာန၊ ဖြစ်ထမမှား၊ လိုတူအားဖြင့်၊ မတားမြစ်သူ၊ ထိုသူမှာတုံ၊ ပြိတ္တာဘုံဟု၊ အာရုံဖွင့်လှစ်၊ ထူးအပြစ်ကို၊ စင်စစ်မှန်စွာ၊ ကျမ်း၌လာ၏" ဟု ပါဏာတိပါတအမှုကို မှူထား၍ တိုက်တွန်းသူ၊ ချီးမွမ်းသူ၊ စိတ်တူသူတို့၏ ကျရောက်တတ်သည့် အပြစ်တို့ကို မဃဒေဝ (ပုဒ် ၁၉၈)တွင် ရေးသားထားသည်ကို မှတ်သားနိုင်ပါသည်။

*

## နောင်ပွင့်တော်မူမည့် မြတ်ဗုဒ္ဓဆယ်ဆူ

မေး။ ။ အရှင်ဘုရား၊

တပည့်တော်မ ငယ်စဉ်က ဖတ်ခဲ့ဖူးသော 'နောင်ပွင့်တော်မူမည့် မြတ်ဗုဒ္ဓဆယ်ဆူ' (စာရေးသူ၏အမည်ကို မမှတ်မိတော့ပါ) စာအုပ်၌ (၁) အဇိတသာမဏော၊ ရာမမင်း၊ ကောသလမင်း၊ အဘိဘူနတ်မင်း၊ ရာဟုအသူရိန်၊ စင်္ကီပုဏ္ဏား၊ သုဘပုဏ္ဏား၊ တောဒေယျပုဏ္ဏား၊ နာဠာဂီရိ

www.dhammaransi.com

ဆင်၊ ပလလဲ ဆင်မင်းတို့သည် နှောင်ပွင့်တော်မူမည့် ဘုရားလောင်းများဟု ဖတ်ရှုခဲ့ရပါသည်။ ပွင့်တော်မူမည့် ဘုရားလောင်းများကို ကမ္ဘာများနှင့် ယှဉ်တွဲသိလိုပါသည် အရှင်ဘုရား။ (၂) သီရိမန္တ ဘုရားရှင်ထံ၌ ဗျာဒိတ် ပန်းခံတော်မူခဲ့သော သခ်စကြာမင်းသည် အရိမေတ္တေယျ ဘုရားလောင်းဟုတ်ပါသလား အရှင်ဘုရား။ (၃) မိထွေးတော်ဂေါတမီသည် ဘုရားရှင်အား ကြာသက်နီး ၂ ထည်လှူဒါန်းစဉ် ၁ ထည်ကို သံဃာအား လှူပါဟု အမိန့်ရှိသဖြင့် လှူဒါန်းရာ အဇိတသာမဏေက ခံယူခဲ့ပါသည်။ ၎င်းအဇိတသာမဏေသည် အဇာတသတ်မင်း၏ သားတော်ဟုတ်ပါသလား ဘုရား။

မရိရိမြင့်၊ (ဗိုလ်တထောင်မြို့နယ်၊ ကျန်းမာရေးဦးစီးဌာန)

ဖြေ။ ။ ဗုဒ္ဓဝင် ပါဠိတော်တွင် နှောင်အခါ အရိမေတ္တေယျ ဟူသော ဘုရားပွင့်တော်မူလတ္တံ့ဟူ၍သာ ဘုရားဟောတော်မူပါသည်။ အမေးရှင်ဖော်ပြထားသော နှောင်ပွင့်တော်မူမည့် မြတ်ဗုဒ္ဓ ဆယ်ဆူဘုရားလောင်းများအကြောင်း ခိုင်ခံ့သော သာသနာဝင်ကျမ်းဂန်များ၌ မပါပါ။ နှောင်ခေတ်ရေးသားသော အနာဂတဝင်စသည့် ကျမ်းစာများတွင်သာ ပါရှိသော စကားများ ဖြစ်ပါသဖြင့် မုချစကားများဟူ၍ မမှတ်သားထိုက်ပါ။ ပညာပွားစကားပြောရရုံသာဟု မုံရွေးဇေတဝန်ဆရာတော်ကြီးများ မိန့်ကြားတော်မူခဲ့ပါသည်။ မိထွေးတော် ဂေါတမီ လှူသော သင်္ကန်းကို အဇိတမထေရ်အလှူခံသည်။ အဇိတသည် အဇာတသတ်မင်း၏ သားတော်ဖြစ်သည်ဆိုသည်တို့မှာလည်း မိထွေးတော်ဂေါတမီ၏ အသက်အရွယ်၊ အဇာတသတ်မင်း၏ အသက်အရွယ်တို့မှာ လွန်စွာကွာခြားနေ၍ မဖြစ်နိုင်သော အခြေအနေပင်ဖြစ်ကြောင်း ဆရာတော်ကြီးများ ဆုံးဖြတ်ထားကြပါသည်။ ထို့ကြောင့် ပြဿနာပါ အချက်အလက်တို့မှာ မမှတ်သားအပ်ဟူ၍သာ ဖြေကြားလိုပါသည်။

*

www.dhammaransi.com

# မင်္ဂလာတရား ဟောင်းပန်ငြား သိကြားလေလော နတ်သားလော

မေး။ ။ အရှင်ဘုရား၊

ဗုဒ္ဓမြတ်စွာဘုရားထံ မင်္ဂလာ ပြဿနာ မေးမြန်းလျှောက်ထားသူကို အချို့က သိကြားမင်းဟု ဆိုကြပါသည်။ အချို့က နတ်သားတစ်ပါးဟု ဆိုကြပါသည်။ ဤကိစ္စနှင့် ပတ်သက်၍ မည်သည်က မှန်ကြောင်း ဖြေကြားပေးစေလိုပါသည် ဘုရား။

မောင်မြင့်ကြည်၊ မိတ္ထီလာမြို့

ဖြေ။ ။ မင်္ဂလာတရား ဟောင်းပန်သူကို မဟာမင်္ဂလဇာတ်အဋ္ဌကထာ၌ သိကြားမင်း ကိုယ်တိုင်ဟောင်းပန်ကြောင်းကို ဆိုသည်။ သုတ္တနိပါတ်အဋ္ဌကထာ၌ သိကြားမင်းက "အိုနတ်သားတို့ လာကြကုန်၊ ဘုရားရှင်ကို မေးကုန်အံ့၊ မချွတ်လျှင် အသရေရှိသော ပြဿနာမေးခြင်း၊ ဖြေခြင်းကို ပြုကြရကုန်အံ့"ဟုဆိုကာ တစ်ဦးသော နတ်သားကိုမေးရန် စေခိုင်း၏ဟု ဖွင့်ဆိုပြ၏။ သိကြားမင်းကိုယ်တိုင် ဘုရားရှေ့တော်သို့ ရောက်ရှိ၍ မေးမြန်းဟောင်းပန်ရာ၌သာ သိကြားမင်းတာဝန်ပေးခံရသော နတ်သားက မေးမြန်းဟောင်းပန်သည်။ ထို့ကြောင့် သိကြားမင်းဟောင်းပန်သည်ဟု ဆိုသော်လည်း အပြစ်မရှိ၍ မင်္ဂလဇာတ်အဋ္ဌကထာက သိကြားမင်း ဟောင်းပန်သည်ဟု ဆိုလေသည်။ စေခိုင်းသောသိကြားမင်းကို ပဓာနထား၍ သိကြားဟောင်းပန်သည်ဟုလည်း ဆိုထိုက်ပါသည်။ စေခိုင်းအပ်သော နတ်သားကို အကြောင်းပြု၍ နတ်သား ဟောင်းပန်သည်ဟုလည်း ဆိုထိုက်ပေသည်။ ထို့ကြောင့် မင်္ဂလာညွှန့်တွင် "နတ်၏ဘုရင်၊ ဝတီရှင်လျှင်၊ နတ်ပေါင်းလယ်ဝယ်၊ ပညာကြွယ်သည့်၊ ဂုဏ်နွယ်မထင်၊ နတ်လုလင်အား၊ ရှေ့တင်ရှေ့သွား၊ လျှောက်စေကြားသည်၊ ညွှတ်တွား လက်ဆယ်ရှိလည်းသော်"ဟု ဆိုလေသည်။

*

www.dhammaransi.com

## သုံးကြိမ်ရွတ်ဆိုခြင်း

မေး။ ။ အရှင်ဘုရား၊

သရဏဂုံသုံးပါးကို ရွတ်ဆိုရာ၌ ဒုတိယမ္ပိ၊ တတိယမ္ပိ ပါသည့်အတိုင်း ဘုရားကို သုံးကြိမ်၊ တရားကို သုံးကြိမ်၊ သံဃာကို သုံးကြိမ် ရှိခိုးသင့်သည် မဟုတ်ပါလားဘုရား။ အဘယ်ကြောင့် သုံးကြိမ်သာ ရှိခိုးကြပါသလဲဘုရား။ မေတ္တာရှေ့ထား၍ ဖြေကြားပေးတော်မူပါဘုရား။

ကျော်သူနိုင်၊ မြေပုံမြို့

ဖြေ။ ။ ရတနာသုံးပါးနှင့်စပ်၍ သုံးကြိမ်ဆိုခြင်းသည် အထူးအလေးပြု၍ ဆိုခြင်း ဖြစ်ပါသည်။ သရဏဂုံအတူပင် နမောတဿ ဘုရားရှိခိုး ပါဠိကိုလည်း သုံးကြိမ်ပင်ဆိုရသည်။ ထို့အတူ အဟံဘန္တေ စသော သီလ တောင်း ပါဠိကိုလည်း သုံးကြိမ်ဆိုရသည်။ ပါဠိပုဒ် တစ်ပုဒ်ကို သုံးကြိမ် ဆိုရခြင်းသည် အထူးလေးစားရှိသေခြင်းကို ပြပါသည်။ သရဏဂုံ၌ ဗုဒ္ဓံ၊ ဓမ္မံ၊ သံဃံ သရဏံ ဂစ္ဆာမိ ဆုံးမှ ရတနာသုံးပါးကို ဆည်းကပ်ခြင်း ပြည့်စုံ၍ ပုဒ်တစ်ပုဒ်သာ သတ်မှတ်ထားသဖြင့် ၎င်းရတနာသုံးပါးအား ဆည်းကပ်ခြင်း ပါဠိကိုသာ သုံးကြိမ်ဆိုရန်ဖြစ်၍ ဒုတိယမ္ပိ တတိယမ္ပိ ပြဆိုထားပါသည်။ တစ်နည်းအားဖြင့် ရတနာသုံးပါးအစုံအား ဆည်းကပ် ခြင်းဖြစ်၍ ဘုရား၊ တရား၊ သံဃာ မခွဲခြားဘဲ သုံးကြိမ်ရွတ်ဆိုရခြင်း ဖြစ်ကြောင်း မှတ်သားသင့်ပါသည်။

*

## ရဟန်းတို့က ပေးကမ်းနိုင်သူ

မေး။ ။ အရှင်ဘုရား၊

လာဘ်လာဘပေါများပြည့်စုံသည့် ရဟန်းသာမဏေတို့သည် (၁) မိဘနှစ်ပါး၊ (၂) မောင်နှမသားချင်းများ၊ (၃) ဆွေမျိုးများ၊ (၄) အခြား သူများအား စွန့်ကြဲပေးကမ်းကောင်းပါသလား ဘုရား။

မောင်မြင့်ကြည် (မိတ္ထီလာ)

www.dhammaransi.com

ဖြေ။ ။ ရဟန်းတော်များသည် ဆွမ်းစသော အာမိသပစ္စည်းများကို မိဘ နှစ်ပါးအား ပေးကမ်းကျွေးမွေးပြုစုနိုင်ပါသည်။ မောင်နှမသား ချင်း၊ ရဟန်းဒကာ၊ ကျောင်းဒကာ၊ ရဟန်းအမ၊ ကျောင်းအမ စသည်တို့ အား ပေးကမ်းကျွေးမွေးစွန့်ကြဲခြင်း မပြုအပ်ပါ။ အခြားသူများဟူသော စကား၌ ရဟန်းတော်များ ဆွမ်း စသောအာမိသကို ပေးကမ်းကျွေးမွေးရ မည့်သူများမှာ ကျောင်းသို့လာရောက်သော မင်း၊ ခိုးသားဓားပြတို့ ဖြစ်ပါ သည်။ ၎င်းတို့မှာ မိမိအား အန္တရာယ်ပြုနိုင်သူများ ဖြစ်သောကြောင့် ပင်။ ထို့ပြင် အပိုအလျှံ ဆွမ်း စသော အာမိသတို့ကို ကျောင်းသားကပ္ပိယ နှင့် ဖုန်းတောင်း ယာစကာများအားလည်း ပေးကမ်းနိုင်ပါသည်။

*

## သာဓုခေါ်ခြင်းနှင့် ပတ်သက်၍

မေး။ ။ အရှင်ဘုရား၊

သူတစ်ပါးအမျှဝေသောအခါ တပည့်တော်လည်း လိုက်၍ သာဓု ခေါ်ပါသည်။ ကိုယ့်ကို အမျှဝေတာမဟုတ်၍ ဤသို့ သာဓုခေါ်ခြင်းဖြင့် အကျိုးထူးများ ရနိုင်၊ မရနိုင် ဖြေကြားပေးတော်မူပါဘုရား။

မောင်ကျော်သူနိုင်၊ (ရခိုင်ပြည်နယ်)

ဖြေ။ ။ အမျှဝေသူသည် အမျှ အမျှ ဟူ၍ သာမန်ဆိုသော်လည်း အသံဖွင့် ၍ ကျယ်ကျယ်လွင့်လွင့်အမျှဝေခြင်းဖြင့် လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါ မှန်သမျှ၊ ကြားကြားသမျှ အမျှ ယူတော်မူကြပါဟု ဆိုလိုသဖြင့် (အချို့ အဝေးမှကြားနိုင်ရန် ကြေးစည်ခေါင်းလောင်းတီးခေါက်၍ပင် အမျှဝေ သဖြင့်) ကြားရာအရပ်မှ သာဓုခေါ်လျှင် ပတ္တာနုမောဒနကုသိုလ်ကို ရရှိ နိုင်ပါသည်။ အမျှဝေသံကို ကြားရ၍ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်သော နတ်တို့သည် စည်းစိမ်ချမ်းသာများ တိုးတက်သွားရကြောင်း၊ ထိုအခါ အမျှဝေသောသူက ငါတို့အား စည်းစိမ်ကို ပေးပေသည်ဟု မိဘက သား

သမီးကို စောင့်ရှောက်သကဲ့သို့ အမျှဝေသော ကုသိုလ်ရှင်အား ပြန်လည်စောင့်ရှောက်ကြသည်ဟု ကျမ်းဂန်များ၌ လာရှိပေသည်။ ထို့ကြောင့် ကုသိုလ်ရှင်တိုင်းက အမျှဝေသင့်၍ ကြားသူတိုင်းက သာဓုခေါ်သင့်ကြောင်း မှတ်သားသင့်ပါသည်။

*

## သီလနှင့် ဘုရားရှိခိုး

မေး။ ။ အရှင်ဘုရား၊

တပည့်တော်သည် ရှစ်ပါးသီလကို အိမ်ရှိဘုရားတွင် ခံယူဆောက်တည်ပါသည်။ ရပါသလား။ ဤကဲ့သို့ ခံယူသော ငါးပါး၊ ရှစ်ပါး၊ ကိုးပါး၊ ဆယ်ပါးသီလတို့သည် တစ်ပါးပျက်က အားလုံးပျက်ပါသလား။ ဘုရားအစရှိသော အနန္တ ငါးပါးကို ရှိသေမြတ်နိုး ရှိခိုးခြင်းပြုရာတွင် 'အပြစ်ခြောက်ပါးကင်းရာ အရပ်မှနေ၍ ရှိခိုးရသည်'ဟု ကြားဖူးပါသည်။ အပြစ်ခြောက်ပါးဆိုသည်ကို မသိပါသဖြင့် ဖြေကြားပေးရန် လျှောက်ထားပါသည် ဘုရား။

မိအိ၊ မလွကုန်း

ဖြေ။ ။ ရှစ်ပါးသီလ စသည်ကို အိမ်ဘုရားခန်း ဘုရားရှေ့တွင် အသံထုတ်ကာ မိမိကိုယ်တိုင် ခံယူဆောက်တည်၍ ရပါသည်။ လူပုဂ္ဂိုလ်တို့အဖို့ ဤသီလများကို တစ်ပုဒ်ချင်း၊ တစ်ပါးချင်းဆို၍ ဆောက်တည်ခံယူရသဖြင့် တစ်ပါးပျက်က အားလုံးမပျက်၊ ထိုလွန်ကျူးရာ သိက္ခာပုဒ်တစ်ပါးသာ ပျက်ပါသည်။ တစ်ပုဒ်ချင်း၊ တစ်ပါးချင်း မခံယူဘဲ 'ရှစ်ပါးသီလကို ခံယူဆောက်တည်ပါ၏'ဟု တစ်ပေါင်းတည်းခံယူက တစ်ပါးပျက်လျှင် အားလုံးပျက်ပါသည်။ ဤခေတ်တွင် ဤသို့ ဆောက်တည်ခြင်းမျိုး မရှိပါ။ တစ်ပါးချင်းသာ ခံယူလေ့ရှိပါသည်။ ထို့ကြောင့် ငါးပါး၊ ရှစ်ပါး၊ ကိုးပါး၊ ဆယ်ပါး လူတို့နှင့်ဆိုင်သော ဘယ်သီလမျိုးမဆို ဘုရားရှေ့တွင်

အသံထွက်ကာ လေးလေးနက်နက် နှုတ်မြွက်၍ ခံယူဆောက်တည်နိုင်ပါသည်။ အပြစ်ခြောက်ပါးကင်းသော အရပ်ဆိုသည်မှာ "လေအောက်၊ လေညာ၊ ဘေးမှာ၊ မြင့်မောက်၊ ရှေ့၊ နောက်ရပ်များ ပြစ်ခြောက်ပါး"ဟု ဆိုသည့်အတိုင်း လေအောက်အရပ်၊ လေညာအရပ်၊ ဘေးအရပ်၊ မြင့်သော အရပ်၊ ရှေ့တည့်တည့်အရပ်၊ နောက်တည့်တည့်အရပ်များဖြစ်၍ ၎င်းအရပ်ခြောက်ပါးကိုရှောင်၍ သင့်လျော်ရာနေရာမှနေကာ ရှိခိုးခြင်း၊ ခံယူခြင်း ပြုသင့်ပါသည်။

*

## သမီးနှင့်အဖေ

မေး။ ။ ကာမေသုမိစ္ဆာ၊ စိတ်မှာလေ ဝေမကွဲ၊ ဖြေရဲမှဖြေပါ။ ။
သမီးကို အဖေကာ၊ အမေကို ဘေးဖယ်ထားလို့၊
မယားလို သူကြံကျင့်၊ ငြင်းခွင့်မသာ။ ။
ထိုဗာလ၊ မိစ္ဆာစာရ။ ။
ငရဲအပါယ်၌၊ ကျရောက်ဖွယ်ဖြေစရာနှင့်၊
အဖေမှာ ပိုင်ဆိုင်သူမို့၊ မကျဟူ ဤနှစ်ချက်ကို၊
ထွေးယှက်ဖြေပါ။ ။

အရှင်သုမင်္ဂလ (ကသာ)

ဖြေ။ ။ ကာမခေါ် ထိုမီးကြောင့်၊ သမီးကိုကိုင်စဉ်။ ဖခင်ဆို ရှိန်အငွေ့၊
ပြေ၍ သာမန်လူသို့၊ မာတူ-ရက္ခိတကို၊ ပြုကမျက်မြင်။ ။ ကာမေသုရဲ့ပြင်၊ ဤလူ့ဥပဒေနှင့်၊ အဖေဆို ထိုလူယုတ်၊ ဆွဲထုတ်သင့် လူ့အပြင်၊ ရှုမြင်သင့်ပါဘူး။ ။ သေပြီးခါ၊ နိရယာ ဟိုအောက်ဆုံးမှာ၊ စုန်းစုန်းနစ်ကာ မြုပ်ပါလိမ့်၊ ဆိုးယုတ်လူထူး။

*

www.dhammaransi.com

## အာဝေဏိက ဒုက္ခငါးပါး

မေး။ ။ အရှင်ဘုရား၊

အမျိုးသမီးများတွင် အာဝေဏိက ဒုက္ခငါးပါးရှိပြီး သီလရှင်ဝတ်ပါက ဒုက္ခတစ်ပါးသာ ကျန်တော့ကြောင်း ကျန်လေးပါးမှာ ကင်းလွတ်သွားကြောင်းဆိုရာ၌ အပြီးတိုင်ဝတ်သော ဆရာလေးများနှင့် ခေတ္တဒုလ္လဘဝတ်သော ဆရာလေးများ မည်သည်ကို ဆိုလိုသည်ဖြစ်ပြီး ၎င်းဒုက္ခငါးပါးနှင့် ကျန်တစ်ပါးကို ကွဲပြားစွာ သိလိုပါ၍ ဖြေကြားပေးတော်မူပါရန် လေးမြတ်စွာ လျှောက်ကြားအပ်ပါသည် ဘုရား။

ခင်သီတာထွေး၊ တောင်ကြီးမြို့

ဖြေ။ ။ မိန်းမတို့နှင့်သာ ဆက်ဆံသော အာဝေဏိက ဒုက္ခငါးပါးကို သံယုတ်ပါဠိတော်(သံ၊ ၂၊ ၄၃၆) မာတုဂါမသံယုတ်၌ ဟောတော်မူထားပါသည်။ ၎င်းမှာ (၁)အရွယ်ရောက်လျှင် ရာသီ(ဥတု)သွေး တစ်လတစ်ကြိမ်ႀသွန်ရခြင်း၊ (၂) လင်၏နောက်သို့ လိုက်ပါရခြင်း၊ (၃) လင်၏ခြေရင်းအလုပ်အကျွေးအဖြစ် ပြုလုပ်ရခြင်း၊ (၄) ကိုယ်ဝန်ဆောင်ရခြင်း၊ (၅) သားသမီးမွေးဖွားရခြင်းတို့ဖြစ်၍ အမေးရှင်သိလိုသော ဒုက္ခငါးပါးနှင့်ကျန်တစ်ပါးအတွက် ရှင်းလင်းနိုင်စရာရှိပါသည်။ အကျဉ်းမှတ်သားဖွယ်ဆောင်ပုဒ်မှာ "လစဉ်သွေးရောက်၊ လင့်နောက်လိုက်ပါ၊ လုပ်ကျွေးကာနှင့်၊ ကိုယ်မှာသန္ဓေ၊ မွေးဖွားလေ၊ ငါးထွေအာဝေဏိ"ဟူ၍ ဖြစ်ပါသည်။

*

## ဒေဝါ

မေး။ ။ အရှင်ဘုရား

အာဌာနာဋိယသုတ်အနက်၌ ဒေဝါကို ကုမ္ဘဏ်နတ်ဟု ပြဆိုပါသည်။ ဓဇဂ္ဂသုတ်အနက်၌ ဒေဝါကို တာဝတိံသာနတ်ဟု ဆိုပါသည်။

ပါဠိတော်၌ အဆိုပါ နတ်နှစ်မျိုးလုံးကိုပင် ဒေဝါဟု ခေါ်ခြင်းဖြစ်ပါသလား၊ စတုမဟာရာဇ်နတ်ဘုံ၌ ဒေဝါအပြင် ဂန္ဓဗ္ဗ(ဘူတာ) နတ်တို့လည်း ရှိပါသည်။ ဂန္ဓဗ္ဗနတ်နှင့် ကုမ္ဘဏ်နတ်တို့၏ ကွဲပြားပုံကို ရှင်းပြပေးစေလိုပါသည်။ တစ်ဖန် ကုမ္ဘဏ်နတ်ဆိုသည်မှာ ဘီလူးနတ်ဟု ဆိုကြပြန်သဖြင့် ကွဲပြားအောင် ရှင်းလင်းဖြေကြားပေးပါရန် တောင်းပန်ပါသည်ဘုရား။

ဒု–အရာခံဗိုလ်ကျော်သိန်း၊ မိတ္ထီလာ

ဖြေ။ ။ ဒေဝါဟူသော ပါဠိပုဒ်မှာ အရာဌာနအားလျော်စွာ အနက်ဆိုပါသည်။ အချို့နေရာတွင် ဒေဝါဟူသည် ဘုရား၊ ရဟန္တာဝိသုဒ္ဓိနတ်၊ မင်း–သမုတိနတ်၊ နတ်ပြည်ခြောက်ထပ်နတ်များ–ဥပပတ္တိနတ်တို့ကို အနက်ပေးရပါသည်။ အများအားဖြင့် နတ်ပြည်ခြောက်ထပ်နတ်များကို ယူရသော်လည်း ရံခါ ဂန္ဓဗ္ဗနတ်၊ ကုမ္ဘဏ္ဍနတ်၊ ယက္ခနတ်များအပြင် လူ့ပြည်ရှိ ရုက္ခစိုး၊ ဘုမ္မစိုးနှင့် အာကာသစိုးများအပြင် မြေဘုတ် စသည်များကိုပါ ယူနိုင်သေးသည်။ အာဋာနာဋိယသုတ်၌ ကုမ္ဘဏ်ကိုလည်း ယူရသလို ဓဇဂ္ဂသုတ်၌ တာဝတိံသာနတ်ကိုလည်း ယူပါသည်။ နေရာဌာန အားလျော်စွာ ယူပါသည်။ မနုဿကို လူဟု သာမညယူ၍ လူအားလုံးကို ရသော်လည်း အထူးပြု၍ အမေရိကန်၊ အင်္ဂလန်၊ အိန္ဒိယ၊ တရုတ် စသည် သီးခြားအမည်များ ရှိသေးသကဲ့သို့ပင် ဖြစ်ပါသည်။ ဂန္ဓဗ္ဗနတ်မှာ စတုမဟာရာဇ်ဘုံ၌ ရှိသော ကချေသည်၊ သဘင်သည်၊ အဖျော်အဖြေနတ်များ ကိုဆို၍ ကုမ္ဘဏ်မှာ ဘီလူးမျိုးနွယ်၊ မြင်းမိုရ်တောင် တတိယအာလိန္ဒ၌ စောင့်ရှောက်နေကြသော နတ်တစ်မျိုးဖြစ်ကြောင်း ဆိုပါသည်။

*

## ဆက်ကောသမာတုဝင်

မေး။ ။ အရှင်ဘုရား

မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ် ဆံတော်မြတ် ခြောက်ဆူကို အရှင်အနုရုဒ္ဓါမထေရ်အား ပေးခဲ့ကြောင်း သိရပါသည်။ ဆံတော်

www.dhammaransi.com

ခြောက်ဆူကို အဘယ်အရပ်တွင် အရှင်အနုရုဒ္ဓါအား ပေးသည်၊ မည်သည့် မြို့ရွာတို့တွင် စေတီတည်ထားသည်၊ အရှင်အနုရုဒ္ဓါနှင့် မည်သည့် မထေရ် မြတ်များ ပါရှိသည်၊ ဘုရားဒါယကာများသည် ဘယ်ပုဂ္ဂိုလ်များ ဖြစ်သည် ကို သိလိုလှပါ၍ ဖြေကြားတော်မူပါရန် ရိုသေစွာ လျှောက်ထားအပ်ပါ သည်ဘုရား။ တပည့်တော် သိရသမျှ မပြည့်စုံ၍ ဆရာတော်ထံ လျှောက် ထားရခြင်း ဖြစ်ပါသည် ဘုရား။

အရှင်အရိယဓမ္မ (ကသာမြို့)

ဖြေ။ ။ ဆကေသဓာတုဝင်အရ မြတ်စွာဘုရား ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်းတော်တွင် သီတင်းသုံးခိုက် (၁) အရှင်အနုရုဒ္ဓါ၊ (၂) အရှင်သောဘိတ၊ (၃) အရှင်ပဒုမုတ္တရ၊ (၄) အရှင်ဂုဏသာဂရ၊ (၅) အရှင်ဉာဏပဏ္ဍိတ၊ (၆) အရှင်ရေဝတ မထေရ်ခြောက်ပါးတို့ တောင်းပန် ၍ မြတ်စွာဘုရားဆံတော်ခြောက်ဆူကို ပေးကြောင်း၊ ထိုမထေရ်ခြောက်ပါး တို့ သမုဒ္ဒရာအခြား(ယခု မွန်ပြည်နယ်၊ သုဝဏ္ဏဘူမိ သထုံနယ်)၌ စေတီ ခြောက်ဆူကို အရှင်အနုရုဒ္ဓါက သိကြားမင်းကို ဒကာပြုစေ၍ သက္ကထူပ စေတီ၊ အရှင်သောဘိတက ပဇ္ဇုန္န(မိုး)နတ်သားကို ဒကာပြုစေ၍ ပဇ္ဇုန္နထူပ စေတီ၊ အရှင်ပဒုမုတ္တရက မဏိမေခလာနတ်သမီးကို ဒကာပြုစေ၍ မဏိ မေခလာ ထူပစေတီ၊ အရှင်ဂုဏ သာဂရက သင်္ဘောသူကြီးကို ဒကာပြု စေ၍ အဒ္ဒိနာဝိကထူပစေတီ၊ အရှင် ဉာဏပဏ္ဍိတက နဂါးမင်းကို ဒကာပြု စေ၍ နာဂထူပစေတီ၊ အရှင်ရေဝတ မထေရ်က လှေသူကြီး ခုနစ်ယောက် တို့ကို ဒကာပြုစေ၍ သတ္တနာဝိက ထူပစေတီတို့ကို အသီးသီးတည်ထား ကိုးကွယ်စေခဲ့ကြောင်း ဆိုပါသည်။ ထိုစေတီများသည် ယခုတိုင် တည်ရှိ၍ သတ္တဝါတို့အား ကုသိုလ်တရား တိုးပွားစေကာ နတ်ရွာသုဂတိသို့ ရောက် စေခဲ့ကြောင်း သမိုင်းထင်ရှား ရှိပါသည်။

*

www.dhammaransi.com

# သတ္တဝါသဘုံကိုးဝနှင့် ဝိညာဏဋ္ဌိတိ ခုနစ်ပါး

မေး။ ။ အရှင်ဘုရား

အမျှဝေလင်္ကာတွင် 'သတ္တဝါသ ဘုံကိုးဝနှင့် ဝိညာဏဋ္ဌိတိ တည်ရှိ ခုနစ်ပါး' ဟု ပါရှိပါသည်။ ၎င်း၏အဓိပ္ပာယ်ကို သိလိုပါသဖြင့် ဖြေဆိုပေးတော်မူပါဘုရား။

ဦးညိုမောင်၊ လမ်း ၄၀၊ ကျောက်တံတားမြို့နယ်

ဖြေ။ ။ လွယ်ကူစွာ မှတ်သားနိုင်ရန် ဝိညာဏဋ္ဌိတိ ခုနစ်ပါးမှစ၍ ဖြေကြားပါမည်။ ၎င်းမှာ ပဋိသန္ဓေဝိညာဏ်၏ တည်ရာခုနစ်ပါးဖြစ်သည်။

(၁) လူ့ပြည်၊ နတ်ပြည်ခြောက်ထပ် ဤ ၇ ပါးသည် သတ္တဝါတို့၏ ကိုယ်သဏ္ဌာန်လည်း အထူးထူး၊ ပဋိသန္ဓေလည်း အထူးထူးရှိ၍ နာနတ္တကာယ နာနတ္တသညီ မည်၏။

(၂) ပထမဈာန် ၃ ဘုံ၊ အပါယ်လေးဘုံ ဤခုနစ်ဘုံသည် သတ္တဝါတို့ ကိုယ်သဏ္ဌာန်ကား အထူးထူး၊ ပဋိသန္ဓေကား ပထမဈာန် ၃ ဘုံ၌ ပထမဈာန်ဝိပါက်စိတ်၊ အပါယ်လေးဘုံ၌ အကုသလဝိပါက် သန္တီရဏစိတ် တစ်ခုစီသာဖြစ်၍ နာနတ္တကာယ ဧကတ္တသညီ မည်၏။

(၃) ဒုတိယဈာန် ၃ ဘုံသည် သတ္တဝါတို့၏ ကိုယ်သဏ္ဌာန် အရောင်အဝါကား တူ၏။ ဒုတိယဈာန်ဝိပါက်၊ တတိယဈာန်ဝိပါက် ပဋိသန္ဓေထူးခြား၍ ဧကတ္တကာယ နာနတ္တသညီမည်၏။

(၄) တတိယဈာန် ၃ ဘုံ၊ ဝေဟပ္ဖိုလ်ဘုံ၊ သုဒ္ဓါဝါသငါးဘုံတို့သည် ကိုယ်သဏ္ဌာန်လည်း တူသည်။ ပဋိသန္ဓေလည်း စတုက္ကနည်းအားဖြင့် စတုတ္ထဈာန်ဝိပါက်စိတ် တစ်ပါးသာ ဖြစ်၍ ဧကတ္တကာယ ဧကတ္တ သညီ မည်၏။

www.dhammaransi.com

(၅) အာကာသာနဉ္စာယတန (၆) ဝိညာဏဉ္စာယတန(၇) အာကိဉ္စညာယတန ဤအရူပ ၃ ဘုံသည် သညာတစ်ပါးစီဖြစ်၍ တစ်ဘုံစီယူလျှင် ဝိညာဏဋ္ဌိတိ ၇ ပါး ဖြစ်သည်။

'သတ္တဝါသ ဘုံကိုးဝ'ယူရာ၌ ဖော်ပြပါ ၇ ပါးတွင် (၁) နေဝသညာနာသညာဘုံကို တစ်ရပ်၊ (၂) အသညသတ်ဘုံကို တစ်ရပ်ထည့်၍ ကိုးပါးယူရသည်။ ဤသို့ သတ္တဝါသ ဘုံကိုးဝနှင့် ဝိညာဏဋ္ဌိတိခုနစ်ပါးကို မှတ်သားသင့်ပါသည်။ ဝိညာဏဋ္ဌိတိ ၇ ပါး၌ ဝိညာဏ်ရှိသည်လည်း မဟုတ်၊ မရှိသည်လည်း မဟုတ်သော နေဝသညာ နာသညာယတနဘုံနှင့် သညာ လုံးဝမရှိသော အသညသတ်ဘုံကို ချန်ထားရသည်။ ၂ ရပ်ပေါင်းသော် ဘုံ ၃၁ ပင် ဖြစ်ပါသည်။

*

## ဒေါသနှင့် မေတ္တာ

မေး။ ။ အရှင်ဘုရား၊

တပည့်တော်မသည် လွန်ခဲ့သော ၄ နှစ်ခန့်က မိန်းမတစ်ယောက်နှင့် စကားများ ရန်ဖြစ်ဖူးပါသည်။ စကားများသည့်နေ့ကစ၍ ယနေ့တိုင် တပည့်တော်မသည် နေ့တိုင်း မေတ္တာပို့ ဆုတောင်းခဲ့သည်။ ၎င်းမိန်းမသည် တပည့်တော်မကို တွေ့သည့်အခါတိုင်း ကိုယ်အမူအရာဖြင့်လည်းကောင်း၊ နှုတ်အမူအရာဖြင့်လည်းကောင်း အမြဲစောင်းမြောင်းဆဲဆိုပါသည်။ တပည့်တော်မ ပို့သော မေတ္တာသည် မထိရောက်ဖြစ်နေပါသလား၊ တပည့်တော်မကို မေတ္တာပို့သ နည်း ပေးသနားတော်မူပါ ဘုရား။

အေးအေးမြင့် (ထားဝယ်)

ဖြေ။ ။ အချင်းချင်းရန်ဖြစ်ဖူးသဖြင့် ဒေါသ လုံးဝ ပျောက်ပျက်မသွားသေး၍ဟု ဆိုရမည် ဖြစ်ပါသည်။ မေတ္တာပို့ရာ၌ ပထမ မိမိကိုယ်ကို ပို့၍ ထို့နောက်မှ ချစ်သောသူ (မိဘ စသည်)တို့ကို ပို့ရသည်။ မချစ်မမုန်း

အလယ်အလတ်ဖြစ်သူတို့ကို ပို့၍ အရှိန်ရလာမှ မုန်းသူ (ရန်သူ)တို့ကို ပို့ရပါသည်။ အထူးအားဖြင့် နံနက် အိပ်ရာထစဉ် မျက်နှာသစ်ရေကို ခပ်ယူပြီး "ဤရေအသွင် အေးသန့်စင်ကြည်လင်ကြပါစေ။ သတ္တဝါ မှန်သမျှ ဘေးမခ၊ အေးမြကြပါစေ"ဟု နေ့စဉ် မေတ္တာရေဖြင့် မျက်နှာသစ်ပါ။ ထို့နောက် တစ်နေ့လုံး အချိန်ရသမျှ သတ္တဝါအားလုံးအား မေတ္တာဖြင့် ပျံ့နှံ့စေ၍ နေနိုင်အောင် အားထုတ်ပါ။ မေတ္တာမှာ အလုပ်အကိုင်များပြား၊ ကိစ္စများနေခိုက် ပြတ်လပ်နေတတ်ပါသည်။ မေတ္တာဖြင့် အမြဲနေလေ့ရှိသော ဘုရားအလောင်းတော် သုဝဏ္ဏသာမသည်ပင် မိဂသမ္မတာမြစ်၌ ရေခပ်စဉ် သောက်ရေကို နှလုံးသွင်းနေမိ၍ မေတ္တာပြတ်လပ်နေခဲ့သဖြင့် ပိဠိယက္ခမင်းကြီး၏ မြားထိသွားရသည်ဟု ဆိုပါသည်။ အမေးရှင်သည်လည်း ရန်ဖြစ်ဖူးသူကိုမြင်၍ ဖြစ်ခဲ့ဖူးသော ဒေါသက မသိမသာဝင်ရောက်နေရာယူဟန်တူပါသည်။ ထို့ကြောင့် မေတ္တာကို အစဉ်နှလုံးသွင်းနေနိုင်အောင် အိပ်ရာထ၊ အိပ်ရာဝင်နှင့် အစဉ်အမှတ်ရတိုင်း သတ္တဝါ အနန္တတို့အား အဒေါသစေတနာ အဝေရာဟောန္တုစသည့် တုလေးချက် မြန်မာပြန် (၁) ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ၊ (၂) စိုးရိမ်ခပ်သိမ်းငြိမ်းကြပါစေ၊ (၃) ဆင်းရဲခပ်သိမ်းငြိမ်းကြပါစေ၊ (၄) မိမိကိုယ်ကို ချမ်းသာအောင် ဆောင်ရွက်နိုင်ကြပါစေဟု မေတ္တာအစဉ်ပွားနိုင်သော မေတ္တာဝိဟာရီ ပုဂ္ဂိုလ်ဖြစ်အောင် အားထုတ်စေလိုပါသည်။

*

## လူသုံးပါး

မေး။ ။ အရှင်ဘုရား၊

'လူသုံးပါး'နှင့် အဘယ်ကြောင့် လူသုံးပါးဟု သတ်မှတ်ခေါ်ဆိုရကြောင်းကို ရှင်းပြပေးတော်မူပါ ဘုရား။

မောင်မြင့်ကြည်၊ မိတ္ထီလာမြို့

www.dhammaransi.com

ဖြေ။ ။ လူ၊ နတ်၊ ဗြဟ္မာဟု လောကသုံးပါး၌ ရှိကြသော ပုဂ္ဂိုလ်သုံးမျိုးကို လူသုံးပါးဟု ဗုဒ္ဓစာပေက သတ်မှတ်ခေါ်ဆိုပါသည်။ ဤသည်မှာ ဗုဒ္ဓ၏သာသနာတော်ဝယ် မနုဿဟူသော လူကသာ ပဓာနကျ၍ ဖြစ်ပါသည်။ ပုံစံအားဖြင့် ဘုရားသာသနာတော်နှစ်ပေါင်းများစွာ အရှည်တည်တံ့ရန် အရေးဝယ် လူသည်သာ ရဟန်းပြု၍ အရှည်တည်ရန် မုရနှစ်ပါးဖြင့် စောင့်ရှောက်ခြင်း၊ လူ့ဘဝဖြင့် ပစ္စည်းလေးပါး ထောက်ပံ့၍ စောင့်ရှောက်ခြင်းတို့ဖြင့် သာသနာပြု၊ သာသနာရေးတို့ကို အားပေးပြုလုပ်နေကြပါသည်။ နတ်သိကြား ဗြဟ္မာတို့သည် ဘုရားထံမှ တရားတော်နာ၍ မဂ်ဖိုလ်ရခဲ့သည့်တိုင်အောင် သာသနာတော်ကို အရှည်တည်အောင် မစောင့်ရှောက်ကြပါ။ မည်သည့်နတ်သိကြားကမျှ သာသနာတော်ကို ပစ္စည်းလေးပါးဖြင့် မထောက်ပံ့ကြပါ။ ရဟန်းဝတ်ခွင့်လည်း မရကြပါ။ ထင်ထင်ရှားရှားလည်း လာရောက်မကူညီကြပါ။ ထို့ကြောင့် သာသနာရေး သာသနာမှုတွင် နတ်သိကြား ဗြဟ္မာတို့သည် လူတို့၏နောက်လိုက်များသာ ဖြစ်ကြသဖြင့် ရှေးသွားဖြစ်သောလူတို့ကို ဦးတည်၍ "လူသုံးပါး"ဟု ဆိုကြပါသည်။ မြတ်စွာဘုရားကိုလည်း လောကနာထ၊ လောကနာယက လူသုံးပါးတို့၏ အရှင်သခင် "သုံးလူ့ရှင်ပင်'ဟု ဆိုပါသည်။

*

## ကန်တော့ခန်းဆိုင်ရာ သိဖွယ်ရာ

မေး။ ။ အရှင်ဘုရား၊

တပည့်တော် အပါအဝင် ဗုဒ္ဓဘာသာဝင်တို့ ရှိခိုးလျက်ရှိကြသည့် "ဩကာသ ကန်တော့ခန်း"တွင် ဤသို့ကန်တော့ရသော ကုသိုလ်ကံစေတနာတို့ကြောင့် အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုး ငါးပါး၊ ဝိပတ္တိတရားလေးပါး၊ ဗျသနတရားငါးပါးတို့မှ အခါခပ်သိမ်း

www.dhammaransi.com

ကင်းလွတ်ငြိမ်းသည်ဖြစ်၍ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားတော်မြတ်ကို ရပါလို၏ အရှင်ဘုရားဟု ပါရှိပါသည်။ ယင်းဆုတောင်းခန်းနှင့် ပတ်သက်၍ တပည့်တော် ဉာဏ်မရှင်းသဖြင့် မေးလိုသောအချက်မှာ အပါယ်လေးပါးမှစ၍ ဗျသနတရားငါးပါး အဆုံးရှိသော မလိုလားအပ်သည့် တရားဆိုးများမှ အခါခပ်သိမ်း ကင်းလွတ်ခါမှ၊ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားများကို ရနိုင်ပါသလား၊ သို့မဟုတ် မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်တရားများကို ရရှိပါမှ၊ အပါယ်လေးပါးအစ ဗျသနတရားငါးပါးအဆုံးရှိသော မလိုလားအပ်သောတရားဆိုးများမှအဆင့်ဆင့် ကင်းလွတ်ငြိမ်းမှာလားဆိုသည်ကို ဖြေကြားပေးတော်မူပါဘုရား။

ဦးကျော်၊ ကျောက်ရေတွင်းမြောက်ပိုင်း၊ မ/ဥက္ကလာပ

ဖြေ။ ။ ကန်တော့ခန်း ဆုတောင်းပိုင်းတွင် အပါယ်လေးပါးစသော ပယ်ဆုများနှင့် မဂ်တရား စသော လိုဆုများကို တောင်းရာ၌ ပယ်ဆုများကင်းမှ လိုဆုများ ရနိုင်မည်မဟုတ်။ မလိုလားအပ်သည်ကို ပယ်၍ လိုအပ်သည်များကို တောင်းခြင်းမှာ သီးခြားကိစ္စသာ ဖြစ်ပါသည်။ ဥပမာ အပါယ်လေးပါး၊ ရပ်ပြစ်ရှစ်ပါးတို့ ကြုံကြိုက်နေလျှင် မဂ်တရားစသည်တို့ကို မရနိုင်သော်လည်း ကပ်သုံးပါး၊ ရန်သူ ၅ ပါး၊ ဝိပတ္တိ ၄ ပါး၊ ဗျသနတရား ၅ ပါးတို့နှင့် ကြုံတွေ့ရသော်လည်း မဂ်တရားများကို ရနိုင်ပါသည်။ ရောဂါ ရကပ် ဆိုက်၍ ထွက်ပြေးရင်း တရားရ၊ ရဟန္တာဖြစ်သူ၊ မင်းဘေးကို ရှောင်ရှားရင်း မဂ်၊ ဖိုလ်ရသူ၊ ဉာတိဗျသနကြောင့် ရူးရသူ ပဋာစာရီတို့ ရဟန္တာဖြစ်ခြင်းတို့ကို သာဓက ယူနိုင်ပါသည်။ မဂ်တရား၊ ဖိုလ်တရား ရပြီးမှလည်း အရှင်မဟာမောဂ္ဂလာန် ခိုးသားငါးရာ အသတ်ခံရခြင်း၊ မြတ်စွာဘုရားပင်လျှင် ဒေဝဒတ်စသော ရန်သူများ ရှိသေးခြင်းတို့ကိုလည်း ထောက်ဆနိုင်ပါသည်။ ထို့ကြောင့် ကန်တော့ခန်း

www.dhammaransi.com

ဆိုင်ရာ ဆုတောင်းမှာ တစ်ခုနှင့်တစ်ခု ဆက်စပ်မှုမရှိ၊ သီးခြားဖြစ်သော ပယ်ဆု၊ လိုဆုများသာ ဖြစ်ကြောင်း မှတ်သားသင့်ပါသည်။

*

## ဘီလူးစားရန် သားကိုလှူခြင်း

မေး။ ။ အရှင်ဘုရား၊

မင်္ဂလဘုရားအလောင်းသည် ဘီလူးအား သားကို လှူဒါန်းရာ ဘီလူးက သားကို ရှေ့တွင်ပင် စား၍ သွေးသံရဲရဲ စီးကျထွက်လာသည်ကို ပင် ကြည့်၍ ဝမ်းမြောက်ခဲ့သဖြင့် ဘုရားဖြစ်သောအခါ အမြဲမပြတ် ရောင်ခြည်တော်များ ထွက်ရကြောင်း ဆိုထားရာ သူတစ်ပါး သေကျေ ပျက်စီးသည်ကို ဝမ်းမြောက်ခြင်း၊ သူတစ်ပါးအသက်ကို ပေးလှူခြင်းဖြင့် ပါရမီဖြည့်ခြင်းတို့ ဖြစ်နိုင်၊ မဖြစ်နိုင် ဖြေဆိုပေးစေလိုပါသည် ဘုရား။

ဒေါ်ခင်မြ (ဆရာမကြီး–ငြိမ်း)၊ မန္တလေးမြို့

ဖြေ။ ။ ဗုဒ္ဓဝင် (မင်္ဂလ ဗုဒ္ဓဝင်ခန်း)၌ "ထိုအခါ ခရဒါဋ္ဌိက ဘီလူးသည် ဘုရားအလောင်း၏ လှူဒါန်းမှု၌ အလွန်လိုလားကြောင်း သိသဖြင့် ပုဏ္ဏားအသွင် ဖန်ဆင်းကာ အလောင်းတော်ထံ ချဉ်းကပ်ပြီး သားတော်၊ သမီးတော်တို့အား အလှူခံ၏"ဟု ပါရှိ၏။ ဘီလူးအဖြစ်ဖြင့် စားရန် အလှူခံသည် မဟုတ်၊ ပုဏ္ဏားအသွင်ဖြင့် ကျေးကျွန်ပြုရန် အလှူခံခြင်း ဖြစ်၍ အလှူခံပြီးမှ ဘုရားလောင်းရှေ့တွင် ဘီလူးက စားခြင်းဖြစ်သည်။ ဘုရားလောင်းတို့၏ ဒါနပါရမီတော်အရ ပုဗ္ဗ၊ မုဥ္စ၊ အပရစေတနာသုံးတန် ပျက်ပြားညှိုးနွမ်းခြင်းမရှိသည့်အတိုင်း လှူဒါန်းပြီးမှ ဘီလူးစားသော သားကို မြင်တွေ့ရသည့်တိုင်အောင် ဝမ်းမြောက်နိုင်ခြင်းဖြစ်သဖြင့် သား သေဆုံးခြင်းအတွက် သောကမဖြစ်မှု၊ ပုတ္တပရိစ္စာဂ ဒါနစေတနာ၏ မတွန့်ဆုတ်မှုတို့အတွက် အထူးပြောဖွယ်မလိုကြောင်း ဖြေဆိုလိုပါသည်။

*

www.dhammaransi.com

## ပါရမီ ၁၀ ပါး အပြား ၃၀

မေး။ ။ အရှင်ဘုရား၊

ပါရမီ ၁၀ ပါး အပြား ၃၀ ဆိုတာကို ရှင်းပြပါ။ ရဟန္တာအလောင်း၊ ပစ္စေကဗုဒ္ဓအလောင်းနှင့် ဘုရားအလောင်းတို့ ဘယ်ပါရမီကို ဖြည့်ရသည် ဆိုတာကိုလည်း ခွဲပြပါဘုရား။

မသန္တာ၊ သံဖြူဇရပ်

ဖြေ။ ။ (၁) ဒါန=ပေးလှူခြင်း၊ (၂) သီလ=သီလစောင့်ခြင်း၊ (၃) နိက္ခမ=တောထွက်ခြင်း၊ (၄) ခန္တီ=သည်းခံခြင်း၊ (၅) အဓိဋ္ဌာန=အဓိဋ္ဌာန်ဆောက်တည်ခြင်း၊ (၆) သစ္စာ=မှန်ကန်စွာ ပြောဆိုခြင်း၊ (၇) ဝီရိယ=ထကြွလုံ့လရှိခြင်း၊ (၈) ပညာ=ဉာဏ်နှင့်ပြည့်စုံခြင်း၊ (၉) မေတ္တာ=ချစ်ခင်ခြင်း၊ (၁၀) ဥပေက္ခာ=အမျှရှုခြင်း။ ဤကား ပါရမီ ၁၀ ပါး ဖြစ်ပါသည်။

ယင်း ၁၀ ပါးကို (၁) ရိုးရိုးကျင့်သုံးခြင်း၊ (၂) အင်္ဂါကြီးငယ်ကို စွန့်လွှတ်၍ ကျင့်သုံးခြင်း၊ (၃) အသက်ကို စွန့်လွှတ်၍ ကျင့်သုံးခြင်း ၃ ပါးဖြင့် မြှောက်ပွားသော် အပြား ၃၀ ဖြစ်ပါသည်။ ရဟန္တာအလောင်း၊ ပစ္စေကဗုဒ္ဓအလောင်းနှင့် ဘုရားအလောင်း ၃ မျိုးလုံးပင် ဤပါရမီ ၁၀ ပါး၊ အပြား ၃၀ ကို ဖြည့်ကျင့်ရပါသည်။ ဖြည့်ကျင့်သော ကမ္ဘာအတိုအရှည် အနည်းအများသာ ကွာပါသည်။ မဟာသာဝကမှာ ကမ္ဘာတစ်သိန်း ဖြည့်ကျင့်ရသည်။ အဂ္ဂမဟာသာဝကမှာ တစ်သင်္ချေနှင့်ကမ္ဘာတစ်သိန်း ဖြည့်ကျင့်ရသည်။ ပစ္စေကဗုဒ္ဓါမှာ ကမ္ဘာနှစ်သင်္ချေ ဖြည့်ကျင့်ရသည်။ ဘုရားမှာ လေးသင်္ချေ၊ ရှစ်သင်္ချေ၊ တစ်ဆယ့်ခြောက်သင်္ချေနှင့် ကမ္ဘာတစ်သိန်း ဖြည့်ကျင့်ရပါသည်။

*

www.dhammaransi.com

## သံဝေဇနိယ လေးဌာန သွားရုံမျှနှင့်

မေး ။ ။ အရှင်ဘုရား၊

သတင်းစာများတွင် အပါယ်တံခါးပိတ်ရာ သံဝေဇနိယ လေးဌာနသို့ မဂ္ဂင်ဖောင်ကြီးအတူစီး၍ သွားနိုင်ရန် ကုသိုလ်ယူပေးနေပြီ”ဟု ပါရှိပါသည်။ မြတ်စွာဘုရား၏ သံဝေဇနိယလေးဌာနသို့ သွားရုံမျှနှင့် အပါယ်တံခါးပိတ်နိုင်၊ မပိတ်နိုင်ကိစ္စကို ဘုရားတပည့်တော်တို့ကဲ့သို့ ပညာဉာဏ်နည်းပါးသော သူတို့အား သနားသောအားဖြင့် ဖြေကြားတော်မူပါ ဘုရား။

မောင်မြင့်ကြည် (မိတ္ထီလာ)

ဖြေ။ ။ သုတ္တန္တပိဋက ဒီဃနိကာယ မဟာဝဂ္ဂပါဠိ မဟာပရိနိဗ္ဗာနသုတ္တတွင် “စတ္တာရိမာနိ အာနန္ဒာ–ပ–သံဝေဇနိယ ဌာနာနိ–ပ–သဗ္ဗေ တေကာယဿဘေဒါပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇိဿန္တီတိ” (ဒီ၊ ၂၊ ၁၁၆)ဟု ဟောတော်မူထားချက် ရှိပါသည်။ သဒ္ဓါတရားရှိသော၊ ရဟန်း၊ ရဟန်းမ၊ ဥပါသကာ၊ ဥပါသိကာတို့သည် ‘ဤနေရာ၌ မြတ်စွာဘုရား ဖွားတော်မူသည်’–ပ–‘ဤနေရာ၌ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူသည်’ဟူ၍ လှည့်လည်သွားလာဖူးမြော်ကြလျှင် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်ကာလ၌ သုဂတိသို့ ရောက်ကြကုန်လတ္တံ့’ဟု အဓိပ္ပာယ်ရှိပါသည်။ ထို့ကြောင့် အဟုတ်တကယ် သဒ္ဓါတရားထက်သန်ကြသူတို့အဖို့ အပါယ်တံခါး ပိတ်နိုင်ကြပါသည်။

*

## လူ့ပြည်၌ ငရဲရှိသလား

မေး။ ။ အရှင်ဘုရား၊

ဘုရားဟောကျမ်းဂန်လာအရ ငရဲကြီးရှစ်ထပ်သည် မဟာပထဝီမြေကြီး၏ အောက်ပိုင်း၌သာ ရှိသည်ဟု ထင်မိပါသည်။ သို့သော် မိတ္တဝိန္ဒက ဝတ္ထုတွင်မူ ပင်လယ်အတွင်းတွင် ဖောင်ဖြင့် မျှောသွားရုံမျှဖြင့်

www.dhammaransi.com

ငရဲပြည်သို့ ရောက်သွားသည်ဟု ဖတ်ရပြန်ပါသည်။ ဤအတိုင်းဆိုလျှင် ငရဲသည် ဤမြေပြင်ပေါ်၌ ရှိသည်ဟု ဆိုရပါလိမ့်မည်။ ထို့ကြောင့် ငရဲပြည် မည်သည့်နေရာ၌ရှိကြောင်း ဆင်ခြင်သုံးသပ်ဆုံးဖြတ်ပေးတော်မူပါရန် ရိုသေစွာ လျှောက်ထားပါသည် ဘုရား။

မောင်မြင့်ကြည်

ဖြေ။ ။ သိဉ္ဇိုဝ်း၊ ကာလသုတ်၊ သင်္ဃာတ၊ ရောရုဝ၊ မဟာရောရုဝ၊ တာပန၊ မဟာတာပန၊ အဝီစိ ဟူသော ငရဲကြီးရှစ်ထပ်သည် မဟာပထဝီ မြေကြီးအတွင်း၌ အစဉ်လိုက် အောက် အထက် တန်းလျက်ရှိကြောင်း၊ အရန်ငရဲဖြစ်သော ဥဿဒငရဲငယ်တို့သည် ငရဲကြီးတို့ကို ရံလျက်လည်း ကောင်း၊ အခြားလူ့ပြည်နေရာများ၌လည်းကောင်း သင့်လျော်သလို တည် ရှိကြောင်း၊ နေ့စံ၍ညခံသော ငရဲတစ်ပိုင်း ပြိတ္တာ၊ အသုရာများမှာ လူ့ပြည်၊ တောတောင်၊ သမုဒ္ဒရာများ၌လည်း တည်ရှိကြောင်း ဆိုပါသည်။ ကဏ္ဏ မုဏ္ဍပေတဝတ္ထုဖြင့် နေ့အခါ၌ နတ်စည်းစိမ်ကို ခံစား၍ ညအခါ၌ ငရဲ ခွေးကြီးများ အစားခံနေရသော ပြိတ္တာမများ ဟိမဝန္တာ၌ ရှိကြောင်း ဆို ထားရာ မိတ္တဝိန္ဒကလည်း ထိုငရဲတစ်ပိုင်း၊ ပြိတ္တာတစ်ပိုင်း ဘဝ၌ဖြစ်၍ သမုဒ္ဒရာအတွင်း၌ ငရဲခံရကြောင်း မှတ်သားသင့်ပါသည်။ (အကျယ်ကို သံဝေဂ ဝတ္ထုဒီပနီအပါယ်ဘုံအခန်း၌ ကြည့်ရှုနိုင်ပါသည်။)

*

## ကောသလမင်းကြီးအကြောင်း

မေး။ ။ အရှင်ဘုရား၊

ဘုရားလက်ထက်က သာဝတ္ထိပြည်ရှင် ကောသလမင်းကြီး သည် နောင်ပွင့်လတ္တံ့သော ဘုရားလောင်း ၁၀ ပါး(ရင့်မာတစ်ကျိပ်)တွင် ပါဝင် ၍ မြတ်စွာဘုရားက တရားများစွာ ဟောပါသော်လည်း 'အကျွတ်တရား မရခြင်း ဖြစ်သည်'ဟု ဆိုပါသည်။ ထိုစကား မှန်ပါသလားဘုရား။

ဦးဟန်၊ ဒဂုံမြို့သစ်မြောက်ပိုင်း

www.dhammaransi.com

ဖြေ။ ။ ရင့်မာတစ်ကိုပ်ဟူသော စကား၊ ကောသလမင်းကြီး ဘုရားလောင်း ဖြစ်သည်ဆိုသော စကားများမှာ ပါဠိအဋ္ဌကထာဋီကာ ခိုင်မာသော ကျမ်းလာမရှိပါ။ ကောသလမင်းကြီး တရား(တစ်မဂ်တစ်ဖိုလ်) မရခြင်းနှင့်စပ်၍ သာသန သမုတ္တိဒီပနီတွင် "ကောသလမင်းကြီးသည် မြတ်စွာဘုရားနှင့် အလွန် အကျွမ်းဝင်၏။ မြတ်စွာဘုရားထံသို့လည်း သွားရောက်ဆည်းကပ် မပြတ်တရားနာ၏။ ကောသလမင်းကြီးအား အသီးအခြားဟောကြားသော ကောသလသံယုတ်ဟူ၍ သံယုတ်တစ်ခန်းရှိ၏။ မြတ်စွာဘုရားသည်လည်း ကောသလမင်းကြီး၏ နေပြည်တော်ဖြစ်သော သာဝတ္ထိပြည်မှာ အကြာရှည်ဆုံး သီတင်းသုံးတော်မူ၏။ ကောသလမင်းကြီးသည် ရာဇိကာရုံခေါ်သော ကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်း၍ ကျောင်းဒါယကာခံ၏။ သို့ရာတွင် ရှေးရှေးဘဝတို့က အသိအလိမ္မာ ဉာဏ်ပညာ ဝိဇ္ဇာအသင်းအပင်းနှင့်ဆိုင်သော (ခန္ဓာ၊ အာယတန၊ ဓာတ် စသော အတ္တမှ ဆိတ်သည့်သုညတ တရားတို့ကို ကြားနာခြင်း၊ သင်ကြားခြင်း၊ ဆောင်ရွက်ခြင်း၊ ဝိပဿနာတင်၍ ဆင်ခြင်ပ  များခြင်း၊ သူတစ်ပါးတို့အား နာမ်ရုပ်နှင့်စပ်သော သုညတတရားတို့ကို ဟောကြားခြင်းမရှိသော) ပါရမီ ဓာတ်ခံနည်းပါး၍ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို မရချေ။ မြတ်စွာဘုရားနှင့် အလွန်ကြီးရင်းနှီး၍နေသော်လည်း ဟင်းမွှေသော ယောက်မကြီးကဲ့သို့ သစ္စာလေးပါး ဝိမုတ္တိတရားကို မသိရှာ။ (၎င်း၏ မိခင်ကြီး) မလ္လိကာလည်း ထို့အတူပင်တည်း"ဟု ရေးသားထားသည်ကို တွေ့ရပါသည်။ (၎င်းကျမ်း ၇၃၊ ၇၄) ထို့ကြောင့် ဗုဒ္ဓုပ္ပါဒဒုလ္လဘာ နဝမခေတ်ကြီးနှင့် တွေ့ကြုံခိုက် ပါရမီမြောက် ဝိဝဋ္ဋကုသိုလ်များကို ပြုလုပ်မိအောင် ကြိုးစားကြရန် သင့်ပေသည်။

*

# ကိုယ်စောင့်နတ်

မေး။ ။ အရှင်ဘုရား၊

လူတိုင်းမှာ ကိုယ်စောင့်နတ် ရှိပါသလား။ ရှိသည်ဆိုလျှင် နတ်ပြည်ခြောက်ထပ်တွင် မည်သည့်ဘုံ၌ ပါဝင်ပါသလဲ။ လူတစ်ဦး မွေးဖွားလာလျှင် ကိုယ်စောင့်နတ်တစ်ပါးတည်း ရောက်လာပါသလား။ ကိုယ်စောင့်နတ်က မည်သို့ ကူညီစောင့်ရှောက်နိုင်ပါသလဲ။ မေတ္တာရှေ့ထား ဖြေကြားပေးတော်မူပါဘုရား။

ဝင်းဝင်းအေး၊ ပျဉ်းမနား

ဖြေ။ ။ ဘုန်းကံကြီးမားသူတို့၌သာ ကိုယ်စောင့်နတ်ဟူ၍ ရှိပါသည်။

ကိုယ်စောင့်နတ်ဟူသည် နတ်ပြည်ခြောက်ထပ်မှနတ်များမှတစ်ပါး အခြားအမျိုးအစား သီးခြားမရှိ။ ဘုန်းကံကြီးသူတို့အား စတုမဟာရာဇ် အဝင်အပါ တန်ခိုးကြီးသော နတ်များက ကြည့်ရှုစောင်မခြင်းမျိုးသာ ဖြစ်ပါသည်။ လူတစ်ဦးတစ်ယောက်အတွက် အမြဲကြည့်ရှု စောင့်ရှောက်နေသော နတ် မရှိ။ သူတော်ကောင်း နတ်ကောင်းမ ဆိုသကဲ့သို့ အကြောင်းအားလျော်စွာ စောင့်ရှောက်ခြင်းမျိုး ဟူ၍သာ မှတ်သားသင့်ပါသည်။ ကိုယ်စောင့်နတ်ဆို၍ လူ၏ကိုယ်၌ အမြဲကပ်မှီ၍ နေသည်ဟု မမှတ်သင့်။ သူ့ကံအားလျော်စွာ ဗိမာန်သီးခြား ရှိနေသည်သာ ဖြစ်ပါသည်။ ရုက္ခစိုးနတ် စသည်တို့သည်လည်း သစ်ပင်ထက်၌ နေသည်မဟုတ်။ သစ်ပင်အနီးအပါး၌ ဗိမာန်သီးခြားရှိနေကြပါသည်။ သို့သော် ဗိမာန်မှာလည်း သစ်ပင်ကို အမှီပြု၍ ဖြစ်ရသဖြင့် သစ်ပင်ပျက်စီးသွားလျှင် ဗိမာန်လည်း ပျက်စီး၍သွားရသည်ဟုဆိုပါသည်။ ကိုယ်စောင့်နတ်တို့သည်လည်း မိမိစောင့်ရှောက်အပ်သူ ပျက်စီးသွားလျှင် အခြားဘုန်းကံရှင် စောင့်ရှောက်အပ်သူအား ရွှေ့ပြောင်း၍ စောင့်ရှောက်ရသည်ဟု မှတ်သားသင့်ပါသည်။

www.dhammaransi.com

# ဖဲကြိုးတန်း၍ လှူဒါန်းခြင်း

မေး။ ။ အရှင်ဘုရား၊

တပည့်တော်တို့မြို့မှ မိသားစုတစ်စုသည် နာမည်ကျော်ဓမ္မကထိက ဆရာတော်ကြီးတစ်ပါးအား မော်တော်ယာဉ်တစ်စီး လှူဒါန်းရာ သူတကာ ထက် ထူးခြားစွာ မော်တော်ယာဉ်၏ စီယာတိုင်အား ဖဲကြိုးဖြင့် ချည်၍ ထိုဖဲကြိုးတစ်ဖက်စွန်းကိုကိုင်ပြီး ဖဲကြိုးကို ဆရာတော်ကြီး၏ လက်ထဲသို့ ထည့်၍ လှူပါသည်။ ထိုကဲ့သို့ လှူဒါန်းခြင်းမျိုးသည် ကျမ်းဂန်၌ရှိပါသလား ဖြေကြားပေးစေလိုပါသည် ဘုရား။

လှူငယ်တစ်ဦး

ဖြေ။ ။ "ဒါနဝတ္ထုံ ဝါမဟတ္ထေန ဂဟေတွာ ဒက္ခိဏေန ဟတ္ထေန ဘိင်္ကာရံ ဂဟေတွာ" စသည်ဖြင့် အဋ္ဌကထာတို့၌ ဆိုပါသည်။ မိမိလှူမည့် ဝတ္ထုကို လက်ဝဲလက်ဖြင့် ကိုင်၍ လက်ယာလက်ဖြင့် ရေစက်ခွက်ကိုကိုင် ကာ ရေစက်ချ လှူဒါန်းခြင်းမျိုးကို ဘုရားလောင်း သူတော်ကောင်းတို့ ပြုလေ့ရှိကြပါသည်။ ရှေးရှေးက ကျောင်းစသည် ရေစက်ချရာ၌ ဤသို့ ပြုလေ့ရှိကြောင်းကို "ရှေးပညာရှိတို့သည် ဇရပ်၊ တန်ဆောင်း၊ ကျောင်း၊ ကန် စသော မရွေ့၊ မ မနိုင်စကောင်းသော ထာဝရဝတ္ထုကံရပ်များကို ဖြစ်စေ၊ ဝေးသောအရပ်၌ ကိုယ်နှင့် မနီးမစပ်ထားအပ်သော ဝတ္ထုများကို ဖြစ်စေ လှူဒါန်းလိုလျှင် သာဟတ္ထိကဒါနမြောက်အောင် ကာယပဋိဗဒ္ဓဖြစ် သော အဝတ်အထည် စသည်ဖြင့် ဆက်ကပ်သွယ်တန်း၍ ရေစက်ချ လှူဒါန်းကြသည်ဟု ပညာရှိတို့ မိန့်ဆိုတော်မူကြကုန်သည်"ဟု (ဂူဠတ္ထဝိနိစ္ဆယ၊ ပ၊ ၂၅) သာသနာပိုင် တောင်ခွင်ဆရာတော် ရေးသားထားသည် ကို ဖတ်ရှုရပါသည်။ ကြီးသော အလှူဝတ္ထုတို့ကို ကာယင်္ဂစောပနကာယ ဝိညတ်နှင့်တကွ သာဟတ္ထိကဒါနမြောက်အောင် လှူဒါန်းခြင်းဖြစ်ပါသဖြင့် ကျမ်းဂန်နှင့် ညီညွတ်ပါသည်။

*

www.dhammaransi.com

## ရဟန်းခံနှင့် ဒကာ၊ ဒကာမများ

မေး။ ။ အရှင်ဘုရား၊

ရဟန်းခံသော သိမ် သမုတ်ထားသည့် ကျောက်တိုင် စည်းဝိုင်း အပြင်နှင့် နှစ်တောင့်ထွာ ဟတ္ထပါသ်အကွာမှာ ဒါယကာ၊ ဒါယိကာမတွေ နေရမည်။ သိမ်သမုတ်ထားသော ကျောက်တိုင်အတွင်းသို့ မဝင်ရဟု ရှေးဆရာတော်ကြီးများက မိန့်ကြားထားပါတယ်ဘုရား။ အဲဒီဒါယကာ၊ ဒါယိကာမတွေ နှစ်တောင့်ထွာ သိမ်အတွင်းသို့ ဝင်ပါက ဥပဇ္ဈာယ်နှင့် သံဃာတော်များ အပြစ်ရှိပါသလား။ ရဟန်းလောင်းလည်း ရဟန်းမဖြစ်ဘဲ နေပါသလား။ ဖြေကြားတော်မူပါ ဘုရား။

မောင်ထွန်းစိုးအောင် (အ လ က)၊ တောင်ကုတ်မြို့

ဖြေ။ ။ ရဟန်းခံခြင်း စသည့် သံဃာ့ကံ အားလုံးမှာပင် သိမ်အတွင်း ကံပြုနေသော သံဃာများ၏ အစွန်းမှ နှစ်တောင့်ထွာ ဟတ္ထပါသ် အတွင်းသို့သာ ဒါယကာ၊ ဒါယိကာမစသော ဝဇ္ဇနိယ ပုဂ္ဂိုလ် ၂၁ ဦး တို့ မဝင်ရ၊ မလာရပါ။ သိမ်၏ ကျောက်တိုင်အတွင်း (သိမ်အတွင်း)သို့ ကား ကံပြုသော ရဟန်းမှတစ်ပါး အခြားရဟန်းများသာ မဝင်ရ၊ ဒါယကာ ဒါယိကာမတို့အား ကံပြုသံဃာ၏ ဟတ္ထပါသ်မှ လွတ်သော သိမ်အတွင်းသို့ပင် ဝင်နိုင်ပါသည်။ ယခုခေတ်တွင် ကျယ်ဝန်းသော သိမ် အတွင်း သံဃာ့ဟတ္ထပါသ် အပြင်မှနေ၍ ရဟန်းခံ ကံဆောင်နေသည် ကိုပင် ဝင်ရောက်ကြည့်ညိုနိုင်ကြပါသည်။

*

## ပါရမီရှင် ဟုတ်ပါ့မလား

မေး။ ။ အရှင်ဘုရား၊

တပည့်တော် တရားအားထုတ်ဖူးပါသည်။ သို့သော် သမာဓိရသည့် အဆင့်အထိ မရောက်ခဲ့ပါ။ ထို့ကြောင့် နောက်တစ်ခါ အားထုတ်ရန်ပင်

www.dhammaransi.com

ကြောက်နေပါသည်။ တပည့်တော် တရားသိနိုင်သည့် ပါရမီရှိသူမှ ဟုတ် ပါမည်လားဟု တွေးမိပါသည်။ ပါရမီ ရှိ၊ မရှိ ဘယ်လို သိနိုင်ပါသလဲ ဘုရား။

ဥမ္မာ (ပုသိမ်)

ဖြေ။ ။ မိမိတွင် ပါရမီရှိ၊ မရှိ တပ်အပ်သိနိုင်ဖွယ် မရှိသော်လည်း ခန့်မှန်း ဆဝါး၍ သိနိုင်သော အနုမာနနည်း ရှိပါသည်။ ကမ္ဘာတွင် လူဦး ရေ သန်းပေါင်းခြောက်ထောင်မျှ ရှိသည်ဟု ဆိုပါသည်။ ထိုတွင် ဗုဒ္ဓ ဘာသာ ပဋိပတ္တိသာသနာ ထွန်းကားသော မြန်မာနိုင်ငံတော်မှာ လူဦးရေ လေးဆယ့်ငါးသန်းခန့်သာရှိရာ ဗုဒ္ဓဘာသာမှာ ရာခိုင်နှုန်း ကိုးဆယ်ခန့်မျှ ဖြစ်ပြီး ထိုတွင်လည်း ပဋိပတ္တိသာသနာကို ကိုယ်တိုင်ချိုးမြှောက်ဝင်ရောက် အားထုတ်နိုင်သူ ငါးရာခိုင်နှုန်းမျှပင် ရှိကောင်း ရှိမည်။ ထိုမျှ နည်းပါး လှသော အထက်ဆုံးတန်း ပဋိပတ္တိစခန်းဝင် အနည်းစုတွင် ပါဝင်ခဲ့နိုင်သူ သည် ပါရမီထူးခြားသူပင်ဖြစ်ကြောင်း သိနိုင်ပါသည်။ ထို့ကြောင့် မိမိ ကိုယ်ကို ငါ ပါရမီရှိသူဟု ဆုံးဖြတ်ချက်ချကာ အချိန်ရရှိသမျှ ကြိုးစား၍ ဝိပဿနာတရားကို အားထုတ်ရန်သင့်ကြောင်း အကြံပေးလိုပါသည်။

*

## ဖျော်ရည်

မေး။ ။ အရှင်ဘုရား၊

ဘုရားသားတော်၊ သံဃာတော်များသည် မိမိတို့၏ ကျန်းမာရေး အတွက် ယခုခေတ်ပေါ် ဖျော်ရည် (ဆဲဗင်းအပ်၊ မာရင်ဒါ၊ စသည်) များကို မွန်းလွဲပိုင်း၌ ဘုဉ်းပေးသုံးဆောင်သင့်၊ မသင့် ဖြေကြားပေးတော်မူပါ ဘုရား။

အရှင်ပညာသိရိ (မိတ္ထီလာ)

ဖြေ။ ။ ရဟန်းသံဃာတော်များအတွက် ယာမကာလိက (ယနေ့ အရုဏ်
တက်မှ နောက်နေ့ အရုဏ်တက်အတွင်း အပ်သော) အဖျော်ရည်များကို ခွင့်ပြုချက်ရှိရာ ၎င်းတို့မှာ "သပြေ သရက်၊ နွယ်သပြက်၊ ဖက်သက် သစ်မည်စည်။ တော အိမ်ငှက်ပျော၊ ကြာစွယ်နှော၊ မှတ်လောရှစ်ဖျော်ရည်။ သီးသီး ခံသီး၊ ကြို့ ကြိမ်သီး၊ မန်ကျည်း ရှောက်တစ်လီ၊ အနုလောမ၊ ကျမ်းတွင်ပြ၊ ပါနမျိုးအမည်"ဟူသော ဝိနည်းမှတ်စရာ သံပေါက်လင်္ကာလာ အသီးရည်များ ဖြစ်ကြသည်။ ၎င်းအသီးရည်များဖြင့် ပြုလုပ်စီမံထားသော အဖျော်ရည်များဖြစ်လျှင် အထူးစိစစ်စရာ မလိုပါ။ သောက်အပ်သည်ဟု ဆိုရပါမည်။သို့သော် အဖျော်မအပ်သော "ထန်း အုန်း နှစ်တွဲ၊ ပိန္နဲနှစ်စုံ၊ ဘူး ဖရုံ၊ မှတ်တုံသုံးသခွား၊ ၎င်းအဖျော်၊ မသင့်လျော်၊ သုံးသော် အပြစ်ပွား"ဟူသော လင်္ကာအရ ထန်းသီး၊ အုန်းသီး၊ တောပိန္နဲ၊ အိမ်ပိန္နဲ၊ ဖရဲ၊ သခွား ပြေပြပ်သီး၊ သခွားကြောင်သီး၊ သခွားဆစ်သီးများဖြင့် ပြုလုပ်ထားသော အဖျော်ရည်များဖြစ်က မအပ်ပါ။ ထို့ကြောင့် အဖျော်ရည်များကို မည်သည့်အသီးမျိုးဖြင့် ပြုလုပ်ထားသည်ကို လေ့လာစူးစမ်း၍ သုံးဆောင်သင့်၊ မသင့် ဆုံးဖြတ်စေလိုပါသည်။

*

## ဆံတော်စေတီနှင့် ဝတ်လဲတော်စေတီ

မေး။ ။ အရှင်ဘုရား၊

ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသား၏ ဆံတော်ဖြင့် တည်ထားသောစေတီနှင့် ဝတ်လဲတော်တို့ကို ဌာပနာ၍ တည်ထားသောစေတီတို့၏ ဉာဏ်တော်အမြင့်နှင့် နေရာတို့ကို သိလိုပါသဖြင့် ဖြေကြားတော်မူပါဘုရား။

မောင်ဆန်းဦး၊ သန်လျင်မြို့

ဖြေ။ ။ မဟာဗုဒ္ဓဝင် ဒုတိယတွဲ ၂၀၃ တွင် "ဘုရားအလောင်းတော်သည် မကိုဋ်နှင့် တကွ ဆံထုံးတော်ကိုကိုင်ကာ 'ငါသည် အကယ်စင်စစ် ဘုရားဖြစ်မည့်သူ မှန်အံ့"ဟု အဓိဋ္ဌာန်ပြု၍ ကောင်းကင်သို့ မြှောက်ပစ် လိုက်ရာ ကောင်းကင်၌ ပန်းဆိုင်းကို ဆွဲထားသည့်အလား တည်ရှိလေ၏။ ထိုအခါ သိကြားမင်းသည် ဆံတော်ကိုယူပြီးလျှင် တာဝတိံသာနတ်ပြည်၌ သုံးယူဇနာ ဥဏ္ဏတော်အမြင့်ရှိသော စူဠာမဏိစေတီကို တည်ထား လေ၏။"

"ထိုအခါ ဃဋိကာရ ဗြဟ္မာကြီးသည် အလောင်းတော်၏ ဝတ်လဲ တော်ကိုယူ၍ (သုဒ္ဓါဝါသ ဗြဟ္မာပြည်၌) တစ်ဆယ့်နှစ်ယူဇနာရှိသော စေတီတော်ကို တည်ထား၍ ဝတ်လဲတော်ကို ဌာပနာရာ ဒုဿစေတီဟု ခေါ်ဆိုလေသည်။" (ယင်း ၃၀၇)

အထက်ပါ ကောက်နုတ်ချက်များကို ကြည့်၍ သိရှိနိုင်ပါသည်။

*

## ချင်ခြင်း

မေး။ ။ အရှင်ဘုရား၊

ရှေးက သားသမီးများ ကိုယ်ဝန်ရှိသည့်အခါ ချင်ခြင်း ဖြစ်သည်ဟု ကြားဖူးပါသည်။ ဗုဒ္ဓစာပေများမှာ ရှိပါသလား။ ထိုချင်ခြင်းဖြစ်သည့် အတိုင်း ပြုလုပ်မပေးပါလျှင် မည်ကဲ့သို့ အပြစ်များရှိ၍၊ ပြုလုပ်ပေးပါလျှင် မည်ကဲ့သို့ အကျိုးရှိပါသနည်း။ ဖြေကြားတော်မူပါဘုရား။

ဒေါ်တင်မြ (မန္တလေး)

ဖြေ။ ။ "တဿာ ဝေရူပေါ ဒေါဟဠော ဟောတိ" စသည်ဖြင့် ဝိနည်း မဟာဝါပါဠိတော် (ဝိ ၃-၄၈၇) ဒီဃာဝုဝတ္ထု၌ ဟောတော်မူသဖြင့် ဘုန်းရှိသောသား ကိုယ်ဝန်ရှိလျှင် ချင်ခြင်း ဖြစ်ကြောင်း ဘုရားဟော ပါဠိတော်များ၌ပင် လာရှိပါသည်။ ၎င်း ဒီဃာဝု မင်းသားဝတ္ထု။ ဇာတ်လ

www.dhammaransi.com

စစ်သူကြီးဝတ္ထု၊ တိဿသာမဏေဝတ္ထု စသည် များစွာရှိပါသည်။ ချင်ခြင်း အတိုင်း ပြုလုပ်မပေးလျှင် မလှပဘဲ မျက်စိစွေစောင်းသော လက်ခြေ ကောက်ကွေး၍ ပုကွသော၊ ကိုယ်လက်အင်္ဂါ မပြည့်စုံသောသား စသည် မွေးဖွားတတ်ပါသည်။ ချင်ခြင်းအတိုင်းပြုလုပ်ပေးပါက လှပတင့်တယ်၊ ကျက်သရေအသွယ်သွယ်တို့ဖြင့် ပြည့်ကြွယ်စုံလင်သော ဘုန်းရှင်၊ ကံရှင် သားကောင်းရတနာများ ရတတ်ကြောင်း လောကီကျမ်းများက အကျယ် တဝင့် ပြဆိုထားကြပါသည်။ (ဓမ္မစကြာ မဟာဋီကာကျမ်းကြီး ၂၈၁)

*

## မြန်မာလို ရွတ်ဆိုခြင်း

မေး။ ။ အရှင်ဘုရား၊

ဗုဒ္ဓ၏ ဂုဏ်တော်၊ ပရိတ်တော်၊ ဂါထာတော်များကို ရွတ်ဆိုပူဇော် ပုတီးစိပ်ရာ၌ နှုတ်က ပါဠိလို ရွတ်ဆိုပြီး စိတ်ထဲက မြန်မာလို အနက် အဓိပ္ပာယ်ပွားများရမည့်အတူတူ ပါဠိလိုမရွတ်ဆိုတော့ဘဲ အနက်အဓိပ္ပာယ် ကိုသာ ပွားများရွတ်ဆို၍ ရ မရ ဖြေကြားပေးတော်မူပါဘုရား။

ဝင်းဝင်းအေး၊ ပျဉ်းမနား

ဖြေ။ ။ ဗုဒ္ဓဂုဏ်တော် ပွားများခြင်း၊ ပုတီးစိပ်ခြင်းတို့မှာ စိတ်နှလုံးတွင် အမှတ်ထင်ထင် စွဲဝင်စူးစိုက်၍ နေရန်လိုအပ်သဖြင့် မိမိနားလည် သော မြန်မာလို အဓိပ္ပာယ်သိ၍ နေရန် လိုအပ်သောကြောင့် ပါဠိကို ရွတ်ဆိုရန် မလိုသော်လည်း ပရိတ်တော်၊ ဂါထာတော်များမှာ မူရင်းပါဠိ ကို ရွတ်ဆိုနိုင်ရန် အရေးကြီးပါသည်။ အဘယ်ကြောင့်ဆိုသော် ပရိတ် တော်၊ ဂါထာတော်တို့ တန်ခိုးထက်မြက်ရန်မှာ အနက်သဒ္ဒါ ချွတ်ယွင်း လျှင် ကောင်းစွာ လေ့လာမထား၍ သဒ္ဒါအနက် မမှန်မကန် ပါဠိကျပေါက် လျော့ပျက်ဖြစ်လျှင် လိုအပ်သော အကျိုးတရားများ ယုတ်လျော့သွားနိုင်

ပါသည်။ ထို့ကြောင့် ပရိတ်ရွတ်သူသည် အနက်သဒ္ဒါကို သုတ်သင်၍ ကောင်းစွာ သင်ယူထားရမည်။ ပုဒ်၊ ဗျည်းတို့ကို မယုတ်စေရ၊ ပြည့်စုံအောင် လေ့လာကျက်မှတ်ထားရမည် ဖြစ်သဖြင့် မူလပါဠိဘာသာဖြင့်သာ ရွတ်ဆိုသင့်ကြောင်း မှတ်သားသင့်ပါသည်။

*

## လစဉ်အရုဏ်တက်ချိန်

မေး။ ။ အရှင်ဘုရား၊

အရုဏ်တက်ချိန် ဘယ်နှကြိမ် ရှိပါသလဲ။ နွေ၊ မိုး၊ ဆောင်း ရာသီအလိုက်၊ လအလိုက် ဖြေကြားပေးတော်မူပါဘုရား။

နန်းတင်တင်အောင်၊ သထုံမြို့၊ မွန်ပြည်နယ်

ဖြေ။ ။ အရုဏ်တက်ချိန်မှာ အကြမ်းအားဖြင့် တစ်လနှင့်တစ်လ စက်နာရီ ၁၀ မိနစ်စီခန့် ကွာခြားပါသည်။ နွေရာသီအဆုံး ဝါဆိုလတွင် နံနက် ၄ နာရီ၊ ၃၀ မိနစ် အရုဏ်တက်၍ နောက်တစ်လထက်တစ်လ ၁၀ မိနစ်စီ တိုးပြီးပြာသိုလတွင် ၅ နာရီ ၃၀ မိနစ် အရုဏ်တက်ပါသည်။ ထို့နောက် တစ်လထက်တစ်လ ၁၀ မိနစ်စီလျော့ကာ ဝါဆိုလတွင် ၄ နာရီ ၃၀ မိနစ် အရုဏ်တက် ပြန်ဖြစ်သွားပါသည်။ ထို့ကြောင့် 'နေ့ဝါဆို ညပြာသို ညတာ၊ နေ့တာတို' ဟု ဆိုကြပါသည်။ နေ့တာရှည်၍ ညတာ အတိုဆုံးမှာ ဝါဆိုလဖြစ်၍ ညတာရှည်၍ နေ့တာအတိုဆုံးလမှာ ပြာသိုလ ဖြစ်ကြောင်း မှတ်သားရန် ဖြစ်ပါသည်။ ဆောင်ပုဒ်လင်္ကာမှာ တန်ခူးလမှစ၍ နေထွက်ချိန်ကို "ကူး သောင်းနေးတုံ၊ ဆုန် ပေါ်ဖိနင်း၊ ယုန် မြင်း လှတန်၊ ဆို ပြန်ဆယ်ထပ်၊ ခေါင် ပြတ်လည်တို၊ တော် ပျို့ပြန်နှက်၊ ကျွတ် ဟိန်းထွက်တင်၊ မုန်း သက်ဒင်ယပ်၊ နတ် သားချိပ်တည်း၊ သို သိပ်စိုးနှံ၊ တွဲ ဿန်ကောင်းတွင်း၊ ပေါင်း သင်းအင်ထွေ၊ ချလေမမှား၊ နေထွက်ထားလော့၊ ယုတ်ငြားကော။ အရုဏ်တက်လာ၏၊ ထွက်ရာနာရီ၊

ဆယ့်နှစ်ဆိ မှ၊ ဃင်္ဂိဉ်န၊ လိုသမျှသည်၊ မောရပစ္စာ၊ ယွန်းချိန်တည်း”ဟူ၍ ဖြစ်ပါသည်။ တန်ခူးလမှစ၍ သောင်း နေး တုံ၊ ၆–၀–၀ စသည် နံသင့်ကောက်၍ ၆ နာရီ နေထွက်ယူကာ၊ ၁ နာရီလျော့၊ အရဏ်တက်၊ ၁၂ နာရီ မွန်းတည့်နှင့် ယင်းတွင် နေထွက်နုတ်၍ နေဝင်နာရီကို သိနိုင်ပါသည်။

*

## ဘုရားလောင်းအား ဒေဝဒတ်အလောင်း နှိပ်စက်မှု

မေး။ ။ အရှင်ဘုရား၊

မြတ်စွာဘုရား အလောင်းတော်သည် ပြန်လည် အမျက်ထွက်ခြင်း၊ တုံ့ပြန်ပြုမူခြင်း မရှိပါဘဲ ဒေဝဒတ်အလောင်းက ဘဝများစွာ နှိပ်စက်ခြင်း ပြုနေနိုင်သည်မှာ ဝိပါကဝဋ်ကြောင့် ဖြစ်ပါသလား။ ဖြေကြားတော်မူပါ ဘုရား။

ဒေါ်ခင်မြ၊ မန္တလေး

ဖြေ။ ။ ဘုရားအလောင်းတို့ ဖြည့်ကျင့်ရသည့် ပါရမီ ၁၀ ပါးတွင် ခန္တီပါရမီလည်း ပါဝင်သည်။ ခန္တီပါရမီဖြည့်ကျင့်ရာတွင် လူသာမန်တို့ သည်းခံနိုင်ခဲသော နှိပ်စက်ညှဉ်းပန်းမှုကို ပြုမူသူရှိမှသာ သည်းခံခြင်း ခန္တီပါရမီကို ဖြည့်နိုင်မည် ဖြစ်သည်။ ဒေဝဒတ်အလောင်း ကလာဗုမင်း ရှိ၍သာ ဘုရားအလောင်း ခန္တီဝါဒီရသေ့သည် ခန္တီပရမတ္တပါရမီကို ဖြည့်ကျင့်နိုင်ခြင်းဖြစ်သည်။ ဘုရားလောင်းအသက်စွန့်၍ ပါရမီဖြည့်သွားခြင်းကို ဝိပါကဝဋ်ကြောင့်ဟု မဆိုသာပါ။ သို့သော် ဘုရားအလောင်းက ပါရမီရှင်ဖြစ်၍ အမျက်မပြန်၊ သည်းခံခဲ့သော်လည်း ကလာဗုမင်းမှာ သူ့အကုသိုလ်နှင့်သူ မြေမျိုခံသွားရပေသည်။

*

# အာယုသင်္ခါရ လွှတ်သည်

မေး။ ။ အရှင်ဘုရား၊

ဘုရားတပည့်တော်တို့ ဗုဒ္ဓဝင်တွင် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင် ခါနီးအချိန်၌ 'အာယုသင်္ခါရ လွှတ်တော်မူသည်'ဟု တွေ့ရှိ ဖတ်ရှုရပါ သည်။ ထိုအာယုသင်္ခါရလွှတ်သည်ဆိုသည်မှာ ဘာကို ခေါ်ပါသနည်း ဘုရား။ ရောင်ခြည်တော်ခြောက်ပါး လွှတ်သကဲ့သို့ လွှတ်ခြင်းမျိုးဖြစ်ပါ သလား။ ရှင်းလင်းသိသာအောင် ဖြေကြားတော်မူပါဘုရား။

ဒေါ်ခင်သီတာယု၊ (တရားရေးဌာန)

ဖြေ။ ။ အာယုသင်္ခါရဟူသည် အသက်ရှည်ရှည်နေရန်အတွက် ပြုပြင်လုပ် ဆောင်မှုကို ခေါ်ပါသည်။ လူတို့တွင် အသက်ရှည်ရန် သင့်တင့် သော အစာအာဟာရ ဓာတ်စာ၊ ဆေးဝါး စားသောက်နေထိုင်ခြင်းကို ဆိုပါသည်။ မြတ်စွာဘုရားရှင်တို့တွင် သက်တော်ရှည်ရန် (အာယုကပ် ပတ်လုံး တည်နေတော်မူရန်) ဖလသမာပတ် ဝင်စားတော်မူခြင်းကို ခေါ်ရ ပါသည်။ မြတ်စွာဘုရားသည် တပို့တွဲလပြည့်နေ့တွင် မာရ်နတ်အား "ငါသည် နောက်သုံးလကြာလျှင် ပရိနိဗ္ဗာန်ဝင်စံတော်မူအံ့"ဟု မိန့်တော် မူကာ သက်တော်ရှည်ရန် ဖလသမာပတ်ဝင်စားခြင်းတို့ကို ပြုတော်မမူ ခြင်းသည်ပင် အာယုသင်္ခါရ(သက်တော်ရှည်ရန် ပြုပြင်အားထုတ်မှုတို့ကို) စွန့်လွှတ်တော်မူသည်ဟု ဆိုလေသည်။ ထို့ကြောင့် အာယုသင်္ခါရ လွှတ် တော်မူသည်ဟူသောစကားကို အာယုသင်္ခါရ စွန့်လွှတ်တော်မူသည်ဟု မှတ်သားရန် ဖြစ်ပါသည်။

*

www.dhammaransi.com

## ဘုရားလက်ထက်က စာ

မေး။ ။ အရှင်ဘုရား၊

မြတ်စွာဘုရားလက်ထက်တော်အခါက ပေါဋ္ဌိလမထေရ်ကြီးသည် စာသင်သားရဟန်းတော်များကို စာပေပို့ချပေးရသည်ဟု ကြားနာရပါသည်။ ဘုရားလက်ထက်တော်အခါက ပိဋကတ်သုံးပုံကို စာပေဖြင့် မှတ်တမ်းတင်ပြီး ရှိနေပြီလား၊ သိလိုပါသည် ဘုရား။

မောင်ဘအေး၊ မုံရွာမြို့နယ်

ဖြေ။ ။ မြတ်စွာဘုရား လက်ထက်တော်အခါက အရှင်သာရိပုတ္တရာ၊အရှင်အာနန္ဒာ၊ အရှင်ဥပါလိတို့လည်း စာပေပို့ချကြပါသည်။ ထိုစဉ်က စာပေရှိသော်လည်း ပိဋကတ်တော်များကို စာပေတင်မထားဘဲ ရဟန်းသံဃာတော်တို့ နှုတ်တွင်သာ ဆောင်ကြပါသည်။ စာပေပို့ချပုံမှာ ပါဠိ၊ အဋ္ဌကထာများကို ဆရာက ရှေ့က ရွတ်ဆိုပြသွား၍ တပည့်က နောက်က လိုက်၍ ရွတ်ဆိုရပါသည်။ သဒ္ဓါပညာထက်သန်၍ သတိမြဲမြံသောအခါ ဖြစ်၍ တစ်ခေါက်ဆိုပြီးလျှင်ပင် နှုတ်တက်ဆောင်သွားနိုင်ပါသည်။ ထိုနည်းဖြင့် အာစရိယပရမ္ပရ–သိဿာနုသိဿ ဆောင်ရွက်လာခဲ့ရာ သာသနာနှစ် ၄၅၀ ခန့် သီရိလင်္ကာ (သီဟိုဠ်)တွင် စတုတ္ထသင်္ဂါယနာ အချိန်ကျမှ နောင်တွင် သဒ္ဓါပညာနည်းပါး၍ ကြားနာရုံမျှဖြင့် နှုတ်တက် ဆောင်နိုင်သူ နည်းပါးသွားမည်ကို မြော်ခေါ်၍ အက္ခရာတင်ခဲ့ပါသည်။ (ဘုရားလက်ထက်က စာပေရှိကြောင်း အထောက်အထားများမှာ ဥတ္တရာဝတ္ထု၊ ဃောသကဝတ္ထု၊ ပုက္ကုသာတိဝတ္ထု စသည်များပင် ဖြစ်ပါသည်။ ပုက္ကုသာတိဝတ္ထုတွင် ဗိမ္ဗိသာရမင်းကြီး ပုက္ကုသာတိမင်းကြီးထံ ပေးပို့သော သဝဏ်လွှာပါ စာလုံးအက္ခရာများမှာ "သမသိသ၊ ဦးခေါင်း (ထိပ်)ညီသည်။ သမပန္တိ၊ လက်ဝဲမှ လက်ယာသို့ အတန်းညီသည်။ စတုရသာနိ၊

www.dhammaransi.com

လေးထောင့်အက္ခရာများ ဖြစ်သည်”စသည်ဖြင့် ဥပရိပဏ္ဏာသ ဓာတုဝိဘင်္ဂ သုတ်အဖွင့် (မ ဋ္ဌ၊ ၄၊ ၂၀၁)တွင် ပါရှိပါသည်။)

*

## မုတ္တမံ၊ မနုတ္တရံ

မေး။ ။ အရှင်ဘုရား၊

ဝဋ္ဋသုတ်ကို ရွတ်ဖတ်သရဇ္ဈာယ်ရာတွင် အချို့က မုတ္တမံ၊ အချို့က မနုတ္တရံဟု ရွတ်ဆိုကြပါသည်။ မုတ္တမံနှင့် မနုတ္တရံ မည်သည်က မှန်သည် ကို သိလိုပါသည် ဘုရား။

မောင်မြင့်ကြည် (မိတ္ထီလာ)

ဖြေ။ ။ ဝဋ္ဋသုတ်ပါဠိတော် မူရင်းမှာ စရိယာ ပိဋကပါဠိတော် (၄၁၅)ဖြစ် ပါသည်။ ပါဠိတော်မူရင်းတွင် ‘သစ္စကိရိယမုတ္တမံ’ဟူ၍ ရှိပါ သည်။ ကမ္မာအေးမှ ရိုက်နှိပ်သော ဆဋ္ဌသင်္ဂါယနာရဋ္ဌပရိတ္တပါဠိတွင် မုတ္တမံ ဟူ၍ပင် ရှိပါသည်။ သို့သော် ဥတ္တမံ–မြတ်သော၊ သစ္စကိရိယံ–သစ္စာပြု ခြင်းကို ဟူ၍ဖြစ်စေ၊ အနုတ္တရံ–အလွန်မြတ်သော၊ သစ္စကိရိယံ–သစ္စာပြု ခြင်းကို ဟူ၍ဖြစ်စေ အနက်ပေးရာ၌ မထူးလှသဖြင့် သစ္စကိရိယ၌ စကိရိ လဟုချည်း သုံးလုံးရှိရာ၌ (မင်္ဂလသုတ် ဒါနဥ္စ ဓမ္မစရိယာစ–၌ မစရိသုံးလုံး လဟုချည်းရှိ၍ စအက္ခရာတစ်လုံးတိုး၍ ဆိုရသကဲ့သို့) မနုတ္တရံဟု ဆိုခြင်း ၌လည်း အပြစ်မရှိဟု ယူဆနိုင်ပါသည်။ ထို့ကြောင့် ရှေးပရိတ်မူများစွာ၌ မနုတ္တရံချည်းရှိသည် များပါသည်။ နှစ်သက်သလို ရွတ်ဆိုနိုင်ပါသည်။

*

## ရဟန်းသံဃာနှင့် ခင်ဗျား၊ ကျွန်တော်

မေး။ ။ အရှင်ဘုရား၊

ယခုကာလ ရဟန်းသံဃာတော်များက ဒါယကာ၊ ဒါယိကာမ များအား ဆရာ၊ ဆရာမ၊ ခင်ဗျား၊ ကျွန်တော် စသည်ဖြင့် သုံးနှုန်းကြသည်

မှာ မြတ်စွာဘုရားအလိုတော်ကျ မကျ ဖြေကြားပေးတော်မူပါ အရှင်ဘုရား။

မောင်မောင်ထွန်းထွန်းဝင်း၊ ကျောက်ပန်းတောင်းမြို့

ဖြေ။ ။ ကုလဒူသက သိက္ခာပုဒ် အဖွင့် (ဂဏ္ဌိ)တို့တွင် "ဂိဟီနံ-လူတို့အား။ မာတုဝါစာယဝါ-အမိဟု သာယာသောစကားကို ဆိုခြင်းဖြင့်လည်းကောင်း။ ပိတုဝါစာယဝါ-အဖဟု သာယာသောစကားကို ဆိုခြင်းဖြင့်လည်းကောင်း။ ဘာတုဝါစာယဝါ-အစ်ကိုဟု သာယာသော စကားကို ဆိုခြင်းဖြင့်လည်းကောင်း။ ဘဂိနိဝါစာယဝါ-အစ်မ၊ နှမဟု သာယာသော စကားကို ဆိုခြင်းဖြင့်လည်းကောင်း။ အတ္တာနံ-မိမိကိုယ်ကို။ နီစံ ကရောန္တော ဝါ-လူတို့အောက်နှိပ်ချခြင်းကိုပြုသော ရဟန်းသည်လည်းကောင်း" စသည်ဖြင့် ဖွင့်ပြထားသဖြင့် ရဟန်းက ဒါယကာ၊ ဒါယိကာမတို့ကား ချီးမြှောက်၍ ဆရာ၊ ဆရာမ၊ အစ်ကို၊ အစ်မ၊ ဖေဖေ၊ မေမေ၊ ခင်ဗျား၊ ကျွန်တော် စသည်ဖြင့် ခေါ်ဝေါ်ပြောဆိုခြင်း မပြုအပ်ပါ။ ဒကာကြီး၊ ဒကာမကြီး၊ ဒကာလေး၊ ဒကာမလေး၊ ဘုန်းကြီးက ဦးပဉ္စင်းက စသည်ဖြင့်သာ သုံးနှုန်းအပ်ပါသည်။ မအပ်သောအသုံးအနှုန်းဖြင့် သုံးနှုန်းပြောဆို၍ရသော ပစ္စည်းဝတ္ထုအာမိသတို့မှာ ကုလဒူသန၊ အနေသနမှုတို့ကြောင့် ရသော ပစ္စည်းဝတ္ထုများဖြစ်၍ မိစ္ဆာဇီဝဖြစ်သဖြင့် မသုံးဆောင်အပ်ဟု မှတ်သားသင့်ပါသည်။

*

## ပုဒ်အာ

မေး။ ။ အရှင်ဘုရား၊

ကျမ်းပြီးနိဂုံးတို့တွင် ပုဒ်အာနှင့် ပြည့်စုံရပါလို၏ဟူသော ဆုတောင်းကို တွေ့ရ၍ လေ့လာစုံစမ်းကြည့်ရာ ဘုရားဆုတောင်းခြင်း ဖြစ်

www.dhammaransi.com

သည်ဟု ပြောကြပါသည်။ ဘုရားဆုတောင်းခြင်း ဟုတ်မဟုတ်နှင့် ၎င်း ပုဒ်အာ၏ အဓိပ္ပာယ်ကို သိလိုပါ၍ ရှင်းလင်းဖြေကြားပေးတော်မူပါ ဘုရား။

ဒေါ်ခင်မျိုးနွယ် (မွန်ပြည်နယ်)

ဖြေ။ ။ ပုဒ်အာဟူသည်မှာ ပုဗ္ဗေနိဝါသာနုဿတိဉာဏ် ရှေး၌ နေခဲ့ဖူးသော ခန္ဓာအစဉ်ကို သိတတ်သောဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ် သတ္တဝါတို့၏ စုတိပဋိသန္ဓေကို သိတတ်သော (နတ်မျက်စိကဲ့သို့သော) ဉာဏ်၊ အာသဝက္ခယဉာဏ်၊ သစ္စာလေးပါးကို ထိုးထွင်း၍ သိတတ်သော ဉာဏ်တို့ကို ဆိုလိုပါသည်။ မြတ်စွာဘုရား၊ ဘုရားအဖြစ်သို့ရောက်သောအခါ ထိုဉာဏ်များကို ရပါသည်။ ပထမဉာဏ်နှစ်ပါးမှာ ရူပါဝစရ ပဥ္စမဈာန်ကို ရလျှင် ရနိုင်၍ လောကီဉာဏ်များဖြစ်ကာ တတိယဉာဏ်မှာ လောကုတ္တရာဉာဏ် ဖြစ်ပါသည်။ မြတ်စွာဘုရားမျှသာမဟုတ်၊ ပဋိသမ္ဘိဒါပတ္တ၊ ဆဠဘိညနှင့် တေဝိဇ္ဇရဟန္တာအရှင်မြတ်များလည်း ဤဉာဏ်သုံးပါးကို ရနိုင်သဖြင့် 'ပုဒ်အာနှင့်ပြည့်စုံရပါလို၏'ဟု ဆုတောင်းသည်မှာ ဘုရားဆုကို တောင်းခြင်း မဟုတ်၊ ရဟန္တာဆုကို တောင်းခြင်းသာ ဖြစ်ပါသည်။

*

## ဝါဆိုစဉ်

မေး။ ။ အရှင်ဘုရား၊

မြတ်စွာဘုရား၏ ၄၅ ဝါ ဝါဆိုစဉ်များကို ကျမ်းလာအတိုင်း ဖော်ပြ ပေးစေလိုပါသည်ဘုရား။

အာဂမရှင်တိက္ခဉာဏ (အောင်လံ)

ဖြေ။ ။ ၁–(ပထမဝါ)–မိဂဒါဝုန်တော၊ ၂–ရာဇဂြိုဟ်ပြည်၊ ၃–ရာဇဂြိုဟ်ပြည်၊ ၄–ရာဇဂြိုဟ်ပြည်၊ ၅–ဝေသာလီပြည်၊ ၆–မကုလတောင်၊ ၇–တာဝတိံသာနတ်ပြည်၊ ၈–သံသုမာပြည်၊ ၉–ကောသမ္ဗီပြည်၊ ၁၀–

www.dhammaransi.com

ပါလိလေယျကတော၊ ၁၁–နာဠပုဏ္ဏားရွာ၊ ၁၂–ဝေရဉ္စာပြည်၊ ၁၃–စာလိယ တောင်၊ ၁၄–သာဝတ္ထိပြည်၊ ၁၅–ကပိလဝတ်ပြည်၊ ၁၆–အာဠဝီပြည်၊ ၁၇–ရာဇဂြိုဟ်ပြည်၊ ၁၈–စာလိယတောင်၊ ၁၉–စာလိယတောင်၊ ၂၀–ရာဇဂြိုဟ်ပြည်၊ ၂၁–မှ ၄၄–သာဝတ္ထိပြည်၊ ၄၅–ဝေဠုဝရွာ။ (ပြဿနာမေးသူ ရေးသားပေးထားသော ဝါဆိုစဉ်နှင့် တိုက်ဆိုင်၍ ကြည့်ပါ။ ဤတွင် အကျဉ်းရေးပြထားရာ ရာဇဂြိုဟ်ပြည်ဟုဆိုလျှင် ဝေဠုဝန်ကျောင်းစသည် ဖြည့်စွက်မှတ်သားစေလိုပါသည်။ ဤဝါဆိုစဉ်မှာ ဗုဒ္ဓဝင် အဋ္ဌကထာအတိုင်း ဆရာတော် ဦးဗုဓ် စီကုံးထားသော ဝါဆိုစဉ် ဂါထာများအတိုင်း ဖော်ပြထားခြင်းဖြစ်ပါသည်။)

*

## ကိုရင်အချင်းချင်း သီလပေး

မေး။ ။ အရှင်ဘုရား၊

တပည့်တော်တို့ တောကျောင်း၌ ဆရာတော် မရှိခိုက် ဥပုသ်နေ့ကျရောက်လျှင် သာမဏေများ သီလယူရန် အခက်အခဲ ရှိနေပါ၍ အကြီးဆုံး သာမဏေထံ ၁၀ ပါးသီလယူလျှင် ဖြစ်ပါသလားဘုရား။ ထို့ပြင် ဥစ္စာသယနသိက္ခာပုဒ်အရာ၌ ကိုရင်အချင်းချင်း ဝါဖြင့် ယူရပါသလား။ အသက်ဖြင့် ယူရပါသလား သိလိုပါသည် ဘုရား။

ကိုဇော် (ပုသိမ်)

ဖြေ။ ။ "ဒသပိစေတာနိ သာမဏေရေန ဘိက္ခုသန္တိကေ သမ္မာဒိန္နမေဝ သမ္မာဒိန္နာနိ ဟောန္တိ"ဟူသော အဋ္ဌကထာအရ သာမဏေချင်းသီလမပေးနိုင်၊ ရဟန်း(ဆရာ)ကသာ သီလပေးနိုင်ပါသည်။ "ဥပုသ်နေ့ကျရောက်လျှင်' ဆိုသဖြင့် ဥပုသ်နေ့တိုင်း သီလယူရမည် မဟုတ်ပါ။ အခြေအနေအရ သင့်လျော်သောနေ့များ၌သာ သီလယူသင့်ပါသည်။

www.dhammaransi.com

ဥစ္စာသယန အမြင့်နေရာ၌ သာမဏေတို့မှာ အသက်သာလျှင် ပမာနဖြစ်၍ အသက်ကြီးသော သာမဏေကို နေရာပေးရပါမည်။ သာမဏေတို့တွင် သိက္ခာဝါ သတ်မှတ်ချက် မထားရကြောင်းကို သတိပြုရပါမည်။

*

## အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိသာဝက

မေး။ ။ အရှင်ဘုရား၊

အဂ္ဂသာဝက၊ မဟာသာဝကနှင့် ပကတိသာဝကဆိုသည်တို့ကို ခွဲခြား၍ သိလိုပါသည် ဘုရား။ ထို့ပြင် ရဟန်းမဝတ်ရခင် ပရိနိဗ္ဗာန်ပြု သွားရသော ဒါရုစီရိယကို ရဟန်းမဟုတ်ဘဲ အဘယ်ကြောင့် မဟာ သာဝကစာရင်းတွင် သွင်းထားရပါသလဲ ဆိုတာကို ရှင်းပြစေလိုပါသည် ဘုရား။

သန်းထွန်း (ရွှေမြိုင်)

ဖြေ။ ။ ယင်းအမေး ပြဿနာနှင့် စပ်၍ ကျီးသဲလေးထပ်ဆရာတော်ဘုရား ၏ စွယ်စုံကျော်ထင်မှ အဖြေကို ဖော်ပြပါမည်။ "ငါတို့ ဘုရား၏ သာဝကတော်သည် အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိသာဝကအား ဖြင့် သုံးပါးအပြားရှိသည်။ ထိုသုံးပါးတို့တွင် တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်၍ သာဝကုတ္တမအဖြစ်သို့ ရောက်သော လက်ယာရံ၊ လက်ဝဲရံ ဖြစ်သော အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်တို့သည် အဂ္ဂသာဝက လည်းမည်သည်၊ မဟာသာဝကလည်း မည်သည်။ ကမ္ဘာတစ်သိန်း ပါရမီ ဖြည့်၍ ရဟန္တာအဖြစ်သို့ရောက်သော အညာသိကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိ၊ မဟာကဿပ အစရှိသော ရှစ်ကျိပ်သော သာဝကတို့ သည် မဟာသာဝက မည်သည်။ ကမ္ဘာအရာအထောင် စသည်တို့ဖြင့် ပါရမီဖြည့်၍ ရဟန္တာအဖြစ်သို့ရောက်သော ရဟန္တာယောကျ်ား၊ ရဟန္တာ မိန်းမ၊ လူယောကျ်ား၊ လူမိန်းမတို့သည် ပကတိသာဝကမည်သည်"

www.dhammaransi.com

(ရှစ်ကျိပ်စလုံး၊ နိဗ္ဗာန်ကျုံး၊ စဆုံး ဘယ်သာဝကနည်း ပုစ္ဆာအဖြေမှ) ဒါရုစီရိယသည် ရဟန္တာဖြစ်၍ ရဟန်း မဝတ်ရခင်မှာပင် ပရိနိဗ္ဗာန်ပြုသွား ရသော်လည်း ကမ္ဘာတစ်သိန်း ပါရမီဖြည့်၍ ခိပ္ပါဘိညာ ဧတဒဂ်ရသူဖြစ် သဖြင့် မဟာသာဝက စာရင်းတွင် ပါဝင်ရပါမည်။

*

## ဇာရာဏာသီမင်းအမည်နှင့် သိဒ္ဓိ

မေး။ ။ အရှင်ဘုရား၊

သမီးတော် ငါးဦးရှိသော ဇာရာဏာသီမင်း၏ အမည်နှင့် မိဖုရား၏ အမည်ကို သိလိုပါ၍ ဖော်ပြပေးပါရန်နှင့် သိဒ္ဓိဟူသော အကြောင်းအရာ များကို ရှင်းလင်းပြီး သိဒ္ဓိအမျိုးအမည် ဘယ်မျှရှိသည်ကို ဖြေကြားပေး တော်မူပါ ဘုရား။

မဥမ္မာ၊ ကလေး

ဖြေ။ ။ မှန်နန်းရာဇဝင် ပထမတွဲ၊ မဇ္ဈိမဒေသ မင်းဆက်ကို ပြဆိုရာ၌ ဇာရာဏာသီပြည်၌ ဖြစ်ကုန်သော မင်းတစ်ကျိပ်ခြောက်ပါးတို့တွင် အဆုံးစွန်သော ဥက္ကာကရာဇ်မင်းနှင့် ဟတ္ထာမိဖုရားကြီးတို့ထံမှ သားတော် များမှာ ပိယာ၊ သုပိယာ၊ အာနန္ဒာ၊ ဝိဇိတာ၊ ဝိဇိတသေနာတို့ဖြစ်ကြောင်း ဆိုပါသည်။ ထို့ကြောင့် သမီးတော် ငါးဦးရှိသော ဇာရာဏာသီမင်းနှင့် မိဖုရားတို့ကို ဥက္ကာကမင်းနှင့် ဟတ္ထာမိဖုရားဟု မှတ်သားသင့်ပါသည်။ သိဒ္ဓိဟူသည်မှာ ပြီးစီးခြင်း၊ ပြီးမြောက်ခြင်းဟု ဆိုလို၍ လောကီကျမ်းများ တွင် သိဒ္ဓိအမျိုးမျိုးကို ပြဆိုလျက်ရှိသည်။ အကြမ်းအားဖြင့် သိဒ္ဓိ ၁၀ မျိုး ရှိသည်။ ၎င်းမှာ (၁) အာရောဂျသိဒ္ဓိ–အနာရောဂါကင်းခြင်း၊ (၂) ယောဗ္ဗနသိဒ္ဓိ–အရွယ်တင်ခြင်း၊ (၃) အာယုသိဒ္ဓိ–အသက်ရှည်ခြင်း၊ (၄) ကာယသိဒ္ဓိ– ဓားလှံသေနတ်ပြီးခြင်း၊ (၅) ပိယသိဒ္ဓိ–သူတကာချစ်ခြင်း၊

(၆) ခနသိဒ္ဓိ– ရွှေငွေ ဖြစ်ခြင်း၊ (၇) ပထဝီသိဒ္ဓိ–မြေကြောရှုံ့ခြင်း၊ (၈) ဥဒကာသိဒ္ဓိ–ရေပေါ်၌ သွားနိုင်ခြင်း၊ (၉) အာကာသသိဒ္ဓိ–ကောင်းကင်၌ သွားနိုင်ခြင်း၊ (၁၀) ဣဒ္ဓိဝိဓသိဒ္ဓိ–အထူးထူးအပြားပြား တန်ခိုးပြနိုင်ခြင်း တို့ပင် ဖြစ်ပါသည်။

*

## ဝေဿန္တရာကို မယ်မဒ္ဒီ ဖျောင်းဖျခြင်း

မေး။ ။ အရှင်ဘုရား၊

မိမိအသက်ကို စွန့်လှူရန် ဆုံးဖြတ်ထားပါလျက် ခမည်းတော်တို့ တပ်ချီပြီး တောထဲ လိုက်လာစဉ် ဝေဿန္တရာမင်း ကြောက်လန့်ငိုကြွေးရာ မယ်မဒ္ဒီက ဖျောင်းဖျရသည်ဟုဆိုခြင်းမှာ သဘာဝလွန်၊ မလွန် ဖြေရှင်းပြဆိုတော်မူပါရန် တောင်းပန်ပါသည် ဘုရား။

ဒေါ်ခင်မြ (ဆရာမကြီး–ငြိမ်း)၊ မန္တလေးမြို့

ဖြေ။ ။ ယသောဓရာအလောင်းသည် ဘဝများစွာ၌ ဘုရားအလောင်းတော်အား ပါရမီဖြည့်ဖက်အဖြစ်ဖြင့် ဖြစ်ခဲ့ရာဝယ် ဖျောင်းဖျခြင်း၊ ကူညီခြင်း၊ အသက်ကယ်ခြင်းတို့ဖြင့် ကျင်လည်ခဲ့ရသည်။ အမရာ၊ ကိန္နရီ၊ မဒ္ဒီဘဝ တော်ဝင်သူ၏အဖြစ်တို့တွင် ပညာရှိသော အမျိုးသမီး ဖြစ်သည်။ ထိုအတူ အမရာသည် မဟောသဓသုခမိန်အားပင် မိမိပညာဖြင့် အသက်ဘေးမှ ကယ်ဆယ်ခဲ့သည်။ ကိန္နရီဘဝတွင်လည်း စန္ဒကိန္နရာအား သစ္စာပြု၍ အသက်ဘေးမှ ကယ်ဆယ်ခဲ့သည်။ ထိုတွင် မဒ္ဒီဘဝတွင်လည်း ဝေဿန္တရာမင်း သတိလစ်ဟင်း စိုးရိမ်ခြင်းဖြစ်ခဲ့သည်တို့ကို နှစ်သိမ့်မှုပေးနိုင်ခဲ့ပါသည်။ အထူးအားဖြင့် မိန်းမဖြစ်လင့်ကစား အချို့နေရာတို့တွင် ယောကျ်ားတို့ထက် ဉာဏ်ပညာသာလွန်ခဲ့ကြောင်း သိစေလိုခြင်းနှင့် မဒ္ဒီ

မိဖုရား၏ ပညာရှိပုံကို ပေါ်လွင်စေလိုခြင်းတို့ကြောင့် ဝေဿန္တရာမင်း စိုးရိမ်ကြောက်လန့်မှုကို မဒ္ဒီဒေဝီက ဖျောင်းဖျရပုံကို ဤနေရာတွင် ထုတ်ဖော် ဟောပြခြင်းဖြစ်ကြောင်း မှတ်သားသင့်ပါသည်။

*

## အနာထပိဏ်၊ ဝိသာခါတို့ ဇနီးနှင့် ခင်ပွန်း

မေး။ ။ အနာထပိဏ်သူဌေး၊ ပျံ့မွေးတဲ့မည်သညာ။ ။

ဇနီးသည် ဘယ်ကိုလား၊ မိန့်ကြားပြပါ။ ။

ဝိသာခါ၊ တစ်ဖြာပ လင်သား။ ။

ဘယ်ဘုံဘယ်ဌာနမှာ၊ ဖြစ်ရပုံဂတိရင်းကို၊ လင်းပါဘုရား။ ။

အရှင်တေဇောဘာသ၊ မုဒုံမြို့

ဖြေ။ ။ နာထပိဏ် သာခါ မိတို့၊ သုဂတိ နတ်ရွာခွင်။

တုသိတာ, နိမ္မာဋ္ဌ၊ နှစ်ခြိုက်စံရှင်။ ။

ကျောင်းဒကာ ဒကာမတွေမို့ ကျမ်းဂန်ကစာတင်

ပေါ်လွင်ငှဲအထူး။ ။

ဇနီးဆွေလင်တို့၊ မပေါ်ထင် ဂုဏ်ရည်နှမ်းတာမို့၊

စာကျမ်း မထင်ရှားတယ်၊ များသိနိုင်ဘူး။

*

## အနော်ရထာမင်းခမည်းတော်

မေး။ ။ အရှင်ဘုရား၊

အနော်ရထာမင်း နန်းမတက်မီကာလက ပုဂံပြည်တွင် အရည်းကြီးတို့အုပ်စိုးသည်ဟု ရာဇဝင်တို့၌လာပြီး အနော်ရထာမင်း ခမည်းတော်မှာလည်း ရဟန်းဝတ်နေသည်ဟု ဖတ်ရပါသည်။ ဗုဒ္ဓသာသနာတော်မှာ အနော်ရထာမင်းလက်ထက်မှ ပေါ်ပေါက်လာသည်ဖြစ်ရာ ခမည်းတော်မင်း

ကြီးရဟန်းသည် မည်သည့် အယူဝါဒနှင့် ရဟန်းပြုနေသည်ကို သိ ပါ
သည်။ ဖြေကြားတော်မူပါရန် လျှောက်ထားပါသည် ဘုရား။

ကြည်စိုးထွန်း၊ ၅ မိုင်၊ တောင်ဘို့လုရွာ၊ ပင်လယ်ဘူးမြို့

ဖြေ။ ။ မှန်နန်းရာဇဝင်တော်ကြီးတွင် "မြန်မာပြည်ဖြစ်သော တကောင်း၊ သရေခေတ္တရာ၊ အရိမဒ္ဒနာ၊ သိရိပစ္စယာပြည်တို့၌ မင်းအဆက်ဆက်တို့ လက်ထက် ပရမတ္ထသံဃာ၊ သမုတိသံဃာ၊ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ သာသနာတော် တည်ထွန်းလေသည်။ နောက်တဗ္ဗဝတီမြို့တည် သိုက်တိုင်မင်းလက်ထက်မှစ၍ သာသနာတော် တရွေ့ရွေ့အားနည်းလေသဖြင့် ပရိယတ္တိသာသနာတော်တည်းဟူသော ပိဋကတ်တော် မရှိချေသောကြောင့် သမထီးအရည်းကြီးတို့ အယူကိုသာ အယူများ၍ စောရဟန်းမင်းလက်ထက် မင်းနှင့်တကွ တစ်ပြည်လုံး ယူကြလေကုန်၏"(မှန်နန်း ပထမတွဲ ၂၂၄)ဟု ဆိုသဖြင့် အနော်ရထာမတိုင်မီ ၃၊ ၄ ဆက်ခန့်ကမှ အရည်းကြီးသာသနာ အားကောင်းလာကြောင်းသိရ၏။ ထိုစဉ်က သန့်စင်သော ဗုဒ္ဓသာသနာလည်း စင်ပြိုင်ထွန်း၍ နေသေးသော်လည်း အားနည်းနေကြောင်း သိသာပေသည်။ ထို့ကြောင့် အနော်ရထာခမည်းတော် ကွမ်းဆော်ကြောင်ဖြူမင်း ရဟန်းဝတ်ချိန်၌ သန့်စင်သော ဗုဒ္ဓ သာသနာလည်း ရှိတန်သေး၍ ရဟန်းစစ် ဖြစ်နိုင်ကောင်းစရာ ရှိပါသည်။ သို့သော် ကွမ်းဆော်ကြောင်ဖြူမင်းမှာ အတင်းအကျပ် ရဟန်းဝတ်ခိုင်း၍ ဝတ်ရသဖြင့် ကြည်ညို၍ ဝတ်ရသူ မဟုတ်ပေ။ နီးစပ်ရာ အရည်းကြီး ရဟန်းတို့ အထံတွင် ဝတ်ခြင်းလည်းဖြစ်နိုင်ပါသည်။ မည်သို့ပင်ဖြစ်စေ၊ အရည်းကြီးတို့သည်လည်း လုံးလုံးဗုဒ္ဓဝါဒနှင့် ဆန့်ကျင်သူများ မဟုတ်။ မဟာယာန (မြောက်ပိုင်း)အဆက်အနွယ် ဗုဒ္ဓဘာသာ ရဟန်းများပင် ဖြစ်ရာ အချို့ ၎င်းတို့ထွင်ထားသည့် ဗုဒ္ဓဝါဒနှင့် မလျော်သောအချက်များမှအပ ရဟန်း

www.dhammaransi.com

သံဃာဟုပင် ဆိုနိုင်သဖြင့် အနော်ရထာ ခမည်းတော် ကွမ်းဆော် မင်းကြီး၏ ရဟန်းအဖြစ်ကို ခန့်မှန်းနိုင်စရာ ရှိပါသည်။

*

## ဝိနီမုတ္တော သဗ္ဗီတိယော

မေး။ ။ အရှင်ဘုရား၊

အာဋာနာဋိယသုတ် ပုဒ် ၁၉ တွင် သဗ္ဗရောဂါ ဝိနီမုတ္တောဟူ၍လည်းကောင်း၊ ဝိနိမုတ္တောဟူ၍လည်းကောင်း ရှိ၍၊ ပုဒ် ၂၉ တွင် သဗ္ဗီတိယော ဟူ၍လည်းကောင်း၊ သဗ္ဗိတိယောဟူ၍လည်းကောင်း ရှိနေပါသည်။ ၎င်းတို့တွင် နီ–နိ၊ ဗ္ဗီ–ဗ္ဗိ–မည်သည်က မှန်ပါသနည်း။ စာလုံးအမှန်နှင့် မြန်မာလို အဓိပ္ပာယ်ကို ရေးသားဖြေကြားပေးတော်မူပါ ဘုရား။

မောင်ဆွေမင်းဦး၊ ခေတ္တရာမြို့သစ်၊ ပြည်မြို့

ဖြေ။ ။ ဝိနီမုတ္တော–ဝိနီမုတ္တောတွင် ဝိနီမုတ္တောမှန်၍ သဗ္ဗီတိယော–သဗ္ဗိတိယောတွင် သဗ္ဗီတိယောသည် မှန်ပါသည်။ မြန်မာလိုအဓိပ္ပာယ်မှာ ဝိနီမုတ္တောမှာ အထူးလွတ်ကင်းရခြင်းဟူ၍ဖြစ်ပြီး သဗ္ဗီတိယောမှာ အလုံးစုံသော ဘေးရန် (ဝါ) ဘေးရန်အားလုံး ဟူ၍ ဖြစ်ပါသည်။ အပိုဒ်စဆုံး မြန်မာပြန်ရလျှင် ၁၉ မှာ "ဒုက္ခခပ်သိမ်း ငြိမ်းအေးမှုကို ပြုတတ်ကုန်သော ဘုရားရှင်တို့သည် သင့်ကို အခါခပ်သိမ်း ချမ်းသာရေးဖြင့် စောင့်ရှောက်တော်မူကြပါစေ၊ ထိုဘုရားရှင်တို့ အစောင့်အရှောက်ကို ခံရသည်ဖြစ်၍ သင်သည် ဘေးရန်ခပ်သိမ်းတို့မှ လွတ်မြောက်ပါစေ"။ ပုဒ် ၂၉ မှာ "ဘေးရန်မှန်သမျှ ရှောင်ရှားကြပါစေ၊ စိုးရိမ်ပူပန်မှုနှင့် ရောဂါအမျိုးမျိုး ကင်းပျောက်ကြပါစေ။ သင့်အား အန္တရာယ်ကင်းပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါစေ၊ အသက်ရှည်ပါစေ"ဟူ၍ ဖြစ်ပါသည်။

*

www.dhammaransi.com

# ပါဠိစာနှင့် မြန်မာအက္ခရာ

မေး။ ။အရှင်ဘုရား၊

မြန်မာနိုင်ငံတွင် ရှိနေသည့် ပါဠိအက္ခရာများနှင့် မြန်မာ စာလုံး အက္ခရာများ ဘာကြောင့်လုံးဝတူနေပါသနည်း။ မြတ်စွာဘုရားလက်ထက်က ပါဠိအက္ခရာပုံစံနှင့် အခြားနိုင်ငံများတွင် ရေးသုံးကြသည့် ပါဠိအက္ခရာပုံစံတို့သည် အဘယ်ကဲ့သို့ ရှိပါသနည်း။ မြန်မာစာသည် ပါဠိမှ ဆင်းသက်တီထွင်လာရပါသလား။ ယင်းသို့ဆိုလျှင် မည်သည့် ပညာရှင်တို့ တီထွင်ခဲ့ကြပါသနည်း။ မြန်မာစာက သီးခြားရှိခဲ့သည် (ပေါ်ပေါက်ခဲ့သည်) ဆိုလျှင် ယခုလက်ရှိ ပါဠိအက္ခရာစာလုံးတို့သည် မြန်မာမှုပြုထားရာ ရောက်ပါသည်။ ဤသို့ကော ဖြစ်နိုင်ပါသလားဘုရား။ မြန်မာနိုင်ငံထက် စော၍ ဗုဒ္ဓဘာသာဖြစ်သော သီရိလင်္ကာနိုင်ငံမှာကော ပါဠိဘာသာနှင့် သီရိလင်္ကာ စာပေ ပုံစံခြားနားမှု ရှိပါသလားဘုရား။

ဦးခင်မောင်ဘို၊ ရေဦးမြို့

ဖြေ။ ။ပါဠိဘာသာသည် အလွန်ရှေးကျသည့် ကမ္ဘာဦးဘာသာ၊ မူလဘာသာဖြစ်၍ အက္ခရာမရှိ၊ ဘာသာစကားသာ ရှိသည်။ မည်သည့်လူမျိုး၊ မည်သည့်ဘာသာအက္ခရာနှင့်ဖြစ်စေ အကျုံးဝင်သည်။ ထို့ကြောင့် ပါဠိကို ဟိန္ဒူ၊ ဗြာဟ္မဏအက္ခရာ၊ ရောမ၊ အင်္ဂလိပ်အက္ခရာ၊ ဂျာမန်အက္ခရာ၊ ပြင်သစ်အက္ခရာ၊ မည်သည့်အက္ခရာနှင့်ရေးရေး ရပါသည်။ မြန်မာနိုင်ငံတွင် ပါဠိကို မြန်မာအက္ခရာဖြင့် ရေးသည်။ ထို့ကြောင့် ပါဠိအက္ခရာ၊ ပါဠိစာဟူ၍ သီးခြားမရှိပေ။ ဤသို့ ပါဠိသည် စာအက္ခ ႁ သီးခြားမရှိသဖြင့် ဂုဏ်မငယ်။ ဘာသာတိုင်း၊ လူမျိုးတိုင်း၏ အက္ခရာဖြင့် အသံပီသအောင် ရေးသားနိုင်ခြင်းသည်ပင် ပါဠိ၏ဂုဏ်ရည်ပင် ဖြစ်သည်။ မြန်မာနိုင်ငံသို့ ပါဠိဘာသာရောက်လာစက အိန္ဒိယနိုင်ငံတောင်ပိုင်းသုံး ကဒမ္ဗ

www.dhammaransi.com

အက္ခရာဖြင့် ရေးသားခဲ့သည်ကို သရေခေတ္တရာ မောင်းကန်ရွှေပေချပ် စသည်များဖြင့် သိရပေသည်။ ပုဂံခေတ်တွင် မွန်မြန်မာ အက္ခရာများ ဖြင့် စတင်ရေးသားခဲ့ရာ ယခုတိုင်ပင် ဖြစ်ပေသည်။

*

## ဘုရားပုံတော်များ

မေး။ ။ အရှင်ဘုရား၊

အိမ်ရှိ ဘုရားပုံတော်များ၊ ဘုန်းတော်ကြီးပုံတော်များ၊ ရုပ်ပွားတော် များ ဟောင်းနွမ်း၍ ဆေးများ ပျက်လာသဖြင့် စွန့်ပစ်လိုသော် မည်ကဲ့သို့ စွန့်ပစ်ရပါမည်နည်းဘုရား။

မဆု၊ လမ်း ၅၀၊ ပုဇွန်တောင်

ဖြေ။ ။ အိမ်ရှိ ဘုရားပုံတော်များ၊ ဘုန်းတော်ကြီးပုံတော်များကို မှန်ပေါင် သွင်း၍ ချိတ်ဆွဲကိုးကွယ်ထားရာ ဟောင်းနွမ်း၊ ဆေးပျက်၊ ပိုးကိုက် ရှိပါလျှင် စွန့်ပစ်ခြင်း မပြုဘဲ မှန်ပေါင်ကို သုတ်သင်၍ မူလပုံဟောင်း ပေါ်မှ ပုံသစ်တစ်ပုံ ထပ်မံထည့်သွင်း ပူဇော်သင့်ပါသည်။ ရုပ်ပွားတော် များ ဆိုပါလျှင် ကြေးချွတ်၍ ဆေးသစ်တင်ခြင်း၊ ရွှေချခြင်း စသည်တို့ဖြင့် ရောင်တော်ဖွင့် ကုသိုလ်ယူ၍ ပူဇော်ရန် သင့်ပါကြောင်း ဖြေကြားအပ်ပါ သည်။ (များစွာမေးထားသည့်အထဲမှ တစ်ပုဒ်သာ ဖြေပါသည်။ တစ်ခါ လျှင် တစ်ပုဒ်သာ မေးသင့်ပါသည်။)

*

## လိမ္မာကြသော်လည်း

မေး။ ။ အရှင်ဘုရား၊

တပည့်တော်တွင် အပူသောက ကြုံတွေ့နေရပါသည်။ သားအကြီး ဆုံးနှင့် အငယ်ဆုံးမှာ ၁ နှစ်နှင့် ၁ လ၊ ၁၅ ရက် ကွာ၍ ရေနစ်သေဆုံး ကြပါသည်။ အကြီးရောအငယ်ပါ ဘုရား။ နှစ်ယောက်လုံး ရတနာသုံးပါး

နှင့် မိဘ၊ ဆရာသမား ဂုဏ်ကျေးဇူးကို သိတတ်၍ လိမ္မာကြပါလျက် အဘယ်ကြောင့် ဤသို့ ဖြစ်ရသည် အရင်ဘုရား ဖြေကြားပေးစေလိုပါသည် ဘုရား။

ဒေါ်မြကျင်၊ မဒ္ဒူပင်မြို့

ဖြေ။ ။ ဤဘဝတွင် အသက်ရှည်ခြင်း၊ အသက်တိုခြင်း၊ ဘေးအမျိုးမျိုးနှင့်တွေ့ရခြင်း စသည်တို့မှာ အများအားဖြင့် ရှေးဘဝက မကောင်းမှု အကျိုးပေး၊ ဝဋ်ကြွေးများကြောင့် ဖြစ်ရတတ်ပါသည်။ ထို မကောင်းမှု အကျိုးပေး၊ ဝဋ်ကြွေးများကို ဘုရားသော်မှ မကယ်နိုင်ပါ။ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်က ဆတ္တလုလင်သည် မိမိဆရာ ပါမောက္ခကြီးအား ကန်တော့ရန် ငွေတစ်ထောင်ယူ၍ တောလမ်းခရီးဖြင့် သွားသည်။ ၎င်းအား ခိုးသူတို့သတ်၍ ငွေကို လုယူမည့်အကြောင်းကို မြတ်စွာဘုရား သိတော်မူသဖြင့် လုလင်သွားရာလမ်းမှ စောင့်သည်။ တရားဟောပြီး ငါးပါးသီလခံ၍ တည်စေတော်မူပါသည်။ 'ဤလမ်းကို မသွားနှင့်။ သွားလျှင် ခိုးသူတို့ သတ်လိမ့်မည်'ဟု သိလျက်နှင့် မြတ်စွာဘုရား မိန့်တော်မမူ။ မိန့်တော်မူ၍ လမ်းလွှဲသွားလင့်ကစား သူ့ဝဋ်ကြွေးကြောင့် တစ်နည်းနည်းဖြင့် ခံရမည်သာဖြစ်ကြောင်း သိတော်မူ၍ ဘဝကူးကောင်းရန်သာ သီလပေးတော်မူပြီး ကြွသွားတော်မူပါသည်။ ဆတ္တလုလင်လည်း မြတ်စွာဘုရားနှင့် လမ်းခွဲ၍ သွားပြီးနောက် ခိုးသူများနှင့် တွေ့၍ အသတ်ခံရပါသည်။ ထို့ကြောင့် ရတနာသုံးပါး၊ မိဘ၊ ဆရာ၊ သမားတို့၏ ဂုဏ်ကျေးဇူးကို သိတတ်၍ လိမ္မာသူများ ဖြစ်ကြသော်လည်း သူတို့၏ ဘဝ ကံကြမ္မာ၊ ဝဋ်ကြွေးတို့ကိုကား မရှောင်လွှဲနိုင်ကြပါ။ ထို့ကြောင့် ဤကိစ္စမျိုးကို မြတ်စွာဘုရားသော်မှ မတားမြစ်နိုင်ကြောင်း သတိပြု၍ အပူသောကကို ဖြေပျောက်စေလိုပါသည်။

*

www.dhammaransi.com

## ဗောဇ္ဈင်သုတ်ရွတ်ခြင်း

မေး။ ။ အရှင်ဘုရား၊

"သတ္တိမေ (ကဿပ) ဗောဇ္ဈင်္ဂါ မယာ။

ကတမေ သတ္တ၊ သတိသမ္ဗောဇ္ဈင်္ဂေါ ခေါ (ကဿပ)။

အစရှိသော ဗောဇ္ဈင် ၇ ပါး တရားသုတ်တော်ကို ရွတ်ဆိုရာ၌ လူနာအတွက် ရွတ်ဆိုသော် လူနာ၏အမည်ကို မည်သည့်နေရာ၌ မည်သို့ ထည့်ရမည်ကို ရှင်းလင်းဖြေကြားပေးရန်နှင့် သမ္မာသမ္ဗုဒ္ဓ ဗောဇ္ဈင်သုတ် သည် မြတ်စွာဘုရားဟောကြားသောသုတ် ဖြစ်ပါသလား၊ ရွတ်ဖတ်ခြင်း အားဖြင့် မည်သည့်အကျိုး ခံစားရပါသနည်း။ မေတ္တာရှေ့ထား၍ ဖြေကြား ပေးတော်မူပါ ဘုရား။

နွယ်ခေမာလှိုင်၊ မော်လမြိုင်မြို့

ဖြေ။ ။ ကဿပ ဗောဇ္ဈင်သုတ်တွင် လူနာအတွက် ရွတ်ဆိုလိုက လူနာ အမည်ကို လက်သည်းကွင်းအတွင်း ကဿပနေရာတွင် ထည့်၍ ရွတ်ဆိုနိုင်ပါသည်။ သို့သော် ပါဠိတော်ကြားတွင် မြန်မာလို လူနာမည်ကို ထည့်ရွတ်က အဆင်မပြေပါ။ ထို့ကြောင့် ယောကျ်ားလူနာဖြစ်က ဥပါ သက၊ မိန်းမလူနာဖြစ်က ဥပါသိကဟူ၍ ရွတ်သင့်ပါသည်။ ဥပါသက- ရတနာသုံးပါးကို အားထားယုံကြည်သူ အိုဖခင်၊ အိုမိခင် စသည့် အဓိပ္ပာယ် ရှိပါသည်။ ပါဠိတော် (မဟာဝဂ္ဂသံယုတ်)တွင် ကဿပဗောဇ္ဈင်္ဂသုတ်၊ မောဂ္ဂလာနဗောဇ္ဈင်္ဂသုတ်နှင့် စုန္ဒဗောဇ္ဈင်္ဂသုတ်ဟူ၍ ဂိလာနဝဂ်၌ ၃ သုတ် သာ ပြပါသည်။ သမ္မာသမ္ဗုဒ္ဓဗောဇ္ဈင်သုတ်ဟူ၍ မရှိပါ။ ဆက်၍ ပါရင်္ဂမန သုတ်ဟူ၍ကား ရှိပါသည်။

ဗောဇ္ဈင် ၇ ပါးတရားတော်တို့ဖြင့် နိဗ္ဗာန်ရောက်ကြောင်းကို ဟော သောသုတ်ဖြစ်၍ လူနာအတွက် ရွတ်ဆိုရန် မဟုတ်ပါ။ အချို့ဝတ်ရွတ် စဉ်များက အဆန်းထွင်၍ သမ္မာသမ္ဗုဒ္ဓဗောဇ္ဈင်သုတ်ဟု အမည်တပ်၍

www.dhammaransi.com

ဖော်ပြ ထားသော်လည်း လူနာအတွက် ရွတ်ဆိုရန် မလိုအပ်ပါ။ ဖော်ပြပါ ကဿပဗောဇ္ဈင်၊ မောဂ္ဂလာနဗောဇ္ဈင်နှင့် စုန္ဒဗောဇ္ဈင် ၃ သုတ်ကိုသာ ရွတ်ဆိုသင့်ပါသည်။ (ပရိတ်ကြီး ပါဠိတော်လာဗောဇ္ဈင်သုတ်၌ 'သံဝတ္တန္တိ အဘိညာယ'ဂါထာ အဆုံးတွင် မောဂ္ဂလာန ဗောဇ္ဈင်သုတ်နှင့် ကဿပ ဗောဇ္ဈင်သုတ်ကို ထည့်၍ 'ဧတေစတံ အဘိနန္ဒိတွာ'ဂါထာအဆုံးတွင် စုန္ဒ ဗောဇ္ဈင်သုတ်ကို ထည့်၍ ရွတ်ဆိုပါက လူနာအတွက် ပိုမို၍ အကျိုးထိ ရောက်ကြောင်း တိပိဋကဓရ ဆရာတော်ဘုရားကြီး ညွှန်ကြားပါသည်။ ဤအတိုင်း ရွတ်ဆို၍ အမှန်ပင် အကျိုးထူးကြောင်း ကိုယ်တွေ့ သိရပါ သည်)။ ထိုအတိုင်း ရွတ်ဆိုရန် အကြံပေးလိုပါသည်။

*

## အကပ္ပိယမဲသနှင့် နဝကမ္မ

မေး။ ။ အရှင်ဘုရား၊

(၁) ဆွမ်းဒါယကာတစ်ဦးက ရဟန်းတို့အား မအပ်စပ်၊ မစား ကောင်းသော ခွေးသား၊ ကျားသားစသည်တို့ကို ရဟန်းတို့ စားဖြစ်အောင် စေတနာနှင့် လိမ်လည်လှော်ကျထား၍ ဆက်ကပ်လျှင် (ရဟန်းတို့က ဘုဉ်းပေးလျှင်) ဆွမ်းဒကာမှာ အကုသိုလ်ဖြစ်ပါသလား၊ ကုသိုလ်ရပါ သလား။

(၂) ရဟန်းသံဃာတို့အား နဝကမ္မလှူပါသည်ဟု လှော်ကျထား၍ ဝတ္ထုငွေကပ်လှူပါက ၎င်းငွေကို ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး အတွက် သာ သုံးကောင်းပါသလား။ အခြားဆောင်ရွက်ရန်များကို သုံးကောင်းပါ သလား။ ထို့ပြင် နဝကမ္မဟူသော ဝေါဟာရကို တပည့်တော်များ အမှုသစ် ဟူ၍သာ နားလည်ကြပါသည်။ အသေးစိတ် အကျယ်အဓိပ္ပာယ်ရှိပါသေး သလား ဘုရား။

ဦးအောင်သန်း (ဇော်ရေခဲစက်)၊ အောင်လံမြို့

www.dhammaransi.com

ဖြေ။ ။ ရဟန်းတို့နှင့် မအပ်သော၊ မစားကောင်းသော၊ စားလျှင် အာပတ်သင့်သော အကပ္ပိယမံသတို့ကို စားအောင် လိမ်လည် လှည့်ဖြားး၍ လှူဒါန်းလျှင် စေတနာရင်းကပင် လှည့်ဖြားလှူဒါန်းသဖြင့် ကုသိုလ်မဖြစ်၊ အကုသိုလ်ဖြစ်ရန် သေချာပါသည်။ ဤအကပ္ပိယမံသတို့မှာ ပညတ်စဉ်က တောနေရဟန်းတို့အား ခြင်္သေ့၊ သစ်ကျား စသော သတ္တဝါတို့၏ အသားကို စားမိလျှင် ခြင်္သေ့၊ သစ်ကျားတို့က အန္တရာယ်ပြုတတ်သဖြင့် မစားရန် ပညတ်သည်။ သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ စားမိလျှင် အန္တရာယ် ရှိဖွယ် ဖြစ်သည်။ ထို့ကြောင့် ရှောင်ကြဉ်ရသည်။ သို့ဖြစ်လျက် စားရန် လိမ်လည်လှူဒါန်းသူအဖို့ အန္တရာယ်ဖြစ်ရန် ကြံဖန်ပြုလုပ်သည်နှင့် မခြားပါ။ နဝကမ္မဟူသည်မှာ ရဟန်းတို့ပြုလုပ်လတ္တံ့သော အမှုသစ် ဆောင်ရွက်လုပ်ကိုင်မည့်ကိစ္စမှန်သမျှကို ရသည်။ ထို့ကြောင့် 'နဝကမ္မပါ ဘုရား'ဟု ဆို၍ လှူဒါန်းလျှင် အပ်စပ်သော မည်သည့်အရာဝတ္ထုမျိုးကို မဆို လဲလှယ်ဖလှယ်၍ ဝယ်ယူကောင်းပါသည်။ တစ်နည်းအားဖြင့် ရဟန်းတို့၏ အသုံးအဆောင် မှန်သမျှသည် ပစ္စည်းလေးပါးအတွင်း၌သာ ပါဝင်သဖြင့် ပစ္စည်းလေးပါး အမှုသစ်ဟု ဆိုလျှင်လည်း ပြည့်စုံနိုင်ပါသည်။

*

## မုသာဝါဒနှင့် သမ္ဖပ္ပလာပ

မေး။ ။ အရှင်ဘုရား၊

(၁) မုသာဝါဒနှင့် ပတ်သက်၍ သူတစ်ပါးအကျိုး မပျက်စီးလျှင် ကံမမြောက်ဟု သိရပါသည်။ ဥပမာ မိတ်ဆွေတစ်ဦးက တပည့်တော်၏ အသက်ကိုမေးရာတွင် ရှိရင်းအသက်ထက် တစ်နှစ်လျှော့ပြောခြင်း စသော ကိစ္စများ၌ မုသာဝါဒ မြောက်၊ မမြောက် သိလိုပါသည်။ (၂) သမ္ဖပ္ပလာပကို တိတိကျကျ သိချင်ပါသည်။ မိတ်ဆွေအပေါင်းအသင်းများနှင့် အာလာပသလ္လာပစကားပြောခြင်း၊ မိမိအတွေ့အကြုံကိုရှေးဟောင်းနှောင်း

ဖြစ် ပြောခြင်းတို့သည် သမ္ဖပ္ပလာပ မြောက်၊ မမြောက် သိလိုပါသည်။ ဖြေကြားပေးတော်မူပါဘုရား။

မောင်ဝေဟာန် (ခေတ္တ စင်ကာပူ)

ဖြေ။ ။(၁) မုသာဝါဒနှင့်စပ်၍ သူတစ်ပါး၏အကျိုး မပျက်စီးလျှင် ကံမမြောက်သည် မဟုတ်၊ ပြောဆိုရာ၌ (၁) မဟုတ်မမှန်သောဝတ္ထုလည်း ဖြစ်စေ၊ (၂) ချွတ်ယွင်းစေလိုသောစိတ် ရှိသည်လည်းဖြစ်စေ၊ (၃) ထိုစိတ်ထားဖြင့် ပြောဆိုသည်လည်းဖြစ်စေ၊ (၄) နားထောင်သူက နားလည်သည်လည်းဖြစ်စေ ထိုအင်္ဂါ ၄ ပါး စုံညီလျှင် ကံမြောက်သည်။ အကျိုးမပျက်စီးက အပြစ်ပေါ့၍ အကျိုးပျက်စီးက အပြစ်ကြီးသည်။ မုသာဝါဒကို ရှောင်ကြဉ်နိုင်မှ အခြား ၄ ပါးကို လုံခြုံနိုင်သည်။ ဗုဒ္ဓမြတ်စွာ အလောင်းတော်သည် အခြား ၄ ပါးသော ကံထက် မုသာဝါဒကို လုံခြုံစေခဲ့သည်။ ထို့ကြောင့် ငါးပါးသီလတွင် မုသာဝါဒသည် အရေးအကြီးဆုံး ဖြစ်သည်။ ကုသိုလ်တရားတို့တွင် သစ္စာမှန်ကန်ခြင်းသည် အကျိုးအကြီးဆုံးဖြစ်သကဲ့သို့ အကုသိုလ်တရားတို့တွင် မုသာဝါဒသည် အပြစ်အကြီးဆုံးဖြစ်ကြောင်း ဘုရားဟောတော်မူသည်။

(၂) သမ္ဖပ္ပလာပဟူသည် မိတ်ဆွေတို့နှင့် ရိုးရိုး အာလာပ သလ္လာပ ပြောဆိုခြင်း၊ အတွေ့အကြုံကို အမှန်အတိုင်း ပြောဆိုခြင်းမျိုး မဟုတ်။ အနှစ်အသားမဖက်၊ အနက်အဓိပ္ပာယ်ကင်း၊ ပြိန်ဖျင်း၊ မမှန်ကန်၊ ဒဏ္ဍာရီဝတ္ထုမျိုးဖြစ်သည်။ ဥပမာ ရွှေယုန် ရွှေကျား၊ သက်ငယ်ရိတ်သွား၊ ဒွန်းစဏ္ဍားနှင့် မင်းသမီးညားပုံ စသည် အချိန်ကုန် အကျိုးမရှိ၊ ပျင်းရိ အိပ်ချင်ပြေရုံလောက်ပင် အကျိုးထင်သည့် ပုံပြင်စကားမျိုးပြောဆိုခြင်းကို ဆိုလိုပါသည်။ စကားကို တန်ဆာဆင်၍ ဥပမာတင် ပြောဆိုမှုမျိုးကား သမ္ဖပ္ပလာပ မဟုတ်ပေ။

*

www.dhammaransi.com

## ဥပုသ်သီလ တည်ကာလ

မေး။ ။အရှင်ဘုရား၊

အဋ္ဌ နဝ သီလမှာ။

နရောင်စုံ အရဏ်ကျင်းက၊ ကင်းလွတ်သည်မှာ။

အဓိဋ္ဌာန်ရှိလျှင်လ၊ ရံတ္တိအတိက္ကန္တာတဲ့၊

ဝိရောဓိ ဆုံးနှစ်ဖြာ၊ လုံးကာလို့ထွေး။ ။

မှန်းဆယောင်၊ အန္ဓမောင် ဉာဏ်ထုံ၍၊

ဆယ်ဖြာစုံ ကြာငုံတိုက်၊ ဦးခိုက်၍မေး။ ။

သောင်းထွန်း(မြန်မာစာ)၊ တောင်ဥက္ကလာ

ဖြေ။ ။ဋ္ဌ နဝါ သီလ၊ ထုံးစံပ တစ်နေ့တာ။

ထိုနေ့ကုန် အရဏ်ကျင်း၊ ကင်းရမှန်စွာ။

မိဋ္ဌာန်ပြုလျှင်လ၊ စိတ်ကြံသူ့အလိုသာ၊

ထိုကာလတည်ဘိ။

ကာလပရိယန်၊ ပိုင်းခြားကာ တည်စေဟန်နှင့်၊ ဋ္ဌကထာ ဉာဏ် ပညာရှင်တို့၊ ထင်စွာပင် ပြဆိုဖွင့်လေတဲ့၊ သီလတော် တည်ပုံအဆင့်ကို၊ မှတ်သင့်ပါ၏။ ။

ဝိသုဒ္ဓိမဂ္ဂ၊ ဋ္ဌ ၁ (၁၂)

*

## ဓုတင်

မေး။ ။ အရှင်ဘုရား၊

တပည့်တော် သိလိုသည်မှာ ရှင်သာမဏေများ ဒုကုဋ်သက်န်းကို အသုံးပြုက အပြစ် ရှိ၊ မရှိ။ ရှိပါက ရှင်သာမဏေများ တိစီဝရိက်ဓုတင် ဆောက်တည်လျှင် မည်သို့ ပြုလုပ်ရမည်နည်း။ တိစီဝရိက်ဓုတင် ဆောက် တည်သော ရဟန်းသည် ရေချိုးပြီးသောအခါ မည်သို့သင်းပိုင်လဲရမည် စသည် ဖြေကြားပေးတော်မူပါ ဘုရား။

ရှင်စန္ဒိမာ၊ ချောက်မြို့

ဖြေ။ ။ သာမဏေများ ဒုက္ကဋ်သက်န်းကို မသုံးဆောင်ရပါ။ ထို့ကြောင့် ခုတင် ၁၃ ပါးကို ရဟန်းတော်များသာ အပြည့်အစုံ ဆောက်တည်နိုင်ပါသည်။ သာမဏေတို့မှာ တိစီဝရိက်ခုတင်မှတစ်ပါး ခုတင် ၁၂ ပါးသာ ဆောက်တည်နိုင်၏။ အကျယ်ကို ဝိသုဒ္ဓိမဂ်တွင် ကြည့်ပါ။ ရဟန်းတော်များ ရေချိုးရာ၌ ရေချိုးအိမ် (ရေချိုးခန်း)၊ မြစ်ချောင်းရေစသော ရေတို့ဖြင့် ညဉ့်အမှောင် ဖုံးလွှမ်းရာ၌ ရေသနုပ်မရှိဘဲ ရေချိုးနိုင်ကြောင်း၊ တိစီဝရိက်ခုတင်ဆောင် ပုဂ္ဂိုလ်သည် ကေသီကို လျှော်ဖွပ်ရာ၌ ဒုက္ကဋ်ကို ဝတ်ရုံနိုင်ကြောင်း၊ သင်းပိုင်ကို လျှော်ဖွပ်ရာ၌ ကေသီကို ခေါက်၍ ဝတ်ထားနိုင်ကြောင်း ထိုထိုဝိနည်းကျမ်းဂန်တို့၌ လာရှိပါသည်။

*

## ပုတိမုတ္တဘေသဇ္ဇ

မေး။ ။ အရှင်ဘုရား၊

ဆီးဖြူ၊ သျှိသျှား၊ သဖန်းခါး၊ နွားကျင်ငယ်ရေနှင့် စား ဟူသော စကားအရ ၎င်းအသီးများကို နွားကျင်ငယ်ရေဖြင့် ရက်ပေါင်းမည်မျှစိမ်၍ စားရပါသနည်း။ နွားကျင်ငယ်ရေဆိုသည်မှာ နွားထီးနွားမ မည်သည့် ကျင်ငယ်ရေဖြင့် စိမ်ရပါသနည်း။ သိလိုပါသဖြင့် ဖြေကြားတော်မူပါဘုရား။ (အမေးကို ချုံ့ထားသည်။)

ဦးသာသနဝံသ၊ ကျောက်ဖြူမြို့နယ်

ဖြေ။ ။ ဆီးဖြူ၊ သျှိသျှား၊ သဖန်းခါးတို့ကို နွားကျင်ငယ်ရေဖြင့်စိမ်ရမည် ဟူသည်မှာ မည်သည့်နွားကျင်ငယ် (ထီး-မ)မဟူ၊ စိမ်နိုင်သည်ဟု ဆိုပါသည်။ အနည်းဆုံးတစ်ပတ် (ရက်သတ္တတစ်ပတ်မျှ) စိမ်ထားပြီးမှ စားရပါသည်။ ရက်ကြာကြာစိမ်လေ ကောင်းလေဟု သိရပါသည်။ ဥတ္တောဇနသင်္ဂဟကျမ်းတွင် "မြတ်စွာဘုရား၏ အလိုတော်အားဖြင့် နွား

ကျင်ငယ်သည် သည်းခြေနာမှတစ်ပါး အခြားသောအနာတို့ကို နိုင်သည်။ ထို့ကြောင့် သည်းခြေနာကို လွန်စွာနိုင်သော ကြစုသီး (ဆီးဖြူ၊ သျှိသျှား၊ သဖန်းခါးသီး)ကို နွားကျင်ငယ်နှင့် စိမ်၍ ရဟန်းတို့အား မည်သည့်အချိန် မဆို စားသောက်တော့ဟု ခွင့်ပြုတော်မူသည်။ (ငှင်းကျမ်း ၁၇၂) ထို့ပြင် ငှင်းကျမ်းမှာပင် "နွား၊ ဆိတ်၊ သိုး၊ ကျွဲတို့၏ ကျင်ငယ်ဟုဆိုလျှင် နွားမ၏ ကျင်ငယ်ကိုသာ သုံးအပ်ကုန်၏"ဟု ဆိုသဖြင့် နွားမ၏ ကျင်ငယ်နှင့် စိမ်လျှင် ပို၍ ကောင်းမွန်ဖွယ် ရှိပါသည်။

*

## ဘုရားခုနစ်ဆူနှင့် အရိမေတ္တေယျ ဘုရား

မေး။ ။ အရှင်ဘုရား၊

(က)အချို့သော စာအုပ်၌ ဘဒ္ဒကမ္ဘာ၌ ဘုရားငါးဆူဟု ဆိုသော်လည်း အချို့သော စာအုပ်၌ ဝိပဿီ, သိခီဘုရားအပါအဝင် ခုနစ်ဆူဟု ဆိုထားပါသည်။ ဘဒ္ဒကမ္ဘာ၌ ဘုရားမည်မျှ ပွင့်ပါသနည်း ဘုရား။

(ခ) ဂေါတမဗုဒ္ဓသည် သုမေဓာ ရသေ့ဘဝ၌ ဒီပင်္ကရာ မြတ်စွာဘုရားထံ၌ ဘုရားဖြစ်ရန် ဗျာဒိတ်ခံတော်မူပါသည်။ အရိမေတ္တေယျ ဘုရားအလောင်းတော်သည် မည်သည့်ဘဝ၊ မည်သည့်ပွင့်တော်မူသော ဘုရားထံမှာ ဗျာဒိတ်ခံတော်မူပါသနည်း ဘုရား။

မောင်အောင်နိုင်လင်း (ပုသိမ်)

ဖြေ။ ။ (က) ဘဒ္ဒကမ္ဘာ၌ ဘုရားငါးဆူသာ ပွင့်တော်မူခဲ့ပါသည်။ ဝိပဿီမြတ်စွာဘုရားနှင့် သိခီမြတ်စွာဘုရားတို့မှာ ဤဘဒ္ဒကမ္ဘာ မတိုင်မီက (၁) ဝိပဿီ မြတ်စွာဘုရားသည် ၉၁ ကမ္ဘာထက် သာရကမ္ဘာ၌ ပွင့်တော်မူ၍ (၂) သိခီမြတ်စွာဘုရားသည် ၃၁ ကမ္ဘာထက် မဏ္ဍကမ္ဘာ၌ ပွင့်တော်မူခဲ့သည်။ ဒီဃနိကာယ်၊ မဟာဝဂ္ဂ၊ မဟာပဒါနသုတ် ၄၂ ...

နိဂုံးအဖြစ် သုဒ္ဓါဝါသ ခရီးစဉ်ကို ဟောရာ ထိုသုဒ္ဓါဝါသဘုံများသို့ ဘုရားရှင် ကြွတော်မူစဉ် ဝိပဿီ စသော ဘုရားခုနစ်ဆူတို့၏ တပည့်သာဝက ဗြဟ္မာများက ထိုဘုရားရှင်အသီးသီးတို့၏ အကြောင်းအရာများကို လျှောက်ထားခဲ့၏။ ထိုသုဒ္ဓါဝါသ ခရီးစဉ်ပြ ဒေသနာတွင် ပါဝင်သိမ်းသွင်းနိုင်ရန် ထိုဒေသနာနှင့် လျော်ညီစွာ ဘုရားခုနစ်ဆူတို့၏ပုဗ္ဗေနိဝါသများကို ဟောတော်မူ၏။ (သပြေကန် ပရိတ်ကြီး နိဿယသစ် ၅၂၂)

(ခ) ဂေါတမဗုဒ္ဓသည် ပညာဓိက (ပညာအလွန်ကဲဆုံး) ဘုရားလောင်းဖြစ်၍ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းသာ ပါရမီဖြည့်ပြီး ဘုရားဖြစ်ခဲ့သည်။ ထို့ကြောင့် ထိုလေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်၌ ပွင့်တော်မူသော ဒီပင်္ကရာ မြတ်စွာဘုရားထံ၌ နိယတဗျာဒိတ် ခံတော်မူခဲ့ရသည်။ နောင်ပွင့်တော်မူလတ္တံ့သော အရိမေတ္တေယျ မြတ်စွာဘုရားမှာ ဝီရိယာဓိက (ဝီရိယလွန်ကဲသော) ဘုရားလောင်းဖြစ်၍ တစ်ဆယ့်ခြောက်သင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရမည်ဖြစ်သည်။ ထို့ကြောင့် လွန်ခဲ့သော တစ်ဆယ့်ခြောက်သင်္ချေထက်၌ ပွင့်တော်မူသော ဘုရား တစ်ဆူဆူထံ၌ ဗျာဒိတ်ခံတော်မူခဲ့မည် ဖြစ်ပါသည်။ ဗုဒ္ဓဝင်တွင် ဂေါတမ ဗုဒ္ဓဆိုင်ရာ၌ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကိုသာ ပြခဲ့သဖြင့် အရိမေတ္တေယျ ဘုရား ဗျာဒိတ်ခံရာ ကမ္ဘာနှင့် ဘုရားအမည် စသည်ကို သိနိုင်ခွင့် မရှိပါ။

*

## ပစ္စေကဗုဒ္ဓါ တရားမဟောခြင်း

မေး။ ။ အရှင်ဘုရား၊

ပစ္စေကဗုဒ္ဓါအရှင်မြတ်များသည် တရားတော်ကို ကိုယ်တိုင် သိမြင်ကြသော်လည်း သူတစ်ပါးကို ဟောပြောမပြတတ်ဟု မှတ်သားရဖူးပါသည်။ ယခုခေတ်တွင် ပုထုဇဉ်များဖြစ်ကြသော လူပုဂ္ဂိုလ်နှင့် ရဟန်း

www.dhammaransi.com

ဓမ္မကထိက ပုဂ္ဂိုလ်များသည် တရားဟောပြောမှုတွင် ကျော်ကြား အောင်မြင်နေကြပါသည်။ ဤကွာခြားချက်ကို သိလိုပါသည်ဘုရား။

မောင်ဘအေး၊ မုံရွာမြို့နယ်

ဖြေ။ ။ သမ္မာသမ္ဗုဒ္ဓအလောင်းတော်များမှာ ဘုရားအဖြစ်သို့ ရောက်သည် နှင့် တစ်ပြိုင်နက် ဒသဗလဉာဏ်၊ စတုဝေသာရဇ္ဇဉာဏ်တော်များ နှင့် ဝေနေယျတို့၏ ဣန္ဒြေအနုအရင့်ကို သိသော ဣန္ဒြိယပရောပရိယတ္တိ ဉာဏ်၊ ဝေနေယျတို့ကို လွန်စွာသနားတော်မူသော မဟာကရုဏာ သမာ ပတ္တိဉာဏ်၊ ရေမီးအစုံ တန်ခိုး ပြာဋိဟာကို ပြနိုင်သော ယမကပါဋိဟာရိယ ဉာဏ်၊ သိသင့်သိထိုက်သော ဉေယျဓမ္မတရားတို့ကို သိမြင်နိုင်သော သဗ္ဗညုတဉာဏ်၊ အပိတ်အပင် အဆီးအတားမရှိ သိမြင်နိုင်သော အနာ ဝရဏဉာဏ်တို့ကို ရရှိတော်မူပါသည်။ ပစ္စေကဗုဒ္ဓါအလောင်းတော်များမှာ ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်သောအခါတွင် ပစ္စေကဗောဓိဉာဏ်ကိုသာ ရပြီး ဒသဗလ စသော ဉာဏ်တော်များကို မရရှိကြပေ။ ထို့ကြောင့် သဗ္ဗညု ဘုရားတို့နှင့် မတူဘဲ အသီးအခြား သစ္စာလေးပါးတို့ကို သိသောကြောင့် ပစ္စေကဗုဒ္ဓါဟု ခေါ်ဆိုရလေသည်။ ပစ္စေကဗုဒ္ဓါတို့သည် ဘုရားမပွင့်သော သာသနာပအခါ၌သာ ဖြစ်ကြရသည်။ အကယ်၍သာ မြတ်စွာဘုရားကဲ့သို့ တရားဟောကာ သတ္တဝါတို့အား မဂ်တရား၊ ဖိုလ်တရားများ ရစေနိုင်က ဘုရားပွင့်စရာပင် မလို။ သာသနာပအခါဟူ၍ပင် မရှိ ဖြစ်ရပေမည်။ အမှန်မှာ ပစ္စေကဗုဒ္ဓါအရှင်တို့သည် သစ္စာလေးပါးတရားကို ကိုယ်တိုင် ထိုးထွင်း၍ သိမြင်ကြသော်လည်း အနက်အဓိပ္ပာယ်မျှကိုသာ သိပြီး ပါဠိ ဓမ္မကို မသိကြသဖြင့် သူတစ်ပါးတို့သိအောင် ပညတ်တင်၍ မဟောပြော နိုင်ကြခြင်းပင် ဖြစ်ပါသည်။ ယခုခေတ် ဓမ္မကထိကတို့ ဟောကြားတတ် ကြသည်မှာ ကိုယ်တိုင်သိသောတရားကို ဟောပြောခြင်းမဟုတ်။ ဘုရား

တရားတော်များကို သင်ကြားမှတ်သားထား၍ ဟောပြောခြင်းဖြစ်သဖြင့် ကွာခြားချက်ကို သိနိုင်ပါသည်။

*

## အရဟတ္တမဂ်ဉာဏ်နှင့် သဗ္ဗညုတဉာဏ်

မေး။ ။ အရဟတ္တမဂ်၊ ထက်မြက်လှ ထိုဉာဏ်။

သဗ္ဗညု၊ ခေါ်မှုဉာဏ်နှစ်ပါး၏၊ ထူးခြားပုံ ရကို ကောက်ပါလို့၊ မြင့်မောက် ဘယ်ဟာမြတ်၊ သိမှတ်လိုပြန်။

ဖြေကာပြပါဟု၊ တောင်းပန်ရ အရှင်ထံ၊ သင့်တန်မျှ ပန်ကြား။

ဉာဏ်နှစ်ဖြာ၊ ဘယ်ဉာဏ်ဘယ်လိုပါဟု အဖြေစာ ကဗျာရေးလို့ ရယ်၊ ပေးပါ့ဘုရား။

ပဏ္ဍိတာလင်္ကာရ၊ ရန်ကုန်

ဖြေ။ ။ အရဟတ်၊ သတ်တတ်၏ ကိလေသာ။

သဗ္ဗညု၊ သိမှု ရာခပ်သိမ်း၊ တိမ်းမှုမပါ။

အရဟာ၊ နိဗ္ဗာနာ၊ အာရုံပြုလို့၊ သဗ္ဗညု ငါးဥေယျာ၊ ပြုပါ၏ အာရုံများ။

အရဟတ်၊ ရဟတ်မဂ်ဉာဏ်မှ၊ ပညာမှန် စေတသိမို့၊ မှန်ဘိ လောကုတ်ရှုရန်ပေ့၊ တစ်ခု သဗ္ဗညုက၊ လောကူ မဟာကိရိမို့၊ သိသာရန် အမြတ်ပြောရလျှင်၊ လောကုတ်ဆို အရဟာက၊ မြတ်ပါသည် ဤနှစ်နည်း ကို၊ သည်းထိမှတ်သား။

*

## တစ်ဇွန်း တစ်ယောက်မ

မေး။ ။ အရှင်ဘုရား၊

သံဃာတော်များအား သပိတ်များထဲသို့ တစ်ဇွန်းချင်း ထည့် လောင်းလှူခြင်းနှင့် ရှေ့ဆုံးမှ ဆရာတော်သို့ လှူဖွယ်ဝတ္ထု ဆက်ကပ်ပြီး

ကျောင်းသား ကပ္ပိယ၏ တောင်းထဲ လောင်းထည့်လှူဒါန်းခြင်းနှစ်မျိုး အနက် ဘယ်လိုလောင်းလှူခြင်းက မှန်ကန်ပါသလဲ။ ကုသိုလ်ပိုရပါသလဲ ဘုရား။ ဝါစဉ်အလိုက် စီတန်းကြွလာသော သံဃာတော်များနောက်က အရှင်ဥပဂုတ္တ ရဟန္တာမထေရ်လည်း ကြွလာတတ်သည်ဆိုသည့် အယူ အဆကော မှန်နိုင်ပါသလားဘုရား။

ဒေါ်သန်းသန်းဝင်း၊ တပ်မတော်သတ္တုပစ္စည်းစက်ရုံ

ဖြေ။ ။ သံဃာတော်အားလုံး အကျင့်သိက္ခာတူမျှကြသည်ဟုဆိုသင့်သော်လည်း တချို့ရဟန်းတော်များမှာ သက်တော်၊ ဝါတော်ငယ်သော်လည်း ပိုမိုအားထုတ်ကြိုးစား၍ တစ်မဂ်၊ တစ်ဖိုလ်ရနေသော ရဟန်းတော် မရှိဟု မဆိုနိုင်ပါ။ ထို့ကြောင့် သံဃာပါးစေ့ တစ်ဇွန်းစီလောင်းလှူခြင်းက ပိုမိုကုသိုလ်ဖြစ်ဖို့ ရှိပါသည်။ ထိုသံဃာတန်း၏ အလယ်ပိုင်း၊ နောက်ပိုင်း တွင် မဂ်ဖိုလ်ရနေသော မဂ်ပုဂ္ဂိုလ်၊ ဖိုလ်ပုဂ္ဂိုလ်၊ ရဟန္တာပုဂ္ဂိုလ်များ ပါရှိက ထိုပုဂ္ဂိုလ်၏ သပိတ်တွင်းသို့ တစ်ဇွန်းတစ်ယောက်မ ထည့်သွင်းလှူဒါန်းမိ က လွန်စွာအကျိုးကြီးလှပါသည်။ အရှင်ဥပဂုတ္တာပါ၊ မပါ မသေချာသော် လည်း သံဃာတန်းကုန် ရဟန္တာဟူသော အာရုံဖြင့် သဒ္ဓါဟုန်ကြီးစွာ လှူဒါန်းပါက လွန်စွာကုသိုလ်ကြီးလှပါသည်။

*

## သာသနအမွေ

မေး။ ။ အရှင်ဘုရား၊

တပည့်တော်မသည် ရှင်များ၊ ရဟန်းများရှိသော ရှင့်မယ်တော်၊ ရဟန်းမယ်တော်တစ်ယောက်ဖြစ်ခဲ့ပါသည်။ သာသနာ့အမွေကို ခံရပြီဟု လည်း နားလည်ပါသည်။ သို့သော် တပည့်တော်မ၏ သားရတနာများ သည် တစ်သက်လုံး ရှင်ရဟန်းမဝတ်ကြဘဲ လူထွက်သွားခဲ့ကြသော်

ရှင်မယ်တော်၊ ရဟန်းမယ်တော်ဖြစ်ပါသေးသလား ဘုရား၊ သာသနာ့အမွေခံထိုက်ပါသေးသလား ဘုရား။

ဒေါ်သိန်းမြင့်၊ ကြခတ်ရပ်၊ ပန်းတောင်းမြို့

ဖြေ။ ။ ရှင်ရဟန်း ဒကာ၊ ဒကာမများ ခံယူရသော သာသနာ့အမွေဟူသည်မှာ မြတ်စွာဘုရား၏ တရားတော်များဖြစ်သော ဗောဓိပက္ခိယ တရား ၃၇ ပါးပင် ဖြစ်ပါသည်။ ၎င်းတရားတော်များကို ရှင်ရဟန်းဒကာ၊ ဒကာမများက အခြားသူများထက် နီးကပ်ပိုင်နိုင်စွာ ကျင့်ကြံအားထုတ်နိုင်ပါသည်။ သားရှင်ပြုသောနေ့၊ ရဟန်းခံသောနေ့ကပင် ထိုတရားတော်များကို အမွေခံရရှိ၍ ထိမိပိုင်နိုင်စွာ အားထုတ်နိုင်ခွင့် ရခဲ့ရုံမက သာသနာတော်နှင့်လည်း ရင်းနှီးပြီး လှူမှု၊ တန်းမှု၊ သီလဆောက်တည်မှု၊ အားထုတ်ကြိုးစားမှုများ ရရှိခဲ့သည်။ ထိုသို့ ရရှိခဲ့သဖြင့် မိမိအားထုတ်ကြိုးစားမှုကြောင့် မဂ်တရား၊ ဖိုလ်တရားများ ရခဲ့သော် ထိုမဂ်တရား ဖိုလ်တရားများသည် မိမိ၏ ရှင်ရဟန်းများ လူထွက်သွားသော်လည်းကောင်း၊ ပျံလွန်သွားသော်လည်းကောင်း မိမိသန္တာန်မှ ကွယ်ပျောက်သွားတော့မည် မဟုတ်ကြောင်း မှတ်သားထားဖို့ လိုပါသည်။

*

## သိကြားမင်း၊ ယမမင်းတို့အား သီးခြားအမျှဝေခြင်း

မေး။ ။ အရှင်ဘုရား၊

ရေစက်ချ အမျှဝေရာ၌ 'အမိ အဖ ဆရာသမား အစထား၍ သုံးဆယ့်တစ်ဘုံ၌ရှိသော သတ္တဝါတို့အား'ဟုဆိုပြီးမှ 'တာဝတိံသာသနင်း သိကြားမင်းအားလည်းကောင်း၊ ငရဲသနင်း ယမမင်းအားလည်းကောင်း' ဟု တသီးတခြားအမည်တပ်၍ ဆိုခြင်းမှာ အဘယ်အကျိုးကို မျှော်ကိုး၍ ဆိုရပါသနည်း ဘုရား။ ရှင်းလင်းသိသာအောင် ဖြေကြားတော်မူပါဘုရား။

ဦးမိုးအောင်၊ တောင်ကြီးမြို့

www.dhammaransi.com

ဖြေ။ ။ အမျှဝေရာတွင် သိကြားမင်းကို သီးခြားအမည်ထုတ်၍ဆိုခြင်းမှာ ဇာတ်တော်၊ နိပါတ်တော်တို့တွင် ဘုရားအလောင်း၊ သူတော်ကောင်းတို့ အခက်အခဲတွေ့ကြုံနေခြင်း၊ တစ်စုံတစ်ရာ ဒုက္ခရောက်နေခြင်းတို့ရှိ၍ သိကြားမင်းသည် လာရောက်ကူညီတတ်သည်ဟု ဆိုသည်။ 'ယသ္မိံ ပဒေသေ ကပ္ပေတိ'စသည်ဖြင့် အမျှဝေ၍ သာဓုခေါ်သော နတ်တို့သည် စည်းစိမ်ချမ်းသာများ တိုးတက်၍ အမျှဝေသော အလှူရှင်များအား အမိသည် သားကို နေ့ညမခြား စောင့်ရှောက်သကဲ့သို့ စောင့်ရှောက်တတ်ကြောင်း ဒေသနာတော်ရှိသဖြင့် သူတော်ကောင်းကို စောင့်ရှောက်တတ်သော သိကြားနတ်မင်းအား အထူးပြု၍ အမျှဝေခြင်း ဖြစ်ပါသည်။ ယမမင်းအား အမျှဝေခြင်းမှာ မတော်တဆ ဂတိမှောက်မှား၍ ငရဲသို့ ရောက်သွားရလျှင် ငရဲသနင်း ယမမင်းက မိမိအမျှဝေသည်ကို သာဓုခေါ်၍ မိမိအလှူလုပ်ကြောင်း သတိပေးသဖြင့် ငရဲမှ လွတ်နိုင်ကြောင်း ကျမ်းဂန်ရှိ၍ ယမမင်းအား အမျှဝေကြသည်ဟု မှတ်သားသင့်ပါသည်။

*

## တစ်ရာ့ကိုးလုံး ပုတီးကုံး

မေး။ ။ အရှင်ဘုရား၊

တပည့်တော်အား မိတ်ဆွေတစ်ဦးက ပုတီးလှူဒါန်းရာ ပုတီးလုံးရေ ၁၀၉ လုံး ဖြစ်ပါသည်။ ၁၀၈ လုံး ပုတီးသာ အတွေ့များပါသည်။ ယခု ၁၀၉ လုံးဖြစ်နေသဖြင့် မှားနေသလား၊ သို့မဟုတ် တမင်တကာပင် ၁၀၉ လုံးထားသည်လား၊ ၁၀၉ လုံးဆိုလျှင် ဘယ်လိုစိပ်ရပါသနည်း။ အဘယ်ကြောင့် ၁၀၉ လုံး ထားရပါသနည်း။ တပည့်တော်အား ဖြေကြားပေးစေလိုပါသည် ဘုရား။

သိန်းထွဋ် (ကျောက်ဆည်)

www.dhammaransi.com

ဖြေ။ ။ ၁၀၈ လုံး ပုတီးရှိသကဲ့သို့ ၁၀၉ လုံး ပုတီးလည်း ရှိပါသည်။ ၎င်း
မှာ ဂုဏ်တော် ၉ ပါး၊ ၉ ပတ်စိတ်လေ့ရှိသူများက စီမံထားခြင်းဟု
သိရပါသည်။ မြတ်စွာဘုရား၏ဂုဏ်တော် ၉ ပါးကို ဂုဏ်တော်တစ်ပါး၊
ပုတီး ၁ လုံးချ၍ ၁၂ ခေါက်စိပ်သော် ၁၂ ခေါက်အဆုံးတွင် ပုတီး
၁၀၈ လုံးစေ့၍ ၁ လုံး ပိုပါသည်။ ၎င်း ၁ လုံး အရဟံဂုဏ်တော်ချ၍
ပုတီးခေါင်း (ပင်လယ်ကူး)ကို ကျော်ကာ သမ္မာသမ္ဗုဒ္ဓေါစသည် ဆက်စိပ်
သွားပါက ဒုတိယပတ်တွင် ပုတီး ၂ လုံး ပိုလာမည်။ အရဟံ၊ သမ္မာ
သမ္ဗုဒ္ဓေါချကာ ဝိဇ္ဇာစရဏ သမ္ပန္နောမှစ၍ တတိယအပတ် စိပ်ပါ။ ထိုသို့
စိပ်ပါက တစ်ပတ်တစ်လုံးစီ ပိုလာမည်။ ပုတီး ၉ ပတ်တွင် ၉ လုံးပို
လာကာ ဂုဏ်တော် ၉ ပါးဖြင့် အဆုံးသတ်ရပါသည်။ ထိုနည်း နံနက်
၉ ပတ်၊ ည ၉ ပတ် စိပ်လျှင် ပုတီးတစ်ပတ် ၉x၁၂ လီဖြစ်၍ ၁၀၈၊
အပေါင်း ၉=၁၁၇၊ နံနက် ည ၁၈ ပတ်၊ ၁၁၇x၂ လီ =၂၃၄၊ ပေါင်းလျှင်
၉ ဖြစ်သည်။ မည်သို့ပင်ပေါင်းပေါင်း နဝင်းကြေ ၉ ဂဏန်းပင် ထွက်
သည်ဟု ဆိုပါသည်။ ထို့ကြောင့် နဝင်းကြေပုတီးဟု ခေါ်ဆိုကြောင်းနှင့်
ကိုးနဝင်းကြိုက်သူတို့၏ အစီအရင် ဖြစ်ကြောင်း မှတ်သားသင့်ပါသည်။

*

## ဝိသုဒ္ဓါဝါစာ မဂ်ပယ်ရာ

မေး။ ။ အရှင်ဘုရား၊

ဒုစရိုက်ဆယ်ပါးကို မဂ်တရားတို့ ပယ်ရှားရာ၌ နည်းတစ်နည်း
တွင် ဝိသုဒ္ဓါဝါစာကို သောတာပတ္တိမဂ်က ပယ်သည်ဆို၍ နည်းတစ်နည်း
တွင် ဝိသုဒ္ဓါဝါစာကို အနာဂါမိမဂ်က ပယ်သည်ဟုဆိုပါသည်။ မည်သည်
က မှန်ပါသနည်း။ ဖြေရှင်းပေးတော်မူပါဘုရား။

အရှင်ဝိသုတာ လင်္ကာရ၊ မန္တလေးမြို့

ဖြေ။ ။ အင်္ဂုတ္တိုရ်အဋ္ဌကထာ၌ သောတာပတ္တိမဂ်သည် ကာယဒုစရိုက် ၃ ပါး၊ မုသာဝါဒ၊ ပိသုဏာဝါစာ၊ ဝစီဒုစရိုက် ၂ ပါး၊ မိစ္ဆာဒိဋ္ဌိ မနော ဒုစရိုက် တစ်ပါး၊ ပေါင်း ခြောက်ပါးကို ပယ်၏။ ဖရုသဝါစာ၊ ဗျာပါဒ ဤနှစ်ပါးကို အနာဂါမိမဂ်သည် ပယ်၏။ သမ္ဖပ္ပလာပ၊ အဘိဇ္ဈာ ဤနှစ်ပါး ကို အရဟတ္တမဂ်သည် ပယ်၏ဟုဆိုသည်။ ဝိသုဒ္ဓိမဂ်၊ အဋ္ဌကထာတွင် ပိသုဏာဝါစာကို အနာဂါမိမဂ်ဖြင့် ပယ်သည်ဟု ဆိုသည်။ အဋ္ဌကထာ နှစ်ကျမ်းလုံးပင် အရှင်မဟာဗုဒ္ဓဃောသ ဖွင့်ဆိုသည် ဖြစ်ပါလျက် ကွဲလွဲနေ ခြင်းမှာ မသင့်ပါဟု ဆိုကြအံ့။ အပါယဂါမိ (အပါယ်လားကြောင်း)ဖြစ် သော ပိသုဏာဝါစာကို သောတာပတ္တိမဂ်ပယ်၍ အပါယဂါမိ မဟုတ်သော ပိသုဏာဝါစာကို အနာဂါမိမဂ် ပယ်သည်ဟု ယူသင့်ကြောင်း ဆရာအရှင် မြတ်တို့ ဆုံးဖြတ်တော်မူကြပါသည်။

*

## သင်္ကန်းပုံ့သကူ ဆွမ်းပုံ့သကူ

မေး။ ။ အရှင်ဘုရား၊

ပုံ့သကူစီဝရ၊ ကောက်၍ပ ဝတ်နိုင်။

ထို့အတူ ဆွမ်းကျောင်းဆေး၊ ကောက်ရေးပစ်ကာထား၊ သွား ကောက်ယူပိုင်။

ပစ္စယလေးခိုင်၊ ဆိုင် မဆိုင် ဘယ်သို့။

ပုံ့သကူဝါဒများကို နားလည်အောင် စာပေသွင်း၊ ရှင်းပြပါလို့။

မန်းဘိက္ခု၊ သောတုဇနတစ်ပါး

ဖြေ။ ။ ပုံ့သကူ စီဝရ၊ ကောက်၍ပသာယူ။

သေနာသနာကျောင်း၌၊ ညောင်စောင်းအင်းပျဉ်နှင့်၊

စောင် ခြင်ထောင် ဘုံလျှို အုံး၊ သုံးပုံ့သကူ။

ဆွမ်းနှင့် ဆေးမှာတော့၊ ကပ်ပေးမှ ခံယူ၊ ပုံသက္ကမရှိ။
ဝိနည်းကျမ်း၊ လက်သန်း ဝဏ္ဏနာတို့၊
ဖွင့်ဆိုကာ မှတ်ဖွယ်ပြတယ်၊ ရှင်းကြစေဘိ။ ။

(ဝိနယာလင်္ကာရ ဋီ၊ ၂၊ ၃၄၅)

*

## မုသားစကား

မေး။ ။ အရှင်ဘုရား၊

တပည့်တော်မသည် မုသာဝါဒကံဆိုသည်မှာ တစ်ခုခုသော အရေးမပါသည့် စကားကို လိမ်ပြောမိသည်နှင့် မုသာဝါဒကံ မြောက်သည်ဟု ယူဆမိပါသည်ဘုရား။ အသိတစ်ယောက်က ထိုစကားကို မုသာဝါဒကံ မမြောက်ဟု ပြောပါသည် ဘုရား။ ထို့ကြောင့် ဘုရားတပည့်တော်မအား မုသာဝါဒကံမြောက်သည့်အကြောင်း ရှင်းပြပေးပါဘုရား။ ဘယ်စကားမျိုးသည် မုသာဝါဒကံ ထိုက်ပါသနည်း ဘုရား။

မခိုင်၊ ခေတ္တ ရန်ကင်း

ဖြေ။ ။ မုသာဝါဒကံဆိုင်ရာ၌

၁။ မဟုတ်မမှန်သော ဝတ္ထုလည်း ဖြစ်စေ၊

၂။ ချွတ်ယွင်းစေလိုသောစိတ်ရှိသည်လည်းဖြစ်စေ၊

၃။ ချွတ်ယွင်းခြင်းအား လျော်သောအကြောင်းကို ကိုယ်၊ နှုတ် နှစ်ပါးတွင် တစ်ပါးပါးဖြင့် လုံ့လပြုသည်လည်းဖြစ်စေ၊

၄။ နားထောင်သူကား ထိုစကား၏ အဓိပ္ပာယ်ကို သိသည်လည်း ဖြစ်စေ၊ ဤအင်္ဂါ ၄ ပါးစုံညီလျှင် မုသာဝါဒ ကမ္မပထမြောက်၏။ 'အဒိဋ္ဌံ ဒိဋ္ဌန္တိ ဝဒတိ' စသည်ဖြင့် မမြင်သည်ကို မြင်၏။ မကြားသည်ကို ကြား၏။ စသည် ပြောဆိုခြင်းမျိုး ချွတ်ယွင်းစေခြင်းကို ဖြစ်စေသမျှ အရေးပါပါ၊ မပါပါ မုသာဝါဒဖြစ်သည်။ အပြစ်ကြီး၊ မကြီးကား အကျိုးပျက်မှု ကြီး၊ မကြီးပေါ်မှာ တည်ပါသည်။ နှုတ်၌ဖြစ်သော ဝစီကံ၌ ပါဝင်သော်လည်း

www.dhammaransi.com

ခွေးကို ရိုက်တော့မည်ဟန်ပြု၍ လှည့်စားခြောက်လှန့်ခြင်းမျိုး၊ ကျီးကို ပစ်တော့မည်ကဲ့သို့ ခဲဖြင့်ရွယ်၍ ပျံသွားစေခြင်းမျိုး၊ ကာယဝိညတ်ဖြင့် လှည့်စားခြင်းမျိုးလည်း ပါဝင်ပါသည်။ ဝိနည်းတော်၌ 'သင့်မှာ အပြစ်ရှိလျှင် ပြောပါ'ဟုဆိုရာ၌ အပြစ်ရှိလျက်နှင့် မပြောဘဲ နေခြင်းမျိုးလည်း မုသာဝါဒပင် ဖြစ်ကြောင်း ဆိုပါသည်။

*

## ဥပုသ်စောင့်ခြင်းနှင့် ရဟန္တာရုပ်ပွား

မေး။ ။ အရှင်ဘုရား၊

ဥပုသ်စောင့်၍ ၈ ပါးသီလ ဆောက်တည်သည့်အခါ ဝိကာလဘောဇနာ သိက္ခာပုဒ်ကို စောင့်ထိန်းပြီး ညစာမစားရသည်မှာ မည်သည့်အဓိပ္ပာယ်ကြောင့်ပါလဲဘုရား။ မည်ကဲ့သို့ ကုသိုလ်အကျိုး ရရှိပါသလဲဆိုတာကို ဖြေကြားပေးတော်မူပါဘုရား။ နောက်တစ်ခုက ရဟန္တာရုပ်ပွားတော်များကို ကိုးကွယ်ရာတွင် ရှင်သီဝလိ၊ ရှင်ဥပဂုတ္တ ရုပ်ပွားတော်များကိုသာ ကိုးကွယ်လေ့ရှိပြီး ပို၍ တန်ခိုးဂုဏ်ကြီးသည့် ရှင်သာရိပုတ္တရာ၊ ရှင်မဟာမောဂ္ဂလာန်တို့၏ ပုံတော်များကို မကိုးကွယ်ခြင်းမှာ အဘယ်ကြောင့်ဆိုသည်ကို ဖြေကြားတော်မူပါ ဘုရား။

မျိုးမြတ်စိုး၊ မြောက်ဥက္ကလာပမြို့

ဖြေ။ ။ 'အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထ သီလံ'ဆိုသည့်အတိုင်း အင်္ဂါ ၈ ပါးနှင့် ပြည့်စုံမှ ဥပေါသထ (ဥပုသ်)သီလ ဖြစ်ပါသည်။ ဥပုသ်စောင့်သူသည် အရိယာ (ရဟန္တာ)ပုဂ္ဂိုလ်များကို အတုယူ၍ တစ်နေ့ပတ်လုံး ကျင့်သုံးဆောက်တည်၍ နေရာ နေ့စဉ် ကျင့်သုံးသည့် ငါးပါးသီလမှ ထူး၍ ဗြဟ္မစရိယ (မေထုန်ရှောင်)အကျင့်နှင့် ညစာမစား ပျော်ပါးရှောင်ကြဉ်၊ ဆင်ယင်ရှောင်လတ်၊ မြင့်မြတ်နေရာ၊ ရှောင်ခွာကျင့်သုံးနိုင်ပါမှ အရိယာတို့နှင့် တူတန်နိုင်လိမ့်မည်။ ထို့ပြင် ဥပုသ်သီလတွင် ပဓာနအကျ

ဆုံးမှာ ဗြဟ္မစရိယ သိက္ခာပုဒ်ဖြစ်ရာ ၎င်းသိက္ခာပုဒ် လုံခြုံရေးတွင် ညစာရှောင်ကြဉ်မှုမှာ အရေးအကြီးဆုံး ဖြစ်ပါသည်။ နစ္စ ဂီတ စသော သိက္ခာပုဒ်။ ဥစ္စာသယနစသော သိက္ခာပုဒ်တို့က ဗြဟ္မစရိယသိက္ခာပုဒ်၏ ဒုတိယ၊ တတိယ တံတိုင်းကြီးများ ဖြစ်သည်။ ဝိကာလဘောဇနာ သိက္ခာပုဒ်က ပထမတံတိုင်းကြီး ဖြစ်ပါသည်။ ထို့ကြောင့် လွန်စွာအရေးကြီးလှပါသည်။ ၎င်းသိက္ခာပုဒ်များ လုံခြုံ၍ တစ်နေ့တာမျှ ကောင်းမွန်စွာ ဥပုသ်သီလ အောင်မြင်သွားပါက သိန်းပေါင်းများစွာ လှူဒါန်းခြင်း၊ ဥစ္စာစီးပွား၊ သားမယားနှင့် ထူးခြားအင်္ဂါ များစွာလှူဒါန်းရခြင်းထက်ပင် အကျိုးကြီးလှပါသည်။ ရှင်သီဝလိ၊ ရှင်ဥပဂုတ္တနှင့် အချို့ ဘုရားအထူးအဆန်းများ ထုလုပ်ကိုးကွယ်သူတို့သည် လောကုတ္တရာအကျိုးထက် လောကီအကျိုးကို မျှော်ကိုးသူများ ဖြစ်ကြပါသည်။ လာဘ်လာဘ များစွာရလိုခြင်း၊ စီးပွားဥစ္စာ တိုးတက်လိုခြင်းတို့အတွက် အချို့က ရှင်သီလဝိအင်း၊ ရှင်ဥပဂုတ္တအင်း ပြုလုပ်၍ ဂါထာမန္တန်တို့ဖြင့် အင်းဆံပြုကာ ကျူးရင့်ပြီး အင်းသက်သွင်းခြင်းများပင် ပြုကြသည်။ ၎င်းတို့သည် အကျိုးထူးရသည်ထက် လောဘကို ရှေ့ထားသဖြင့် အကုသိုလ်ပွားမှုပင် ပိုပါသေးသည်။ ဗုဒ္ဓဘာသာ သမ္မာန္ဒယ်ဝင် သူတော်စင်စစ်စစ် ဖြစ်သူတို့အဖို့ မြတ်စွာဘုရားနှင့် တရား၊ သံဃာတော်တို့အား မတုန်မလှုပ် သက်ဝင်ယုံကြည်သော သဒ္ဓါတရားဖြင့် နေ့ညမအား၊ ဝပ်တွားပူဇော်လျက် ဆွမ်း၊ ပန်း၊ ရေချမ်း၊ ရွှင်လန်းကြည်စွာ လှူဒါန်းကာဖြင့် လောဘ၊ ဒေါသ၊ မောဟကင်းကြောင်း ဆုတောင်း ပတ္ထနာပြုသင့်ကြပါသည်။ ဗုဒ္ဓဘာသာဟုဆိုကာ တစ်သက်တာ ကြီးပွားရေးမျှော်တွေး၍ ဘာသာအရေခြုံလျက် တစ်မျိုးတစ်ဖုံ ပြုမူနေကြပုံမှာ ရက်ဖွယ်ပင် ဖြစ်ပါသည်။

*

www.dhammaransi.com

## တိပိဋကနှင့် ဘွဲ့တဒဂ်

မေး။ ။ အရှင်ဘုရား၊

ဘုရားရှင်လက်ထက်က ပညာဧတဒဂ်၊ တန်ခိုးဧတဒဂ်စသည်ဖြင့် သမုတ်ကြပါသည်။ ယခုခေတ်အခါမှာ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ပူဇော်ပွဲပြုလုပ်၍ သာသနာ့အာဇာနည် ဆရာတော်ဟု ခေါ်ဝေါ်ကြပါသည် ဘုရား။ ထိုသို့ မပြုလုပ်ဘဲ ပညာဧတဒဂ်ဘွဲ့နှင်းသဘင် ပူဇော်ပွဲပြု၍ ဧတဒဂ်ဆရာတော်ဟု အဘယ်ကြောင့် မခေါ်ကြပါသနည်းဘုရား၊ ခေါ်သင့်၊ မခေါ်သင့်ကို စိစစ်ရှာဖွေ၍ ဖြေကြားပေးတော်မူပါဘုရား။

ဖြူရတနာ (ဆိပ်ဖြူ)၊ ဖန်ခါးမြေ

ဖြေ။ ။ ပညာဧတဒဂ်ရ အရှင်သာရိပုတ္တရာသည် တစ်သချေ်နှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်၍ ပညာဧတဒဂ်ရ အဂ္ဂသာဝကဖြစ်တော်မူသည်။ မြတ်စွာဘုရားမှလွဲ၍ ပညာအရာတွင် အကြီးမြတ်ဆုံး ဖြစ်ပါသည်။ တစ်နည်းအားဖြင့်မြတ်စွာဘုရားနီးပါး ပညာတော် ကြီးမြတ်သည်။ ကမ္ဘာတစ်ခွင်လုံး အုပ်ဖုံး၍ ရွာသွန်းသော မိုးရေမိုးပေါက်တို့ကိုပင် ရေတွက်နိုင်စွမ်းရှိသော ပညာဂုဏ်နှင့် ပြည့်စုံသည်။ ပါရမီဖြည့်နေသော ဘဝပေါင်းများစွာမှာပင် ပညာကြီးကျယ်ခဲ့သောဖြစ်စဉ်ရှိခဲ့၍လည်း ဤဘဝတွင် မြတ်စွာဘုရားက ပညာအရာတွင် အကြီးအကျယ် အမြင့်မြတ်ဆုံး ဧတဒဂ် ပေးတော်မူသည်။ ဤသို့ ဧတဒဂ်ပေးတော်မူခြင်းကိုလည်း ဘုရားမှတစ်ပါး မည်သူမျှ ပြုလုပ်ခြင်းငှာ မအပ်ပါ။ ယခုခေတ် တိပိဋကဓရမှာ သင်ရိုးပိဋကကျမ်းပေါင်းနှစ်ဆယ်လာ ပါဠိတော်များကို ကျက်မှတ်၍ ပြန်ဆိုခြင်း၊ အဓိပ္ပာယ်ရေးဖြေခြင်းတို့ကို ၄ နှစ်၊ ၅ နှစ်ခွဲ၍ ပြန်ဆိုဖြေကြားရပါသည်။အရှင်သာရိပုတ္တရာတို့၏ ပါရမီဉာဏ်တွေနှင့် များစွာ ကွာခြားလှပါသေးသည်။ ဤခေတ်တွင် တိပိဋကဓရ သာသနာ့အာဇာနည်ဘွဲ့ထူးသည်ပင် ရခဲနိုင်မှု လွန်စွာ ကြီးမြင့်လှသော ဘွဲ့ထူး ဖြစ်ပါသည်။ ဤသို့

နိုင်းယှဉ်ဝေဖန်၍ အဘယ်ကြောင့် တေဒဂ်ဘွဲ့ဖြင့် မခေါ်ဝေါ်သည်ကို သိသာနိုင်လောက်ပါသည်။

*

## ဓမ္မက္ခန္ဓာရှစ်သောင်းလေးထောင်

မေး။ ။ အရှင်ဘုရား၊

သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးကို ချဲ့လိုက်သော် မဂ္ဂင်ရှစ်ပါး ဖြစ်၍ မဂ္ဂင်ရှစ်ပါးကို ချဲ့သော် ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါး ဖြစ်သည်။ ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးကို ချဲ့လျှင် ပိဋကသုံးပုံ ဖြစ်ကာ ပိဋကသုံးပုံကို ချဲ့က ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် ဖြစ်လာသည်ဟု ကြားဖူးပါသည်။ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် အား ရေတွက်ပြထားသည်ကို မတွေ့ရှုဖူးပါ။ ရေတွက်ပြပါရန် သို့မဟုတ် ရေတွက်နည်းကို ဖြေကြားပေးပါရန်လျှောက်ထားအပ်ပါသည် ဘုရား။

သန်းထွန်း (ဓမ္မာစရိယ)၊ ရွှေမြိုင်

ဖြေ။ ။ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ကို ရေတွက်ပြရန် မလွယ် ပါ။ ပိဋကတ်ပညာရှင်ရဟန်းတော်များ ဂိုဏ်းပေါင်းစုံ အစည်း အဝေးကဲ့သို့ သံဃာ့အစည်းအဝေးကြီး ပြုလုပ်၍ ပိဋကကျမ်းစာ ပါဠိတော် များကို ခွဲဝေတာဝန်ယူကာ ရေတွက်ကြမည်ဆိုက ၂ နှစ်လောက် အချိန်ယူ ၍ ရေတွက်လျက် ဖြစ်နိုင်ကောင်း ဖြစ်နိုင်မည်ဟု မုံရွေးဆရာတော် မိန့် တော်မူဖူးသည်။ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် ရေတွက်ပုံကို အမြွက်မျှ သိနိုင်လောက်သော အဋ္ဌကထာစကားမှာ 'တတ္ထ ကောနုသန္ဓိကံ သုတ္တံ ဧကော ဓမ္မက္ခန္ဓော'စသည်ဖြင့် (အဘိဋ္ဌ၊ ၁-၂၇)ဆို၍ သုတ်၌ အနုသန္ဓေတစ်ခုသည် ဓမ္မက္ခန္ဓာတစ်ခု၊ ဂါထာတို့တွင် အမေးသည် ဓမ္မက္ခန္ဓာ တစ်ခု၊ အဖြေသည် ဓမ္မက္ခန္ဓာတစ်ခု၊ အဘိဓမ္မာ၌ တစ်ခု၊ ကစ်ခု သော တိက်ဒုက်ဝေဖန်ခြင်းသည် ဓမ္မက္ခန္ဓာတစ်ခု။ စိတ်အကြိမ်တစ်ခုတစ်ခု

သည် ဓမ္မက္ခန္ဓာတစ်ခု၊ တစ်ခု။ ဝိနည်း၌ ဝတ္ထုမာတိကာ ပဒဘာဇနီ အာပတ်၊ အနာပတ်၊ အန္တရာပတ်တို့သည် ဓမ္မက္ခန္ဓာတစ်ခုစီဖြစ်လေသည်။ ဤနည်းဖြင့် ဓမ္မက္ခန္ဓာတို့၏အဖို့အစုကို သိရမည်ဟု ဆိုပါသည်။ အမှန်အားဖြင့် ပိဋကသုံးပုံ ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါး၊ မဂ္ဂင်ရှစ်ပါး၊ သိက္ခာသုံးပါး၊ ကျင့်စရာတရားတို့ကို သိနေက ကျင့်ရန်၊ အားထုတ်ရန် လုံလောက်နေပါပြီ။ အာရုံဝေဝါး၍ တရားပုံ့လွှင့်စရာ ဓမ္မက္ခန္ဓာ အရေအတွက်ကို ရေတွက်ရှာဖွေနေစရာ မလိုတော့ပါဟု ဖြေကြားလိုပါသည်။

*

## အဂ္ဂသာဝကနှစ်ပါး၏ အသက်တော်

မေး။ ။ အရှင်ဘုရား၊

ဘုရားတပည့်တော်တို့၏ ဂေါတမမြတ်စွာဘုရားသည် သက်တော် ၈၀ ရှိ၍ ညီတော်အာနန္ဒာ၊ အရှင်မဟာကဿပတို့သည် သက်တော် ၁၂၀၊ အရှင်အနုရုဒ္ဓါသည် သက်တော် ၁၅၀၊ အရှင်ဗာကုလသည် သက်တော် ၁၆၀ အသီးသီးရှိကြကြောင်း ဖတ်ကြားမှတ်သားရပါသည်ဘုရား။ မြတ်စွာဘုရား၏လက်ဝဲလက်ယာ အဂ္ဂသာဝကများဖြစ်ကြသော အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန်တို့ မည်မျှ သက်တော်ရှိကြောင်း၊ ဘုရားတပည့်တော်နှင့် အများသိရှိကြရန် ဖြေကြားပေးတော်မူပါ ဆရာတော် အရှင်သူမြတ်ဘုရား။

သန်းအောင်လေး၊ ရွှေဘိုမြို့

ဖြေ။ ။ အဂ္ဂသာဝက နှစ်ပါး သက်တော်မည်မျှရှိကြောင်း စာပေတွင် အတိအလင်း မတွေ့ရပါ။ သို့သော် သတပဒီပုစ္ဆာအဖြေကျမ်းတွင် မန်လည်ဆရာတော်တို့ ခန့်မှန်းတွက်ချက်၍ ဖြေကြားထားသည်မှာ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်တို့ သက်တူ၊ ရွယ်တူဖြစ်ကြောင်း၊ အရှင်သာရိပုတ္တရာ၏ ညီအငယ်ဆုံး ရေဝတသူငယ်သည် အရှင်သာရိပုတ္တ

ရာ ရဟန်းပြုသောနှစ်မှာပင် အသက် ၇ နှစ်အရွယ်တွင် သာသနာတော်သို့ ဝင်ရောက်ခဲ့ကြောင်း ၎င်းရေဝတ၌ အရှင်သာရိပုတ္တရာ၊ အရှင် ဥပသေန၊ အရှင်စုန္ဒဟူ၍ အစ်ကို ၃ ပါး၊ အရှင်မစာလာ၊ ဥပစာလာ၊ သိသုပစာလာ ဟူ၍ အစ်မတော် ၃ ပါးရှိကြောင်း အချင်းချင်း ၃ နှစ်စီ ကွာ၍ တွက်ကြည့် လျှင် အရှင်သာရိပုတ္တရာ ရဟန်းပြုသော အသက် ၂၅ နှစ်ရကြောင်း၊ ထိုနှစ်မှာပင် အရှင်မဟာမောဂ္ဂလာန်လည်း ရဟန်းပြုကြောင်း မြတ်စွာ ဘုရားထက် ၂ နှစ်စော၍ ပရိနိဗ္ဗာန်ပြုကြကြောင်း၊ ထို့ကြောင့် တွက်ကြည့် လျှင် အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်တို့၏ သက်တော်သည် ၆၈ နှစ်ဖြစ်ကြောင်း ဖြေကြားထားပါသည်။

*

## စာခိုးဖြေ၍ စာမေးပွဲအောင်သူ

မေး။ ။ အရှင်ဘုရား၊

စာမေးပွဲဖြေရာ၌ စာခိုး၍ဖြေသော ရဟန်းသာမဏေအား မည် သည့် အပြစ်များ သင့်ပါသလဲဘုရား။

ပညာသိရိ (မိတ္ထီလာမြို့)

ဖြေ။ ။ စာမေးပွဲခိုးဖြေမှုနှင့် စပ်၍ အဆုံးအဖြတ် အမျိုးမျိုး တွေ့ရပါသည်။

ကျေးရူးရှင် မဟာစည်ဆရာတော်ဘုရားကြီးက "မတရားသော နည်းဖြင့် စာမေးပွဲဖြေဆိုအောင်မြင်၍ ဆုလာဘ်ကို ခံယူသော ရဟန်းများ အတွက် မိမိကိုယ်တိုင်လည်း သံသယရှိနေပါ၏။ သို့သော် ဝိနယဂရုက ဟု ထင်ရှားသော ဂိုဏ်းဂဏထဲမှ 'ပညာကို ခိုးခြင်းဖြစ်၍ ပါရာဇိက အာပတ်မသင့်'ဟု ဆုံးဖြတ်သည့် ဆရာတော်များ ရှိကြောင်း ကြားသိရ သည်။ ထို့ကြောင့် ဒုတိယပါရာဇိက အာပတ်သင့်သည်ဟု အတိအလင်း ဆုံးဖြတ်ရန် ဝန်လေးပါသည်။ ဤမျှထက် ပို၍ မဆုံးဖြတ်နိုင်ပါ။ သံသယ ရှိလျှင် မိမိကိုယ်တိုင် ထိုသို့သောအပြစ်မှ ကင်းလွတ်အောင် ရှောင်ကြဉ်၍

www.dhammaransi.com

မိမိစကားကို နားထောင်မည့် ပုဂ္ဂိုလ်တို့အားလည်း အလားတူပင် အပြစ်ကင်းအောင် နေထိုင်ကျင့်သုံးရန် ဩဝါဒပေးဖို့သာ ရှိပါသည်”ဟု အမေးတစ်ခုကို ဖြေဆိုရာ၌ မိန့်တော်မူထားပါသည်။ ထိုအတိုင်းသာ မှတ်ယူကျင့်သုံးစေလိုပါသည်။

*

## ထီပေါက်၍ အလှူဒါနပြုခြင်း

မေး။ ။ အရှင်ဘုရား၊

ယခုအခါ လူများစွာသည် ထီပေါက်သောငွေဖြင့် အလှူဒါနများပြုလုပ်နေကြပါသည်။ ထီပေါက်သောငွေ၊ ဘောလုံးပွဲနိုင်သောငွေ၊ ကျွဲပွဲ၊ နွားပွဲနိုင်သောငွေ၊ ဖဲရိုက်၍ နိုင်သောငွေများသည် အလောင်းအစားအလုပ်ဖြင့် ရလာသောငွေများ ဖြစ်နေသောကြောင့် လှူဖွယ်ဝတ္ထုအနေဖြင့် ခမ္မိယလဒ္ဓ စင်ကြယ်ခြင်းမရှိဟု ထင်ရပါသည်။ ဤကဲ့သို့ အလောင်းအစားပြုရာမှ နိုင်လာသောငွေ (ဝါ) လှူဖွယ်ဝတ္ထုတို့ဖြင့် လှူဒါန်းနေခြင်းသည် ကုသိုလ်ထူး ရနိုင်ပါသလားဘုရား။

ဦးမောင်ဝမ်၊ ၇ လမ်း၊ နောက်လယ်ရပ်၊ မြိတ်မြို့

ဖြေ။ ။ အဓမ္မိယလဒ္ဓဟူသည်မှာ ကာယဒုစရိုက်၊ ဝစီဒုစရိုက်အမှုများဖြင့် ရသော ပစ္စည်းမျိုးသာ ဆိုလိုပါသည်။ အလှူဒါနပြုရာ၌ လှူပုဂ္ဂိုလ်များအနေဖြင့် ရဟန်းတို့ကဲ့သို့ မိစ္ဆာဇီဝဖြင့်ရသော ပစ္စည်းကို သုံးဆောင်၍ အာပတ်သင့်ရခြင်းမျိုး မရှိပါ။ ထို့ကြောင့် အဓမ္မိယလဒ္ဓပစ္စည်းကို သုံးဆောင်သော်လည်း အပြစ်မရှိပါ။ အကုသိုလ်လုပ်ဆဲခဏ၌သာ ကာယ၊ ဝစီဆိုင်ရာအပြစ် ဖြစ်ပါသည်။ ထိုအမှုဖြင့် ရသောပစ္စည်းကို လှူဒါန်း၍လည်း ကုသိုလ်ဖြစ်ပါသည်။ ပတိဂတ္တရဟန်းအလောင်း တောမုဆိုးသည် ငှင်းဖမ်းယူသတ်ဖြတ်၍ ရသည့် ငှက်သားဖြင့် ပစ္စေကဗုဒ္ဓါအား လှူ၍ ‘အရှင်ဘုရားရသောတရားကို ရလိုပါ၏’ဟု ဆုတောင်းသဖြင့် ဤဘုရား

လက်ထက်၌ ရဟန္တာ ဖြစ်ရပါသည်။ အကုသိုလ်ကြောင့် ရဟန္တာဖြစ်သည့်တိုင် အရိုးကျိုးသည့်အထိ အနာရောဂါခံစားခဲ့ရပါသည်။ ထိထိုးခြင်းစသော လောင်းကစားမှုများမှာ ကာယဒုစရိုက်၊ ဝစီဒုစရိုက်များ မဟုတ်ကြ။ သို့သော် ကုန်သွယ်လယ်လုပ်၍ရသော ပစ္စည်းကဲ့သို့ ဓမ္မိယ လဒ္ဓစစ်စစ်ဟုကား မဆိုနိုင်ပါ။ ဓမ္မိယလဒ္ဓစစ်စစ်ဖြင့်ရသော ပစ္စည်းကို လိုအပ်သည်မှာ ဒိဋ္ဌဓမ္မဝေဒနီယကံ ဆိုင်ရာ၌သာ ဖြစ်ပါသည်။ နိရောဓသမာပတ်မှ ထလာသော အနာဂါမ် ရဟန္တာပုဂ္ဂိုလ်အား ဓမ္မိယလဒ္ဓစစ်စစ်ဖြင့်ရအပ်သော ဆွမ်း၊ ဘောဇဉ်ကို ပထမဇောစေတနာပြဋ္ဌာန်း၍ လောင်းလှူလျှင် ဤဘဝ ၇ ရက်အတွင်း အကျိုးပေးသည်ဟု စာတွင် လာရှိပါသည်။

*

## ဝဋ်တော် ၁၂ ပါး ငရဲလား မလား

မေး။ ။ အရှင်ဘုရား၊

'ဝဋ်မှာအမြဲ ငရဲ အပ'ဟူသော စကားအရ ဝဋ်မှာ အမြဲခံရသည်။ ငရဲမှာ လွတ်နိုင်ခွင့်ရှိသည်ဟု သိရပါသည်။ မြတ်စွာဘုရားသည် ဝဋ်တော် ၁၂ ပါး ခံရသေးကြောင်း ကြားရဖူးပါသည်။ ၎င်းဝဋ်တော် ၁၂ ပါးကို မခံရမီ ငရဲကျရပါသေးသလား။ ဥပမာ ဇောတိပါလ ပုဏ္ဏားဖြစ်စဉ်က 'ငါဘုရားဖြစ်မည်ဆိုလျှင် ခြောက်လမဟုတ်၊ ခြောက်နှစ် ဒုက္ကရစရိယကျင့်မည်'ဟု ကဿပမြတ်စွာဘုရားအား ဝစီဒွါရဖြင့် ဆိုခဲ့၍ ဘုရားဖြစ်သည့်ဘဝတွင် ဒုက္ကရစရိယခြောက်နှစ် ကျင့်ခဲ့ရသည်ဟု ဆိုပါသည်။ ဒုက္ကရစရိယ ခြောက်နှစ်ကျင့်ရသော ဝဋ်မတိုင်မီ ငရဲကျခဲ့ရပါသေးသလား။ သိလိုပါသည်။ ဖြေကြားတော်မူပါဘုရား။

ဦးသိန်းမောင်၊ တရားရေး၊ မရမ်းကုန်းမြို့နယ်

ဖြေ။ ။ ဤဝဋ်တော် ၁၂ ပါးအကျယ် (အကြောင်းနှင့်တကွ အကျိုးမှာ) အပဒါန်အဋ္ဌကထာ ဒုတိယအုပ် (အပဋ္ဌ ၂-၂၀၀)တွင် ပါရှိပါ

www.dhammaransi.com

သည်။ အကျယ်မရေးသားပါ။ ထို ၁၂ ပါးတွင် ၁၀ ပါးမှာ ပြစ်မှားခဲ့သည့် ဘဝမှ နောက်ဘဝနှင့် ဘဝပေါင်းများစွာ အပါယ်ငရဲ၌ ကျရောက်ခဲ့ရပြီး ဘုရားဖြစ်သည့်ဘဝတွင် ဖော်ပြပါ ဝဋ်တော်များကို ခံရကြောင်း ပါရှိသည်။ ထို့ကြောင့် ၁၁ နှင့် ၁၂ ဝဋ်တော် ၂ ပါးမှာ အပါယ်မကျ။ ဝဋ်တော် ခံရရုံသာ ဖြစ်ကြောင်း ပါရှိပါသည်။ ၎င်းဝဋ်တော် ၂ ပါးမှာ ရှေးသရော အခါ လက်ဖွေ့သမားဖြစ်စဉ် ပြိုင်ဖက်လက်ဖွေ့သမားအား မြေနှင့်ကိုင်ရိုက်၍ ခါးရိုးကို ချိုးခဲ့ဖူးသဖြင့် မြတ်စွာဘုရားဖြစ်သောအခါ ခါးတော် ကိုက်ခဲရခြင်းနှင့် ဆေးသမားဖြစ်စဉ်က လူနာက ဆေးဖိုးဝါခမပေးသဖြင့် ဝမ်းလားဆေးကို တိုက်ကျွေးခဲ့၍ မြတ်စွာဘုရားဖြစ်သောအခါ ဝမ်းတော်လားရခြင်းတို့ ဖြစ်ပါသည်။

*

## ကြောက်တတ်ခြင်း

မေး။ ။ အရှင်ဘုရား၊

တပည့်တော်မ၏ မေမေသည် ဘုရားလည်း နေ့စဉ် ညာ၊ နံနက် ရှိခိုးပါသည်။ ပရိတ်တော်၊ ဂါထာတော်တို့ကိုလည်း မပြတ်ရွတ်ပါသည်။ သို့သော် အလွန်ကြောက်တတ်ပါသည် ဘုရား။ ညသာမဟုတ်၊ နေ့သော်လည်း တစ်ဦးတည်း မနေဝံ့ပါ။ သားသမီးတစ်ဦးဦး အနားမှာ အမြဲနေစေပါသည်။ ဤသို့ ကြောက်တတ်ခြင်းမှာ ဘာကြောင့် ဖြစ်ပါသနည်း။ မကြောက်တတ်အောင် မည်သို့ လုပ်ရပါမည်နည်း။ ဖြေကြားပေးတော်မူပါဘုရား။

မိုမို၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း

ဖြေ။ ။ စိတ်၏ ထိတ်လန့်ခြင်း၊ ကြောက်ရွံ့ခြင်းသည်လည်း ဒေါသတရား၊

စိတ်၏ ရဲရင့်ခြင်း၊ ကြမ်းကြုတ်ခြင်းသည်လည်း ဒေါသတရားပင် ဖြစ်သည်။ ဒေါသတည်းဟူသော တရားသည် တစ်ပါးတည်းဖြစ်လျက်

အဘယ်ကြောင့်ကြောက်ခြင်း၊ ရဲရင့်ခြင်းဟူသော (ဆန့်ကျင်ဘက်)ကိစ္စနှစ်ပါးကို ယူအပ်သနည်းဟူမူ "ကေ ခမ္မောပိ သမာနော အာရမ္မဏအာဘောဂါနုရူပံ အနေကာနိ ကိစ္စာနိ သာဓေတိ"ဟူသော အဋ္ဌကထာနှင့်အညီ တစ်ခုတည်းသော တရားပင်ဖြစ်သော်လည်း အာရုံအားလျော်စွာ၊ နှလုံးသွင်း အားလျော်စွာ များစွာ ကိစ္စကို ပြီးစေနိုင်သည်သာ ဖြစ်၏။ ဥပမာ ပူခြင်း၊ ချမ်းခြင်း၊ အေးခြင်း အစာကို ကျက်စေခြင်း ကိစ္စတို့မှာ တေဇောဓာတ်တစ်ခုတည်းသာ ဖြစ်သကဲ့သို့ မှတ်ရပါသည်။ ထိုကြောက်ခြင်းကို ကင်းပျောက်ရန်မှာ ဒေါသ အားနည်းသွားအောင် မေတ္တာဘာဝနာကို အချိန်များစွာယူ၍ ပွားများရန်ပင် ဖြစ်ပါသည်။ ညအိပ်ရာဝင်တိုင်းသို့မဟုတ် နံနက်စောစော အိပ်ရာမှထ၍ ဘုရားရှိခိုးပြီးတိုင်း အချိန်ယူ၍ သတ္တဝါသခါရတို့၌ မေတ္တာပွားများမှုကို အလေ့အလာပြုပါ။ ကြောက်ရွံ့ထိတ်လန့်မှုများ ပြေပျောက်သွားပါလိမ့်မည်။

*

## မောရသုတ်၌ နေကို ရှိခိုးခြင်း စသည်

မေး။ ။ အရှင်ဘုရား၊

(၁) မောရသုတ်တွင် ဘုရားလောင်း ဥဒေါင်းမင်းသည် နေကို ရှိခိုးပါသည်။ ထိုရှိခိုးခြင်းအလုပ်ကို တပည့်တော်တို့ လုပ်သင့်၊ မလုပ်သင့်နှင့် နေကို ရှိခိုး၍ ကုသိုလ်ရမည်၊ မရမည်ကို သိလိုပါသည် ဘုရား။

(၂) ငါးပါးသီလလုံ၍ ဘာဝနာပွားများမှု၌ နာမ်ရုပ်တို့၏ ဓာတ်သဘောများ ဖြစ်ပျက်မှုကို မြင်လျှင် နောက်ဘဝ နတ်ပြည်၊ ဗြဟ္မာ့ပြည် ရောက် မရောက်။ ထို့နောက် နတ်ဘဝ၊ ဗြဟ္မာဘဝဖြင့် ပွင့်တော်မူမည့် အရိမေတ္တေယျ ဘုရားရှင်ကို မီ၊ မမီ သိလိုပါသည် ဘုရား။

ဒေါ်ခင်ခင်၊ တောင်မြို့ရပ်၊ ကျောက်ပန်းတောင်းမြို့

ဖြေ။ ။ (၁) သပြေကန် ပရိတ်ကြီး နိဿယ၊ ယင်းအခန်း၌ "ရွှေဥဒေါင်းမင်း၏ နေကို ရှိခိုးခြင်းမှာ မိစ္ဆာအယူဖြစ်သည်ဟုဆိုကာ ဤပရိတ်ကို အချို့က လက်မခံလိုကြ။ နေရောင်ကြောင့် သစ်ပင်စသော သက်မဲ့ဝတ္ထုများ၊ လူ စသော သက်ရှိဝတ္ထုများ အသက်ရှင်ကြ၊ ကြီးပွားကြရ၏။ ထို့ကြောင့် ရွှေဥဒေါင်းမင်းသည် လောကရေးအတွက် အားကိုးတစ်ခု အနေအားဖြင့် နေကို ရှိခိုး၏။ ထို့နောက် သံသရာရေး၊ ဓမ္မရေးတို့အတွက် ဘုရားနှင့် တရားတော်များကို ရှိခိုးသည်။ သရဏဂုံတည်ပြီးသူသည် ရတနာသုံးပါးမှတစ်ပါး အခြားတိတ္ထိ၊ မင်းစသည်ကို ဝတ္တရားအရဖြစ်စေ၊ ဆရာဖြစ်သောကြောင့် ဖြစ်စေ၊ ကြောက်၍ ဖြစ်စေ ရှိခိုးသော်လည်း သရဏဂုံ မပျက်ဟု အဋ္ဌကထာတို့၌ ဆို၏။ ထို့ကြောင့် ဘုရားရှင်များကို အားထား ရှိခိုးနေသော ဥဒေါင်းမင်းမှာ လောကရေးအတွက် အားကိုး တစ်ခုပြုကာ နေမင်းကို ရှိခိုးသော်လည်း ၎င်းအတွက် သရဏဂုံပျက်၍ မိစ္ဆာအယူသက်သည်ဟု ဆိုဖွယ် မရှိ။ ဤအချက်မျှဖြင့် ဤပရိတ်အပေါ် ယုံကြည် ကိုးစားချက် မပျက်သင့်ပေ"ဟု ဆိုထား၏။ ထိုအတိုင်းပင် မှတ်ယူသင့်ပါသည်။

(၂) ငါးပါးသီလ လုံခြုံလျှင်ပင် နောက်ဘဝနတ်ပြည်၌ ဖြစ်နိုင်ပါ၏။ ဘာဝနာပွားမှု၊ နာမ်ရုပ်တို့၌ ဖြစ်ပျက်မြင်မှုရှိလျှင် ပို၍ပင် စိတ်ချရပါ၏။ ဗြဟ္မာ့ပြည်၌ ဖြစ်ရန်ကား သမထ ဘာဝနာဖြင့် ဈာန်တစ်ခုခုရရန် လိုအပ်ပါသည်။ တာဝတိံသာ စသော နတ်ဘဝတို့၌ တစ်ကြိမ်တစ်ခါ ရောက်ရုံမျှဖြင့် အရိမေတ္တေယျဘုရားရှင်ကို မမီနိုင်သေး။ နတ်ဘဝအဆက်ဆက် ဖြစ်နေသော်မှလည်း မီရန်မလွယ်။ အရိမေတ္တေယျ ဘုရားပွင့်ရန် အသင်္ချေယျကပ်တစ်ကပ်မျှ လိုပေသေးသည်။ သို့သော် တစ်ကမ္ဘာအသက်ရှည်သော ဘုမ္မစိုး (ရက္ခစိုး) နတ်ဖြစ်လျှင်ကား မီနိုင်စရာ ရှိပါသည်။ ထို့ကြောင့် တောင်ဖီလာ စသော အချို့ကျမ်းပြုဆရာတော်ကြီးများက 'ဤကောင်းမှုကြောင့် နောက်ဘဝတွင် ရက္ခစိုးနတ်ဖြစ်၍ အရိမေတ္တေယျ

ဘုရားရှင်ထံမှ တရားနာနိုင်ရပါလို၏’ဟုလည်းကောင်း၊ ‘ရက္ခစိုးနတ်ဖြစ်၍ အရိမေတ္တေယျဘုရား ပွင့်တော်မူသောအခါ လူ့ဘဝ၌ ပြန်ဖြစ်ကာ ရဟန်းဖြစ်၍ မဂ်ဖိုလ်ရရပါလို၏’ဟူ၍လည်းကောင်း ဆုတောင်းကြပါသည်။ သမထ ဘာဝနာကို အားထုတ်၍ ဗြဟ္မာ့ပြည်၊ ဗြဟ္မာ့ဘဝ၌ ဖြစ်လျှင်ကား အရိမေတ္တေယျဘုရားကို မီနိုင်၏။

*

## ဆင်းတုတော်ကို ရေသပ္ပါယ်ခြင်း

မေး။ ။ အရှင်ဘုရား၊

တပည့်တော်သည် အိမ်ရှိ ဘုရားစင်အား သန့်ရှင်းရေး လုပ်သည့်အခါ ဘုရားဆင်းတုတော်များကို ရေသပ္ပါယ်ခြင်း၊ နံနက် အိပ်ရာထ ဘုရားရှိခိုးသည့်အခါတိုင်း သီးသန့်အဝတ်ဖြင့် မျက်နှာတော်သစ်ခြင်း အမှုကို နေ့တိုင်းလုပ်ပါသည်။ အမျိုးသမီးများအနေဖြင့် ဘုရားဆင်းတုတော်ကို ထိခြင်း၊ ကိုင်ခြင်းကို မပြု၊ မလုပ်ရ။ ပြုလုပ်လျှင် အပြစ်ရောက်သည်ဟုဆိုပါသည်။ ဟုတ်ပါသလားဘုရား။ အိမ်ရှိဘုရားစင်နှင့်ပတ်သက်၍ အမျိုးသမီးများ မပြုလုပ်သင့်သော အရာများရှိလျှင် ဖြေကြားပေးတော်မူပါ ဘုရား။

ညိုမမ၊ ရန်ကုန်

ဖြေ။ ။ အိမ်ရှိဘုရားစင်များ သန့်ရှင်းရေးပြုခြင်း၊ သုတ်သင်ရှင်းလင်းခြင်း၊

ဘုရားပန်း၊ ရေ၊ ဆွမ်း၊ ဆီမီးလှူဒါန်းခြင်း၊ ဆင်းတုတော်ကို ရေသပ္ပာယ်ခြင်း၊ မျက်နှာသစ်ရေတော် ပြုခြင်း၊ သုတ်ခြင်းအလုပ်များမှာ အိမ်ရှင်မအမျိုးသမီးတိုင်း လုပ်သင့်သော အလုပ်များ ဖြစ်ပါသည်။ အချို့အမျိုးသားများက ဤအလုပ်များသည် ငါတို့နှင့်မဆိုင်ဟူ၍ပင် မှတ်ထင်နေကြပါသည်။ အမှန်အားဖြင့် အမျိုးသား၊ အမျိုးသမီးတိုင်း လုပ်သင့်သည်သာ ဖြစ်ပါသည်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်စံစအချိန်တွင် အရှင်အာနန္ဒာ၊

က အမျိုးသမီးများတိုင်းပင် အလောင်းတော်ကို ဖူးမြော်ခွင့် ရှေးဦးစွာပေးတော်မူရာ အမျိုးသမီးများက ခြေတော်အား ပွေ့ပိုက်၍ ရှိခိုးကြကြောင်း၊ ဘဒ္ဒါကာပိလာနီဘိက္ခုနီအလောင်းအမျိုးသမီးသည် ကဿပမြတ်စွာဘုရားစေတီတော်၌ ကိုယ်တိုင်ပင် တက်၍ ရွှေချပူဇော်ကြောင်းတို့ကို ထောက်၍ အမျိုးသမီးများ ဆင်းတုတော်၊ ရုပ်ပွားတော်၊ စေတီတော်တို့ကို ရေသပ္ပာယ်ခြင်း၊ ပွတ်သပ်သုတ်သင်ခြင်း ပြုနိုင်ကြောင်း ထင်ရှားပါသည်။ တောရွာဒေသများတွင် သင်္ကြန်အခါ၌ ကျောင်းရှိ ရုပ်ပွားတော် (ကျောက်ဆင်းတု၊ ကြေးဆင်းတု)များကို အမျိုးသမီးကြီးငယ်တို့ ရေသပ္ပာယ်လေ့ ရှိပါသည်။ ထို့ကြောင့် အိမ်ရှိ ဘုရားစင်နှင့်စပ်၍ အမျိုးသမီးတို့ မလုပ်သင့်၊ မဆောင်ရွက်သင့်သော အရာဟူ၍ မရှိ။ မလုပ်လျှင်သာ အပြစ်ရှိသည်ဟု ဆိုထိုက်ပါသည်။

*

## နိဗ္ဗာန်

မေး။ ။ အရှင်ဘုရား

(၁) နိဗ္ဗာန်ဆိုသည်မှာ ဘုံသီးခြားတစ်ခု ဖြစ်ပါသလား။

(၂) ဘုံသီးခြားမဟုတ်ပါက မည်သည့်အနေအထားဖြင့် နိဗ္ဗာန်ရှိနေပါသနည်း။

(၃) နိဗ္ဗာန်တွင် ဒုက္ခချုပ်ငြိမ်းပြီးဖြစ်၍ သုခကို မည်ကဲ့သို့ ခံစားပါသနည်း။

(၄) နိဗ္ဗာန်ရောက်ပြီးနောက် သိမှုသဘောရှိပါသေးသလား။

(၅) နိဗ္ဗာန်ဆိုသည်မှာ ဘုံသီးခြားလည်း မဟုတ်၊ ခံစားမှုလည်း မရှိ၊ သိမှုလည်း မရှိခဲ့ပါက နိဗ္ဗာန်ကို တပည့်တော်တို့အနေဖြင့် မည်ကဲ့သို့ နားလည်ထားသင့်ပါသလဲဘုရား။

(အမေးကို အနှစ်ချုပ်မျှသာ ဖော်ပြပါသည်)

ဦးမြင့်အောင် (သင်္ဘောအင်ဂျင်နီယာ)

ဖြေ။ ။ (၁) နိဗ္ဗာန်ဟူသည် ဘုံဘဝလောကမှ လွန်မြောက်နေသောတရား ဖြစ်သဖြင့် ဘုံသီးခြားတစ်ခုဟု မဆိုနိုင်ပါ။

(၂) ရုပ်တရား၊ နာမ်တရားတို့ ချုပ်ငြိမ်းနေသဖြင့် အငြိမ်းဓာတ် တရားတစ်ခုသာ ဖြစ်ပါသည်။

(၃) ပဋိသန္ဓေနေမှု၊ အိုမှု၊ နာမှု၊ သေမှု ဒုက္ခတို့မှ ကင်းငြိမ်းနေ သဖြင့် ဒုက္ခဟူ၍ မြူမျှမရှိ၊ အေးချမ်းသော သန္တိသုခသာ ရှိသည်။ ခံစား အပ်သော ဝေဒယိတသဘောကင်းသဖြင့် ခံစားခြင်း လုံးဝမရှိတော့ပါ။

(၄) ရုပ်ရော နာမ်ပါ မရှိ၍ သိမှုနာမ်သဘောလည်း မရှိတော့ဟု ဆိုရပါမည်။

(၅) ထို့ကြောင့် နိဗ္ဗာန်ဟူသည် ရုပ်နာမ်ခန္ဓာကင်းသဖြင့် ရုပ်နာမ် ခန္ဓာနှင့်စပ်သော ဒုက္ခဟူ၍ လုံးဝ မရှိ။ သန္တိအေးငြိမ်းသော တရားဟူ၍သာ နားလည်ထားသင့်ပါသည်။ (ရုပ်နာမ်၏ ဒုက္ခတို့ကို ထာဝရတစ်စပ်တည်း မြင်နေသော ဘုရားရဟန္တာတို့သာ နိဗ္ဗာန်ကို တိတိကျကျ သိရှိနိုင်၍ ပုထုဇဉ်တို့အနေဖြင့် အနုမာနအားဖြင့်သာ မြင်သိနိုင်ပါသည်။ အနာ ရောဂါရှိနေသူသည် အနာရောဂါဆိုင်ရာ ဒုက္ခကို သိမြင်သဖြင့် အနာ ရောဂါ ကင်းငြိမ်းနေသော သုခကို အနုမာနမှန်းဆသိမြင်နိုင်သကဲ့သို့ ဖြစ်ပါသည်။ ထိုထက်ပို၍ သိနိုင်စွမ်း မရှိပါ။)

*

## မြတ်စွာဘုရားနှင့် ဆုပေးခြင်း

မေး။ ။ အရှင်ဘုရား၊

"မြတ်စွာဘုရားတို့မည်သည် ဆုပေးခြင်းမှ လွန်မြောက်ကုန်ပြီ" ဟူ၍ ကျမ်းစာတို့၌ ဖတ်ရှုကြည့်ညိုဖူးသလို အချို့ကျမ်းစာတို့၌မူ မြတ်စွာ ဘုရား ဆုပေးတော်မူသည်ကို ဖတ်ရှုရပြန်ပါသည်။ ထိုကိစ္စနှင့် ပတ်သက် ၍ ဘုရားတပည့်တော်များ သဘောမပေါက်၍ ရှင်းပြပေးစေလိုပါသည် ဘုရား။

မောင်မြင့်ကြည် (မိတ္ထီလာမြို့)

www.dhammaransi.com

ဖြေ။ ။ လောကုတ္တရာဆိုင်ရာ ဆုပေးခြင်း၊ အကြောင်းအားလျော်စွာ ချမ်းသာပါစေဟု ဆုပေးခြင်းများ ရှိပါသည်။ ထိုသို့ရှိသော်လည်း မြတ်စွာဘုရားတို့သည် အဓိပ္ပာယ်မဲ့သော ဆုပေးခြင်းမျိုးကို ပေးတော်မူလေ့မရှိပါ။ သာဓကအားဖြင့် တစ်စုံတစ်ယောက် ချေဆတ်ရာ၌ "ဇီဝတု-အသက်တရာ အနာမရှိဖြစ်ပါစေ"ဟူ၍ (ယခုအခါ ကလေးများ ချေဆတ်ရာတွင် "ဇိတ်ဖွား-အသက်တစ်ရာ အနာမရှိ ဖြစ်ပါစေ"ဟု ဆိုလေ့ရှိသည်။ ဇီဝတုမှ ကာလကြာ၍ ဇိတ်ဖွား-ဆိပ်ဖွား)ဖြစ်လာသည်။ ဆုပေးဆုတောင်းပြုလေ့ရှိသည်။ ဘုရားလက်ထက်က ပုဏ္ဏားတို့ ဤသို့ ဆိုလေ့ရှိရာ မြတ်စွာဘုရားက မဆို၍ ကဲ့ရဲ့သည်ကို ငါဘုရားတို့သည် (ယင်းကဲ့သို့) အဓိပ္ပာယ်မဲ့သောဆုပေး၊ ဆုတောင်းမှုမျိုးမှ လွန်မြောက်ကုန်ပြီဟု မိန့်တော်မူပါသည်။ ရဟန်းတို့ ဤသို့ အချင်းချင်းဆိုကာ ဆုတောင်းကြလျှင် အာပတ်ပင် သင့်ပါသည်။

*

## လူဝင်စား

မေး။ ။ အရှင်ဘုရား၊

လစဉ်ထုတ် ဘာသာရေးမဂ္ဂဇင်း စာစောင်များတွင် လူဝင်စားများအကြောင်း မကြာခဏ ဖတ်ရှုရပါသည်။ သို့ပါ၍ လူဝင်စားဆိုသည်မှာ ဟုတ်၊ မဟုတ်၊ ဖြစ်နိုင်၊ မဖြစ်နိုင် ရှင်းလင်းဖြေကြားပေးပါရန် ရိုသေစွာ လျှောက်ထားအပ်ပါသည် ဘုရား။

မောင်ထွန်းမြင့်၊ မဲတီးရွာ၊ ကျောက်ပန်းတောင်းမြို့နယ်

ဖြေ။ ။ ကျမ်းဂန်များတွင် ဇာတိဿရဉာဏ်ဟု ရှိသည်။ နောက်ဘဝ အဆက်ဆက်ပြန်၍ သိနိုင်သောဉာဏ်မျိုး ဖြစ်သည်။ တစ်ဘဝသာ မဟုတ်၊ ဘဝများစွာကိုပင် မြင်နိုင်သည်။ ဘုရားလောင်း တေမိမင်းသားသည် ထီးဖြူတော်အောက်တွင် အိပ်စက်နေရာမှ ထီးဖြူတော်ကိုမြင်၍

တတိယဘဝက ဤတိုင်းပြည်၌ အနှစ် ၂၀ မင်း ဖြစ်ခဲ့သည်ကိုလည်းကောင်း၊ ထိုမှနောက် ဒုတိယဘဝ၌ ငရဲတွင် အနှစ် ၂၀၀၀၀ ခံခဲ့ရသည်ကိုလည်းကောင်း၊ ထိုငရဲဘဝမှ တာဝတိံသာနတ်ပြည်၌ ဖြစ်၍ ထိုတာဝတိံသာနတ်ပြည်မှ ဤဘဝသို့ ရောက်လာရသည်ကိုလည်းကောင်း ဇာတိဿရဉာဏ်ဖြင့် မြင်သည်။ ထိုသို့ မြင်သဖြင့် မင်းဖြစ်ရန် ကြောက်ရွံ့၍ စကားမပြောဘဲ ဆွံ့အသကဲ့သို့ နေကြောင်း တေမိဇာတ်တွင် ဆိုသည်။ ၎င်းကဲ့သို့ ဇာတိဿရဉာဏ်ရှင်များမှာ ဘုန်းတန်ခိုးကြီးသူများသာ ဖြစ်သည်။ ဤခေတ်တွင် အနည်းအပါး ရှိသည်။ နောက်ဘဝကို ပြန်၍သိသူများမှာ ယခင်ဘဝ ကွယ်လွန်ခါနီး၌ ရောဂါဝေဒနာဒဏ်အလွန် မခံရဘဲ တွေဝေမှုနည်းပါးစွာ ကွယ်လွန်၍ လူ့ဘဝ၌ ပြန်လည်ဖြစ်လာသူ များသာ ဖြစ်လေ့ရှိသည်။ ဝေဒနာဒဏ် မခံရဘဲ ရုတ်တရက်ကွယ်လွန်ကြသူများသည် လူဝင်စား ခေါ် ဘဝဟောင်းကို ပြန်ပြောနိုင်ကြသည်ဟု လယ်တီဆရာတော် ရေးသားခဲ့ဖူးသည်။ လူဝင်စားအတုများလည်း ရှိသည်။ ၎င်းတို့မှာ ကိုယ်ဝန်ရှိသော မိခင်သည် မိမိရှေ့၌ ကြောက်လန့်ဖွယ်ရာ အသွင်ဖြင့် တစ်စုံတစ်ဦး သေဆုံးသွားသည်ကို တွေ့ရ၍ စွဲစွဲလမ်းလမ်း ထင်မြင်နေစဉ် ထိုမိခင် ကလေးမွေးဖွားသော် ထိုကလေးသည် မိခင်စိတ်ဓာတ်ကူးစက်၍ စကားပြောတတ်စဉ်၌ ထိုသေဆုံးသူပင် ဖြစ်ကြောင်း ပြောလေသည်။ သို့သော် ထိုကလေးမျိုးများမှာ ငယ်စဉ်ကသာ ပြော၍ ကြီးသောအခါ မေ့လျော့သွားလေသည်။ ၎င်းကို လူဝင်စားဟု ပြောသော်လည်း မိခင်စိတ်စွဲထင်မှုကြောင့် ဖြစ်လေရာအစစ် မဟုတ်ပေ။ ဇာတိဿရဉာဏ်ရသူလည်း ရှိတတ်ရာ ယင်းတို့ကား လူဝင်စားအစစ်များ ဖြစ်၍ တစ်သက်လုံးပင် အသေးစိတ် ပြောတတ်ကြသည်ဟု ဆိုပါ၏။

*

www.dhammaransi.com

## သူခိုးကြီးနေ့

မေး။ ။ အရှင်ဘုရား၊

တပည့်တော်တို့ ငယ်စဉ်အခါကစ၍ နှစ်စဉ် တန်ဆောင်မုန်း လပြည့်နေ့တိုင်း ဗုဒ္ဓဘာသာဝင်အပေါင်းတို့သည် ကောင်းမှုကုသိုလ် အထူး ထူးတို့ကို ပြုလုပ်ကြပါသည်။ ထို့အတူ ယင်းနေ့တွင် ကုသိုလ်၏ ဆန့်ကျင်ဘက်ဖြစ်သော သူခိုးကြီးနေ့ဟူ၍လည်း ကြားသိရသည်။ ထို သူခိုးကြီးနေ့သည် အမှန်တကယ်ရှိ မရှိ ဖြေကြားပေးတော်မူပါ ဘုရား။

ဦးစိန်ထွန်း၊ ဆင်တဲ၊ ပြည်

ဖြေ။ ။ တန်ဆောင်မုန်းလပြည့်နေ့သည် ကြတ္တိကာနက္ခတ်နှင့် စန်းယှဉ် သည်။ ကြတ္တိကာနက္ခတ်ဟူသည် စောရနက္ခတ်၊ သူခိုးနက္ခတ်ဖြစ် ၍ ထိုနက္ခတ်နှင့်ယှဉ်၍ မွေးဖွားလာသူသည် သူခိုး ဖြစ်တတ်သည်။ ထို့ကြောင့် ယတြာချေသောအနေဖြင့် လူငယ်၊ လူရွယ်တို့သည် ထိုနေ့ နက္ခတ်စန်းယှဉ်ချိန်တွင် တစ်စုံတစ်ရာကို ခိုးဝှက်ခြင်းဖြင့် ကျိန်းချေသည် ဆိုကာ ကျီးမနိုးပွဲကျင်းပသည်ဟု ပြောစဉ် ရှိသည်။ ဗုဒ္ဓဘာသာတရားနှင့် ဆန့်ကျင်သောကိစ္စများဖြစ်၍ ဗုဒ္ဓဘာသာက ယင်းကျီးမနိုးပွဲ၊ သူခိုးကြီး နေ့ပွဲကို အားမပေးပါ။ အစိုးရကလည်း အားမပေးဘဲ ဥပဒေဖြင့်ပင် ပယ်ဖျက်ခဲ့သဖြင့် ယခုခေတ်တွင် ပျောက်ကွယ်သွားခဲ့ပါသည်။

*

## ဥမှ ပေါက်သော လူသား

မေး။ ။ အရှင်ဘုရား၊

လူသည် ပဋိသန္ဓေလေးပါးလုံးမှ ဖြစ်နိုင်သည်ဟု ဆိုပါသည်။ ဇလာဗုဇ၊ သံသေဒဇ၊ ဩပပါတိကတို့မှာ ဘုရားလက်ထက်၌ ထင်ရှား သော်လည်း အဏ္ဍဇ=ဥမှပေါက်သော လူသားမှာ မထင်ရှားပါ။ စာလာ၊

www.dhammaransi.com

ပေလာ မတွေ့ရပါ။ ထို့ကြောင့် အဏ္ဏဇပဋိသန္ဓေ စာပေ ထင်ရှားရှိပါက ညွှန်ကြားပေးစေလိုပါသည် ဘုရား။

တပည့်တော် နန္ဒဝံသ၊ ထားဝယ်မြို့

ဖြေ။ ။ လူ၏ ပဋိသန္ဓေလေးပါးအကြောင်း စာလာပေလာ ရှိပါသော်လည်း

အဏ္ဍဇ ပဋိသန္ဓေဆိုင်ရာ သာဓကအနေဖြင့် သာရတ္ထသင်္ဂဟ (မြန်မာ အခေါ်)၊ သာရသင်္ဂဟ (သီရိလင်္ကာအခေါ်) ကျမ်း [သီရိလင်္ကာ အက္ခရာမှ မြန်မာပြန်ရိုက်နှိပ်ထားသော သာရသင်္ဂဟ (နှာ ၁၉၀) ယောနိ ဝိဘာဝန ကထာ]တွင် "အဏ္ဍဇာပိ ဟောန္တိ ကုန္တပုတ္တာ ဒွေ ဘာတိက ထေရာဝိယ"ဟု ဖော်ပြထားပါသည်။ သာသနာနှစ် ၂၀၀ ကျော် ပါဋလိ ပုတ်ပြည်၊ အသောကမင်းလက်ထက်က တောမုဆိုးတစ်ဦးသည် ဟိမဝန္တာ တောအစပ်မှ ကိန္နရာမတစ်ဦးကို ဖမ်းယူခေါ်ဆောင်လာ၍ ပေါင်းသင်း နေထိုင်သည်။ ထိုကိန္နရာမသည် မုဆိုးကို အစွဲပြု၍ ဥမှ သားနှစ်ယောက် ပေါက်ဖွားကြောင်း၊ ၎င်းသားနှစ်ယောက် အရွယ်ရောက်သော် ဝရဏ ရဟန္တာအရှင်မြတ်ထံ၌ ရဟန်းပြု၍ ရဟန္တာများ ဖြစ်ကြကြောင်း ဆိုပါ သည်။ တစ်ဆက်တည်း ဖော်ပြလိုသည်မှာ ဇလာဗုဇ-အမိဝမ်းမှ ပေါက် ဖွားမှုမှာ ထင်ရှားလှပါသည်။ သံသေဒဇ-အညှိမှပေါက်ဖွားသည့် သာဓက များမှာ ပဒုမ္မာကြာပန်းမှ ပဒုမဝတီ စသည်၊ မြန်မာတွင် မယ်လမု- လမုပင်မှ ပေါက်ဖွားသူ၊ ဝေဠုဝတီ-ဝါးမှ ပေါက်ဖွားသူများဖြင့် သိသာပါ သည်။ ဩပပါတိက-ကိုယ်ထင်ရှားဖြစ်သူမှာ ဘုရားလက်ထက်က အမ္ဗပါလီ ဖြစ်ပါသည်။ ယင်းမှာ ကိုယ်ထင်ရှား ၁၆ နှစ်အရွယ် ဖြစ်လာ သည်။ ဥယျာဉ်အတွင်း သရက်ပင်အနီး၌ ဖြစ်၍ ဥယျာဉ်စောင့်က အမ္ဗပါလီဟု အမည်ပေးပြီး ခေါ်ယူမွေးမြူထားကြောင်း၊ နောင်တွင် ရဟန္တာ မ ဖြစ်သွားကြောင်း ထေရီအပဒါန်တွင် ပါရှိပါသည်။

*

## ပဋ္ဌာန်းနှင့် အကြားအမြင်ဆရာများ

မေး။ ။အရှင်ဘုရား၊

ယခုခေတ်အခါ၌ ပေါ်ပေါက်ခေတ်စားနေသော ဗေဒင်လက္ခဏာ ဟောသူ၊ အကြားအမြင်နှင့် နတ်ဟောစားသူတို့က နေအိမ်များတွင် ပဋ္ဌာန်း ဒေသနာတော်ကို ရွတ်ဖတ်ပူဇော်ခြင်း မပြုရန် တိုက်တွန်းဟော ပြောနေကြပါသည် ဘုရား။ တပည့်တော်တို့အနေဖြင့် ပဋ္ဌာန်းဒေသနာ တော်ကို နေအိမ်တွင် ရွတ်ဖတ်ပူဇော်ရန်သင့် မသင့်နှင့် ခရီးသွားလာသော အခါ အရေးကြီးသော အကြောင်းကိစ္စရပ်များနှင့် ရင်ဆိုင်ကြုံတွေ့ရသော အခါများတွင် ရွတ်ဖတ်ရန် သင့် မသင့်ကို ဖြေကြားပေးတော်မူပါဘုရား။

မောင်စိန်လှအောင် (ခ) မောင်မိုးဟိန်းကျော်၊ ပုသိမ်မြို့

ဖြေ။ ။မြတ်စွာဘုရား၏ ပရိတ်တော်များနှင့် ပဋ္ဌာန်း စသော တရား ဒေသနာတော်များကို ရွတ်ပွားခြင်းဖြင့် ဗေဒင်၊ လက္ခဏာနှင့် ဆေးဝါးဓာတ်စာများ ပိုမို ထက်မြက် အစွမ်းထက်ကြသည်ဟုသာ ဆိုပါ သည်။ စာပေများတွင် မြတ်စွာဘုရား ပွင့်တော်မူ၍ ဓမ္မစကြာ စသော တရားဒေသနာများ ဟောကြားတော်မူလျှင် ထိုအချိန်က ရှိကြသော ရူဠ ဂန္ဓာရီ ဆရာ၊ အကြားအမြင် နတ်ဆရာများလုံး၀ အစွမ်းမထက်ဘဲ တန်ခိုး အာနုဘော်များ ပျောက်ပျက်ကုန်ကြောင်း ပါရှိပါသည်။ ဗုဒ္ဓဘာသာ သမ္မာန္ဒယ်ဝင် သူတော်စင်များအနေဖြင့် နေအိမ်မှာဖြစ်စေ၊ ခရီးသွားလာ သောအခါမှာဖြစ်စေ၊ အရေးကြီးသော အကြောင်းကိစ္စရပ်များနှင့် ရင်ဆိုင် တွေ့ကြုံရသောအခါများတွင်ဖြစ်စေ ပဋ္ဌာန်းဒေသနာ၊ ဓမ္မစကြာနှင့် ပရိတ် တရားတော်များကို များများရွတ်ဆိုရန် သင့်ကြောင်း ပြောလိုပါသည်။

*

www.dhammaransi.com

# ကုသလံ ကုသလံ ဇဟံ

မေး။ ။ အရှင်ဘုရား၊

"ကုသလံ ကုသလံ ဇဟံ" ဘုရားရဟန္တာတို့သည် ကုသိုလ်၊ အကုသိုလ်ကံတို့ကို စွန့်၍။ မပြုလုပ်တော့ဟု ဆိုကြပါသည်။ ကုသိုလ် မပြုလုပ်တော့ဟူသော အဆိုကို တပည့်တော် မရှင်းလင်းပါဘုရား။ 'ဗုဒ္ဓသည် လောကတစ်ခွင် မည်သူမျှ မယှဉ်နိုင်သည့် ကောင်းမှုကြီးကို ၄၅ ဝါပတ်လုံး ဆောင်ရွက်ခဲ့ပါသည်။ သို့သော် ယင်းကောင်းမှုကုသိုလ်၏ အကျိုးကိုကား တဏှာကင်းသော၊ အတ္တမရှိတော့သော ဗုဒ္ဓအတွက် အကျိုးပေးရန် နေရာနှင့် အချိန်တို့သည် မရှိတော့ပါ။ ထို့ကြောင့် ထိုကံတို့သည် စွန့်ပစ်ခြင်း ခံရသည်ဟု ယူဆမိပါသည်။ တပည့်တော် ဉာဏ်မမီ၍ အယူအဆ မှားယွင်းနေပါလျှင် သနားသောအားဖြင့် ပြုပြင်ပေးပါရန် ရိုသေစွာ လျှောက်ထားအပ်ပါသည် အရှင်ဘုရား။

ဦးဆိုင်မြင့်၊ လယ်ဦးစုရွာ၊ လေးမျက်နှာမြို့

ဖြေ။ ။ ကုသလံ ကုသလံ ဇဟံကား "ဝဋ်ဆင်းရဲ၏ မူလဖြစ်သည့် အဝိဇ္ဇာ တဏှာ စသော ကိလေသာတို့ကို အရဟတ္တမဂ်ဉာဏ်ဖြင့် စွန့်ပယ်လိုက်ခြင်း ဖြစ်သည်။ ထိုသို့ စွန့်ပယ်လိုက်သဖြင့် လောကီကုသိုလ်ဖြစ်ခြင်း၏ မူလဖြစ်သော အဝိဇ္ဇာ တဏှာတို့ ကင်းရှင်းသွားသည်။ ထို့ကြောင့် ပုညာဘိသင်္ခါရသည် သံသရာ၌ တစ်ဖန် ပဋိသန္ဓေဖြစ်ခြင်းကို မစွမ်းနိုင်။ ထိုသို့ ဝဋ်ဆင်းရဲ၏ မူလဖြစ်သော ကိလေသာတို့ကို စွန့်ခြင်းသည်ပင် ဖလူပစာရ (အကျိုး၏အမည်ကို အကြောင်း၌ တင်စား၍) ကုသိုလ်ကို စွန့်သည် မည်၏" (နမက္ကာရ ဋီ ၇) ဟု ဋီကာတို့က ဖွင့်ဆို၏။ ဘုရားရဟန္တာတို့သည် အဘိသမာစာရိကဝတ်အကျင့်တို့ကို ပြုခြင်းဖြင့် ကောင်းမှုတို့ကို အမြဲပင် ပြုပါ၏။ သို့သော် ဝဋ်မြစ်ပြတ်ပြီး ဖြစ်၍ ကောင်းကျိုး:

ပေးဖွယ် မလိုအပ်တော့၍ ကုသိုလ်ကို စွန့်ပယ်သည်ဟု ဆိုရပါသည်။ အကုသိုလ်ကိုကား အထူးဆိုဖွယ် မလိုတော့ချေ။

*

## ပရိတ်နှင့် အမျှဝေ

မေး။ ။ အရှင်ဘုရား၊

(၁) ကွယ်လွန်သူများအတွက် သပိတ်သွပ်ပေးရာတွင် ပရိတ်ရွတ်ပြီးမှ အမျှဝေလျှင် ပရိတ်၏ စွမ်းအားကြောင့် ကွယ်လွန်သူများ မလာရောက်နိုင်။ အမျှဝေပြီး ပရိတ်ရွတ်မှသာလျှင် တမလွန်ဘဝမှ လာရောက်နိုင်သည်ဟု ဆိုသည်မှာ ဟုတ်ပါသလား။ (၂) ဘုန်းတော်ကြီးများထံ ၈ ပါးသီလ ခံယူခြင်းမပြုဘဲ မိမိတို့အိမ်ရှိဘုရားရှေ့၌ မိမိအလိုလို သီလ ခံယူ၍ ရနိုင်ပါသလား။ ဖြေကြားပေးတော်မူပါဘုရား။

ဒေါ်သန်းရှင်၊ အ–ထ–က (ကဝမြို့)

ဖြေ။ ။ (၁) ရက်လည်ဆွမ်းသွတ်ခြင်း စသည်၌ ငါးပါးသီလခံ၊ ပရိတ်ရွတ်ပြီးမှ ရေစက်ချ အမျှဝေရခြင်းမှာ သဘာဝပင် ဖြစ်ပါသည်။ ဆွမ်းစသည် လှူဒါန်းခြင်းသည် ဒါနဖြစ်၍ သရဏဂုံနှင့် ငါးပါးသီလ ခံယူခြင်းသည် သီလဖြစ်သည်။ ပရိတ် စသည် နာကြားခြင်းသည် ဘာဝနာဖြစ်သည်။ မိမိတို့၏ ဒါန၊ သီလ၊ ဘာဝနာတို့ကို တမလွန်သို့ ရောက်ရှိနေသူအား အမျှဝေခြင်းဖြစ်၍ အနီးသို့ လာရောက်နိုင်သည်ဖြစ်စေ၊ မလာရောက်နိုင်သည်ဖြစ်စေ တမလွန်ဘဝရောက်နေသူ (သို့မဟုတ်) ပရဒတ္တူပဇီဝိက ပြိတ္တာဖြစ်နေသူသည် အမျှဝေသည်နှင့် တစ်ပြိုင်နက် ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်နိုင်လျှင် ပြိတ္တာဘဝမှ ကျွတ်လွတ်နိုင်ပါသည်။ လှူဒါန်းမှု၊ သီလခံယူမှု၊ ပရိတ်နာယူမှုတို့သည် တမလွန်ဘဝရောက်နေသူ၏ ကိစ္စမဟုတ်။ အိမ်ရှိလူတို့၏ ကိစ္စသာ ဖြစ်သည်။ အိမ်ရှိလူတို့က မိမိတို့၏ ကုသိုလ်အဖို့ကို အမျှဝေ၍ တမလွန်ရောက်နေသူက သာဓုခေါ်နိုင်ဖို့သာ လိုပါသည်။

(၂) မိမိကိုယ်တိုင် သီလခံယူနိုင်ကြောင်းကို ဤကဏ္ဍတွင် ဖြေဆိုခဲ့သည်မှာ များလှပါပြီ။ သို့သော် ဘုန်းတော်ကြီးများအနီးတွင်ရှိလျက် ဘုန်းတော်ကြီးထံ သီလမခံယူဘဲ ဘုရားထံ ကိုယ်တိုင် ခံယူရန်ကား မသင့်ပါ။ ကျောင်းသို့ မသွားနိုင်၍ ကျောင်းဝေး၍ အကြောင်းမညီညွတ်၍ သီလခံယူခြင်းမျိုးအတွက် ဘုရားရှေ့တွင် အသံထွက်၍ သီလခံယူရန် သင့်ပါသည်။

*

## ကြက်ပျံမကျ

မေး။ ။ အရှင်ဘုရား၊

ယခုခေတ် စာနယ်ဇင်းများတွင် ပရိသတ်များ ကြက်ပျံမကျ စည်ကားသည်ဟု ရေးသားလေ့ရှိပါသည်။ တပည့်တော် မှတ်သားရဖူးသည်မှာ ကြက်ပျံမကျကို မြို့ရွာ စည်ကားခြင်း၌သာ သုံးနှုန်းရသည်ဟူ၍ ဖြစ်ပါသည်။ အရင်းအမြစ်နှင့်တကွ ဖြေကြားပေးတော်မူစေလိုပါသည် ဘုရား။

ပညာသီရိ (သံဖို)၊ မန္တလေး

ဖြေ။ ။ ကြက်ပျံမကျ မူရင်းမှာ ကုက္ကုဋသမ္ပာတိက၊ ကုက္ကုဋ သမ္ပာဒိက ဖြစ်သည်။ ယင်း၏ အဖွင့်ကို ပါထိကဝဂ္ဂ အဋ္ဌကထာ (ဒီ၊ ဋ္ဌ၊ ၃-၃၉)တွင် ကြည့်နိုင်ပါသည်။ ဆိုလိုရင်းမှာ ကြက်သည် ရွာတစ်ရွာ၏ အစွန်အိမ်အမိုးထက်မှ ပျံ၍ အခြားရွာ၏ အစွန်အိမ်အမိုးထက်သို့ ပျံကျနိုင်လောက်အောင် ရွာချင်းနီးစပ်နေသည်။ (သို့မဟုတ်) ရွာတစ်ရွာ၏အစွန် (စည်းရိုး)မှ အခြားတစ်ရွာ၏အစွန် (စည်းရိုး)သို့ ကြက်၏ခြေဖြင့် သွားနိုင်လောက်အောင် ရွာချင်းနီးသည်ဟု ဆိုလိုသည်။ ကြက်သတ္တဝါသည် ဝေးဝေးလည်း မပျံနိုင်၊ ဝေးဝေးလည်း မသွားနိုင်၍ ကြက်၏ပျံခြင်း၊ သွားခြင်းမျှလောက်သာ ရွာချင်း ဝေးသည်။ ဝါ ရွာချင်းဆက်မျှ စည်ကားသည်ဟု ဆိုလိုပါသည်။ လူစည်ကားသည်ကို မဆိုလိုပါ။ လူ ပရိသတ် စည်ကား

www.dhammaransi.com

သည်ကို တိုးမပေါက်အောင် စည်သည်။ ကြိတ်ကြိတ်တိုးစည်ကားသည်ဟု သုံးနှုန်းလေ့ ရှိပါသည်။ ထို့ကြောင့် ကြက်ပျံမကျ ဟူသော ဝေါဟာရမှာ မြို့ရွာစည်ကားသည်ကိုသာ သုံးစွဲရိုးရှိပါသည်။ ပျို့ကဗျာများတွင် "ပြည့်ကြွယ်နိုင်ငံ၊ ချမ်းသာခံ၍၊ ကြက်ပျံမကျ၊ အနန္တတိ၊ (ဓမ္မပါလ–၄၅)၊ ရွာချင်းဆက်မျှ၊ ကြက်ပျံမကျ၊ သာမောလှသား၊ မြို့ပြ ကျေးရွာ၊ (ဥမ္မာဒန္တီ ၈) ကြက်ပျံမကျ၊ ဘုရားဘုန်းမြိုက်၊ သိမ်းပိုက်တော်မူ (နေမိရကန် ၂၁)"စသည် စပ်ဆိုကြသည်ကို တွေ့နိုင်ပါသည်။

*

## ခင်ပျို

မေး။ ။အရှင်ဘုရား၊

"ရဟန်းကိစ္စ၊ နှစ်ခုရဌ်၊ လုံ့လအားသည်း၊ ဟိတ်ဟန် နည်း၍၊ ပစ္စည်း မသို၊ စိတ်မတို၊ ခင်ပျိုကြီးပွားကြောင်း"ဟု ကြားဖူးပါသည်။ ယင်း၌ (၁) ခင်ပျိုအဓိပ္ပာယ် ရှင်းပြတော်မူပါဘုရား။ (၂) ကြီးပွားခြင်းကို ရှင်းပြတော်မူပါဘုရား။

ပညာသီရိ (မိတ္ထီလာမြို့)

ဖြေ။ ။ရှေးက ရဟန်းကို 'ရှင်၊ ခင်'ဟု ဆိုပါသည်။ ရှင်ထက် ခင်ကို ပို၍ အသုံးပြုပါသည်။ ပုံစံ တောင်တွင်းဆရာတော်မဏာရလောပ အကျော် ဦးဖျော်ကို ခင်ကြီးဖျော်၊ ဆရာတော် ဦးဗုဓ်ကို ခင်ကြီးဗုဓ်စသည်ဖြင့် ခေါ်လေ့ခေါ်ထ ရှိပါသည်။ ထို့ကြောင့် ခင်ပျိုဟူသည်မှာ ရှင်ပျို ရဟန်းပျိုဟု ဆိုလိုပါသည်။ လင်္ကာအရ ရဟန်းပျို ရဟန်းငယ်များသည် ဂန္ထ၊ ဝိပဿနာ ဓုရနှစ်ဖြာကို ကြိုးစားအားထုတ်၍ လျှပ်ပေါ်မှုနည်း၊ ပစ္စည်းလေးပါး မသိုမှီး၊ ဒေါသမကြီးလျှင် ဘုန်းကံကြီးမား၍ ဘုရားသာသနာတော်၌ ဆရာတော်ကြီးတစ်ပါး ဖြစ်လာနိုင်ကြောင်း ဆုံးမထားခြင်း ဖြစ်ပါသည်။

*

www.dhammaransi.com

## နားရောဂါ

မေး။ ။အရှင်ဘုရား၊

သွားရောဂါပျောက်ဂါထာကို မြတ်မင်္ဂလာစာစောင်မှ ကူးပြီး သွားရောဂါဝေဒနာရှင်တွေကို ရေးပေး၊ ရွတ်ဖတ်ပြု၊ ဘုရားမှာရွတ်ဆိုကန်တော့ကြလို့ သွားရောဂါများ ပျောက်ကင်းကြတာ လက်တွေ့သိရပါသည်။ နားရောဂါပျောက်ဂါထာကိုလည်း ထပ်မံဖော်ပြပေးပါဘုရား။ ယခင်နှစ်များစွာတုန်းက ဤစာစောင်မှာ ဖတ်ခဲ့ဖူးပါသည်။ ကူးမထားမိခဲ့ပါ ဘုရား။

ခင်မာဆွေ၊ ရေနီစက္ကူစက်၊ ရေနီမြို့

ဖြေ။ ။ နားရောဂါရှင်တို့ ရွတ်ဆိုဘုရားရှိခိုးရန် "ဒိဗ္ဗသောတ အဘိညာဉ် တန်ခိုးတော်"ကို ရှိခိုးသော ဂါထာကို ပြန်လည် ဖော်ပြလိုက်ပါသည်။

ဒူရဋ္ဌ သုခုမံ သဒ္ဒံ၊
သောတုံ သမတ္ထ နာယကံ။
ဒိဗ္ဗသောတေန သမ္ပန္နံ၊
လောကနာထံ နမာမဟံ။

ဒူရဋ္ဌသဒ္ဒံ-ဒူရသဒ္ဒဋ္ဌ= စကြဝဠာ လွန်ဝေးစွာမှ လာသော အသံ ဓာတ်အရပ်ရပ်ကို လည်းကောင်း။ သုခုမံ သဒ္ဒံစ=ပုရွက်ပုရွ ငယ်စွ သတ္တဝါ အဖြာဖြာတို့၏ သေးစွာ လုံးစုံသိမ်မွေ့သောအသံအလုံးစုံကိုလည်းကောင်း။ သောတုံ=တန်ခိုးတော်အား ပကတိနားဖြင့် ကြားသိတော်မူခြင်းငှာ။ သမတ္ထံ=စွမ်းနိုင်တော်မူသော။ ဒိဗ္ဗသောတေန=နတ်နားအသွင် ဒိဗ္ဗသောတအဘိညာဉ်နှင့်။ သမ္ပန္နံ= ပြည့်စုံကုံလုံတော်မူသော။ လောကနာထံ=လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ကိုးကွယ်ရာ ဖြစ်တော်မူသော။ နာယကံ=လောကတံခွန် ပုဂ္ဂိုလ်မွန်ဟု လမ်းညွှန်ရှေ့သွား မြတ်စွာဘုရားကို။ အဟံ=အရှင်ဘုရားအား အားထားကော်ရော် ဘုရားတပည့်တော်

www.dhammaransi.com

သည်။ နမာမိ=ရှိသေညွတ်ကျိုး လက်စုံမိုး၍ ရှိခိုးပါ၏ မြတ်စွာဘုရား၊ မြတ်စွာဘုရား။

* * *

## ဆံတော်၊ သျှောင်ထုံးတော်

မေး။ ။အရှင်ဘုရား၊

တပည့်တော်တို့ ကိုးကွယ်ရာဖြစ်သော ဗုဒ္ဓမြတ်စွာဘုရားသည် ဆံတော်ကို ဖြတ်တော်မမူဘဲနှင့် ဦးထိပ်၌ ထုံးလျက်ထားသည်ကို ပုံတော်များ၌ ဖူးမြင်ရပါ၏။ ထို့အတူ ရဟန်းတော်များသည် အဘယ်ကြောင့် ဆံကို ထုံးမထားဘဲ ဖြတ်ရ၊ သို့မဟုတ် ခေါင်းတုံးရိတ်ရပါသနည်း ဘုရား။

မောင်စံသိမ်း၊ တမူးမြို့၊ စစ်ကိုင်းတိုင်း

ဖြေ။ ။ "ဣမေ မယှံ ကေသာ သမဏသာရုပ္ပံ န ဟောန္တိ၊ တေ ခဂ္ဂေန ဘိန္ဒိဿာမိ"စသည်ဖြင့် မြတ်စွာဘုရားအလောင်း တောထွက်တော်မူစက "ဤငါ၏ဆံပင်တို့သည် ရဟန်းအား မလျောက်ပတ်ကုန်၊ ၎င်းဆံတို့ကို သန်လျက်ဖြင့် ဖြတ်အံ့"ဟု ဆိုကာ ဆံတော်တို့ကို ပယ်ကြောင်း လာရှိပါသည်။ ဆံတော်တို့သည် လက်နှစ်သစ်ခန့် ကျန်၍ လက်ယာရစ်ခွေလိပ်ကာ နောက်ထပ်ဖြတ်ရ၊ ရိတ်ရခြင်း မရှိ။ သက်တော် တစ်လျှောက်လုံး တည်ကြောင်း ဗုဒ္ဓဝံသအဋ္ဌကထာ(၃၃၂)တွင် ဆိုပါသည်။ မြတ်စွာဘုရား၏တန်ခိုးတော်ကြောင့် ဦးခေါင်းတော်မှ မဏိမာလာ ရောင်လျှံတော်သည် အထက်သို့ထွက်၍ နေကြောင်း၊ သာသနာနှစ် ငါးရာကျော်မှ ဘုရားပုံတော်ကို ဂူဟ္ဘာအရပ်တွင် စတင်ထုလုပ်ရာ ထိုမဏိမာလာ ရောင်လျှံတော်ကို ပုံတော်ဦးထိပ်၌ အထက်သို့ အချွန်ထွက်၍ ပုံဖော်ထားသည်။ ထိုသို့ ပုံဖော်ထားသဖြင့် နောင်တွင် ပုံတော်တိုင်း ဦးထိပ်၌ အချွန်ပုံ အမျိုးမျိုး ထုလုပ်ကြရာမှ သျှောင်တော်ကဲ့သို့ အမို့အမောက် ဖြစ်၍ လာကြောင်း၊

www.dhammaransi.com

ထိုင်း၊ ကမ္ဘောဒီးယားစသော အရှေ့တိုင်း ပုံတို့တွင် ဘုရားပုံတော် ဦးထိပ်၌ ထောင်နေသောအပြားပုံ၊ မီးလျှံပုံများ ဖော်ထားကြောင်း တွေ့နိုင် ပေသည်။ ထိုအစဉ်အလာအတိုင်းပင် မဏိမာလာရောင်လျှံတော်ပုံကို သျှောင်ထုံး ပုံကဲ့သို့ ထုလုပ်ရာမှ ဘုရားပုံတော်၌ သျှောင်ထုံးပုံရှိသည်ဟု ယခုခေတ် လူတို့ ယူဆလာကြပေသည်။ သျှောင်ထုံးမဟုတ်။ မဏိမာလာ ရောင်လျှံ တော်ဟု မှတ်ယူကြရမည်။ "ဒက္ခိဏာဝတ္တာ အာဝဋ္ဋမာနာ"ဟု ဗုဒ္ဓဝင် အဋ္ဌကထာစကားအရ လက်ယာရစ် ခွေလိပ်၍ ဟူသည့်အတိုင်း ဦးခေါင်း တော်၌ လက်ယာရစ်ခွေနေသော ပိန္နဲဆူးသဏ္ဌာန်များ ရှေးဆင်းတုတော် များ၌ တွေ့ရတတ်သည်။ မှန်ကန်သော အယူအဆပင် ဖြစ်ပါ၏။

*

## နတ်ပြည်နှင့် နတ်ဘုံများ

မေး။ ။ အရှင်ဘုရား၊

ဗုဒ္ဓစာပေများအရ နတ်သမီး၊ နတ်သားတို့၏ ခန္ဓာကိုယ်မှာ အလွန် ကြီးမားလှပါသည်။ သူတို့၏ ဘုံဗိမာန်များမှာ ပို၍ပင်ကြီးမားလှပေရာ နတ်ပြည်နှင့်ပင် မဆံ့နိုင်ဟု ထင်မြင်မိပါသည်။ ထို့ကြောင့် စာပေကျမ်းဂန် များတွင် ဖော်ပြထားသလောက် နတ်သမီး၊ နတ်သားများနှင့် ၎င်းတို့၏ ဘုံဗိမာန်များ ကြီးမားနိုင်၊ မကြီးမားနိုင် ဖြေကြားပေးစေလိုပါသည် ဘုရား။

မောင်မြင့်ကြည် (မိတ္ထီလာမြို့)

ဖြေ။ ။ စတုမဟာရာဇ်နှင့် တာဝတိံသာနတ်ပြည် ၂ ပြည်သည် ဘုမ္မဋ္ဌ (မြင်းမိုရ်တောင်ကို မှီနေသောအပိုင်း)နှင့် အာကာသဋ္ဌ (မြင်းမိုရ် တောင်မှအလွတ် ကောင်းကင်၌ တည်နေသောအပိုင်း)ဟု နှစ်ပိုင်းဖြစ်ပါ သည်။ တာဝတိံသာနတ်ပြည်သည် ယူဇနာတစ်သောင်း ကျယ်သည်ဟူ သည်မှာ မြင်းမိုရ်တောင်နှင့် ထိစပ်တည်ရှိနေသောအပိုင်းကိုသာ ဆိုပါ သည်။ ထိုမှတစ်ပါး မြင်းမိုရ်တောင်ထိပ်နှင့် တစ်စပ်တည်း ပတ်ပတ်လည်

www.dhammaransi.com

အရပ်ရှစ်မျက်နှာ စကြဝဠာအဆုံး ကောင်းကင်ဥ္စတည်သော အာကာသဌ အပိုင်းမှာ အလွန်ကျယ်ဝန်းစွာ ရှိပါသေးသည်။ ထို့ကြောင့် နတ်သမီး၊ နတ်သား ကိုယ်ခန္ဓာနှင့် ဗိမာန်များ မည်မျှပင် ရှိပါစေ၊ နတ်ပြည် မဆံ့နိုင်စရာ မရှိပါ။ ယာမာ၊ တုသိတာစသော အထက် အာကာသဌ နတ်ပြည်များအတွက်လည်း ထိုနည်းတူ သိပါလေ။

*

## ဗိုလ်တစ်ထောင်လေး

မေး။ ။ အရှင်ဘုရား၊

ဗုဒ္ဓဝင်နှင့် ရာမဇာတ်စသည်တို့တွင် ဗိုလ်တစ်ထောင်လေးဆိုသည်မှာ ဗိုလ်ခြေတစ်ထောင်ဝိုင်း၍ တင်ရသောလေးဟု ဆိုလိုပါသလား။ လေးတစ်လက်တည်းကို ဗိုလ်ခြေတစ်ထောင် မည်ကဲ့သို့ တင်ရပါမည်နည်း။ ထိုစကားဝေါဟာရ ဟုတ်နိုင်၊ မဟုတ်နိုင် ရှင်းပြတော်မူပါဘုရား။

သုတေသီတစ်ဦး၊ ပဲခူးမြို့

ဖြေ။ ။ စာပေအရ ဗိုလ်တစ်ထောင်လေးမဟုတ်၊ ပိုလ်တစ်ထောင်လေးဖြစ်ပါသည်။ ပိုလ်ဆိုသည်မှာ "ပလ"ပါဠိစကားဖြစ်၍ အလေးချိန်တစ်မျိုး ဖြစ်သည်။ (ပလ–ပိုလ်)တစ်ပိုလ်တွင် လေးကျပ်သား ရှိသည်။ ပိုလ်တစ်ထောင်ဆိုသော် ကျပ်ချိန်လေးထောင်(ပိဿာလေးဆယ်)ရှိသည်။ ပိဿာလေးဆယ်ရှိသည့် သံတုံးတစ်တုံးကို လေး၏ညှို့ကြိုးတွင် ချည်နှောင်ထားပြီး လေးကိုင်းမှ ကိုင်၍ဆွဲမြှောက်လိုက်လျှင် လေးညှို့(ကြိုး)နှင့် လေးကိုင်းသည် ပြတ်ခြင်း၊ ကျိုးခြင်းမရှိပေ။ ပစ်မည့်မြားဓါ် အလျားပမာဏမျှသာကွာ၍ ကြွတက်ပါလာလောက်အောင် ခိုင်မာတောင့်တင်းသော လေးဖြစ်သည်။ ထိုလေးကို ပါဠိလို ဒဠှဓနု=ခိုင်မာတောင့်တင်းသော လေးဖြစ်ကြောင်း အဆိုရှိသည်။ ထိုလေးမျိုးကို သာမန်အားကြီးသော ယောကျ်ားတစ်ယောက်တင်နိုင်၊ ပစ်နိုင်ရန် မလွယ်ကူ။ ဘုန်းရှင်၊ ကံရှင်

များသာ တင်နိုင်၊ ပစ်နိုင်သည် ဆိုသည်။ ရာမဇာတ်တွင် ဒသဂီရိဘီလူး ပင် မတင်နိုင်။ ဘုရားလောင်းရာမမင်းသာ တင်နိုင်သည်ဟု မှတ်သားရပေသည်။

*

## သက္ကရာဇ်များ

မေး။ ။ အရှင်ဘုရား၊

အောက်ပါတို့ကို ရှင်းလင်းဖြေကြားပေးတော်မူပါဘုရား။

(၁) မဟာသက္ကရာဇ်၊

(၂) သာသနာသက္ကရာဇ်၊

(၃) မြန်မာသက္ကရာဇ်၊

(၄) ခရစ်သက္ကရာဇ်၊

(၅) ဘီစီ၊ အေဒီ။

ဒေါ်မြမြ၊ ဟသ်ာတမြို့၊ ဧရာဝတီတိုင်း

ဖြေ။ ။ (၁) မြတ်စွာဘုရား ထင်ရှားရှိစဉ်နှစ် (ကာလဒေဝီလ ရသေ့နှင့် ဘိုးတော်အဥ္စနမင်းကြီးတို့ ထားခဲ့သောနှစ်)ကို မဟာသက္ကရာဇ်ဟု ခေါ်သည်။ မြတ်စွာဘုရားကို မဟာသက္ကရာဇ် ၆၈ နှစ်တွင် ဖွားမြင်သည်။ (၂) မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးနောက် ပဌမသင်္ဂါယနာတင်သောနှစ် (အရှင် မဟာကဿပနှင့် အဇာတသတ်မင်းကြီးတို့ ထားခဲ့သော နှစ်မှစ၍ ခေါ်သောနှစ်)ကို သာသနာနှစ်ဟု ခေါ်သည်။ (၃) သာသနာနှစ်ကို ၆၂၂ တစ်ကြိမ်၊ ၅၆ဝ နှစ် တစ်ကြိမ်နှစ်ကြိမ် ဖြို၍ ခေါ်သော ယခုရှိသည့် သက္ကရာဇ်ကို မြန်မာနှစ်၊ မြန်မာသက္ကရာဇ်ဟု ခေါ်သည်။ (ထို့ကြောင့် ၆၂၂+၅၆ဝ=၁၁၈၂ နှင့် ယခုလက်ရှိ မြန်မာသက္ကရာဇ်ကို ပေါင်းလျှင် သာသနာနှစ်ပေါ်လာသည်။ "တစ်တစ်ရှစ်နှစ်၊ သက္ကရာဇ်၊ ပေါင်းလစ် သာသနာ")။ (၄) သာသနာ ၅၄၄ အရောက်တွင် ခရစ်တော်မွေးဖွား၍

www.dhammaransi.com

ထိုအချိန်မှစ၍ ခေါ်သောနှစ် သက္ကရာဇ်ကို ခရစ်သက္ကရာဇ်ဟု ခေါ်သည်။ (ထို့ကြောင့် ၅၄၄ တွင် ခရစ်သက္ကရာဇ် ၁၉၉၈ ကို ပေါင်းလျှင် သာသနာ သက္ကရာဇ်ရ၏။ "ငါးလေးလေးတွင်၊ ခရစ်တင်၊ မြတ်ရှင် သာသနာ")။

(၅) ဘီစီဟူသည်မှာ Before Christ(ခရစ်မတိုင်မီ)ဟု အဓိပ္ပာယ်ရ၍ အေဒီမှာ Anno Domini(ငါတို့ဘုရားသခင်နှစ်)ဟု အဓိပ္ပာယ်ရှိသော ယခုထင်ရှားရှိ အင်္ဂလိပ်သက္ကရာဇ်ကို ခေါ်သည်။ (သာဓက ဘီစီ ၅ ရာစုဟုဆိုလျှင် ခရစ်တော်မပေါ်မီ နှစ်ငါးရာ၊ အေဒီ ၅ ရာစုဆိုလျှင် ခရစ်တော်ပေါ်ပြီး နှစ်ငါးရာ)

*

## နတ်ဖိတ်ဂါထာ

မေး။ ။အရှင်ဘုရား၊

ဆရာတော်၊ သံဃာတော်များသည် ဂုဏ်တော်များ၊ ပရိတ်ကြီး ၁၁ သုတ်စသည်များ ရွတ်ဖတ်သရဇ္ဈာယ်လျှင် သတ္တဝါဝေနေယျအပေါင်း၊ နတ်ဗြဟ္မာအပေါင်း၊ အပါယ်ဘုံသားအပေါင်း တရားနာရန် ဖိတ်ကြား၍ ရွတ်ဖတ်ကြသည်ကို နာကြားရဖူးပါသည်။ ထို့အတူ တပည့်တော်တို့အနေဖြင့် တတ်သိသမျှ ဂုဏ်တော်၊ ဂါထာတော်၊ ပရိတ်တော်များ ရွတ်ဖတ်ပူဇော်ရာတွင် တရားနာရန် ဖိတ်ကြားသင့်၊ မဖိတ်ကြားသင့် ဆုံးဖြတ်ဖြေကြားပေးတော်မူပါဘုရား။

တင်ဒွေး၊ ပေါက်ခေါင်းမြို့

ဖြေ။ ။ ပရိတ်ကြီးပါဠိတော်၌ နတ်များကို ပရိတ်နာရန် ဖိတ်ကြားရာမှာ "ဓမ္မဿဝနကာလော အယံ ဘဒ္ဒန္တာ" ဟု ပါရှိရာ ဘဒ္ဒန္တာပါဠိ အာလုပ်ပုဒ်သည် ဘဒ္ဒန္တေတိ ဂါရဝဝစနံ ဟု အဋ္ဌကထာများအလိုအရ ဘဒ္ဒန္တမှာ ဂါရဝပြုထိုက်သော ပုဂ္ဂိုလ်များအတွက်သာဟုဆို၏။ ဆိုလိုသည်မှာ လူပုဂ္ဂိုလ်များက နတ်ကောင်းနတ်မြတ်များအားခေါ်သော စကားဖြစ်

သည်။ မြတ်နိုးအပ်သူ၊ ပူဇော်အပ်သူ၊ အရိုအသေပြုအပ်သူ၊ ဂုဏ်ငယ်သူက ဂုဏ်ကြီးသူအား ခေါ်ဆိုသောစကားဖြစ်၍ လူပုဂ္ဂိုလ်တို့အတွက် လူများက နတ်များကို ခေါ်ဆိုသော ပါဠိပင် ဖြစ်သည်။ ထို့ကြောင့် ပရိတ်ရွတ်ရာ၌ နတ်များကို ဖိတ်သင့်သည်မှာ အထူးပြောဖွယ်ရာ မလိုပါ။ ပါရာယနဝဂ်ကို ကာဠိသတို့သမီးရွတ်ရာ၌ ဝေဿဝဏ်နတ်မင်းကြီး ကောင်းကင်က ရပ်တံ့၍ နာယူသည်ကို ထောက်ထားသင့်ပါသည်။

*

## စေတီ (အချွန်)မှ ရုပ်ပွားတော်သို့

မေး။ ။အရှင်ဘုရား၊

နှစ်ပေါင်း ၆၀ ကျော် ကိုင်းညွတ်လျက် ဉာဏ်တော်ကိုးတောင်ရှိသော စေတီအချွန်တစ်ဆူကို ခြုံငုံပြီး ရုပ်ပွားတော်အဖြစ် တည်ထားလိုပါသည် ဘုရား။ ထိုသို့ စေတီအချွန်မှ ရုပ်ပွားတော်အဖြစ် ပြောင်းလဲ၍ တည်သင့်၊ မတည်သင့် အပြစ်ရှိ၊ မရှိ သိလို၍ မေးလျှောက်ပါသည်ဘုရား။ မေတ္တာရှေ့ထား သနား၍ ဖြေကြားပေးတော်မူပါ ဘုရား။

အရှင်စန္ဒာဝရသိဒ္ဓိ၊ (ရေး) ချောင်းတောင်

ဖြေ။ ။ဉာဏ်တော်ကိုးတောင်မျှရှိသည့် စေတီဟောင်းကို ငုံ၍ ရုပ်ပွားတော် ဥဒ္ဒိဿစေတီတည်မည်ဆိုသည်မှာ ကောင်းမြတ်သော အကြံအစည်ပင် ဖြစ်ပါသည်။ စေတီဟောင်းကို မဖျက်ဘဲငုံ၍ တည်မည်ဖြစ်၍ မူလစေတီထက် ကြီးလာမည် ဖြစ်ရုံမျှမက မူလဌာပနာပစ္စည်းများနှင့် စေတီပါ ဥဒ္ဒိဿရုပ်ပွားတော်အတွင်း ဌာပနာပြီးဖြစ်သွားနိုင်သည်။ အသစ် ဓာတ်တော်၊ မွေတော်များလည်း ဌာပနာနိုင်ဦးမည်။ ရိုးရိုးဓာတုစေတီထက် သာလွန်သော ဥဒ္ဒိဿဓာတုစေတီတော်တစ်ဆူ ဖြစ်ထွန်းလာမည် ဖြစ်၍ အပြစ်မရှိ၊ အကျိုးသာရှိသဖြင့် အမြန်ဖြစ်မြောက်အောင် စီမံစေလိုပါသည်။

*

www.dhammaransi.com

## မဟာသမယသုတ်

မေး။ ။ အရှင်ဘုရား၊

မဟာသမယသုတ်တော်ကြီးတွင် ၇ သုတ်ရှိသည်ဟု သိရပါသည်။ သို့သော် တပည့်တော်မသည် ကျန်သုတ်တော်များကို မရွတ်ဖတ်ဘဲ မဟာသမယသုတ်ကြီးကိုသာ ရွတ်ဖတ်ပါသည်။ ရပါသလားဘုရား။ မဟာသမယသုတ်တော်ကြီးကို ရွတ်ဖတ်လျှင် နတ်မင်းကြီး လေးပါးအတွက် ရည်စူးပြီး ကန်တော့ပွဲ ၄ ပွဲ၊ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပြီး ရွတ်ဖတ်လျှင် ပြည့်စုံပါသလား ဘုရား။ ကန်တော့ပွဲများသည် ငှက်ပျောဖီး ၃ ဖီးနှင့် ၅ ဖီးဆိုတာ ဘယ်အရေးအတွက်က မှန်သည်ဆိုတာကိုလဲ သိလိုပါသည် ဘုရား။

စန်းစန်း၊ အလုံ၊ ရန်ကုန်

ဖြေ။ ။ မဟာသမယသုတ်တော်ကြီးနှင့် တွဲဖက်၍ သမ္မာပရိဗ္ဗာဇနိယသုတ် စသည် ၆ သုတ်ရှိသဖြင့် မဟာသမယ ၇ သုတ်ဟု ခေါ်သည်။ မူရင်း မဟာသမယသုတ်မှာ တစ်သုတ်တည်းပင် ဖြစ်ပါသည်။ ထိုသုတ်မှာ နတ်ဗြဟ္မာတို့၏ အမည်များကို ထုတ်ဖော်၍ ဟောကြားသဖြင့် မဟာသမယသုတ်ကို ရွတ်လျှင် နတ်ဗြဟ္မာများ အထူးချစ်ခင်သည်။ ကျန်သုတ် ၆ သုတ်မှာ တရားနာလာသော နတ်ဗြဟ္မာတို့၏ စရိုက် ၆ ပါးအလိုက် ဟောခြင်းဖြစ်သဖြင့် ရွတ်နိုင်လျှင် အကျိုးရှိသော်လည်း မဟာသမယသုတ် ချည်း သက်သက်ရွတ်၍လည်း ရပါသည်။ မဟာသမယသုတ်ကို အမြဲ ရွတ်လျှင် နတ်တို့ချစ်မြတ်နိုးသဖြင့် အန္တရာယ်ကင်းခြင်း၊ လုပ်ကိုင်သမျှ အထမြောက်ခြင်း၊ အကြံအစည်အောင်မြင်၍ စီးပွားဥစ္စာတိုးတက်ခြင်း စသော အကျိုးထူးများ ရပါသည်။ မဟာသမယသုတ်ကို ရွတ်ရာ၌ နတ်ပွဲများထိုးခြင်း စသည် မလိုအပ်ပါ။ ထိုကိစ္စမှာ အခြားလောကီဂိုဏ်းဆိုင်ရာ ကိစ္စများသာ ဖြစ်ပါသည်။ ဗဟုသုတအတွက် ဖော်ပြလိုသည်မှာ "ငှက်ပျော

လေ့ ဖီးဆိုင်၊ စားတော်အုန်းငယ်နှင့်၊ သုံးပါတော့တူပျော်ပျော်၊ မယ်ဒေဝီ ခုနစ်ဖော်တို့၊ မြို့ပေါ်မှာ စားတော်ကျင်းတယ်၊ လေးထောင့် နတ်မင်း” ဟူသော ကုန်းဘောင်ခေတ် ဒိုးပတ်သံ ကဗျာတစ်ပုဒ်အရ နတ်ပွဲ တို့တွင် ငှက်ပျောဖီးဆိုင်နှစ်ဖီး ထည့်ရကြောင်း သိရပါသည်။ ၃ ဖီးမှာ ရတနာ သုံးပါးနှင့်စပ်၍၊ အနန္တ ငါးပါးဆိုလျှင် ၅ ဖီးဖြစ်ကြောင်း ကြားဖူးပါသည်။

*

## မယ်တော်မာယာနှင့် ဘုံစဉ်စံ

မေး။ ။ အရှင်ဘုရား၊

မြတ်စွာဘုရား၏ မယ်တော်(မယ်တော်မာယာ)သည် ဘုံစဉ်စံ အရိယာဖြစ်သည်ဟု ဖတ်ရှုမှတ်သားဖူးပါသည်။ ဘုံစဉ်စံ အရိယာများ အနေဖြင့် လူ့ဘဝသို့ ပြန်လည်ရောက်ရှိနိုင်ပါသေးသလား ဘုရား။

မောင်မြင့်ကြည်၊ (မိတ္ထီလာ)

ဖြေ။ ။ ဘုံစဉ်စံသောတာပန် အရိယာဟူ၍ (၁) ဝိသာခါ ဒါယိကာမ၊ (၂) အနာထပိဏ် သူဌေးကြီး၊ (၃) သိကြားမင်း၊ (၄) ဟိမဝန္တာမှ နာဂဒတ္တနတ်သား၊ (၅) တာဝတိံသာမှ အနေကဝဏ္ဏနတ်သား၊ (၆) စူဠရထနတ်သားနှင့် (၇) မဟာရထနတ်သားဟူ၍ ၇ ဦးသာ ရှိပါသည်။ မယ်တော်မာယာ မပါပါ။ “မိကလျာ၊ ဝိသာခါ၊ နာထပိဏ်နှင့်၊ ဣန္ဒာ သိကြား။ နာဂဒတ်၊ နတ်နေကဝဏ်နှင့်၊ ရထမွန် ဒေဝါနှစ်ကို၊ ခုနစ်ဘုံ စဉ်စံတဲ့၊ ဇေကန်သဲမှာ ဖွဲ့အောင်၊ မြဲမှတ်၍ထား”(ဆောင်ပုဒ်)။

ဘုံစဉ်စံဟူသည်မှာ သောတာပန် ၃ မျိုးမှထူး၍ ဝဋ္ဋာဘိရတ သော တာပန်မျိုးဖြစ်ကြောင်း၊ ဘုံစဉ်စံ သောတာပန်သည် ၎င်းတို့ ယခုရောက်ရှိ နေသော ဘုံမှစတေလျှင် အထက်ဘုံများသို့သာ တစ်ဘဝပြီးတစ်ဘဝ တက်ရောက်စံစားကာ နောက်ဆုံး အကနိဋ္ဌ ဗြဟ္မာဘုံသို့ရောက်၍ ရဟန္တာ

ဖြစ်ကာ နိဗ္ဗာန်ဝင်စံကြရသည်။ အောက်ဖြစ်သော လူ့ပြည်သို့ မလား ရောက်တော့ဟု စာများတွင် ဆိုထားပါသည်။

မယ်တော်မာယာသည် ဘုရားမယ်တော်ဖြစ်ရန် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ခဲ့၍ ဘုရားမယ်တော် ဖြစ်ခဲ့သည်။ ဘုရားစင်စစ်ဖြစ်မည့် ပစ္ဆိမဘဝိက ဘုရားလောင်းအား သန္ဓေဆောင်၍ မွေးဖွားပေးခဲ့သည့် အကြီးမားဆုံး ကုသိုလ်ရှင်ဖြစ်၍ ဘုရားကိုယ်တိုင် နတ်ပြည်သွား တရားဟောပေး၍ အရိယာဖြစ်ခဲ့သူဖြစ်ရာ ဝဋ္ဋာဘိရတသောတာပန်ကဲ့သို့ အနိမ့်စားဖြစ်ဖွယ်မရှိ၊ သောတာပန်တို့တွင်အမြတ်ဆုံးဖြစ်သော ဧကဗီဇိ သောတာပန်သာ ဖြစ်ဖွယ်ရှိကြောင်း ဆရာမြတ်တို့ မိန့်ဆိုထားပေသည်။

*

## ဝါတွင်းနှင့် အရုဏ်ဆွမ်းခံ

မေး။ ။အရှင်ဘုရား၊

ဝါတွင်းကာလ အရုဏ်ဆွမ်းလောင်းအသင်းများသို့ ဝါတွင်း ၃ လပတ်လုံး အရုဏ်ဆွမ်းခံကြွရောက်သော သံဃာတော်များမှာ အရုဏ်မတက်မီ ၄ နာရီ၊ ၄:၃၀ နာရီတွင် ဝါဆိုရာ ကျောင်းမှထွက်ပြီး အရုဏ်တက်ချိန် ကျောင်းပြန်ရောက်နေသည်ကို တွေ့ရပါသည်။ ထိုကိစ္စအတွက် ဝိနည်းတော်နှင့်ညီ၊ မညီ သိလိုပါသည်ဘုရား။

ဦးလှမောင်(အငြိမ်းစား)၊ ဇေယျဝတီမြို့

ဖြေ။ ။ ဝါတွင်းအရုဏ်ဆွမ်းခံ ရဟန်းသာမဏေများမှာ (၁) ဆွမ်းလောင်းသင်းများမှ ကြိုတင်၍ ဆွမ်းခံပင့်ဖိတ်ထားခြင်း၊ (၂) ဆွမ်းခံပြီး ပြန်လာမည်ဟု အာဘောဂထား၍ ကြွခြင်း၊ (၃) ပြန်ကြွလာခြင်းတို့ကြောင့် ဝါပန်သွားပြီးဖြစ်နေ၍ ဝါကျိုးပြတ်ခြင်းစသော အပြစ်ကားမရှိပါ။ သို့သော် အရုဏ်မတက်မီ ဆွမ်းခံခြင်းကြောင့် ထိုဆွမ်းမှာ နေ့မကူးမီက ခံယူထားသော ဆွမ်းဖြစ်နေ၍ ထိုဆွမ်းကို စားလျှင် သန္နိဓိကာရက သိက္ခာပုဒ်အရ

ပါစိတ်အာပတ်သင့်နိုင်ပါသည်။ ထို့ကြောင့် ဆွမ်းလောင်းသူများက ဝါတွင်း လအလိုက် အရုဏ်တက်ချိန်ကို စောင့်၍ ဆွမ်းလောင်းသင့်ပါသည်။

*

## သြကာသ ကန်တော့ခန်း

မေး။ ။အရှင်ဘုရား၊

ယခင်က ဘာသန္တရတတ်ဆရာတော်ကြီးတစ်ပါးက "ဗုဒ္ဓဘာသာတွေ သီလဆောက်တည်တဲ့နေရာမှာ ဘယ်ကရောက်လာမှန်းမသိတဲ့ သြကာသသုံးကြိမ်နဲ့ စတင်တာတွေဟာ မှားကြောင်း၊ သြကာသနဲ့ ဗုဒ္ဓဘာသာဟာ ဘာမျှမဆိုင်ကြောင်းကို ပြောတာ ကြားဖူးပါသည်။ အဲဒါ မှန် မမှန်၊ မှန်လျှင် မည်ကဲ့သို့ ဆောက်တည်သင့်ကြောင်း ရှင်းလင်းပေးပါဘုရား။ (သိသာရုံ ချုံး၍ ဖော်ပြသည်။)

ကိုသက်၊ ဆင်စုနယ်မြေ၊ ပြည်မြို့

ဖြေ။ ။ လူတိုင်းလိုပင် အိမ်၌ အမိ၊ အဖ၊ အစ်ကို၊ အစ်မ စသော မိမိထက်ကြီးသူ၊ ရိုသေထိုက်သူတို့နှင့် အတူနေကြရသည်။ ရပ်ထဲရွာထဲ၌ လူကြီးသူကြီးတို့နှင့် အတူနေထိုင်ရသည်။ ပုထုဇဉ်ပီပီ စိတ်အခန့်မသင့်လျှင် ထိုကြီးသူ၊ ရိုသေထိုက်သူတို့အား ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် ပြစ်မှားမိမည်။ ထိုအခါ မိမိစိတ်သည် ညှိုးနွမ်းမစင်၊ ညစ်ကြေးတင်သွားပေတော့မည်။ ထိုအချိန်တွင် သရဏဂုံသီလခံယူလျှင် ညစ်ထေးနေသည့် အဝတ်တွင် ပန်းရိုက်၍ မထင်သည့်အလား သရဏဂုံသီလတို့ကောင်းစွာ မတည်နိုင်ဘဲ ဖြစ်နေပေမည်။ ထို့ကြောင့် စိတ်နှလုံးစင်ကြယ်သန့်ရှင်းကြည်လင်ခြင်း ဖြစ်နေစေရန် ထိုတင်ရှိနေသော ပြစ်မှားမှု ကာယကံ၊ ဝစီကံ၊ မနောကံများ ကင်းစင်ရန် ရှေးဦးစွာ ရတနာသုံးပါးအား ကန်တော့ခြင်းဖြင့် အစပျိုးရပေသည်။ ရတနာသုံးပါးအား ကန်တော့လိုက်

www.dhammaransi.com

လျှင် မိဘ၊ ဆရာသမား၊ ကြီးမြင့်သူ၊ ရှိသေထိုက်သူတို့အား ပြစ်မှားမိသော အပြစ်တို့လည်း ကင်းစင်၍ သွားပေတော့သည်။ စိတ်နှလုံးလည်း စင်ကြယ် ကြည်လင် အပြစ်ကင်းစင်၍ နေတော့သည်။ ထိုအခါမှ ခံယူသော သရဏဂုံသီလသည်လည်း ကောင်းစွာ တည်နိုင်ပေတော့သည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် ဗုဒ္ဓသာသနာအစပျိုးစ ပုဂံခေတ်ကာလမှစ၍ ဗုဒ္ဓသာသနာ့ရှေ့ဆောင် ထိပ်ခေါင်တင် ဆရာတော်ဘုရားကြီးတို့က သရဏဂုံ သီလခံယူရာတွင် ဩကာသကန်တော့ခန်းကို ဦးစွာထုတ်ဖော်၍ စီမံတော်မူခဲ့ခြင်းဖြစ်ရာ အလွန်ကောင်းသော အစဉ်အလာကြီးပင် ဖြစ်ပါသည်။ အခြားဗုဒ္ဓဘာသာနိုင်ငံများမှာ မရှိရုံမျှဖြင့် မိမိတို့ မြန်မာဗုဒ္ဓဘာသာတို့၏ ကောင်းသောအစဉ်အလာဓလေ့ထုံးစံကြီးကို မှားသည်ဟု မစွန့်ပစ်ထိုက်ကြောင်း ဖြေကြားလိုပါသည်။

*

## သီလငါးပါးမလုံသူ

မေး။ ။အရှင်ဘုရား၊

တပည့်တော်သည် ဘဝကံအကြောင်း အမျိုးမျိုးကြောင့် သီလခံယူဆောက်တည်ရာတွင် ၄ ပါးသာ ခံယူ၍ ရပါသည်။ မစောင့်နိုင်သော သီလမှာ ကာမေသုမိစ္ဆာစာရကံ ဖြစ်ပါသည်။ ဤကျူးလွန်မိသည့်ကံကြောင့် ငရဲကြီးခြင်း၊ ဘဝအသစ် ဖြစ်လျှင်လည်း လူဝင်မဆံ့ခြင်း စသည် အကြောင်းများကို သိထား၍ လွန်စွာမှ စိတ်ဆင်းရဲရပါသည်။ တရားအားထုတ်လိုသော်လည်း သီလမလုံဘဲ တရားအားထုတ်အဓိဋ္ဌာန်ပြုလျှင် ကုသိုလ်အကျိုးရ၊ မရ သိလိုပါသဖြင့် ဖြေကြားပေးတော်မူပါဘုရား။ (လိုရင်းမျှသာ ဖော်ပြသည်။)

အမည်မဖော်လိုသူ

ဖြေ။ ။ ငါးပါးသီလမှ တစ်ပါးပါးပျက်၍ ငရဲကြီးသည်မှာ မှန်သော်လည်း ဖြေ၍မရသောကံမျိုး မဟုတ်ပါ။ မုချငရဲကြီးသည်၊ သေသည့်နောက် မုချငရဲရောက်ရမည်ဟု မဆိုနိုင်ပါ။ အမိ၊ အဖသတ်ခြင်း စသော ဂရုကံကြီးများသာ ဖြေ၍မရ။ မုချငရဲရောက်သည့်ကံများ ဖြစ်ပါသည်။ ပါဏာတိပါတ စသည့်သူ့အသတ်သတ်ခြင်း၊ ကာမေသု မိစ္ဆာစာရ စသည့် ကာမဂုဏ်တို့၌ မှားမှားယွင်းယွင်းကျင့်မိခြင်းတို့မှာ ကုသိုလ်ကံတို့ဖြင့် ကာကွယ်မှုပေးနိုင်ပါသည်။ ကာမေသုမိစ္ဆာစာရကို ကျူးလွန်မိသော်လည်း ထိုကံကို နောက်ထပ် မကျူးလွန်တော့အံ့ဟု အဓိဋ္ဌာန်ပြု၍ ငါးပါးသီလ ခံယူရာတွင် (မိမိကိုယ်တိုင် ဘုရားရှေ့၌ ခံယူ၍) "ကာမေသုမိစ္ဆာ စာရာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ"ဟူသောပုဒ်ကို ထပ်ခါထပ်ခါ ကျေနပ်လောက်အောင် ဆို၍ခံယူပါ။ ထို့နောက် ဤသိက္ခာပုဒ်ကို လုံးဝမကျူးလွန်အံ့ဟု ထပ်ခါထပ်ခါလည်း အဓိဋ္ဌာန်ပြုပါ။ ထို့နောက် တရားဌာနတစ်ခုခုတွင် ရှစ်ပါးသီလခံယူ၍ ဘုရားအားထုတ်နိုင်ပါသည်။ ငါသည် ကာမေသု မိစ္ဆာစာရမှုသော အကုသိုလ်ကို ဝိပဿနာဘာဝနာဖြင့် ချေဖျက်အံ့၊ ချေဖျက်နိုင်ရမည်ဟု စိတ်တွင် အခိုင်အမာ ဆုံးဖြတ်၍ တရားကို ကြိုးကြိုးစားစား အားထုတ်ပါ။ မုချတရားပေါက်မြောက်၍ ထင်တိုင်းပေါက်နိုင်ပါသည်။ အင်္ဂုလိမာလ ခိုးသားကြီး ရဟန္တာဖြစ်ခြင်း၊ အမ္ဗပါလီ ပြည့်တန်ဆာမ ရဟန္တာမကြီးဖြစ်ခြင်း၊ သိရိမာ နတ်ပြည်ရောက်ခြင်း စသော ဝတ္ထုများကို ထောက်ဆ၍ ကြိုးစားအားထုတ်သင့်လှပါသည်။

*

## မင်းဝတ်ဘုရားများ

မေး။ ။ အရှင်ဘုရား၊

ပွင့်တော်မူပြီးကုန်သော ဘုရားရှင်တို့သည် ဘုရားအဖြစ်သို့ ရောက်ရှိသည့် အချိန်မှစ၍ ပရိနိဗ္ဗာန်ပြုသည့်အချိန်ထိ ကာလပတ်လုံး မင်းဝတ်

တန်ဆာများကို ဝတ်ဆင်ခြင်းမျိုး ရှိပါသလားဘုရား။ ရဟန်းသံဃာတော်များနှင့် မင်းဝတ်တန်ဆာတို့သည် အပ်စပ်မှု ရှိပါမည်လော။ ဗုဒ္ဓ၏ရုပ်ပွားတော်များတွင် မင်းဝတ်တန်ဆာများကို ဆင်ယင်ပူဇော်ထားရှိခြင်းဖြင့် မည်သို့သော အကျိုးအပြစ်များကို ရရှိမည်ဖြစ်ပြီး ထိုသို့ပြုလုပ်ပူဇော်သင့်၊ မသင့်ကို ပြည့်ဝကုံလုံစွာ ဖြေကြားပေးပါရန် လျှောက်ထားအပ်ပါသည် ဘုရား။

ဦးကိုကိုမြင့်၊ ဒဂုံမြို့သစ်မြောက်ပိုင်း

ဖြေ။ ။ ပွင့်တော်မူပြီးကုန်သော ဘုရားရှင်တို့သည်လည်းကောင်း၊ ရဟန်းသံဃာတော်တို့သည်လည်းကောင်း တိစီဝရိက်သင်္ကန်းမှတစ်ပါး မည်သည့်ဝတ်စားတန်ဆာဒွါဒရာများကိုမျှ ဝတ်ဆင်ခြင်း မရှိပါ။ မြတ်စွာဘုရား အလောင်းတော်သည် ဆံတော်ကို ပယ်၍ ဃဋိကာရဗြဟ္မာထံမှ တိစီဝရိက်ပရိက္ခရာများကို ရသောအခါ ရှေးဘုရားတို့လက်ထက်က ရဟန်းဘဝ ၉ ဘဝရရှိခဲ့ဖူးသည့် ဥပနိဿယရှိ၍ ရှေးဘုရားတို့ ဝတ်ဆင်သည့်အတိုင်း သင်္ကန်းတော်များကို လက်ဝဲတစ်ဖက် ပခုံးထက်၌ တင်ရန်း စံပယ်၍ ဝတ်ရုံခဲ့ပါသည်။ ထို့ကြောင့် ရှေးဘုရားတို့သည်လည်း ယခု ဘုရားနှင့်အတူ ဝတ်ရုံခဲ့သည်ဟု ဆိုနိုင်ပါသည်။ မင်းဝတ်ဘုရားများနှင့် ပတ်သက်၍ မြတ်စွာဘုရားသည် စကြဝဋ္ဌာတစ်ပါးသို့ ကြွရောက်၍ တရားဟောကြားတော်မူသောအခါ ထိုစကြဝဋ္ဌာသားတို့သည် ဘုရား ရဟန္တာများကို မြင်ဖူးသူများ မဟုတ်ကြ၍ တရားတော်နာနိုင်ရန် ယင်းတို့၏ မင်းအသွင်၊ အိမ်ရှေ့မင်းသားအသွင်ဖြင့် တရားဟောတော်မူကြောင်း ထိုအခါ ယင်းစကြဝဋ္ဌာသားတို့သည် ငါးပါးသီလတရားစသည်တို့ကို နာကြား၍ (မဂ်ဖိုလ် မရနိုင်သော်လည်း)ဥပနိဿယကို ရရှိသွားနိုင်ကြကြောင်း ပါဠိအဋ္ဌကထာများတွင် ပါရှိပါသည်။ ထိုအချက်ကိုစွဲ၍ မင်းဝတ်ဘုရားများ ဖြစ်ပေါ်လာကြောင်း ဆရာတော်ဘုရားကြီးများ မိန့်တော်

မှုသည်ကို ကြားနာရဖူးပါသည်။ ရှေးရခိုင်မင်းတို့သည် ယင်းကဲ့သို့ မင်းဝတ်ဘုရားများကို ထုလုပ်၍ ဦးထိပ်၌တင်ကာ ကတိသစ္စာအဓိဋ္ဌာန်ပြု၍ အဘိသိက်ခံယူကြသည့်အစဉ်အလာရှိသည်ဟု သိရပါသည်။ ထို့ကြောင့် မင်းဝတ်ဘုရားများသည် ရခိုင်က စတင်လာသည်ဟု အဆိုရှိပါသည်။

*

## မြတ်စွာဘုရားအား လှူဒါန်းမှု

မေး။ ။ အရှင်ဘုရား၊

တပည့်တော်မသည် မြတ်စွာဘုရားအား နံနက်အရုဏ်တစ်ကြိမ်၊ နေ့တစ်ကြိမ် ဆွမ်းအမြဲတမ်း ကပ်လှူပါသည်။ ပန်း၊ ရေချမ်း၊ ဆီမီးများလည်း ကပ်လှူပါသည်။ မြတ်စွာဘုရားသည် ရုပ်နာမ်ချုပ်ငြိမ်း၍ နိဗ္ဗာန်ဝင်သွားပြီ ဖြစ်သောကြောင့် ဤသို့ လှူဒါန်းကပ်လှူမှုများမှာ အဓိပ္ပာယ်မှ ရှိပါ့မလားဟု တစ်ခါတစ်ခါ တွေးမိပါသည်။ ထို့ကြောင့် ဆက်ကပ်လှူဒါန်းစဉ် မည်ကဲ့သို့ အာရုံပြုရမည်ကို ဖြေကြားပေးတော်မူပါရန် မေးမြန်း လျှောက်ထားပါသည် ဘုရား။

မနီနီ၊ ဒိုင်းဝန်ကွင်း၊ မော်လမြိုင်မြို့

ဖြေ။ ။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်သွားသော်လည်း မြတ်စွာဘုရား၏ ဓာတ်တော်မွေတော်များ၊ တရားဒေသနာတော်နှင့် ဆုံးမသြဝါဒ သာသနာတော်များ၊ ဂုဏ်တော်၊ တန်ခိုးတော်များမှာ သာသနာတော် မကွယ်သရွေ့ ထင်ရှားရှိနေဆဲပင် ဖြစ်သည်။ ထိုသို့ ရှိနေသဖြင့် မြတ်စွာဘုရား ရှိနေသည်နှင့်မခြား ဖြစ်ပါ၍ ဆွမ်းစသည် ကပ်လှူရာ၌ ဤဆွမ်းခဲဖွယ်ဘောဇဉ်တို့ကို သက်တော်ထင်ရှား မြတ်စွာဘုရားအား ရည်မှန်း၍ လှူဒါန်းပါသည်။ မြတ်စွာဘုရား၏ တရားတော်၊ သံဃာတော်တို့အား ရည်မှန်း၍ လှူဒါန်းပါသည်။ ဤကောင်းမှုကြောင့် မြတ်စွာဘုရားသည် ရုပ်နာမ်ခန္ဓာရုပ်သိမ်း၍ ချုပ်ငြိမ်း နိဗ္ဗာန်ဝင်စံတော်မူသကဲ့သို့ တပည့်တော်

မသည်လည်း နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုရပါလို၏ဘုရားဟု အာရုံပြု၍ နိဗ္ဗာန်ဆုကို တောင်းသင့်ပါသည်။

*

## မြတ်စွာဘုရား၊ ဒေဝဒတ်နှင့် ငရဲ

မေး။ ။ အရှင်ဘုရား၊

(၁) သက်ကြီးစကား သက်ငယ်ကြားအရ တပည့်တော် ကြားဖူးသည်မှာ ဘုရားပွင့်ရန်အတွက် ရွှေခွက်ထပ်ရသည်ဟု ကြားဖူးပါသည်။ ဂေါတမမြတ်စွာဘုရားသည် ပွင့်ရမည့်အလှည့်မကျမီ အလှည့်ကျော်သည်ဟု ပြောကြပါသည်။ ထိုအကြောင်းကို ပြည့်စုံစွာ ဖြေဆိုပေးပါရန်။

(၂) မြတ်စွာဘုရားသည် ဒေဝဒတ်အား နောင်လာမည့် ကမ္ဘာတစ်သိန်းတွင် ဘုရားဖြစ်လိမ့်မည်ဟု ဗျာဒိတ်ပေးတော်မူပါသလားဘုရား။

(၃) ဤကမ္ဘာတွင် ငရဲခံရသူများ ဤကမ္ဘာသက်တမ်းကုန်သောအခါ မည်သို့ရှိကြမည်နည်း။ ကမ္ဘာဦးအစက ငရဲခံရသူနှင့် ကမ္ဘာသက်တမ်း ကုန်ခါနီးမှ ငရဲခံရသူ၏ ကွာခြားချက်ကို သိလိုပါသည် ဘုရား။

စိုးသီဟ၊ မ/ဥက္ကလာပမြို့နယ်

ဖြေ။ ။ (၁) ထိုစကားများ စာပေကျမ်းဂန်များ၌ မရှိပါ။

(၂) ဒေဝဒတ်မြေမျိုဆဲအခါ "မြတ်စွာဘုရားကို မိမိ၏အရိုးတို့ဖြင့် ပူဇော်ပါ၏"ဟု ဝန်ချပူဇော်သွားပါသည်။ ထို့ကြောင့် "ဒေဝဒတ်သည် နောင်အခါ အဋ္ဌိဿရ မည်သော ပစ္စေကဗုဒ္ဓါ ဖြစ်လိမ့်မည်"ဟု ဗျာဒိတ်ပေးတော်မူပါသည်။

(၃) သိဋ္ဌိုဝ်းစသော ငရဲကြီးရှစ်ထပ်တွင် ရိုးရိုးငရဲကျသူများသည် မူရင်း ငရဲသက်အရသာ ကျခံရ၍ ပဉ္စာနန္တ ရိယကံထိုက်သူများသာ အဝီစိငရဲတွင် ဘစ်ကမ္ဘာပတ်လုံး ငရဲခံရပါသည်။ သို့သော် မိစ္ဆာဒိဋ္ဌိ အနန္တ ရိယကံမှတစ်ပါး အခြားအနန္တ ရိယကံ သင့်သူတို့သည် ကမ္ဘာကုန်ဆုံးခါနီးမှ

www.dhammaransi.com

ငရဲကျသော် ကမ္မာကုန်ဆုံးလျှင် ငရဲမှလွတ်နိုင်ကြပါသည်။ မိစ္ဆာဒိဋ္ဌိ (နိယတ မိစ္ဆာဒိဋ္ဌိ)ကံဖြင့် ငရဲကျလျှင် ဤကမ္ဘာကုန်ဆုံးသော်လည်း ကမ္ဘာသက်တမ်းအတိုင်း အခြားစကြဝဠာရှိ ငရဲသို့ ရွှေ့ပြောင်းခံရသည်။

*

## စိဉ္စမာဏာစွပ်စွဲခြင်းဝဋ်ကြွေး

မေး။ ။အရှင်ဘုရား၊

ဘုရားအလောင်းယစ်ထုပ် (အရက်သမားကြီး)ဖြစ်စဉ်က ကောင်းမွန်စွာ ကျင့်သုံးနေသော ပရိဗိုဇ်မတစ်ပါးကို ခုနစ်ရက်အတွင်း ငါ့နောက်က အရက်အိုးရွက်ပြီး လိုက်လာစေရမည်ဟုဆိုကာ အကျင့်ကို ဖျက်ဆီး၍ မယားပြုခဲ့သဖြင့် ၎င်းဝဋ်လည်ကာ ဘုရားဖြစ်သောဘဝတွင် စိဉ္စမာဏဝိကာက လင်အဖြစ် စွပ်စွဲခြင်းကို ခံရသည်ဟု ကြားဖူးပါသည်။ ထိုစကားမှန်ပါသလား၊ ရှင်းလင်းဖြေကြားတော်မူပါဘုရား။

သိလိုသူ တပည့်တစ်ဦး (ပန်းတောင်း)

ဖြေ။ ။သစ္စကပါပီ ပရိဗိုဇ်မအား အရက်သမားဖျက်ဆီး၍ ပျက်စီးသော ဝတ္ထုမှာ အသိတိနိပါတ်ကုဏာလဇာတ်လာ ကုဏာလ ဥဩငှက်မင်း ဆောင်ပြသော ဝတ္ထုဖြစ်ပါသည်။ အရက်သမားလည်း ဘုရားလောင်းမဟုတ်ပါ။ ၎င်းဝတ္ထုပါ သစ္စကပါပီလည်း အဟုတ်အမှန် အကျင့်ကောင်းမဟုတ်ပါ။ တရားရှိဟန်ဆောင်နေသူသာဖြစ်၍ မိန်းမများတည်ကြည်မှုမရှိပုံကို ၎င်းဝတ္ထုကိုပြ၍ ဟောခြင်းသာဖြစ်ပါသည်။ မြတ်စွာဘုရားကို စိဉ္စမာဏဝိကာ ဖျက်ဆီးခြင်းနှင့် ထိုဝတ္ထုမဆိုင်။ ဝဋ်တော် ၁၂ ပါးဆိုင်ရာ အစွပ်စွဲခံရမှုမှာ ဘုရားလောင်းက ပစ္စေကဗုဒ္ဓါ စွပ်စွဲခဲ့ဖူးသော အကြောင်းကြောင့်သာဖြစ်ကြောင်း အပဒါန်တွင် ဆိုပါသည်။ (အပဒါနပါဠိ-၁၂၈)

*

www.dhammaransi.com

## ရှင်လေးပါး သေလေးပါး

မေး။ ။အရှင်ဘုရား၊

ရှင်လေးပါး၊ သေလေးပါးဆိုတာ အဘယ်ပုဂ္ဂိုလ်များဖြစ်၍ အဘယ်အရပ်မှာ သီတင်းသုံးနေတော်မူပါသနည်း ဘုရား။ သိမှတ်လိုပါသောကြောင့် ဖြေကြားပေးတော်မူပါ ဘုရား။

အရှင်သုဇာတ၊ မန္တလေး။

ဖြေ။ ။ ရှင်လေးပါး–

ရှင်ဥပဂုတ်၊ တန်ခိုးချုပ်၊ သမုဒ် တောင်မျက်နှာ၊
ရှင်မေရသ၊ ပစ္ဆိမ၊ နေထ နောက်မျက်နှာ၊
ခေမာဝတ္ထ၊ နေတုံထ၊ ဒေသ မြောက်မျက်နှာ၊
ဓမ္မရသ၊ ထေရ်မြတ်လှ၊ နေထ ရှေ့မျက်နှာ၊
ရှင်လေးပါးတွင်၊ ဤသည်ပင်၊
ဝမ်းတွင် စွဲမှတ်ပါ။

သေလေးပါး–

ဝေဘာရတောင်၊ အလယ်ခေါင်၊
ထွန်းပြောင်ကဿပ ထေရ်နေရာ၊
သုဘာသာရ၊ နေတုံထ၊ ဥတ္တမတောင်၌သာ၊
မကုလတောင်၊ ထွတ်မြတ်ခေါင်၊ ထွန်းပြောင် ရှင်ခေမာ၊
ဓမ္မရသ၊ အမည်ရ၊ ဝေမိဿက တောင်၌သာ၊
သေမိလေးပါးလျှင်၊ အမည်တွင်၊
ဝမ်းတွင်စွဲမှတ်ပါ။

(အမေးရှိ၍ ဖြေလိုက်သည်။ ကျမ်းကြီးကျမ်းခိုင်မလာ၊ သုံးပုံတံချူကျမ်းစာတွင် လာရှိသည်။)

*

www.dhammaransi.com

## သက်သတ်လွတ် အဓိဋ္ဌာန်

မေး။ ။အရှင်ဘုရား၊

တပည့်တော်သည် ရာသက်ပန် သက်သတ်လွတ်စားရန် အဓိဋ္ဌာန် ပြုထားပါသည်။ ယခုအခါ တပည့်တော် ကျန်းမာရေးကြောင့် စားရန် ခက်နေပါသည်။ ဘုရားတွင် သက်သတ်လွတ် မစားနိုင်တော့ကြောင်း တောင်းပန်၍ ရပါသလားဘုရား။ မည်သို့ တောင်းပန်ရမည်ကို ဖြေကြား ပေးတော်မူပါဘုရား။

ခိုင်ခိုင်၊ ရန်ကုန်

ဖြေ။ ။ သက်သတ်လွတ်စားခြင်းဟူသည်မှာ ဘုရားဟော ကုသိုလ်ကောင်းမှု အကျင့်တရားမျိုးမဟုတ်။ ပုဂ္ဂိုလ်တို့ အလိုဆန္ဒ (ပုဂ္ဂလဇ္ဈာသယ) အတိုင်းဖြစ်၍ မစားခြင်းကြောင့် အကုသိုလ်ဖြစ်စရာ မရှိပါ။ စားခြင်း၊ မစားခြင်းမှာလည်း မိမိဆန္ဒအတိုင်းသာဖြစ်၍ ဘုရားအားလည်း တောင်းပန်နေဖွယ် လိုမည်မဟုတ်ပါ။ ဘုန်းတော်ကြီး ဦးသီလ ထေရုပ္ပတ္တိတွင် ဘုန်းတော်ကြီးက "ဘုန်းကြီးများ သက်သတ်လွတ်စားနေတာ ကုသိုလ် ဖြစ်ကျင့်သည် မထင်နှင့်။ သွားနာသက်သာလို့"ဟု မိန့်တော်မူသကဲ့သို့ အချို့ဆရာတော်ဘုရားကြီးများ သွားနာသက်သာအောင်နှင့် အညီအဟောက် မကြိုက်၍ သားငါးရှောင်ကြခြင်းမှ အလေ့အကျင့် ဖြစ်သွားပြီး ရာသက်ပန် သား၊ ငါးမစားဘဲ နေသွားခြင်း ဖြစ်ပါသည်။

*

## ၃၉ အမျိုးသမီးများ တရားထူးရလျှင်

မေး။ ။အရှင်ဘုရား၊

အမျိုးသားများ တရားထူး၊ တရားမြတ်ရလျှင် (ရဟန္တာဖြစ်လျှင်) ချက်ချင်း ရဟန်းခံ၍ ရဟန်းဘဝဖြင့် နေလျှင် သက်တမ်းရှိသမျှ နေနိုင်သည်ဟု ဆိုပါသည်။ ယခုအခါ အမျိုးသမီးများ တရားအားထုတ်၍

အရဟတ္တဖိုလ်ပေါက် ရဟန္တာမအဖြစ်သို့ ရောက်လျှင် မည်သို့ပြုရပါမည်နည်း ဘုရား။ (အမေးကို သိသာရုံ ချုံးထားသည်။)

မတေဇဝတီ(လယ်ဝေး)၊ ဧယျာလက်ာရချောင်၊ စစ်ကိုင်းတောင် ဖြေ။ ။ မြတ်စွာဘုရားလက်ထက်တော်က ခေမာမိဖုရားကြီးသည် "အာတုရံ အသုစိံ ပုတိံ၊ ပဿ ခေမာ သမုဿယံ။ ဥဂ္ဃရန္တံ ပဃရန္တံ၊ ဗာလာနံ အဘိနန္ဒိတံ" စသော ဂါထာများကို နာကြားရပြီး လူဝတ်လူစားဖြင့်ပင် ရဟန္တာမ ဖြစ်သွားရာ နေ့ချင်းပင် ဘိက္ခုနီအဖြစ် ခံယူ၍ လက်ယာတော်ရံ အဂ္ဂသာဝိကာထေရီမကြီး ဖြစ်ခဲ့ပါသည်။ ဤခေတ်တွင် တရားအားထုတ်၍ တိဟိတ်ဇာတိဉာဏ်ပညာရှိသော အမျိုးသမီးများ အရဟတ္တဖိုလ်ပေါက် ရောက်နိုင်၊ ရနိုင်ခွင့်ရှိသော်လည်း ဘိက္ခုနီသာသနာ အဆက်ပြတ်နေသဖြင့် ဘိက္ခုနီမပြုဘဲ လူ့အသွင်ဖြင့်ပင် နိဗ္ဗာန်ဝင်သွားစရာအကြောင်း ရှိပါသည်။ သန္တတိအမတ်ကြီးသည် မြတ်စွာဘုရားထံက "ယေပုဗ္ဗေတံ ဝိသောဓေဟွာ" စသော ဂါထာနာကြား၍ လူဝတ်ဖြင့်ပင် ရဟန္တာဖြစ်သွားရာ ရဟန်းမပြု၍ ထိုနေ့မှာပင် ပရိနိဗ္ဗာန်စံသွားရသည်။ သို့သော် ပင်္ဂိယမ္ဘိဒါပတ္တ၊ ဆဠာဘိညာ ရဟန္တာဖြစ်သဖြင့် ပရိနိဗ္ဗာန် မစံဝင်မီ လူရဟန္တာအဖြစ်နှင့်ပင် ထန်းခုနစ်ဆင့်မျှ ကောင်းကင်က တန်ခိုးပြ၍ တရားဟောသွားနိုင်သေးကြောင်း စာများတွင် ဖတ်ရှုရပါသည်။ ဤခေတ်မှာ ပင်္ဂိယမ္ဘိဒါပတ္တ၊ ဆဠာဘိညာခေတ် မဟုတ်တော့၍ ရဟန္တာဖြစ်သည့်တိုင် လူဝတ်ဖြင့် တန်ခိုးပြတရားဟောခြင်းလည်း မပြုနိုင်ပါ။ သို့ပါ၍ အမျိုးသမီးရဟန္တာများ ထင်ရှားသိသာရန် ခက်လှပါသည်။ အရဟတ္တဖိုလ်ပေါက် ရဟန္တာမ အဖြစ်ရောက်လျှင် တောက်လျှောက်ချုပ်ငြိမ်း ဇာတ်သိမ်းအေးမြ ပရိနိဗ္ဗုတပုဂ္ဂိုလ်ဘဝဖြင့် လူ့လောကကို တရားပြသွားစရာသာ ရှိလေသည်။

*

www.dhammaransi.com

## မာတုဂါမများ သင်္ကန်းလျှော်ခြင်း

မေး။ ။အရှင်ဘုရား၊

ဘာသာရေးစာစောင်တစ်ခုတွင် ရဟန်းတို့၏ သင်္ကန်းတို့ကို မာတုဂါမများ မလျှော်အပ်ကြောင်း တွေ့ရပါသည်။ ဟုတ်၊ မဟုတ်နှင့် အကျိုးအပြစ်တို့ကို သိလိုပါသဖြင့် မေတ္တာရှေ့ထား၍ ဖြေကြားပေးတော်မူပါဘုရား။

အေးမွန်ကျော်၊ နမ္မတီး

ဖြေ။ ။ မာတုဂါမများ သင်္ကန်းမလျှော်ရဟု စာပေတိုက်ရိုက် မရှိပါ။ အမြင်မလျော်၊ မသင့်တော်၍ ပြောခြင်း ဖြစ်ဟန်တူပါသည်။ ပါတိမောက်သိက္ခာပုဒ်တွင် ဆွေမျိုးမတော်သော ဘိက္ခုနီအား သင်္ကန်းဟောင်းကို ဖွပ်လျှော်မစိုင်းအပ် ဟူသော သိက္ခာပုဒ်သာ ရှိပါသည်။ သာမဏေရီမ၊ လူမိန်းမ စသည်တို့နှင့် မဆိုင်၊ သာမဏေရီ သိက္ခမာန်(ရဟန်းမလောင်း)အား သင်္ကန်းဟောင်းကို ဖွပ်လျှော်ခိုင်းလျှင် အပ်သေးသည်။ ၎င်းတို့ရဟန်းမ(ဘိက္ခုနီ)ဖြစ်မှ လျှော်လျှင် မအပ်။ နိဿဂ္ဂိယပါစိတ်နှင့် ဒုက္ကဋ်အာပတ်သင့်သည်ဟု ပါတိမောက်တွင် ဆိုသည်။ ကုသိုလ်လို၍ ဒကာမ(မာတုဂါမ)အမျိုးသမီးများက ရဟန်းတော်တို့၏ သင်္ကန်းတို့ကို ဖွပ်လျှော်ပေးလိုပါသည်ဆိုက မတားမြစ်ထိုက်။ လျှော်ဖွပ်ပေးခြင်းကြောင့် လျှော်ဖွပ်သူမှာလည်း ကုသိုလ်ဖြစ်ပါသည်။ သို့သော် သင်္ကန်းကို နင်း၍၊ ရိုက်၍ လျှော်ဖွပ်ရန်ကား မလုပ်အပ်ကြောင်း သတိပြုသင့်ပါသည်။

*

## မိဘတို့ကို ကျွေးမွေးခြင်း

မေး။ ။အရှင်ဘုရား၊

ဒါယကာတို့က "သံဃသဒေမ"ဟူ၍ လှူဒါန်းသော ပစ္စည်းလေးပါးတို့အား သံဃာတော်များက အမိအဖတို့ကို ပေးကမ်းခဲ့သော် ထိုပစ္စည်း

လေးပါးကို သုံးစွဲသော အမိအဖတို့၌ အပြစ်ကျရောက်နိုင်ပါသလား ဘုရား။ အပြစ်မရှိလျှင် အဘယ်ကြောင့် အပြစ်မရှိသည်ကို ဖြေကြားတော် မူပါဘုရား။

အရှင်သုစိတ္တသာရ (ထန်းတပင်)

ဖြေ။ ။ ရဟန်းတို့က မိမိရရှိသော ပစ္စည်းလေးပါးတို့ဖြင့် မိဘတို့ကို လုပ်ကိုင်ကျွေးနိုင်ခွင့်ရှိပါသည်။ မိဘတို့သာမက အမိအဖ၊ မိဘတို့၏ အလုပ်အကျွေး၊ ရဟန်းတို့ကို မှီခိုနေသူ၊ ရှင်လောင်း၊ ဝေယျာဝစ္စပြုသူ ဤ ၆ ယောက်ကိုလည်း ပေးကမ်းကျွေး မွေးနိုင်ပေသည်။ သက်န်းဆိုင်ရာ၌ ရဟန်းတစ်ပါးသည် သင်္ကန်းများစွာ ရ၍ မိဘတို့ကို ပေးလို၍ မြတ်စွာဘုရားအား လျှောက်ရာ မိဘတို့ကို ပေးရန် ခွင့်ပြုတော်မူသည်။ တစ်ပါးသူတို့ကို ပေးခြင်းကိုမူ နစဘိက္ခဝေ သဒ္ဓါဒေယျံ ဝိနိပါတေတဗ္ဗံ စသည်ဖြင့် တားမြစ်ထားလေသည်။ (ဝိ–၅–၃၊ ၄၁၀) ထို့ကြောင့် ပေးသောရဟန်း၊ ယူသော အမိအဖတို့ အပြစ်မရှိကြောင်းကို သိနိုင်ပါသည်။

*

## အရူမတောင့်မှ သီလစောင့်

မေး။ ။ အရှင်ဘုရား၊

"အရူမတောင့်မှ သီလစောင့်နိုင်သည်။ သီလတွေ စောင့်နိုင်ဖို့ရာ အရူမတောင့်အောင် ဦးစွာလုပ်ရမည်"ဟု လူတို့ပြောဆိုပြုကျင့်နေကြသည်။ သို့ဆိုက "သမ္မာအာဇီဝနှင့် အသက်မွေးဝမ်းကျောင်းရမည်။ သီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲရမည်"ဟူသော စကားတို့နှင့် ဆန့်ကျင်ဘက် ဖြစ်နေပါသည်။ ဘုရားရှင်က သီလကို မဟာဒ္ဓါနဟု ဟောကြားတော်မူထားပေရာ ဘုရားရှင်၏ အလိုတော်နှင့်ညီစွာ လက်ငင်းလူ့ဘဝနှင့် သံသရာကောင်းစားရေး ဖြေကြားပေးတော်မူပါ ဘုရား။

ဦးမင်းနွယ်၊ ကယားရိုးမ

ဖြေ။ ။ အူမတောင့်မှ သီလစောင့်ဟူသောစကားမှာ ဝမ်းရေးပြည့်စုံမှ ကိုယ်ကျင့်တရားကောင်းနိုင်မည်ဟု ဆိုလိုသော လူပြောင်လူပြက်တို့၏ စကားသာ ဖြစ်သည်။ ပစ္စည်းဥစ္စာကိုသာ ချမ်းသာထင်သော ပုထုဇဉ်မိုက်တို့၏ အယူအဆဖြစ်သည်။ ရှေးသူတော်ကောင်းတို့သည် မိမိတို့၌ရှိသော ပစ္စည်းဥစ္စာ၊ စည်းစိမ်ချမ်းသာတို့ကို စွန့်ပစ်၍ တောထွက်သမှု ရသေ့ ရဟန်းပြုလျက် သီလ သမာဓိ ပညာ လောကုတ္တရာ ဥစ္စာတို့ကို ရှာမှီးကြလေ့ရှိသည်။ အမှန်အားဖြင့် စည်းစိမ်ဥစ္စာသည် သီလပြည့်စုံမှု၏ အကြောင်းတရား မဟုတ်၊ သီလသည်သာလျှင် စည်းစိမ်ဥစ္စာ ရရှိခြင်း၏ အကြောင်းတရား ဖြစ်သည်။ ထို့ကြောင့် လူပြောင်၊ လူပြက်တို့၏ စကားကို မမှတ်သားအပ်။ ဝိသုဒ္ဓိမဂ်တွင် "ယာမနုဿေသုသမ္ပတ္တိ၊ ယာ စ ဒေဝေ သုသမ္ပဒါ အစရှိသည်ဖြင့် သီလရှိသူ၊ နတ်နှင့်လူ၊ လွယ်ကူချမ်းသာရ" စသည်ဖြင့် ဆိုထားပါသည်။

*

## ဘီလူးတို့၏ ပဋိသန္ဓေစိတ်

မေး။ ။ အရှင်ဘုရား၊

ဓမ္မပဒ၊ ယမကဝဂ်၊ ကာဠယက္ခိနီဝတ္ထုတွင် မြတ်စွာဘုရားက 'နဟိဝေရေန(ပ)သနန္တနော'ဂါထာကိုဟော၍ ကြားနာရပြီး သောတာပန်ဖြစ်သွားသည်ဟု ဆိုပါသည်။ ဘီလူးမ၏ ပဋိသန္ဓေစိတ်သည် အဟိတ်ဖြစ်ကြောင်း "ဒုဟေတုကာန မဟေတုကာနဥ္စ"စသည်ဖြင့် သင်္ဂဟပုဂ္ဂလဘေဒ(ဝိထိပိုင်း)မှာ ဆိုထား၍ အဟိတ်ပဋိသန္ဓေဖြစ်သောကြောင့် အရိယာ မဖြစ်ထိုက်သောစာရင်းတွင် ပါပါသည်။ ထိုသို့ပါပါလျက် အဘယ်ကြောင့် သောတာပန်ဖြစ်နိုင်ပါသလဲ ဘုရား။ အည့်စား အဟိတ်ပုဂ္ဂိုလ်တောင် အရိယာဖြစ်နိုင်လျှင် သုဂတိအဟိတ်၊ ဒွိဟိတ်ပုဂ္ဂိုလ်တို့အတွက် ဆိုဖွယ်မရှိဟု ထင်မိပါသည်။ ကျေးဇူးပြု၍ ဖြေကြားပေးတော်မူပါဘုရား။

ရှင်ပဏ္ဍိတ (မြောင်)

www.dhammaransi.com

ဖြေ။ ။ အဟိတ်ပုဂ္ဂိုလ်၊ သုဂတိအဟိတ်ပုဂ္ဂိုလ်၊ ဒွိဟိတ်ပုဂ္ဂိုလ်တို့ မဂ်ဖိုလ် မရနိုင်ကြောင်း အဘိဓမ္မာက ဆိုပါသည်။ သို့သော် ဓမ္မပဒလာ ကာဠုယက္ခိနီသည် အဟိတ်ပဋိသန္ဓေနေသော ပုဂ္ဂိုလ် မဟုတ်ပါ။ အချို့ ဘီလူး၊ ပြိတ္တာ စသည့် ဝိနိပါတိက၊ ဝေမာနိကသတ္တဝါတို့သည် တိဟိတ် ပဋိသန္ဓေနေသော အထက်တန်းစားများဖြစ်၍ မဂ်ဖိုလ် ရနိုင်ကြပါသည်။ အင်္ဂုတ္တရ အဋ္ဌကထာ (အံ ဋ္ဌ ၃၊ ၁၆၃)၊ သုတ်မဟာဝါအဋ္ဌကထာ (ဒီ ဋ္ဌ ၂–၁၀၀)တို့တွင် ဝိနိပါတိက အသုရာအကြောင်း ဖွင့်ဆိုရာတွင် အပါယ် လေးဘုံမှလွတ်သော ဥတ္တရ မာတာ၊ ပိယင်္ကရမာတာ၊ ဖုဿမိတ္တာ၊ ဓမ္မ ဂုတ္တာ စသော ဝေမာနိကပြိတ္တာတို့သည် အဝါ၊ အဖြူ၊ အညို၊ ကြမ်းပိုးရေ အဆင်း၊ ရွှေရောင်အဆင်း စသော အရောင်အဆင်းဖြင့်လည်းကောင်း၊ အပိန်၊ အဝ၊ အတို၊ အရှည်၊ ကိုယ်နေကိုယ်ဟန်ဖြင့်လည်းကောင်း၊ ခန္ဓာ ကိုယ် အမျိုးမျိုးရှိသကဲ့သို့ ပဋိသန္ဓေသညာသည်လည်း ဒွိဟိတ်၊ တိဟိတ်၊ အဟိတ်တို့၏ အစွမ်းဖြင့် အမျိုးမျိုးပင် ဖြစ်ကြသည်။ ထို့ကြောင့် ထိုဝေမာ နိက ပြိတ္တာတို့သည် နတ်တို့ကဲ့သို့ တန်ခိုးမကြီးကုန်သော်လည်း စတုမဟာ ရာဇ်ဘုံ၌ အကျုံးဝင်ကုန်၏။ မဂ်ဖိုလ်တရားထူးကို ရနိုင်ကုန်၏။ ဓမ္မပဒ လာ ကာဠီဘီလူးမ၊ အဋ္ဌကထာတို့လာ ဥတ္တရမာတာ၊ ပိယင်္ကရမာတာ၊ ဝေမာနိကပြိတ္တာမတို့သည် တိဟိတ်ပဋိသန္ဓေ နေသူများဖြစ်ကြ၍ မဂ်ဖိုလ် ရနိုင်ကြလေသည်။

*

## အမျှဝေခြင်းနှင့် အရဟံဂုဏ်တော်အနက်

မေး။ ။ အရှင်ဘုရား၊

မြို့တစ်မြို့တွင် ကွယ်လွန်သွားသော မိဘအတွက် အခြားတစ်မြို့ မှ ရည်စူးလှူဒါန်း၍ အမျှပေးဝေနိုင်၊ မပေးဝေနိုင်၊ မိဘများအတွက် နှစ်

www.dhammaransi.com

စဉ် ရည်စူး၍လှူဒါန်းရာတွင် ကွယ်လွန်သောနေ့အတိအကျ လုပ်မှဖြစ်သည်၊ မဖြစ်သည် သိလိုပါသည်။ ထို့မှတစ်ပါး အရဟံဂုဏ်တော်အနက်ကို ငယ်စဉ်က ကိလေသာရန်သူတို့ကို သတ်တော်မူထသော မြတ်စွာဘုရား၊ဟု သိထားပါသည်။ ယခု လူနတ်ပြဟ္မာတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရားဟု တွေ့မြင်ဖတ်ရှုနေရပါသည်။ မည်သည်က မှန်ပါသလဲ ဘုရား။

ဦးခင်မောင်သိမ်း၊ သန်လျင်မြို့

ဖြေ။ ။ လှူမျှဝေ၍ဟူသော သားသမီးကျင့်ဝတ်အရ သားသမီးများသည် ကွယ်လွန်၍သွားသော မိဘများအတွက် နီးသည်၊ ဝေးသည်မဟူ မိမိနေရာဒေသမှ အလှူလုပ်တိုင်း အမျှပေးဝေရပါမည်။ ကွယ်လွန်သောနေ့ အတိအကျမှ မဟုတ်၊ သတိရတိုင်းပင် လှူဒါန်း၍ အမျှပေးသင့်ပါသည်။ အရဟံဂုဏ်တော်၌ အရဟံဟူသော ပါဠိကို အရ–ဟံဟု ပုဒ်ဖြတ်လျှင် ကိလေသာရန်သူတို့ကို အကြွင်းမဲ့သတ်တော်မူသော မြတ်စွာဘုရားဟု အဓိပ္ပာယ်ရ၍ အရဟံဟု တစ်ဆက်တည်းဆိုပါမူ လူနတ်ပြဟ္မာသတ္တဝါတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရားဟု အဓိပ္ပာယ်ရပါသည်။ ထို့ပြင် အ–ရဟံဟု ပုဒ်ဖြတ်ပါမူ မကောင်းမှုပြုစရာ၊ ဆိတ်ကွယ်ရာ ရှိတော်မမူသော မြတ်စွာဘုရားဟု အဓိပ္ပာယ်ရပါသေးသည်။ ထိုအဓိပ္ပာယ် ၃ မျိုးကို နှလုံးသွင်း၍ "အရ–ဟံ၊ အရဟံ၊ အ–ရဟံ"ဟု ပုတီးတစ်လုံးစီချ၍ ၁၀၈ လုံး ပုတီးကို ၃၆ သုံးလီ ၁၀၈ အကိုက်ကျအောင် စိပ်သူများ ရှိကြပါသည်။

*

# သံဃာကို ကိုးကွယ်ခြင်း

မေး။ ။အရှင်ဘုရား၊

"သံဃံ သရဏံ ဂစ္ဆာမိ၊ သံဃာတော်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏"ဟူသော စကား၏အဓိပ္ပာယ်ကို ရှင်းလင်းအောင် အသေးစိတ်ဖော်ပြပေးပါ အရှင်ဘုရား။

မဖြူ (မန္တလေး)

ဖြေ။ ။ သံဃာဟူသည်မှာ မြတ်စွာဘုရားလက်ထက် အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်၊ အရှင်မဟာကဿပ၊ အရှင်အာနန္ဒာမှစ၍ ယခုအထိ ရှိနေကြသော ရဟန်းသာမဏေအားလုံး ပါဝင်ပါသည်။ သံဃာဟု ဆိုလျှင် ဦးတိဿ၊ ဦးနာဂ စသော ပုဂ္ဂိုလ်တစ်ပါးတလေကို မမြင်ရ။ သံဃာအစုအဝေးကြီးတစ်ခုလုံးကိုသာ မြင်ကြရမည်။ သံဃာဟူသော အစုအဝေး၊ အဖွဲ့အစည်းကြီးတွင် အလဇ္ဇီ ဒုဿီလ အတုအယောင်ဟူ၍ မရှိ။ သုပ္ပဋိပန္နတာ စသော ဂုဏ်ရှင်များဖြစ်၍ စင်ကြယ်သန့်ရှင်းကြသည်ချည်း ဖြစ်သည်။ ဤကဲ့သို့ သံဃာအား လှူဒါန်းလျှင် အလဇ္ဇီဒုဿီလ မရှိ၍ အလှူခံဖက်မှ အထူးစင်ကြယ်ပါသည်။ ထို့ကြောင့် ဆွမ်းလောင်းရာတွင်ဖြစ်စေ၊ ဆွမ်းစသည် ကပ်လှူရာတွင်ဖြစ်စေ ပုဂ္ဂိုလ်တစ်ဦးတလေကို မသုံးသပ်ဘဲ ထိုကဲ့သို့ သံဃာအစုအဝေးကြီးကို သုံးသပ်နိုင်အောင် နှလုံးသွင်းဖို့ လိုအပ်ပါသည်။ သို့မှသာ သံဃာအစစ်အမှန်ကို ကိုးကွယ်ဆည်းကပ်ရာ ရောက်ပါသည်။

*

# စကြာမင်းစေတီ

မေး။ ။အရှင်ဘုရား၊

စေတီတည်ထိုက်သူပုဂ္ဂိုလ်လေးဦးတွင် အဘယ်ကြောင့် စကြာမင်းပါဝင်၍ ထိုစကြာမင်းသည် မည်သို့သော ဂုဏ်သီလရှိ၍ စေတီတည်ထိုက်

လျက် ထိုစေတီကို ရဟန်းတို့က ရှိခိုးထိုက်၊ မထိုက် သိလိုပါသည်။ ဖြေကြားပေးတော်မူပါဘုရား။

သတိုးသိန်း‌ဇံ (တောင်ကုတ်)

ဖြေ။ ။ စကြာမင်းဟူသည်မှာ လူ့လောကကို ငါးပါးသီလ (ပဉ္စသီလ) ဖြင့် အုပ်ချုပ်ပါသည်။ စကြာမင်းဖြစ်သောခေတ်မှာ သာသနာပ ကာလဖြစ်၍ လူများ သီလမသိ၊ ကုသိုလ်မရှိ ဖြစ်နေသည်။ ထို့ကြောင့် လူ့လောကကို ငါးပါးသီလ၌ တည်စေ၍ ဒါနစသော ကောင်းမှုများကို ပြုစေလျက် လောကကို အုပ်ချုပ်သည်။ ထိုသို့ အုပ်ချုပ်သဖြင့် လူတို့ တမလွန်ဘဝတွင် နတ်ပြည်စသော ကောင်းရာသုဂတိကို ရောက်ကြရပါ သည်။ ထိုသို့ လူ့လောကကို လွန်စွာ ကျေးဇူးများသဖြင့် စကြာမင်း ကွယ်လွန်သော် စေတီတည်၍ ကိုးကွယ်ကြပါသည်။ သာသနာပကာလ ဖြစ်၍ ရဟန်းတို့ မရှိသဖြင့် ရဟန်းတို့ ရှိခိုးထိုက်၊ မထိုက် ပြဿနာ မရှိပါ။

*

## အစိမ္မေ့ယျ ဘုရားရှိခိုးဆုတောင်း

မေး။ ။ အရှင်ဘုရား၊

အစိမ္မေ့ယျလေးပါး ဘုရားရှိခိုးဆုတောင်းကို အမျိုးသမီးများ ဆုတောင်း၍ ရပါသလား။ တပည့်တော် ၎င်းဘုရားရှိခိုးဆုတောင်း၍ အားပါးတရ နံနက်တိုင်း ရွတ်ဆိုဆုတောင်းရာ ဖခင်ဖြစ်သူက ဘုရားဆု ပန်သည်ဟု ထင်သဖြင့် အမျိုးသမီးများ မဆိုသင့်ကြောင်း ပြောပါသည်။ ရွတ်ဆိုသင့်၊ မသင့်ကို သိလိုပါသည် ဘုရား။

မရွှေဝင်း (ကျောက်ကုန်းမြို့)

www.dhammaransi.com

ဖြေ။ ။ အတုမရှိသောအဆင်းတော်၊ စကားတော်၊ ဉာဏ်တော်၊ တန်ခိုးတော်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို ရှိခိုးပါ၏။ ထိုကောင်းမှုကြောင့် တပည့်တော်သည် အတုမရှိသော အဆင်း၊ စကား၊ ဉာဏ်၊ တန်ခိုးတို့နှင့် ပြည့်စုံရပါလို၏ဟု အဓိပ္ပာယ်ရှိသည့် အစိန္တေယျ ဘုရားရှိခိုးကို ရှိခိုးဆုတောင်းခြင်းသည် ဘုရားဆုတောင်းခြင်း မဟုတ်ပါ။ မြတ်စွာဘုရား၏ အဆင်းတော်၊ စကားတော်၊ ဉာဏ်တော်၊ တန်ခိုးတော်တို့ကို အားကျ၍ ထိုကဲ့သို့ ဖြစ်လိုကြောင်း တောင့်တခြင်းသာ ဖြစ်သည်။ မြတ်စွာဘုရားကို မှန်ရှူ၍ ဆုတောင်းသော ကျွန်မကလေးပုဏ္ဏာသည် "ဤကောင်းမှုကြောင့် အရှင်ဘုရားသိသော တရားကို သိရပါလို၏"ဟု ဆုတောင်းပါသည်။ "တပည့်တော် သဗ္ဗညုတဉာဏ်ရှင် မြတ်စွာဘုရား ဖြစ်ရပါလို၏"ဟု မဆိုလို။ "ရဟန္တာဖြစ်ရပါလို၏"ဟုသာ ဆိုလိုပါသည်။ မည်သို့ပင်ဖြစ်စေ၊ မြတ်စွာဘုရား၏ ရေမီးအစုံတန်ခိုးပြပွဲ၌ ရောက်လာကြသူမိန်းမ၊ ယောကျ်ားအားလုံးလိုလိုပင် ဘုရားအဖြစ်ကိုမတောင့်တ၊ ဆုမတောင်းကြသူဟူ၍ မရှိဟူသော ဗုဒ္ဓဝင်စကားအရ ပြည့်သည်၊ မပြည့်သည်ထား၊ အားကျဆုတောင်းမှုမှာ မလွန်ပါဟု ပြောလိုပါသည်။

*

## မြတ်စွာဘုရားကို ချီးမွမ်းစကား

မေး။ ။ အရှင်ဘုရား၊

သုတ်ပါဠိတော်များအဆုံးတွင် မြတ်စွာဘုရားကို တရားနာယူသူက "အရှင်ဂေါတမ အလွန်နှစ်သက်ဖွယ်ရှိစွ၊ မှောက်ထားသောအိုးကို လှန်ပြသကဲ့သို့၊ ဖုံးထားသောအရာကို ဖွင့်လှစ်ပြသကဲ့သို့"စသည်ဖြင့် ချီးမွမ်းစကားဆိုရာဝယ် သုတ်တိုင်းပင် ထပ်တူဖြစ်နေသည်ကို တွေ့ရပါသည်။ ထိုစကားကို လျှောက်ထားရာတွင် တစ်ပြိုင်နက်လျှောက်ထား

www.dhammaransi.com

သည်လည်းမဟုတ်၊ လျှောက်ထားသောပုဂ္ဂိုလ် တူသည်လည်း မဟုတ်ပါဘဲလျက် အဘယ်ကြောင့် ထပ်တူဖြစ်ရပါသလဲ ဘုရား။

ဟံသာဝတီ ရှင်သာသန

ဖြေ။ ။ ပါဠိတော်များထုံးစံမှာ အကြောင်းအရာတူ၊ ဆိုလိုရင်းတူလျှင် ပါဠိပုဒ်ချင်း ထပ်တူဖြစ်လေ့ရှိပါသည်။ ဤသည်မှာလည်း ဘုရားလက်ထက်မှစ၍ တတိယ သင်္ဂါယနာအထိ ပါဠိတော်များကို စာအက္ခရာဖြင့် မရေးမဆောင်၊ နှုတ်ဖြင့်သာ ဆောင်လေ့ရှိခဲ့သည်။ ထို့ကြောင့် အကြောင်းအရာတူလျှင် ပါဠိပုဒ်ချင်းအတူသာ ရွတ်ဆိုဆောင်ယူခဲ့သဖြင့် ဤသို့ ဖြစ်ရပါသည်။ ဤနည်းတူပင် မြတ်စွာဘုရား၏ ကျော်စောသတင်းကို ကြားသိရပုံ၌လည်း "ဣတိပိသော ဘဂဝါ အရဟံ"စသော သုတ်တော်တိုင်း တူကြသည်။ မြတ်စွာဘုရား ဒုက္ကရစရိယာ ၆ နှစ်ကျင့်ရာတွင် တိတ္ထိတို့၏အကျင့်တို့ကို ကျင့်သုံးခဲ့ကြောင်းဆိုရာ၌လည်း တိတ္ထိတို့၏ ပဥ္စာတပအကျင့်စသည်ဆိုင်ရာ ပါဠိများကို ဆိုထားပါသည်။ ဤသည်မှာ ဘာဏကဆောင်တို့ ပါဠိတူရွတ်ဆိုဆောင်ရွက်မှုများဖြစ်၍ အကြောင်းအရာတူလျှင် ပါဠိတူ ဖြစ်နေလေ့ရှိသည်ဟု မှတ်သားသင့်ပါသည်။

*

## ရှစ်ပါးသီလနှင့် ငါးပါးသီလ

မေး။ ။ အရှင်ဘုရား၊

ဆရာတော်တစ်ပါးသည် ဆွမ်းကျွေးအလှူတစ်ခု၌ ပရိသတ်ကို ရှစ်ပါးသီလပေး၍ ဤရှစ်ပါးသီလသည် ယခု တရားနာနေစဉ်သာ ရှစ်ပါးသီလဖြစ်သည်။ တရားနာပြီး ပြန်သွားပါက ငါးပါးသီလ ထိန်းနိုင်ပါသည်ဟု ဩဝါဒပေး ညွှန်ကြားပါသည်။ ယင်းမှာ တရားတော်နှင့် လျော်ကန်ညီညွတ်မှု ရှိသည်၊ မရှိသည်ကို ရှင်းလင်းပေးတော်မူပါ ဘုရား။

ဦးလှမောင် (အငြိမ်းစား)၊ ဇေယျာဝတီမြို့သစ်၊ ဖြူးမြို့

www.dhammaransi.com

ဖြေ။ ။ ရှစ်ပါးသီလသည် ကာလပရိယန္တသီလ ဖြစ်ပါသည်။ မည်သို့မျှ အာဘောဂ မထားဘဲ ခံယူပါက ယနေ့ခံယူသည့် သီလသည် နောက်တစ်နေ့ အရုဏ်တက်ချိန်တွင် အလိုလို ပျက်ပြယ်သွားပါသည်။ ဤရှစ်ပါးသီလကို ၁၅ ရက်၊ တစ်လ၊ ၄၅ ရက် စသည် အာဘောဂထား၍ ခံယူပါက အာဘောဂထားသလောက် တည်နေနိုင်ပါသည်။ နေ့စဉ် ခံယူရန်ပင် မလိုပါ။ ခံယူဆဲ အခိုက်အတံ့၊ နံနက်ပိုင်းအချိန်၊ ကျောင်းပရိဝုဏ်အတွင်း စသည့် အာဘောဂထားလျှင်လည်း ထားသလောက်သာ တည်ပါသည်။ ထို့နောက် ငါးပါးသီလကို ဆက်ထိန်းသွားနိုင်ပါသည်။ ထို့ကြောင့် ထိုဆရာတော်ဘုရား၏ ဩဝါဒမှာ ကျမ်းဂန်နှင့် လျော်ကန်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

*

## နတ်သမီးများနှင့် သားသမီးကိစ္စ

မေး။ ။အရှင်ဘုရား၊

တပည့်တော် မသိနားမလည်သည်ကို တိုရှင်းလိုရင်း မေးခွင့်ပြုတော်မူပါ ဘုရား။ အထက် နတ်ပြည်တွင် နတ်သား၊ နတ်သမီးများရှိ၍ စည်းစိမ်ခံစားကြသည်ဟု ဆိုပါသည်။ ထိုနတ်သား၊ နတ်သမီးများသည် ကိုယ်ဝန်ဆောင်ခြင်း၊ သားဖွားခြင်း ရှိ၊ မရှိ သိလိုပါသည်။ ဖြေကြားတော်မူပါဘုရား။

မောင်ဝေလင်းထက်၊ ပန်းတောင်းမြို့နယ်

ဖြေ။ ။ ဥပပတ္တိပဋိသန္ဓေ=ကိုယ်ထင်ရှားဖြစ်ခြင်း၊ သံသေဒဇပဋိသန္ဓေ= အညှိကိုစွဲ၍ဖြစ်ခြင်း၊ ဇလာဗုဇပဋိသန္ဓေ=သားအိမ်၌ဖြစ်ခြင်းနှင့် အဏ္ဍဇပဋိသန္ဓေ= အဥ၌ဖြစ်ခြင်းဟူ၍ ပဋိသန္ဓေလေးမျိုးရှိရာတွင် စတုမဟာရာဇ်နတ်ပြည်မှစ၍ အထက်နတ်များသည် ဥပပတ္တိပဋိသန္ဓေ နေသူများဖြစ်၍ ကိုယ်ဝန်ဆောင်ခြင်း၊ သားဖွားခြင်း ကိစ္စမရှိပါ။ နတ်သားများ

www.dhammaransi.com

မှာ ၂၀ အရွယ်၊ နတ်သမီးများမှာ ၁၆ နှစ်အရွယ် ဝတ်စားတန်ဆာဒွါဒရာ အစုံဖြင့် ကိုယ်ထင်ရှား ဘွားခနဲ ဖြစ်ကြသည်ဟု ဆိုပါသည်။ သားသမီးဖြစ်မည့်သူသည် မိဘဖြစ်မည့်သူ၏ ရင်ခွင်၌၊ ဇနီးမယားဖြစ်မည့်သူသည် အိပ်ခန်းစက်ရာ၌၊ အစေအပါးဖြစ်မည့် သူသည် ဗိမာန်တစ်နေရာရာ၌ ဖြစ်ကြရသည်ဟု ကျမ်းဂန်လာရှိပါသည်။ သို့သော် တန်ခိုးနည်းသော လူ့ပြည်ရှိ ရက္ခစိုး၊ ဘုမ္မစိုးနတ်အချို့မှာ လူတို့ကဲ့သို့ ဇလာဗုဇပဋိသန္ဓေ ဖြစ်မှုလည်း ရှိကြောင်းဆိုပါသည်။

*

## ခေတ်သုံးပါး

မေး။ ။ အရှင်ဘုရား၊

ကျမ်းဂန်များတွင်ပါသော ဇာတိခေတ်၊ အာဏာခေတ်၊ ဝိသယ ခေတ်ဟူသည့် ခေတ်သုံးပါးကို တပည့်တော်များ နားလည်အောင် ဖြေ ကြားပေးတော်မူပါဘုရား။

ဦးဘဆိုင်(အငြိမ်းစား)၊ တောင်တွင်းကြီးမြို့

ဖြေ။ ။ စကြဝဠာအနန္တ ရှိရာတွင် မြတ်စွာဘုရားဖွားတော်မူချိန်စသည်၌ အတူတကွတုန်လှုပ်ခြင်း၊ အတူတကွပျက်ခြင်းစသော ဖြစ်ဖော်ဖြစ် ဖက်၊ ပျက်ဖော်ပျက်ဖက် စကြဝဠာတစ်သောင်းသည် ဇာတိခေတ်မည်၏။ မြတ်စွာဘုရား၏ ပရိတ်တော် စသည်တန်ခိုးအာဏာ ပျံ့နှံ့ရာဖြစ်သော စကြဝဠာကုဋေတစ်သိန်းသည် အာဏာခေတ် မည်၏။ မြတ်စွာဘုရား၏ ဉာဏ်တော်ကွန့်မြူးရာဖြစ်သော အတိုင်းအရှည်မသိ၊ မရေတွက်နိုင်သော စကြဝဠာအနန္တသည် ဝိသယခေတ် မည်၏။ ဤသို့ မှတ်သားသင့်ပါ သည်။

*

## ဆွမ်းအကျိုး၊ ရေအကျိုး

မေး။ ။အရှင်ဘုရား၊

ဆွမ်းအကျိုးငါးပါး၊ ရေအကျိုးဆယ်ပါးဟု သူတစ်ပါးပြောသံသာ ကြားဖူးပါသည်။ ၎င်းအကျိုးတရားများကို ခွဲခွဲခြားခြား သိနိုင်အောင် ဖြေကြားပေးတော်မူပါဘုရား။

မောင်လှိုင်ကျော်ကျော်၊ ပေါက်ခေါင်းမြို့

ဖြေ။ ။ အောက်ပါ သံပေါက်လင်္ကာကလေးများကို ကျက်မှတ်ထားလျှင် အမြဲတမ်း မှတ်မိနေပါလိမ့်မည်။

၁။ သက်ရှည် ဆင်းလှ၊ ချမ်းသာရ၊ ဗလ ဉာဏ်ပညာ။

၂။ ဆွမ်းလှူကျိုးများ၊ ဤငါးပါး၊ မှတ်သားထားသင့်ပါ။

၃။ စင်ကြယ် လျင်မြန်၊ ကျော်စောသံ၊ ခြံရံ မွတ်သိပ်ကွာ။

၄။ ဆွမ်းအကျိုးတွင်၊ ဤငါးအင်၊ ထည့်လျှင် ရေကျိုးပါ။

၅။ ပညာရှိများ၊ ရေးစီထား၊ မှတ်သားကောင်းမွန်စွာ။

*

## ဘုရားပူဇော်ခြင်း

မေး။ ။အရှင်ဘုရား၊

မည်သို့သော အင်္ဂါရပ်များဖြင့် ပြည့်စုံ၍ မည်သို့စီစဉ်ထုလုပ်ထားသော ဗုဒ္ဓရုပ်ပွားတော်မြတ်ကို မိမိနေအိမ်၌ ပူဇော်သင့်ပါသလဲ ဘုရား။ မြဆင်းတု၊ ကျောက်စိမ်းဆင်းတုများကို နေအိမ်တွင် မပူဇော်ကောင်းဟူသော စကားသည် အမှန်ဖြစ်ပါသလား ဘုရား။ လောကီအစီအရင်များ နေ့သင့်၊ နံသင့် သစ်သားများဖြင့် ဆင်းတုတော်များကို စီရင်ပူဇော်သင့်ပါသလား ဘုရား။

မောင်ထွန်းတင့်ဝေ (ပေါက်တော)၊ အင်းစိန်မြို့

ဖြေ။ ။ ဘုရားရုပ်ပွားဆင်းတုတော်များကို မြတ်စွာဘုရား ပရိနိဗ္ဗာန်စံ
ဝင်တော်မူပြီးနောက် နှစ်ပေါင်း ၅၀၀ ခန့် ကြာမြင့်မှ ထုလုပ်ကိုးကွယ်မှု ပြုခဲ့ကြသည်။ ထို့ကြောင့် မြတ်စွာဘုရားကို ဖူးမြင်ဖူးသူမရှိ၊ လက္ခဏာသုတ်အရ မြင်နိုင်သော အပဗဟိဒ္ဓလက္ခဏာတော် ၂၀ ခန့်ကိုသာ ခန့်မှန်း၍ ဘုရားပုံတော် ထုလုပ်ကြသည်ဟု ဆိုပါသည်။ အများအားဖြင့် မြန်မာလူမျိုးတို့သည် ဘူမိဖဿမုဒြာပုံတော်ကို ကိုးကွယ်ကြလေ့ ရှိပါသည်။ ယင်းပုံတော်၌ မောက်သော ဦးထိပ်တော်၊ ဝန်းသောနဖူးတော်၊ ရှည်သောနားတော်၊ ပြည့်ဖြိုးသော ပါးတော်၊ မေးတော်၊ ပခုံးတော်၊ ရင်ညွှန့်တော်၊ လက်မောင်းတော်၊ လက်ဖဝါး၊ ခြေဖဝါးတော်တို့ကို ပုံဖော်၍ လက်တော်တစ်ဖက်ကို လှန်လျက်၊ လက်တော်တစ်ဖက်ကို စမ္ပခဏ်သို့ ထိလျက် (သို့မဟုတ် ပထဝီမြေကြီးကိုထိလျက်)ထုလုပ်ထားပါသည်။ ဗောဓိပင်နှင့် ရွှေပလ္လင်တော်၌ မာရ်နတ်ရန်ကို အောင်မြင်တော်မူသောပုံ (အောင်တော်မူပုံ)ပင် ဖြစ်ပါသည်။ ဤသို့ ဘူမိဖဿ စသော ရုပ်ပွားတော်၊ ရုပ်တုတော်များ၌ ဖော်ပြပါအင်္ဂါရပ်များနှင့် ပြည့်စုံ၍ ဗုဒ္ဓရုပ်သွင် ပီပြင်တင့်တယ်သပ္ပာယ်ခြင်းရှိပါက ရွှေ၊ ငွေ၊ ကျောက်၊ သံ၊ ဖန်၊ မှန်၊ သစ်သား မည်သည့်အမျိုးအစားဖြင့်ပင် ထုလုပ် ထုလုပ်၊ ကိုးကွယ်ပူဇော်သင့်ပါသည်။ လောကီအစီအရင် စသည်များမှာ ဗုဒ္ဓဘာသာ သမ္မာနွယ်ဝင်သူတော်စင်တို့၏ အလေ့အလာ မဟုတ်ပါကြောင်း ဖြေကြားအပ်ပါသည်။

*

## သစ်သီးပေးခြင်း၊ ပန်းပေးခြင်း

မေး။ ။ အရှင်ဘုရား၊

ကြည်ညိုထိုက်သော ရဟန်းတော်များဟူသော ဆောင်းပါးကို ဖတ်ရ၍ ဆရာတော်များ ဆေး၊ ပန်း၊ သစ်သီးပေးခြင်းတို့ကို ရှောင်တော်မူကြကြောင်း သိရှိရပါသည်။ ထိုဆေး၊ ပန်း၊ သစ်သီးတို့ကို ပေးမိပါက ပေးသူ

ရဟန်းတွင် မည်သို့အပြစ်ရှိ၍ လက်ခံမိသူ ဒါယကာ၊ ဒါယိကာမတို့တွင်လည်း မည်သို့အပြစ်ရှိပါသလဲ ဘုရား။ အပြစ်ရှိပါက မည်သို့ ဖြေဖျောက်ရပါမည်နည်း ဘုရား။ ဖြေကြားပေးပါဘုရား။

မထူးထူးအေး၊ ဖျာပုံမြို့

ဖြေ။ ။ ဒါယကာ၊ ဒါယိကာမတို့အား သစ်သီး၊ ပန်း၊ ဆေး စသော အာမိသတို့ကို ပေးခြင်းကြောင့် ရဟန်းတို့၌ ကုလဒူသန ဒုက္ကဋ် အာပတ်သင့်သည်။ ကုလဒူသနဟူသည်မှာ ဒါယကာ၊ ဒါယိကာမတို့၏ သဒ္ဓါတရား အစစ်အမှန်ကို ဖျက်ဆီးခြင်းပင် ဖြစ်သည်။ မူလက သာသနာတော်နှင့် သံဃာတော်တို့အား ကြည်ညိုနေမှုကို ပန်း၊ သစ်သီး စသည် ပေးမှုကြောင့် ခင်မင်၍ ပေးကမ်းလှူဒါန်းခြင်း ဖြစ်သွားကာ သဒ္ဓါ အစစ်အမှန် ပျက်စီးသွားလေပြီ။ ထိုသို့ ကုလဒူသနမှုကြောင့် ပေးကမ်းသော ရဟန်းမှာ အာပတ်သင့်၍ (အာပတ်ကို ဒေသနာတော်ကြား၍ ကုစားနိုင်သော်လည်း)ထိုကိစ္စကြောင့် ရသော ဆွမ်း၊ သင်္ကန်း စသည်တို့ကို မိမိလည်း မသုံးအပ်။ အခြားသီတင်းသုံးဖော်များလည်း မသုံးအပ်တော့ချေ။ ဒါယကာ၊ ဒါယိကာမတို့မှာလည်း ထိုသို့ ပေးကမ်းမှုကြောင့် လှူဒါန်းသမျှမှာ သဒ္ဓါဖြင့် လှူဒါန်းမှု မဟုတ်တော့၍ ကုသိုလ်ရသင့်သလောက် မရနိုင်တော့။ ချစ်၍ပေးခြင်း၊ ခင်၍ ပေးခြင်းမျိုးသာ ဖြစ်နေပေတော့သည်။ ရဟန်းပေးသော ပစ္စည်းကို သုံးစွဲမိလျှင်လည်း မိမိနှင့် မထိုက်တန်သော သံဃာ့ပစ္စည်းကို သုံးစွဲခြင်း ဖြစ်သဖြင့် အကုသိုလ် ဖြစ်ဖွယ်ရာသာရှိပေသည်။ ထို့ကြောင့် ရဟန်းထံမှ ကုလဒူသနမှုဖြင့် ပေးကမ်းသည်တို့ကို လက်မခံမိအောင် သတိပြုသင့်ပေသည်။ (ရဟန်းတို့က မိဘစသည် ပေးထိုက်သောသူများလည်း ရှိပါသေးသည်။ ကျယ်ဝန်းလှ၏။ နီးစပ်ရာ သံဃာတော်များထံ လျှောက်ထား၍ လေ့လာမှတ်သားသင့်ပါသည်။)

*

# အညှို့၊ အဖျဉ်း၊ အရိုးစုကမ္မဋ္ဌာန်း

မေး။ ။ အရှင်ဘုရား၊

၃၂ ကောဋ္ဌာသကမ္မဋ္ဌာန်းတွင် ပါရှိသော အဖျဉ်းတို့သည် ခန္ဓာ၏ မည်သည့်နေရာရှိ (ယခု မည်သို့ခေါ်)သည့် အစိတ်အပိုင်းများ ဖြစ်သည် ကို သိလိုပါသည်။

ဘုရားရှင်ဟောပြခဲ့သောကမ္မဋ္ဌာန်းလေးဆယ်တွင် အရိုးစုကမ္မဋ္ဌာန်း ပါ၊ မပါနှင့် ပါသည်ဆိုပါက ထိုကမ္မဋ္ဌာန်းပွားများပုံနည်းစနစ်ကို သိလို ပါသည် ဘုရား။

မောင်နေလင်း။

ဖြေ။ ။ ၃၂ ကောဋ္ဌာသ ကမ္မဋ္ဌာန်းတွင် ပါရှိသော ဝက္က–အညှို့ဟူသည် မှာ ယခုကျောက်ကပ်ခေါ်သော ခါးနောက်ပိုင်း၌ တည်သည့်အဖို့ အစုပင် ဖြစ်ပါသည်။ မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး၏ ပရမတ္ထ သံဒေနီကျမ်း (ကမ္မဋ္ဌာန်းပိုင်း)၃၀၉ တွင် "ဝက္က– ကာသစ်စေ့နယ်၊ စဉ်းငယ် နီမှု၊ တန္တုတညှာ၊ နှစ်မြွာသရက်၊ လည်မှသက်သည့်၊ အချက်နှစ်ခု၊ ကျော ဖွဲ့ပြုလျက်၊ ဝတ္ထုပတ်လည်၊ ရံ၍တည်သော၊ အညှို့ကျောက်ကပ် မည် သည်"ဟု ဆိုပါသည်။ အဖျဉ်းဆိုသည်ကား ယခု သရက်ရွက်ခေါ်သော ဝတ္ထုဖြစ်၍ "ကြောင်ပန်းပွင့်သွင်၊ ညိုရောင်ထင်သော၊ သတ္တဂုံလာ၊ နွား လျှာပုံတူ၊ ဂတ္ထု ဝဲဘက်၊ သရက်ရွက်ဝန်းလျှာ၊ ဘေသညာတွင်သော အဖျဉ်းအစုသည်"စသည်ဖြင့် ၎င်းကျမ်းမှာပင် ပြထားသဖြင့် အဖျဉ်းမှာ ယခုသရက်ရွက်ခေါ်၍ ဝဲဘက်ရင်အောက်တွင် ရှိသော အဖို့အစု ဝတ္ထု တစ်မျိုးဖြစ်ကြောင်း မှတ်သားနိုင်ပါသည်။

အဋ္ဌိက ကမ္မဋ္ဌာန်းသည် အသုဘ ၁၀ ပါးတွင် ပါဝင်၍ ပွားများပုံ မှာ လွန်စွာကျယ်ဝန်းပါသည်။ ရွှေကျင်ဆရာတော်ဘုရားကြီးက ကိုယ်တွေ့ ပွားများ စီးဖြန်းပုံများကို အသုဘကမ္မဋ္ဌာန်းကျမ်းဟူ၍ပင် တစ်ကျမ်း

www.dhammaransi.com

တစ်ဖွဲ့ စီရင်တော်မူထားခဲ့ပါသည်။ အကျယ်ကို သိလိုလျှင် ထိုကျမ်းကို ရှာဖွေဖတ်ရှုပါလေ။ (ပရမတ္ထဗောဓနီတွင် အဋ္ဌက ကမ္မဋ္ဌာန်း အကျဉ်းပြထားသည်မှာပင် ၇ မျက်နှာခန့် ရှိပေသည်။ ၎င်း ၂၃၅ တွင် ရှုပါ။)

*

## ကမ္မဝါစာနှင့် ပရိတ်

မေး။ ။အရှင်ဘုရား၊

ကမ္မဝါစာသည် ဘုရားရှင်၏မုက္ခပါဠိတော်အစစ် ဖြစ်ပါသလား (သို့မဟုတ်) ဘယ်ခေတ်၊ ဘယ်ကာလ၊ ဘယ်အချိန်မှာ၊ ဘယ်မထေရ်၊ ဘယ်ပုဂ္ဂိုလ်က၊ ဘယ်သို့သော အကြောင်းအရာဖြင့် အစပြုခဲ့ပါ သလဲ ဘုရား။ တပည့်တော်တို့ မြန်မာလူမျိုးများသည် ရွာပရိတ်နာ၊ ရပ်ကွက်ပရိတ်နာ၊ အိမ်ပရိတ်နာ အစရှိသည်တို့တွင် ပရိတ်တရားတော် နာယူရုံမျှတွင်မကဘဲ ကမ္မဝါစာလေးပါ ညှပ်ဦးမှဟု ပြောကြပါသည်။ ပရိတ်တော်နှင့် ကမ္မဝါစာ ဘယ်လိုခြားနားပါသလဲ။ ဘယ်အရာက ပို၍ အကျိုးအာနိသင် ထိရောက်ပါသလဲ။ ဖြေကြားပေးတော်မူပါ ဘုရား။

စိုးဝင်း(ပန်းချီ)၊ တန့်ဆည်မြို့

ဖြေ။ ။ ကမ္မဝါစာဟူသည် မြတ်စွာဘုရား၏ နှုတ်တော်ထွက် ပါဠိတော် စစ်စစ် ဖြစ်ပါသည်။ သို့သော် ၎င်းမှာ ရဟန်းခံခြင်း၊ သိမ်သမုတ်ခြင်း၊ ကထိန်ခင်းခြင်း၊ ပရိဝါသ်၊ မာနတ်၊ အဗ္ဘာန်သွင်းခြင်းစသော ကံကြီး၊ ကံငယ်ကိစ္စများအတွက် မြတ်စွာဘုရားဟောကြား ခွင့်ပြုတော်မူခဲ့သော ပါဠိတော်များ ဖြစ်ပါသည်။ အန္တရာယ်ကင်းအတွက် ကမ္မဝါစာကို ခွင့်ပြု ဟောကြားတော်မူထားခြင်း မရှိပါ။ အန္တရာယ်ကင်းအတွက်ကား "ပရိသ မန္တတော တာယတိ ရက္ခတီတိ ပရိတ္တံ"ဟူသည်နှင့်အညီ မင်္ဂလသုတ်၊ ရတနသုတ်၊ မေတ္တသုတ် စသည့် ပရိတ်တော်များကို ဟောတော်မူခဲ့ပါသည်။ ကျက်သရေမင်္ဂလာတိုးပွားရန် မင်္ဂလသုတ်၊ ကပ်ရောဂါများကင်း

www.dhammaransi.com

ဝေးရန် ရတနသုတ်၊ အခြောက်အလှန့် အန္တရာယ်များကင်းရန် မေတ္တသုတ် စသည်ဖြင့် ပရိတ် ၁၁ သုတ် ဆိုင်ရာဆိုင်ရာ အကျိုးကျေးဇူးများ လျော်စွာ ရှိပါသည်။ ရွာပရိတ်နှာ၊ ရပ်ကွက်ပရိတ်နှာ၊ အိမ်ပရိတ်နှာ စသည်တို့အတွက် ယင်းပရိတ်တော်များဖြင့်ပင် လုံလောက်ပါသည်။ ကမ္မဝါစာ မလိုပါ။ ကမ္မဝါစာမှာ သိမ်အပိုင်းအခြားအတွင်း သံဃာပြည့်စုံမှ ရွတ်ဖတ်ရသဖြင့် အန္တရာယ်ကင်းပရိတ်များဆိုင်ရာ၌ ရွတ်ဖတ်ရန် မသင့်ပါ။ ပုဂ္ဂလဇ္ဈာသယအားလျော်စွာ အချို့ဆရာတော်ကြီးများ အန္တရာယ်ကင်း ကမ္မဝါတို့ကို စီစဉ်ခဲ့သော်လည်း ပရိတ်တော်ဖြင့်ပင် အန္တရာယ်ကင်း ကိစ္စပြီးနိုင်ပါသည်။ ထို့ကြောင့် ကမ္မဝါစာကို ဖော်ပြပါ ကမ္မာကမ္မ ကိစ္စများမှအပ ကျန်ကိစ္စတို့၌ အသုံးမပြုပါကြောင်း ဖြေကြားအပ်ပါသည်။ (ကမ္မဝါညှပ် ဟူသော ဝေါဟာရမှာ "နှစ်ခုအကြား၌ ညှပ်ထားခြင်း"ဟူသော မြန်မာဝေါဟာရ မဟုတ်၊ ကမ္မဝါစာ၌တွင် "သောဉတ္တိ"ဉတ္တိ= သိစေခြင်း ဟူသော ဉတ်မှမြန်မာအသံညှပ်ဟု ခေါ်ဆိုခြင်းဖြစ်ကြောင်း မှတ်သားသင့်ပါသည်။

* * *

## နတ်နှင့်လူ

မေး။ ။အရှင်ဘုရား၊

အချို့နတ်များသည် တစ်ဦးနှင့်တစ်ဦး ဒေါသစိတ်ဖြင့် ကြည့်ကြရင်း စုတိစိတ်ကျသည်ဟု ဗုဒ္ဓကျမ်းစာများ၌ ဖတ်ရပါသည်။ လူ့ပြည်၌မူ ဒေါသကြီးသူအချို့တို့သည် ကျန်းမာ၍ အသက်ရှည်နေသည်ကို တွေ့ရပါသည်။ ထို့ကြောင့် ဗုဒ္ဓကျမ်းစာအပေါ် သို့လော၊ သို့လော ဖြစ်မိပါသည်။ ထိုကိစ္စနှင့်ပတ်သက်၍ တပည့်တော်မှာ မည်သို့ ယူဆသင့်ကြောင်း လမ်းကောင်းညွှန်ပြပေးစေလိုပါသည် ဘုရား။

မောင်မြင့်ကြည် (မိတ္ထီလာ)

www.dhammaransi.com

ဖြေ။ ။ အချင်းချင်း ဒေါသစိတ်ဖြင့် ကြည့်၍ ဒေါသမီးလောင်ပြီး စုတေသောနတ်ကို မနောပဒေါသိက နတ်ဟုခေါ်သည်။ အပျော်လွန်ကဲပြီး အာဟာရအချိန်မီ မသုံးဆောင်မိ၍ စုတေသောနတ်ကို ခိဍ္ဍာပဒေါသိက နတ်ဟုခေါ်သည်ဟု အဋ္ဌကထာကျမ်းတို့တွင် ပါရှိပါသည်။ နတ်တို့၏ ကိုယ်ခန္ဓာသည် အလွန်သိမ်မွေ့သည်။ ထို့ကြောင့် ဒေါသမီးလောင်ခြင်း အာဟာရ(နတ်သုဓာ)ပြတ်လပ်ခြင်းတို့ကြောင့် စုတေစိတ်ကျနိုင်သည်။ လူတို့ ကိုယ်ခန္ဓာမှာ ကြမ်းတမ်းသည်။ ထို့ကြောင့် အတော်အတန် ဒေါသမီးနှင့် ဆာလောင်ခြင်းတို့ဖြင့် မသေနိုင်ပေ။ ဥပမာအားဖြင့် လဲဝါဂွမ်းမှာ နူးညံ့၍ မီးအနည်းငယ်နှင့် တွေ့လျှင်ပင် လောင်ကျွမ်း၍သွားနိုင်သော်လည်း သစ်တုံး၊ သစ်သားတို့မှာ ကြမ်းတမ်း၍ မီးအနည်းငယ်တွေ့ရုံဖြင့် မလောင်ကျွမ်းနိုင်သကဲ့သို့ မှတ်သားသင့်ပါသည်။

*

## ထမနဲထိုးနည်းကဗျာ

မေး။ ။အရှင်ဘုရား၊

တပို့တွဲ၊ ထမနဲ ထိုးပါလို့။ ။

ဆန် ဆီတို့၊ ဘယ်သို့ ချိန်အတွယ်ပ၊ ထည့်ရမယ်ကဗျာပုဒ်ကို၊ ထုတ်ပြပါဆို။ ။

မန်လည်ဘုရား၊ ရေးသားကဗျာ ရှိသည်ဟု၊ သိပါ၏ ထိုစာကို၊ ရှာလို၏ ရှာမရ။ အရှင်ဘုရားသိထားလျှင် အဖြေရေးလို့ရယ်၊ ပေးစေချင်လှ။ ။

မောင်သုတ၊ ရခိုင်ပြည်နယ်

www.dhammaransi.com

ဖြေ။ ။ ထမနဲထိုးရန်ဖို့၊ စာချိုးလို့ မှာခဲ့မယ်။

တစ်စိတ်ဆန် သည့်ကောက်ညှင်းရယ်နှင့်၊ တစ်ပိဿာဆီ အမှန်သွင်းပါလို့၊ ချင်းက သုံးဆယ်။ မြေပဲဖြူလှော်တစ်ခွက်ကယ်နှင့်၊ အုန်းသီးဆန်အတူဖက်ပါလို့၊ နှမ်းမပျက် ဤနည်းနှယ်၊ ရေစင်ကြယ်ပ ထည့်ရိုး။။

လက်နှစ်သစ်သာပ၊ တွက်စစ်ကာ ချိန်တစ်ဆယ်သားရယ်နှင့်၊ ရောနှော ကာ လူအများတို့ရယ်၊ အားသစ် လို့ထိုး။ ။

(မန်လည်ကဗျာပေါင်းချုပ်ကျမ်းကြီး ၂၉၆ မှ)

*

## နိဗ္ဗာန်အနတ္တ

မေး။ ။ အရှင်ဘုရား၊

အနိစ္စ၊ ဒုက္ခ၊ အနတ္တ တရားတို့ဆိုသည်မှာ တရားကောင်းများမဟုတ်။ အလိုရှိအပ်သော တရားများမဟုတ်ဟု ယူမှတ်ထားပါသည်။ သို့သော် အလွန်ချမ်းသာသော နိဗ္ဗာန်တရားကို အနတ္တဟု ဆိုထားပြန်ပါသည်။ ထိုသဘောတရားများကို နားရှင်းအောင် ဖြေကြားပေးတော်မူပါဘုရား။

ကိုကိုကြီး၊ မန္တလေး

ဖြေ။ ။ ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါးနှင့်တကွ တေဘူမက သင်္ခါရတရားတို့သည် ကံစိတ်ဥတုအာဟာရ တည်းဟူသော အကြောင်းတရားလေးပါးတို့ ပြုပြင်စီရင်အပ်သော သင်္ခါရတရားမျိုး ဖြစ်သောကြောင့်လည်းကောင်း၊ ဥပါဒ်ဌီဘင် အစဉ်မပြတ် ဆက်စပ်ဖြစ်ပျက်တတ်ခြင်းသဘောရှိသောကြောင့် လည်းကောင်း အနိစ္စ၊ ဒုက္ခ၊ အနတ္တတို့သာဖြစ်ကုန်၏။ နိဗ္ဗာန်သည် အကြောင်းလေးရပ်၊ ဥပါဒ်၊ ဌီ၊ ဘင်အစဉ်ကင်းသောကြောင့် အနိစ္စ၊ ဒုက္ခ မမည်။ နိစ္စ၊ သုခ စင်စစ်ဖြစ်သောကြောင့်လည်းကောင်း၊ "ပရပရိကပ္ပိတဿ အတ္တနော အဘာဝေါ အနတ္တတာ" ဟူသော

www.dhammaransi.com

ဋီကာနှင့်အညီ တစ်ပါးသော ဒိဋ္ဌိတို့သည် ကြံဆအပ်သော အတ္တ ၏မရှိသည်၏အဖြစ်ကြောင့် လည်းကောင်း အနတ္တတရားသာမည်၏ဟု ပရိဝါ ပါဠိတော်၌ ဟောတော်မူပါ၏။

*

## ပဉ္စမ ပါရာဇိက

မေး။ ။ အရှင်ဘုရား၊

မေထုန်၊ ခိုး၊ သတ်မျိုး၊ လိမ် လေးဖြာရှိ၊ ပါရာဇိက ရှောင်ကြဉ် ဖွယ်။ ။

နောက်တစ်ဖန် ပါရာဇိ၊ ရှိသင့်လျှင် ဘယ်တရား၊ မှတ်သားရ မယ်။ ။

ရဟန်းတို့ အကျင့်နယ်၊ မြင်တည်သည့် မှတ်ရန်များ၊

သိသာ အောင် ရှင်ဆရာက၊ မြင်သာအောင် ပါဠိသွင်းလို့၊ ရှင်းပြစေသား။

ဂန္ထဝါစက၊ မန္တလာနဂရ

ဖြေ။ ။ မေထုန်၊ ခိုး၊ သတ်မျိုး၊ လိမ် လေးဖြာရှိ၊ ပါရာဇိရှောင်စရာ။ ။

နောက်တစ်ဖန် ပါရာဇိ၊ ရှိသင့်လျှင် ဤတရား၊ မှတ်သားဖို့ပါ။ ရဟန်းတို့ ကျင့်စရာ၊ မှတ်ပါကြ ထင်ရှား။ ။

ပစ္စဝေက်၊ အသက်မဝင်၍၊ မဆင်ခြင်သုံးဆောင်မှုကို၊ တစ်ခု ပါရာဇိလို့၊ ပါဠိသည်လိုပြတယ်၊ မှတ်ကြ စေသား။

"သစေ၊ ပဉ္စမ ပါရာဇိကံ ပညာပေတုံ သက္ကာ အဘဝိဿ၊ အပစ္စ ဝေက္ခိတာဟာရ ပရိဘောဂေါ ပဉ္စမ ပါရာဇိကံ ကတွာ ပညာပေတဗ္ဗော ဘဝေယျ"

(သံ၊ ဋ္ဌ၊ ၂၊ ၉၅)

*

www.dhammaransi.com

## လေးဆူဓာတ်မြတ် ကိန်းဝပ်တော်မူ

မေး။ အရှင်ဘုရား၊

ရွေးဆူဓာတ်ပုံ ရွှေတိဂုံ၊ လေးဆူ ဓာတ်ပျော် ရွှေဆံတော် စသည်ဖြင့် ပွင့်တော်မူပြီးသော ဘုရား ၃ ဆူနှင့် ဂေါတမမြတ်စွာဘုရား၏ ဓာတ်တော်၊ မွေတော်တို့ စုပေါင်း၍ ဌာပနာသော စေတီတော်များ မြန်မာနိုင်ငံတွင် တည်ရှိပါသည်။ ဘုရားတစ်ဆူ၏ ဓာတ်တော်များမှာ ယင်းဘုရား၏ သာသနာကုန်ဆုံးလျှင် ဓာတု ပရိနိဗ္ဗာန်ပြု၍ မှန်ညင်းစေ့မျှ မကျန်ရစ်ဟု ဆိုပါသည်။ ထို့ကြောင့် ထိုဘုရားလေးဆူဓာတ်တော်များ အတူ ဌာပနာ၍ ဖြစ်၊ မဖြစ် သိလိုပါ၍ ဖြေကြားတော်မူပါဘုရား။

ဒါယကာ ဦးမြင့် (ရွှေမြို့)

ဖြေ။ ။ ကကုသန်၊ ကောဏာဂုံ၊ ကဿပ မြတ်စွာဘုရားတို့၏ သရီရဓာတ်တော်များ ဤဘုရားသာသနာတွင် မရနိုင်ပါ။ ၎င်း သက်တော်ရှည် ဘုရားရှင်များမှာ ပရိနိဗ္ဗာန်ပြု၍ တေဇောဓာတ် လောင်တော်မူလျှင် ဘုရားတစ်ဆူလုံး တစ်ခဲနက် ဓာတ်တော်တစ်ဆူတည်းသာ ဖြစ်၍ စေတီတစ်ဆူတည်းသာ တည်ရပါသည်။ သာသနာတော်လည်း မထားရစ်၍ ထိုစေတီတော် ပျက်စီးလျှင် တစ်ခဲနက်သော ဓာတ်တော်သည်လည်း ကွယ်ရပါသည်။ သို့သော် ရွှေတိဂုံသမိုင်း စသည်တို့၌ပါသော လေးဆူဓာတ်များမှာ ရေသနုပ်တော်၊ ရေစစ်တော်၊ တောင်ဝှေးတော် စသော ပရိဘောဂဓာတ်တော်များဖြစ်၍ ဘုရားရှင်တို့ တန်ခိုးတော်၊ နတ်၊ ဗြဟ္မာတို့၏ စောင့်ရှောက်မှုတို့ဖြင့် တည်ရှိမည်ဆိုက တည်ရှိနိုင်သဖြင့် ဓာတုပရိနိဗ္ဗာန်၌ ပျောက်ကွယ်သွားမည်ဟု မကြံစည်ထိုက်ပါကြောင်း ရေးသားဖြေဆိုလိုက်ပါသည်။

*

www.dhammaransi.com

# ပရမတ္ထနှင့် သမုတိ

မေး။ ။ အရှင်ဘုရား၊

ပရမတ္ထသံဃာနှင့် သမုတိသံဃာကို သိလိုပါသည်။ ထို့ပြင် ထို ပရမတ္ထ၊ သမုတိသံဃာနှစ်မျိုးတွင် ဘယ်သံဃာက ဘုရားသားတော် အစစ်ဖြစ်ကြောင်းကိုလည်း ရှင်းလင်းဖြေကြားပေးတော်မူပါ ဘုရား။

ဦးမြစိန်၊ ကော့ကရိတ်မြို့

ဖြေ။ ။ ယင်းပြဿနာနှင့်ပတ်သက်၍ အောက်ပါ လယ်တီဆရာတော် ဘုရားကြီး၏ ရေးသားချက်ကို ဖတ်ကြားမှတ်သားသင့်ပါသည်။

(၁) အရိယာပုဂ္ဂိုလ်ရှစ်ယောက်သည် ပရမတ္ထ ရဟန်းမည်၏။ ပရမတ္ထသားတော်မည်၏။ (၂) မြတ်စွာဘုရား၏ ဥတ္တိစတုတ္ထကမ္မဝါစာဖြင့် ဖတ်ရွတ် သမုတ်၍ ဖြစ်သော ပုထုဇဉ် ရဟန်းစုသည် သမုတိရဟန်း၊ သမုတိသားတော် မည်၏။ ထိုပုထုဇဉ်ရဟန်းသည် အရိယာအဖြစ်သို့ ရောက်ပေမူကား ပရမတ္ထ သမုတိ နှစ်ဖက်၌ပင် ဝင်ပေ၏။ မြတ်စွာဘုရား ၏ ရင်၌ဖြစ်သော တရားဒေသနာကို ကြားနာ၍ ကျင့်၍ အရိယာအဖြစ် သို့ ရောက်သော ပရမတ္ထရဟန်း၊ ပရမတ္ထသံဃာသည် "ဩရသပုတ္တ= မြတ်စွာဘုရား၏ ရွှေရင်တော်နှစ် သားတော်စစ်ဖြစ်ပေသကဲ့သို့ ထို့အတူ မြတ်စွာဘုရား၏ ရင်၌ဖြစ်သော ဥတ္တိစတုတ္ထကမ္မဝါစာဖြင့် ဥပသမ္ပန္န အဖြစ်သို့ ရောက်သော ပုထုဇဉ် သမ္မုတိရဟန်းသံဃာများလည်း "ဩရ သပုတ္တ=မြတ်စွာဘုရား၏ ရွှေရင်တော်နှစ်သားတော်စစ်ပင် ဖြစ်ပေသည်" ဟု မှတ်အပ်၏။

(လယ်တီဆရာတော်၏ "ဥပသမ္ပဒဝိနိစ္ဆယ")

*

www.dhammaransi.com

## ဖန်ရည်ဆိုးသောအရောင်

မေး။ ။အရှင်ဘုရား၊

ဘုရားရှင် ရှိတော်မူစဉ်က ရဟန်းတို့ ဝတ်အပ်သော သင်္ကန်းသည် ဖန်ရည်ဆိုးသော သင်္ကန်း၊ အဝါရောင် သင်္ကန်းဟူ၍သာ တပည့်တော် ကြားသိဖူးပါသည်။ ယခုအခါ အချို့သူများက အပြာရောင် သင်္ကန်း လည်း ဘုရားရှင်လက်ထက်က ရှိသည်၊ ခွင့်ပြုသည်ဟု ဆိုကြပါသည်။ သို့ပါ၍ ဟုတ်၊ မဟုတ် ဖြေကြားပေးပါရန် ရိုသေလေးမြတ်စွာ လျှောက် ထားအပ်ပါသည် ဘုရား။

မင်းလွင်၊ ကသာမြို့

ဖြေ။ ။အရဏ်ရောင်အဆင်းရှိသော သင်္ကန်းတော်အတွင်းမှ လက်တော် ကို ထုတ်၍ တင်းထိမ်နီဖြင့် ကာရံသကဲ့သို့ မြတ်စွာဘုရားအား ရဟန်းတို့ ဝန်းရံ၍ စသည်ဖြင့် ဆိုသည်ကို ထောက်၍ ဘုရားလက်ထက် တော်က သင်္ကန်းတော်များမှာ နီဝါရောင် ဖြစ်နိုင်သည်။ ဖန်ရည်ဆိုသည် မှာ ညောင်ခေါက်၊ ပိန္နဲသား၊ ဒေါက်ရပ်ရွက် စသည်တို့ကို ကျို၍ အရည် ကျကျဖြစ်လာလျှင် ထိုအရည်၏အရသာမှာ ဖန်သည်။ ထို့ကြောင့် ဖန် ရည်ဟု ခေါ်သည်။ ထိုအရည်၏အရောင်မှာ နီညိုရောင် ဖြစ်သည်။ ၎င်း အရည်ဖြင့် ဖြူသော သို့မဟုတ် အညစ်အကြေးကင်းအောင် လျှော်ဖွပ်ပြီး သော အဝတ်ကို ဆိုးလျှင် ဝါနီညိုအရောင် ဖြစ်လာသည်။ ရဟန်းတို့မှာ တောမှာ အနေများသဖြင့် သင်္ကန်းကို လူဆိုး၊ သူခိုးများ မလုယက်အောင် လူမကြိုက်သော ဝါနီညိုရောင်များသာ ဘုရားခွင့်ပြုသည်။ ထို့ပြင် ရှားရှား ပါးပါးဖြစ်၍ ကြာကြာခံသောအရောင်၊ အညစ်အပေခံသော အရောင်မှာ နီညိုရောင်သာ ဖြစ်သည်။ အဖြူ၊ အနီ၊ အပြာ၊ အဝါ စသော အရောင် အနုအလှများမှာ လူကြိုက်၍ ရန်များခြင်း၊ ညစ်ပေလွယ်ခြင်းတို့ကြောင့်

ရဟန်းများနှင့် မလျော်ကန်၊ မသင့်မြတ်ပေ။ ထို့ကြောင့် ရဟန်းတို့ သင်္ကန်းရောင်မှာ ဝါနီညိုရောင်များသာဖြစ်ကြောင်း မှတ်သားသင့်ပါသည်။

*

## ဒသသုစရိတ သီလ

မေး။ ။ အရှင်ဘုရား၊

အတွဲ ၁၄၊ အမှတ် ၄၊ ၁၉၉၈ ခုနှစ်၊ အောက်တိုဘာလထုတ် မြတ်မင်္ဂလာစာစောင် စာမျက်နှာ ၄၅ မှာ ဒသသုစရိတသီလဟူသော အမည်ဖြင့် ၎င်းသီလကို စောင့်သုံးသင့်ကြောင်း၊ ၎င်းသီလ အကျိုးတရားများနှင့် ဆောင်းပါးတစ်စောင် ဖတ်ရပါသည်။ ယင်းဒသသုစရိတ သီလနှင့် တပည့်တော်တို့ စောင့်သုံးနေကျ ငါးပါးသီလ၊ ရှစ်ပါးသီလများ မည်သို့ ကွာခြား၍ မည်သည့်သီလက မြတ်ကြောင်း၊ စောင့်သုံးသင့်ကြောင်း ရှင်းလင်း ဖြေကြားတော်မူပါ အရှင်ဘုရား။

ဒေါ်လှကြည်၊ ဒဂုံမြောက်ပိုင်း

ဖြေ။ ။ ဝိသုဒ္ဓိမဂ်တွင် လူတို့၏ သီလအရာ၌ ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါးသီလသာလျှင် ဘုရားဟောရှိကြောင်း ဖော်ပြ၏။ အဆိုပါ ဒသသုစရိတသီလဆိုသည်မှာ ဒသ အကုသလ ကမ္မပထတရား (ကာယကံ ၃ ပါး၊ ဝစီကံ ၄ ပါး၊ မနောကံ ၃ ပါး) ဆယ်ပါးကို သီလပြုလုပ်ထားခြင်းသာ ဖြစ်၏။ ယင်း ဒသ အကုသလတရားဆယ်ပါးမှာ ငါးပါးသီလ ကောင်းစွာ လုံခြုံအောင် ထိန်းနိုင်သော ဗုဒ္ဓဘာသာဝင်သူတော်စင်တို့ အတွက် ပြည့်စုံလုံခြုံပြီးပင် ဖြစ်ပါသည်။ ပုံစံမှာ ပါဏာတိပါတ လုံခြုံလျှင် ဗျာပါဒ လုံခြုံ၏။ အဒိန္နာဒါန လုံခြုံလျှင် အဘိဇ္ဈာ လုံခြုံ၏။ မုသာဝါဒ လုံခြုံလျှင် ပိသုဏဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပတို့ လုံခြုံနိုင်၏။ ငါးပါးသီလအားလုံး လုံခြုံလျှင် မိစ္ဆာဒိဋ္ဌိအတွက် ပြောစရာမလို။ ငါးပါးသီလက သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာပင် ပိုသေးသည်။ ၎င်း ဆောင်းပါး

www.dhammaransi.com

ပါ သီလအကျိုးဂါထာပါဠိများမှာလည်း ငါးပါး၊ ရှစ်ပါးသီလများ၏ အကျိုးများပင် ဖြစ်ပါသည်။ ပါထိကဝဂ္ဂ စက္ကဝတ္တိသုတ်၌ ဒသအကုသလ တရားများကိုသာ ပြခြင်းဖြစ်၍ ဒသသုစရိတသီလ ဟူ၍ မပါပါ။ ကြံစည်ပြု လုပ်ထားခြင်းသာ ဖြစ်ပါသည်။ ထို့ကြောင့် ၎င်းဆောင်းပါးပါ ဒသ သုစရိတ သီလဟူသည် သမားရိုးကျသီလအစစ် ဖြစ်သော ငါးပါး၊ ရှစ်ပါး၊ ဆယ်ပါးသီလများထက် မပိုသဖြင့် အဆန်းထွင်၍ မခံယူသင့်ပါ ကြောင်း ရှင်းလင်း ဖြေကြားအပ်ပါသည်။ (ဒီ၊ ၃၊ ၅၄)

*

## ကမ္ဘာပျက်ပုံ

မေး။ ။ အရှင်ဘုရား၊

ရှိသေစွာ လျှောက်ထားအပ်ပါသည်ဘုရား၊ ၃၁ ဘုံရှိရာ ကမ္ဘာ ပျက်သည့်အခါ ဘယ်ဘုံတွေ ပျက်၍ ဘယ်ဘုံများ ကျန်ရှိပါသလဲ ဘုရား။ ကျန်ရှိသော ဘုံများကလည်း ထာဝရတည်မြဲမှုရှိ မရှိ၊ သိလိုပါသည် အရှင်ဘုရား။

သော်တာလင်း၊ မုံရွာမြို့

ဖြေ။ ။ ကမ္ဘာသည် မီးဖျက်သည့် ကမ္ဘာ၊ ရေဖျက်သည့် ကမ္ဘာ၊ လေဖျက် သည့်ကမ္ဘာဟူ၍ ရှိသည်။ ထိုသို့ရှိရာတွင် မီးဖျက်ရာ၌ ကာမ ၁၁ ဘုံနှင့် ဗြဟ္မာဘုံများမှ ပထမဈာန်သုံးဘုံအထိ (အာဘဿရာဘုံမှ အောက် အလုံးစုံ) လောင်ကျွမ်း ပျက်စီးရသည်။ ရေဖျက်ရာ၌ ၎င်းဘုံများ အပြင် ဒုတိယဈာန်သုံးဘုံပါ (သုဘကိဏှာဘုံမှ အောက်အလုံးစုံ) ပျက်စီး ရသည်။ လေဖျက်ရာ၌ တတိယဈာန်သုံးဘုံတိုင်အောင် (ဝေဟပ္ဖိုလ်ဘုံမှ အောက်အလုံးစုံ) ပျက်စီးရသည်။ (အကျဉ်းသိသာရုံသာ ဖြေလိုက်သည်။ အကျယ်ကို ၃၁ ဘုံချကြည့်၍ သိစေလိုပါ၏) ဤသို့ ကမ္ဘာပျက်ရာ၌

www.dhammaransi.com

ဝေဟပ္ပိုလ်ဘုံ၊ အသညသတ်ဘုံ၊ သုဒ္ဓါဝါသငါးဘုံနှင့် အရူပလေးဘုံ၊ ၁၂ ဘုံ မပါဝင်ပါ။ အမှန်အားဖြင့် ထိုဘုံတို့သည် ကောင်းကင်ပြင်၌ ဗြဟ္မာ ရှိ၍သာ ဘုံဟု ခေါ်ရသည်။ ဗြဟ္မာတို့မှာ ၎င်းတို့ သက်တမ်းအားလျော်စွာ တည်၍ သက်တမ်းကုန်လျှင် ဗြဟ္မာ့ပြည်မှ ကာမဘုံသို့လည်းကောင်း (အခြားဗြဟ္မာဘုံ တစ်ဘုံဘုံသို့ လည်းကောင်း) ပဋိသန္ဓေအားဖြင့် ဖြစ်၍ ဘုံ(နေရာ)သာ ကျန်ရှိနေပေလိမ့်မည်။ (ဥပမာ) သုဒ္ဓါဝါသ ငါးဘုံတို့တွင် အထက်ဆုံး အကနိဋ္ဌဘုံသည် ကမ္ဘာတစ်သောင်းခြောက်ထောင် အသက် တမ်းရှိ၏။ လောက၌ ကမ္ဘာတစ်သောင်းခြောက်ထောင် လွန်၍ သုည ကမ္ဘာတွေ ကြုံကြိုက်သောအခါ၌ (ဘုရားလုံး၀ မပွင့်၍ အနာဂါမ်များ မရှိသောအခါမျိုးတွင်) ထိုသုဒ္ဓါဝါသ ဘုံများမှာ ဘုံသာရှိ၍ ဗြဟ္မာ မရှိ ကုန်ပြီ။ မင်းတို့၏ စံနန်းတော်ဟောင်းများကဲ့သို့ ဖြစ်၍နေသည် ဟု အဋ္ဌ ကထာတို့၌ ဆိုပေ၏။

* * *

## အရှင်ဥပဂုတ္တနှင့် အလောင်းတော်ကဿပ

မေး။ ။ အရှင်ဘုရား၊

အရှင်ဥပဂုတ္တသည် တောင်သမုဒ္ဒရာမှာ ယခုအချိန်အထိ ရှိနေသေး သည်ဟု ဆိုကြပါသည်။ ထိုစကား မှန်ပါသလား ဘုရား။ ထို့ပြင် ဘုရားဖူး သူများသွားလာ ဖူးမြော်လျက်ရှိသော အလောင်းတော်ကဿပဟူသည် ပထမသင်္ဂါယနာတင် အရှင်မြတ်ကြီး ဟုတ်၊ မဟုတ်ဆိုတာကိုလည်း မေတ္တာရှေ့ထား၍ ဖြေကြားပေးတော်မူပါဘုရား။

ရှင်အဂ္ဂဓမ္မ၊ သဃ်န်းကျွန်း

ဖြေ။ ။ အရှင်ဥပဂုတ္တဟူသည် ခိုင်ခံ့သော ထေရာပဒါန် ထေရဂါထာနှင့် ဗုဒ္ဓဝင်စသည်တို့တွင် ပါဝင်ခြင်း မရှိပါ။ ထိုသို့ မရှိသဖြင့် ထေရ ဝါဒ သာသနာနှင့်သက်ဆိုင်သည်ဟု မဆိုနိုင်ပါ။ မြောက်ပိုင်းဗုဒ္ဓဘာသာ

www.dhammaransi.com

ကျမ်းစာများဖြစ်သော ဒိဗျာဝဒါန၊ လောကပညတ္တိ စသည်တို့တွင်သာ ပါရှိသည်ဟု သိရပါသည်။ ယခုအချိန်ထိ ရှိ၊ မရှိ ပြဿနာမှာလည်း အသက်တစ်ရာတမ်းတွင် အသက်ထောင်ကျော်သည့်တိုင် ရှိနိုင်စရာ အကြောင်းမဟုတ်သဖြင့် စဉ်းစားစရာပင် မလိုပါ။ အလောင်းတော် ကဿပ ဆိုသည်မှာလည်း ဦးဖိုးကျားရေးသော အလောင်းတော်ကဿပ ကိုယ်တွေ့ ဝတ္ထုဒြ ပုဂံ နရပတိစည်သူလက်ထက်က ပေါင်လောင်ရှင် ကဿပသာ ဖြစ်ကြောင်း လေ့လာဆုံးဖြတ်ထားသည်ကို တွေ့ရပါသည်။ ၎င်းတို့နှင့် ဆိုင်သော ရှင်လေးပါး၊ သေလေးပါး စကားတို့ကို ထေရဝါဒ ကျမ်းကြီး ကျမ်းခိုင်လာသောစကား မဟုတ်၊ နောက်ရေးကျမ်းငယ်၊ စာငယ်များမှာသာ ရှိသဖြင့် အခိုင်အမာ မမှတ်အပ်ဟူ၍ ရှေးဆရာ အဆက် ဆက်က ဆိုထားခဲ့ကြပါသည်။

*

## အိမ်တွင် ပုတီးစိပ် တရားထိုင်ခြင်း

မေး။ ။ အရှင်ဘုရား၊

တပည့်တော်သည် ပုတီးစိပ်ခြင်း၊ တရားထိုင်ခြင်းများကို အခါ အားလျော်စွာ အိမ်မှာပင် ပြုလုပ်ပါသည် ဘုရား။ ထိုသို့ ပုတီးစိပ်ခြင်း၊ တရားထိုင်ခြင်းများကို ဘုန်းတော်ကြီးကျောင်း၌ မလုပ်ဘဲ မိမိအိမ်၌သာ ပြုလုပ်ခြင်းသည် မည်သည့်အကျိုးအပြစ်များဖြစ်စေနိုင်ကြောင်း ဖြေကြား ပေးပါရန် ရိုသေစွာ လျှောက်ထားမေးမြန်းအပ်ပါသည် ဘုရား။

မကြူကြူညွန့်၊ နမ္မတီးမြို့

ဖြေ ။ ။ ပုတီးစိပ်ခြင်း၊ တရားထိုင်ခြင်းများကို မိမိအိမ်တွင် ပြုလုပ်နိုင်ပါ သည်။ ဆရာသမားထံမှ နည်းစနစ်ကျကျ ပုတီးစိပ်ပုံ၊ တရားထိုင် ပုံတို့ကို သင်ကြား၍ သမာဓိရရ ပုတီးစိပ်တတ်၊ တရားထိုင်တတ်ပါလျှင် အိမ်မှာပင် နေ့စဉ် အိပ်ရာဝင် အိပ်ရာထ အချိန်သတ်မှတ်၍ ပုတီးစိပ်၊

တရားထိုင်နိုင်ပါသည်။ ဤကဲ့သို့ ပုတီးစိပ်၊ တရားထိုင်ရမည်မှာ ဗုဒ္ဓဘာသာသမ္မာနွယ်ဝင် သူတော်စင်တို့၏ ထုံးတမ်းစဉ်လာကိစ္စပင် ဖြစ်ပါသည်။ ကြိုးစား၍ ပြုလုပ်ရန် တိုက်တွန်းလိုပါသည်။

*

## ဝိဇ္ဇာ

မေး။ ။အရှင်ဘုရား

အင်းဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ မန္တန် ဝိဇ္ဇာစသည့် ဝိဇ္ဇာဖြစ်လျှင် နောင်ပွင့်လတ္တံ့သော အရိမေတ္တေယျ မြတ်စွာဘုရားကို မီနိုင်သည်ဟု ဆိုကြပါသည်။ တကယ်ဟုတ်ပါသလား။ ထိုကဲ့သို့ ဝိဇ္ဇာဖြစ်အောင် ဘယ်လိုအားထုတ်ရပါသလဲ။ ဖြေကြားပေးတော်မူပါဘုရား။

မခင်တုတ်၊ ဆရာစံတောင်၊ ဗဟန်း၊ ရန်ကုန်

ဖြေ။ ။ဗေဒင် ၃ ပုံကျွမ်းကျင်သူကို ဝေဒလ္လ ဝိဇ္ဇာ၊ နက္ခတ်၊ နိမိတ်၊ လက္ခဏာ၊ မန္တန်ပညာ တတ်စွမ်းသူကို မန္တဝိဇ္ဇာ၊ ရှာန်သမာပတ်ရသော ပုဂ္ဂိုလ်ကို လောကီယဝိဇ္ဇာ၊ အင်းအိုင်၊ ဆေးဝါး၊ သံပြဒါး စသောလုပ်ရပ်ပညာ ပေါက်မြောက်သူကို ဂန္ဓာရီဝိဇ္ဇာအသီးသီး ခေါ်သည်။ သမထ ဘာဝနာ၊ ဝိပဿနာ ဘာဝနာတရားတို့ကို ပေါက်ရောက်အောင် အားထုတ်၍ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရသော ပုဂ္ဂိုလ်ကို အရိယ ဝိဇ္ဇာဟု ခေါ်သည်။ ထိုအရိယဝိဇ္ဇာမျိုးထဲမှ ဗြဟ္မာပြည်၌ ဖြစ်နေသော ဗြဟ္မာကြီးတို့သည် နောက်ဘုရားကို ကောင်းစွာ မီနိုင်သည်။ ဂေါတမမြတ်စွာဘုရားလက်ထက်တွင်လည်း ရှေးဘုရားတို့လက်ထက်က ဗြဟ္မာကြီးများ ရှိနေကြကြောင်း ကျမ်းဂန်များမှာ ဆိုသည်။

*

www.dhammaransi.com

# ပြဿနာပါဠိ

မေး။ ။အရှင်ဘုရား

"ဘာသာရေးပြဿနာများ"ဟူသောစကား၌ ပြဿနာဟူသော ပါဠိမှာ မူရင်း 'ပဿန'မှ လာရှိပါသလား။ ၎င်းပါဠိ၏ အနက်အဓိပ္ပာယ်ကို သိလိုပါသည်။ ဖြေကြားပေးစေလိုပါသည် ဘုရား။

မောင်တက္က (သရေခေတ္တရာ)

ဖြေ။ ။ပြဿနာဟူသည် ပါဠိမဟုတ်ပါ။ သက္ကတ ဘာသာ ဖြစ်ပါသည်။

၎င်းကို "ပြဋ္ဌ"ဟု ကလာပ်ရေးပြပါသည်။ ပဿနာဟူ၍လည်း ပါဠိ မရှိပါ။ ၎င်း၏ အနက်တူပါဠိမှာ "ပဉှာ"ဟူ၍ ဖြစ်ပါသည်။ (မိလိန္ဒပဉှာကိုထောက်) အမေးစကား၊ မေးခြင်းပြဿနာ သိခြင်းငှာ အလိုရှိခြင်း အဓိပ္ပာယ်ရပါသည်။

ရဝေထွန်း